ဂု ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၉)၊ အမှတ်(၃၃) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက် ၊ ကြာသပတေး၊ (နိုဝင်ဘာ ၄ ၊ ၂၀၁၀)


ပြည်ခိုင်ဖြိုးပါတီ၏ ပထမဆုံးသတင်းစာရှင်းလင်းပွဲတွင် ပါတီအထွေထွေအတွင်းရေးမှူးကို သတင်းထောက်များက ဝိုင်းဝန်းမေးမြန်းနေစဉ်။
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

နိုင်ငံရေး ပါတီ

# ပြည်ခိုင်ဖြိုးပါတီက ဘဏ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ထားဟုဆို

ငြိမ်းငြိမ်းနိုင်

ရန်ကုန်၊ အောက်တိုဘာ - ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက ဘဏ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန်ရှိပြီး လက်ရှိလည်း မြှုပ်နှံမှုများပြုလုပ်ထားကြောင်း ယင်းပါတီ၏ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပါတီအထွေထွေအတွင်းရေးမှူးဦးဌေးဦးကပြောကြားသည်။

"ကျွန်တော်တို့ အဓိကစိုက်ပျိုးရေး၊ မွေးမြူရေးမှာ ရင်းနှီးမြှုပ်နှံထားတယ်။ စက်ရုံထောင်ဖို့တွေ၊ ဘဏ်လုပ်ငန်းမှာဝင်ဖို့တွေရှိပါတယ်။ ဝင်လည်းဝင်ထားတယ်။ ကျွန်တော်တို့ပါတီထူထောင်ဖို့ ရပ်တည်ဖို့အတွက်၊ ပြန်ပြီးတော့ အကူအညီပေးနိုင်ဖို့အတွက်၊ ပြည်သူတွေအတွက် လုံလောက်အောင်လုပ်ထားပါတယ်"ဟု ၎င်းကပြောကြားသည်။

စာ(၆)သို့

**အထွေထွေ ရွေးကောက်ပွဲကျင်းပရန် ၃ ရက်သာလို**

ဂီရိမုန်တိုင်းအလွန် ရခိုင်ပြည်နယ်

ဂီရိမုန်တိုင်းအလွန် လူထုထံမှ အကူအညီများစွာ လိုအပ်နေဆဲ မုန်တိုင်းသင့်ပြည်သူများအကြောင်း ကွင်းဆင်းသတင်းရယူရေးသားထားသည့် အထူးသတင်းပေးပို့ချက်များ စာမျက်နှာ - ၉၊ ၂၇မှ ၃၀ထိ ရှု

# ဂီရိမုန်တိုင်းကြောင့် မှတ်ပုံတင်ပျောက်ဆုံး ပျက်စီးသူများကို အမြန်ပြုလုပ်ပေးနေဟုဆို

အားမာန်

&efukefEdif bm-1

*DqdkufvkefrkefwdkifaumifhfHm;ousocHufSyfaymufqkH yufpDom;aom rkefwdkifoifhfnfolrm;ul&;aumufyaeYwdkfD &&Sefxl t pDp0fzih aqmif&ufay;aea umif&cdkifynf,f a&;aumufyaumf&Sftwifa&;rSuajymlum;onf

ဂီရိဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်အပြီး နှစ်ရက်အကြာ နိုဝင်ဘာ ၂၄ရက်မှစကာ မုန်တိုင်းကြောင့် ပျောက်ဆုံးပျက်စီးသွားသော မှတ်ပုံတင်များကို ရခိုင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးအပါအဝင် မှတ်ပုံတင်အမြန်ပြုလုပ်သည့်အဖွဲ့က ကွင်းဆင်း၍ဆောင်ရွက်ပေးနေကြောင်း အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

"အကုန်လုံးလုပ်ပေးမှာ"ဟု အထက်ပါပုဂ္ဂိုလ်က မှတ်ပုံတင်မရှိသည့် မုန်တိုင်းသင့်ပြည်သူများအတွက် မည်သို့အစီအစဉ်ရှိသည်ကို မေးမြန်းရာ အထက်ပါအတိုင်းဖြေသည်။

စာ(၆)သို့

ဂီရိဆိုင်ကလုန်းမုန်တိုင်းဒဏ် အဆိုးရွားဆုံးခံခဲ့ရသော မြေပုံမြို့နယ် ပြင်ဝန်းရွာမှ ဒေသခံများ နေအိမ်ပြန်လည်ဆောက်လုပ်နေသည်ကို အောက်တိုဘာ ၂၈ရက်က တွေ့ရစဉ်။
ဓာတ်ပုံ - အားမာန်






# ရန်ကုန်တွင်ကျင်းပမည့် ကိုရီးယား ပွဲရှင်ပွဲတော်သို့ ဂျူမုံလာမည်

ယုဇနကိုကို၊အေးသူ

&efukefat muf wdkbm-30

မြဝတီရုပ်မြင်သံကြားမှ ၂၀၀၉ ခုနှစ်အတွင်းဇာတ်လမ်းတွဲအနေဖြင့် ပြသခဲ့သော "ရာဇဝင်တွင်မယ့်သူရဲကောင်း" ကိုရီးယားရာဇဝင်ဇာတ်လမ်းတွဲမှ အဓိကဇာတ်ဆောင်မင်းသားဖြစ်သည့် ကိုရီးယား၏ နာမည်ကျော်မင်းသား ဆောင်အီဂွတ်(ဂျူမုံ)သည် ၂၀၁၀ပြည့်နှစ် နိုဝင်ဘာလတွင် ရန်ကုန်မြို့သို့လာရောက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာကိုရီးယားသံရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

စာ(၁၂)သို့




Congratulation for MY BOY Lucky Draw 2010
Ideal companion
with Tea or Coffee
TZK Co., Ltd.
TZK Co., Ltd.

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# ထားဝယ်ရေနက်ဆိပ်ကမ်း၌ အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရန် စီစဉ်

**သန်းဌေး**

&efukef atmufwlbm - 28

ထိုင်းနိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသော ထားဝယ်ရေနက်ဆိပ်ကမ်း၌ ထားဝယ်စီးပွားရေးဇုန်အား မြေဧကတစ်သိန်းပေါ်တွင် အကောင်အထည်ဖော်ရန်စီစဉ်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။



တနင်္သာရီတိုင်း ဒေသကြီး ရေဖြူမြို့နယ်၊ မောင်းမကန်မြောက်ဘက်တွင် တည်ဆောက်မည့် ထားဝယ် ရေနက်ဆိပ်ကမ်း၌ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ သံမဏိစက်ရုံများ၊ ရေနံသန့်စင်ချက်လုပ်ရေး စက်ရုံများ၊ ကားလမ်းနှင့် ရထားလမ်းများ ပါဝင်သည်။

ထားဝယ် အထူးစီးပွားရေးဇုန်အမည်တွင်မည့် အဆိုပါတည်ဆောက်ရေးတွင် လမ်းရှည်ကီလိုမီတာ (၁၃၀) ရှည်မည့် ထားဝယ်မှထိုင်းနိုင်ငံ ကန်ချနဘူရီသွားကားနှင့် ရထားနှစ်လမ်းသွားလမ်းကျယ်ကြီးလည်း ပါဝင်သည်။ ကွန်တိန်နာများအတင်အချ ပြုလုပ်နိုင်ပြီးသင်္ဘောများဒေါက်တင်ပြုလုပ်နိုင်သော ရေပေါ်ကွင်းကျင်းများလည်းပါဝင်မည်ဖြစ်ကြောင်း (၁၀) ကြိမ်မြောက် ငါးလုပ်ငန်းအဖွဲ့ချုပ်နှစ်ပတ်လည်အခမ်းအနားတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီး ဦးမောင်မောင်သိမ်းက ပြောကြားခဲ့သည်။

အဆိုပါ စီးပွားရေးဇုန်ပြီးစီးပါကမြန်မာနှင့် ထိုင်းနိုင်ငံသာမက မြန်မာနှင့် အာရှနိုင်ငံအချို့နှင့်ပါ ကုန်သွယ်မှု အတားအဆီးများကို ကျော်လွှားနိုင်မည်ဖြစ်ကာ ယင်းစီမံကိန်းကို ၂၀၁၅ ခုနှစ်တွင် ပြီးစီးရန်သတ်မှတ်ထားရာ ထိုနှစ်တွင် စတင်ကျင့်သုံးမည့် အာဆီယံဒေသတွင်း အခွန်ကင်းလွတ်စွာ ကုန်သွယ်မှု အစီအစဉ်အတွက်လည်း ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြည်ပသွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

"ဒါပေမဲ့ အဲဒီကာလတွေရောက်ရင် ပြည်ပတင်ပို့လို့ရတဲ့ ဝင်ငွေရဲ့ ဆယ်ရာခိုင်နှုန်းအခွန်မရှိသင့်တော့ဘူး။ အဲဒါကလည်း ပြည်ပတင်ပို့မှု တိုးမြှင့်ရေးကို အဟန့်အတားဖြစ်စေလို့ပဲ" ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး (၁) ဦးနှင်းဦးကပြောကြားသည်။

## ထပ်မံတိုက်ခိုက်မခံရပါက အင်တာနက်ဆက်သွယ်မှုကောင်းနေမည်ဟုဆို

**ယုဇနကိုကို**

ရန်ကုန်၊အောက်တိုဘာ - ၃၀

ရွေးကောက်ပွဲမတိုင်မီနှင့် ကျင်းပသည့်ရက်တွင် ပြည်တွင်း၏ အင်တာနက်ဆက်သွယ်မှုများအား ထပ်မံ၍ တိုက်ခိုက်မခံရပါက အင်တာနက်မြန်နှုန်းများ ပုံမှန်အတိုင်းအဆင်ပြေစွာသုံးစွဲနိုင်မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း သတင်းအချက်အလက်နှင့် နည်းပညာဌာနမှတာဝန်ရှိသူတစ်ဦးကပြောသည်။

ပြည်တွင်း လက်ရှိအင်တာနက်ဆက်သွယ်မှုအခြေအနေမှာ နှေးကွေးနေသည်။ ထို့ကြောင့် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေဖြင့် ပြည်ပမှ ဆိုက်ဘာတိုက်ခိုက်ခံရမှုအန္တရာယ်မှ ကာကွယ်မှုများ ပြုလုပ်နေရဆဲဖြစ်သဖြင့် ရွေးကောက်ပွဲကာလတွင် ပြည်တွင်း၏ အင်တာနက် ဆက်သွယ်မှုအခြေအနေကို အတိအကျခန့်မှန်းပြောဆိုနိုင်ခြင်းမရှိဟု ၎င်းကဆိုသည်။

အင်တာနက်သုံးစွဲသူ အများစုက ယခုကဲ့သို့ အင်တာနက်ဆက်သွယ်မှုများနှေးကွေးနေရခြင်းမှာ ရွေးကောက်ပွဲကာလနှင့်နီးကပ်လာသဖြင့် အင်တာနက်ဆက်သွယ်မှုများကို နှေးကွေးအောင်တမင်ပြုလုပ်ထားသည်ဟူသော ထင်မြင်ချက်နှင့်ပတ်သက်၍ အထက်ပါတာဝန်ရှိသူများကိုမေးမြန်းရာ "အခုချိန်ထိ ပြည်တွင်းအင်တာနက်ဆက်သွယ်မှုတွေ တိုက်ခိုက်ခံရတာကို စောင့်ကြည့်နေရတုန်းပဲ။ ရွေးကောက်ပွဲကာလမှာ အခုလို ပြည်ပကနေ ဆိုက်ဘာတိုက်ခိုက်တာမခံရရင်တော့ ပြည်တွင်းရဲ့ အင်တာနက်မြန်နှုန်းက အရင်လို အဆင်ပြေပြေသုံးနိုင်မှာပါ။ အဲလိုသုံးနိုင်အောင်လည်း လုပ်ပေးနေပါတယ်။ ရွေးကောက်ပွဲကာလမို့လို့ အင်တာနက်ဆက်သွယ်မှုတွေနှေးတာမဟုတ်ပါဘူး" ရှင်းလင်းပြောကြားသည်။

အောက်တိုဘာ ၁ရက်နေ့မှစတင်ပြီး ပြည်တွင်း၏ အင်တာနက်ဆက်သွယ်မှုများအား ပြည်ပမှဆိုက်ဘာတိုက်ခိုက်သည့်ပုံစံဖြင့် ဆက်သွယ်မှုများပြတ်တောက်စေရန် ပြုလုပ်ခဲ့ပြီး ယခုလနောက်ဆုံးပတ်ကာလများတွင် အင်တာနက်ဆက်သွယ်မှုများပိုမိုနှေးကွေးခဲ့ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ သတင်းထုတ်ပြန်ချက်အရသိရသည်။




TRI
LIVES BRILLIANTLY


Giorenzo®
COLLECTION
Giorenzo
MEN'S & LADIES' WEARS
THE QUALITY OF DREAM

# ရွေးကောက်ပွဲနေ့တွင် ရုပ်ရှင်ရုံများကို ပုံမှန်အတိုင်းဖွင့်လှစ်ပြသမည်ဟုဆို

အေးသူစံ

&efukef atmufwbm 27

ရွေးကောက်ပွဲကျင်းပမည့် နိုဝင်ဘာလ၇ရက်နေ့တွင် ရန်ကုန်မြို့လယ်ရှိရုပ်ရှင်ရုံများအပါအဝင် မြို့တွင်းရှိရုပ်ရှင်ရုံများအားလုံး ပုံမှန်အတိုင်းသာပြသမည်ဖြစ်ပြီး၊ ရုပ်ရှင်ပြသမည့်ပွဲစဉ်များကိုလည်း ပုံမှန်ပွဲချိန်အတိုင်းပြသမည်ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

ရွေးကောက်ပွဲကျင်းပမည့် နိုဝင်ဘာလ ၇ရက်နေ့သည် တနင်္ဂနွေနေ့ အစိုးရရုံးပိတ်ရက်ဖြစ်ပြီး ယင်းနေ့တွင် ရုပ်ရှင်ရုံများ ရုံတင်ပြသမှုကို တစ်စုံတစ်ရာပြောင်းလဲရန် ညွှန်ကြားထားခြင်းမရှိကြောင်း ရုပ်ရှင်ရုံများမှ တာဝန်ရှိသူများက တညီတညွတ်တည်းပြောကြားသည်။

"ခု ရုံတင်ပြသနေတာက 'အနမ်းတွေအမုန်းစွဲ' ဒီဗီဒီကားလေးပါ။ ကျွန်တော်တို့ရုပ်ရှင်ရုံကတော့ပုံမှန်ပြသချိန်အတိုင်းပဲ ပြသတာပါ။ ရွေးကောက်ပွဲနေ့ရက်နဲ့ပတ်သက်လို့လည်း တစ်စုံတစ်ရာညွှန်ကြားချက်မရရှိသေးပါဘူး" ဟု ရွှေမန်းရုပ်ရှင်ရုံမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ယင်းအပြင် ရန်ကုန်မြို့လယ်ရှိ ရုပ်ရှင်ရုံဖြစ်သော နေပြည်တော်ရုပ်ရှင်ရုံကလည်း "ကျွန်တော်တို့ ရုံမှာ ပွဲချိန်ပြောင်းလဲတာမရှိပါဘူး။ လာမယ့်လဆန်းရက်အတွင်းမှာလည်း ပွဲချိန်အပြောင်းအလဲနဲ့ ပတ်သက်ပြီး တစ်စုံတစ်ရာညွှန်ကြားချက်မရရှိသေးပါဘူး"ဟု ပြောကြားသည်။

ရန်ကုန်မြို့လယ်ရှိ ရုပ်ရှင်ရုံများနှင့် ဂျန်းရှင်းမော်တင်တို့တွင် ယခုအခါ 'ဘာမီတွန်' ဟာသရုပ်ရှင်ဇာတ်ကားကို ရုံတင်ပြသနေပြီး၊ နေပြည်တော်ရှိ ဂျန်းရှင်းရုပ်ရှင်ရုံတွင် 'အချစ်လား လာထား' ရုပ်ရှင်ကားကို ရုံတင်ပြသလျက်ရှိသည်။



## မလေးရှားနိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင်သူလျော့ကျ

အောင်သူရ

&efukef atmufwbm-28

ဆိုက်ရောက် ပြည်ဝင်ခွင့်ဖြင့် လာရောက်ခြင်းအား ခွင့်မပြုခြင်းနှင့် Demand အသစ် ထုတ်မပေးခြင်းတို့ကြောင့် ယခုရက်ပိုင်းမှစ၍ မလေးရှားနိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင်သူများ လျော့ကျသွားခဲ့ကြောင်း သတင်းရရှိသည်။

"ဗီဇာ မပါရင် ဝင်လို့ မရဘူး သတ်မှတ်လိုက်တော့ သွားမယ့်သူတွေ ဖျက်တာများလို့ ၂၇ ရက် လေယာဉ်ခရီးစဉ်တောင် ဖျက်လိုက်ရတယ်။ ၃ ရက်နေ့လည်း ပျက်ဦးမှာပဲ" ဟု ရန်ကုန်-ကွာလာလမ်ပူအား ပျံသန်းပေးနေသော Sanbumi လေကြောင်းလိုင်းမှ တာဝန်ရှိသူက ပြောသည်။

မလေးရှားနိုင်ငံရှိ စက်ရုံများ အလုပ်သမားလိုအပ်သည့် Demand စာများ အသစ်ထုတ်မပေးတော့သဖြင့် ယခင်လများက တစ်လလျှင် လူ ၃၀ ခန့်ပို့ပေးခဲ့ရသော်လည်း ယခုလတွင် ၁၀ ယောက်သာ ပို့ပေးနိုင်ကြောင်း ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မလေးရှားနိုင်ငံ၌ ပြည်ပနိုင်ငံများမှ လာရောက်အလုပ်လုပ်ကိုင်သော လုပ်သားများနှင့်ပတ်သက်၍ ဥပဒေများ မကြာခဏ ပြောင်းလဲလေ့ရှိပြီး စက်ရုံများသို့လူခေါ်ခွင့်အသစ်ထုတ်မပေးသည်မှာ လေးလခန့်ရှိနေပြီဖြစ်ကြောင်း သိရသည်။

"အခု သွားနေကြတာက အရင် Demand အဟောင်းတွေနဲ့ သွားနေကြတာ" ဟု ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မလေးရှားနိုင်ငံတွင် တရားမဝင် အလုပ်လာရောက်လုပ်ကိုင်သော လုပ်သားများ များပြားလာသဖြင့် ထိုလုပ်သားများနှင့် ပတ်သက်၍ ဥပဒေသစ် ပြဋ္ဌာန်းရန်ရှိသဖြင့် အစိုးရမှ အလုပ်ရှင်စက်ရုံများသို့ အလုပ်သမားခေါ်ယူခွင့်အား ရပ်ဆိုင်းထားခြင်းဖြစ်ကြောင်း သိရသည်။

"အကြောင်းအမျိုးမျိုးကြောင့် တရားမဝင် လုပ်သားဖြစ်သွားတဲ့လူတွေကို အခွန်ဆောင်ခိုင်းပြီး တရားဝင်လုပ်သားလုပ်ပေးဖို့ အစီအစဉ်ရှိတယ်လို့ ကြားနေတယ်" ဟုမလေးရှားနိုင်ငံရောက် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် သီရိလင်္ကာနှင့် နီပေါနိုင်ငံမှ လုပ်သားများသည် မလေးရှားဈေးကွက်သို့ ဝင်ရောက်လာပြီး ထိုလုပ်သားများအား မြန်မာလုပ်သားများထက် အလုပ်ရှင်များက ပိုမိုနှစ်သက်ကြကြောင်း သိရသည်။

"အခုနောက်ပိုင်း မြန်မာလုပ်သားတွေက ထွက်ပြေးတာများလာလို့ အလုပ်ရှင်တွေက သိပ်မကြိုက်တော့ဘူး။ နီပေါတွေက ထွက်ပြေးလေ့မရှိကြဘူး" ဟု အေဂျင်စီအများစုကဆိုသည်။

မလေးရှားနိုင်ငံတွင် စက်ရုံ၊ အလုပ်ရုံများ၌ အလုပ်သမားလိုအပ်မှုများပြားနေပြီး လစာငွေအပြိုင်ပေး၍ ခေါ်ဆိုမှုများ ရှိလာသဖြင့် မြန်မာအလုပ်သမားအချို့မှာလစာ ပိုပေးသည့် နေရာသို့ ပြောင်းရွှေ့လေ့ရှိကြသည်။

နောက်ဆုံးရရှိသော သတင်းများအရ မလေးရှားအစိုးရက စက်ရုံများအား အလုပ်သမား ခေါ်ယူခွင့် သုံးလခန့် ထပ်မံရပ်ထားမည်ဖြစ်ကြောင်း သိရသည်။

နောက်သုံးလလောက်သာ ပိတ်မယ်ဆိုရင်ရွှေ့လလယ် လောက်ကစပြီးသွားမယ့် သူသိသိသာသာ လျော့သွားနိုင်ကြောင်း အေဂျင်စီများက သုံးသပ်နေကြသည်။

သို့သော် မလေးရှားက မြန်မာအမျိုးသမီးအလုပ်သမားများကိုမူ ရသလောက်ခေါ်ယူနေသည်ကို တွေ့နေရသည်။



Life
7Day NEWS JOURNAL
Vol.9, No.33 · NOVEMBER 4, 2010



# မုန်တိုင်းများကိုရှောင်ပြေးလိုသူ

အားမာန်ရေးသားပြီး မြင့်မြတ်ဖြူပုံပိုးသည်။

ဘင်္ဂလားပင်လယ်အော်ကိုကျော ခိုင်း၍တရွေ့ရွေ့ သူမ လမ်းလျှောက်နေသည်။ သူမ၏ ရှေ့နှင့် ဝန်းကျင်တွင် ထိုးထောက်နေသော သစ်သားတိုင်နှင့် ဝါးခြမ်းပြားများ၊ စုတ်ပြဲနေသည့် နီးဖျာနှင့် ဓနိရွက်အပိုင်းအစများက နေရာယူထားသည်။ အမှိုက်ပုံနှင့်တူသော အပျက်အစီးများအနီး ဝါးတိုင်စိုက်၍ နီးဖျာမိုးထားသော အမိုးအကာအောက် သူမ ထိုင်လိုက်သည်။

လက်ထဲမှ ပလတ်စတစ်အိတ်အတွင်း ကြက်သွန်ဖြူ သုံးလုံး၊ ငရုတ်ကောင်းစေ့အနည်းငယ်၊ ဆီငါးကျပ်သားနှင့် ဆန် ၁၂ ဘူးကို သူမပြန်ကြည့်သည်။ ၁၆၀၀ ကျပ်ပေးဝယ်လာရသော ထိုအမယ်စုံနှင့် လေးရာတန် ကျောက်ဖရုံသီးငယ် တစ်လုံးတို့ကဖြင့် သူမ၏ချစ်လှစွာသောခင်ပွန်း ကောင်းရာမွန်ရာဘဝရောက်ရန် သူမကြိုးပမ်းနေခြင်းဖြစ်သည်။ အမှိုက်ပုံသာကျန်ခဲ့သော သူမအတွက် ထိုငွေများကို တစ်ရွာတည်းသား မောင်နှမဝမ်းကွဲတစ်ဦးက ထုတ်ပေး၍ ထိုမျှဈေးဝယ်နိုင်ခြင်းပင်။

ဂီရိဆိုင်ကလုန်း မုန်တိုင်းကြောင့် အောက်တိုဘာ ၂၂ ရက် သန်းခေါင်တွင် ကွယ်လွန်ခဲ့သော ခင်ပွန်းသည်အတွက် ရက်လည်ဆွမ်းသွတ်ရန် အောက်တိုဘာ ၂၇ရက်ကပြင်ဝန်းရွာမှ မဦးမြသန်းတစ်ယောက် ပြင်ဆင်နေခြင်းပင်ဖြစ်၏။ အောက်တိုဘာ ၂၈ရက်တွင် သူမ၏ခင်ပွန်း ကိုမောင်မောင်လွင်အား ဘင်္ဂလားပင်လယ်အော်၏ ရေလှိုင်းနှင့် ဂီရိမုန်တိုင်းက တိမ်းပါးစေခဲ့သည်မှာ ၇ ရက်ပြည့်ပြီးဖြစ်သည်။

"မိုးလင်းရင် ပြန်လာမယ်ထင်တာ။ အလောင်းကို ကိုယ်တိုင်မမြင်ခဲ့ရလို့ အခုထိ စိတ်ထဲမှာ ပြန်လာမယ် ထင်တုန်းပဲ" အသက် ၂၆ နှစ်အရွယ် မဦးမြသန်းက သူမ၏ရှေ့ ပေအနည်းငယ်အကွာမှ ဘင်္ဂလားပင်လယ်အော်ကို ရီဝေဝေငေးကြည့်ရင်း ရခိုင်ဘာသာစကားဖြင့် ဖွင့်ဟသည်။ ငိုရလွန်းသဖြင့် မျက်ရည်များပင် ခန်းခြောက်နေသော သူမ၏ အပူမျက်နှာကို အရှေ့ဘက်မှ ဘင်္ဂလားပင်လယ်အော်၏ လေနုအေးလေးတို့က အေးချမ်းအောင် မစွမ်းဆောင်နိုင်ပါ။

အမှန်တော့ ဘင်္ဂလားပင်လယ်အော်တွင် ထီးထီးကြီးရှိနေသော သည်ကျွန်းပေါ်မှ ပြင်ဝန်းရွာမှာ သူတို့ဇနီးမောင်နှံအတွက် မွေးရပ်မြေမဟုတ်။ အလုပ်အကိုင်ကောင်းသည်ဆို၍ ရေကြည်ရာ မြက်နုရာရှာရင်း ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ဆင်ပေါ်ကိုင်းကျေးရွာမှ အသက် ၃၂ နှစ်အရွယ် ကိုမောင်မောင်လွင်နှင့် မဦးမြသန်းတို့ ဇနီးမောင်နှံနှစ်ယောက် ပြင်ဝန်းရွာသို့ရောက်လာသည်မှာ ၁၃ လသာ ရှိသေးသည်။ ရေလုပ်ငန်းအဓိကလုပ်သော သည်ရွာတွင် ငွေအထိုက်အလျောက် စုမိပါက ရွာပြန်ဈေးရောင်းရန် သူတို့ဇနီးမောင်နှံနှစ်ဦး ရည်ရွယ်ထားခဲ့သည်။ ကိုမောင်မောင်လွင်က တစ်လလျှင် ကျပ် ခြောက်သောင်းရသော လှေနောက်လိုက်လုပ်၍၊ မဦးမြသန်းက တစ်လတစ်သောင်းခြောက်ထောင်ကျပ်ရသည့် ကြက်စာ၊ ဘဲစာဖြစ်သော ပုစွန်၊ ငါးသေးသေးများ ကောက်သည့်အလုပ်တို့ကို လုပ်သည်။ မျှော်မှန်းထားသလောက် မစုမိသော်လည်း ရင်သွေးငယ်တစ်ဦးကို လူ့ဘဝခေါ်ရန် ဆုံးဖြတ်ထားခဲ့၍ ခင်ပွန်းသည်မရှိတော့သော်လည်း သူမ၏ ဝမ်းထဲ၌ သုံးလသားကိုယ်ဝန် ရှိနေခဲ့ပေပြီ။

"နေ့ဘက်ဆိုရင်လည်း ရင်ထဲပူလွန်းလို့အိပ်မရဘူး။ ညဘက်ဆိုရင်လည်း အိပ်မရဘူး။ ကိုယ်မှာ ကျန်ခဲ့တာက လွတ်လွတ်လပ်လပ်မဟုတ်တော့ ဘယ်လိုလုပ်ရမှန်းကို မသိသေးဘူး"ဟု မဦးမြသန်းက ချစ်ခင်ပွန်းအား လောလောလတ်လတ် ဆုံးရှုံးထားသော သူမ၏ ခံစားချက်ကို ဝေမျှသည်။

သူမ၏စိတ်ထဲတွင် ဂီရိမုန်တိုင်းမလာခင်က အောက်တိုဘာ ၂၁ ရက် ညနေပိုင်းကို သတိရနေသည်။ ထိုနေ့က မာန်ဟုန်ပြင်းနေသော သူတို့၏အရှေ့ရှိ ပင်လယ်အော်ကြီးဆီက မိုးသက်လေပြင်းများ ကျနေသည်။ မုန်တိုင်းလာတော့မည်ဆိုသော်လည်း တစ်နာရီလျှင် လေတိုက်နှုန်း ၃၅ မိုင်၊ ၄၀ မိုင်သာ ရှိမည်ဆို၍ သူတို့မမှုခဲ့။ သို့သော် မိုးချုပ်လာသည်နှင့်အမျှ ပြင်းထန်လာသော မုန်းတိုင်းကြောင့် ပိုင်ရှင်၏စက်လှေကို ကာကွယ်ရန် အရှေ့ဘက်နားရှိ မီးလှချောင်သို့ ကိုမောင်မောင်လွင်နှင့် အဖော်တစ်ဦးနှင့်တို့မှာ စက်လှေကို စောင့်ရင်း မုန်တိုင်းကို တိမ်းရှောင်ခဲ့သည်။

ကိုယ့်အတွက် မပူပန်နိုင်သော်လည်း ကုန်းပေါ်တွင် ကျန်ရစ်မည့် ဇနီးသည် မဦးမြသန်းကို သူနောက်ဆုံးမှာကြားခဲ့သော စကားက "ကိုယ့်ဟာကိုယ်လွတ်အောင်နေဖို့၊ ဂရုစိုက်ဖို့ မှာတယ်၊ မုန်တိုင်းလည်း အဲလောက် ကြီးမယ်မထင်တော့ သူ့ကိုမတားမိဘူး"ဟု မဦးမြသန်းက ဘဝနှင့်ရင်း၍ရသော နောင်တစကားကို ပြောသည်။ ထိုနေ့က ခင်ပွန်းကို အလုပ်မသွားရန် တားနိုင်လျှင် ယခုကဲ့သို့အဖြစ်ဆိုးမျိုး သူကြုံရမည်မဟုတ်ဟု တွေးမိနေသည်။

အနာဂတ်အစီအစဉ်တွေအားလုံး ဖရိုဖရဲဖြစ်အောင် ဖျက်ဆီးခဲ့သော ဂီရိကဲ့သို့ မုန်တိုင်းကြီးများကိုလည်း သူမကြောက်ရွံ့သွားပြီ။ ထို့ကြောင့် ဝမ်းအတွင်းမှ ရင်သွေးငယ် ဖွားမြင်လာပါက သားဖြစ်စေ၊ သမီးဖြစ်စေ ရေလုပ်ငန်းကို မလုပ်ရန် သူမအစွမ်းကုန်ကြိုးစားမည်ဟုလည်း သောကများကြားမှ ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာ ချထားသည်။ "သားသမီးမွေးရင် ဆင်းရဲတဲ့ဒဏ်မခံရအောင်လို့ ကျွန်မတို့လို မဖြစ်စေချင်လို့ ပညာတတ်ဖြစ်အောင် ကျောင်းထားမယ်။ ဒီအလုပ်ကို မလုပ်စေချင်တော့ဘူး။ အမျိုးသားလည်း ရေလုပ်ငန်းနဲ့သေလို့"ဟု ငယ်စဉ်ကတည်းက ကျောင်းမနေဘူးခဲ့သော မဦးမြသန်းက တစ်လုံးချင်းပြောသည်။

ဂီရိမုန်တိုင်းကြောင့် အဖြစ်ဆိုးများကြုံရသူမှာ မဦးမြသန်းတစ်ယောက်တည်းတော့ မဟုတ်ပါ။ ဘင်္ဂလားပင်လယ်အော်နှင့် ထိစပ်နေသော ရခိုင်ကမ်းရိုးဒေသအချို့မှ ဂီရိမုန်တိုင်းဒဏ် ခံခဲ့ရသော ရေလုပ်ငန်းလုပ်ကိုင် နေသူအချို့၏ ဇနီးသည်များမှာလည်း အလားတူပင်။ ထိုအထဲတွင် အသက် ၂၈ နှစ်အရွယ် ပြင်ဝန်းရွာမှ မဦးမေနုတစ်ယောက်လည်း ပါဝင်သည်။ ဂီရိကြောင့် ခင်ပွန်းသည် မရှိတော့သည့်နောက်တွင် သူမ၌ အသက် ၈ နှစ်အရွယ် သမီးတစ်ဦးနှင့် ၂ နှစ်အရွယ် သားတစ်ဦးတို့ ကျန်ရစ်သည်။

မဦးမြသန်းကဲ့သို့ သူမကလည်း သားနှင့်သမီးကို တံငါသည် မဖြစ်အောင်၊ ပညာတတ်အောင် သင်ပေးမည်ဟု ဆိုလေသည်။

စာ(၁၂)သို့

## ဈေးဝယ်ထွက်မယ်

## ဆောင်းရာသီအတွက် ဖက်ရှင်ကျအောင် လုပ်ဆောင်ပေးမယ့် ဝတ်စုံလေးတွေရှိတဲ့နေရာ

အိဖြူလွင်

မနက်စောစောမှာ တိုက်ခတ်လာတဲ့ဆောင်းလေရဲ့ အရသာကို ခံစားမိရင်းနဲ့ အေးမြတဲ့ ရာသီကို ရင်ခုန်စောင့်စားနေသူများအတွက် ဆောင်းဖက်ရှင်လေးတွေနဲ့ မှုန်မှိုင်းမှိုင်း ဆောင်းနေ့လေးတွေကို ကြိုလင့်ကြရအောင်ပါ။

အချမ်းပိုတဲ့ ဆောင်းရာသီဆိုတာ မရှိတော့အောင် အနွေးထည်တွေနဲ့ စတိုင်ထုတ်လို့ မရတော့တဲ့ ရာသီဖြစ်လာတဲ့အတွက် သီးသန့်ဖက်ရှင်ဆိုတာတွေ မလိုတော့ပေမယ့် မနက်စောစောမြူတွေဆိုင်းနေတဲ့ကြားမှာ အလုပ်သွား၊ ကျောင်းသွားရသူများအတွက် အအေးသက်သာအောင်၊ ဆောင်းနေ့လယ်မှာ အပြင်သွားနေရတဲ့သူတွေ အပူဒဏ် ကာကွယ်နိုင်ဖို့ ဆောင်းလေကို ကာကွယ်နိုင်ဖို့ကတော့မိုးရာသီမှာ ဝတ်ခဲ့တာတွေနဲ့ ထပ်တူတော့ အဆင်မပြေနိုင်ပါဘူး။

ဒါ့ကြောင့် အသားရည်ကို





ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ဂရုစိုက်ပြီး ဖက်ရှင်လည်းကျချင်သူပျိုမေတွေအတွက် အေးချမ်းတဲ့ ရာသီနဲ့ လိုက်လျောညီထွေဖြစ်မယ့် အဝတ်အစားလေးတွေကို လမ်းညွှန်ချင်ပေးပါတယ်။

ဒီအဝတ်အထည်တွေအားလုံးက အမြင်လည်းမရိုင်းဘဲ ခေတ်နဲ့လည်းညီ ဝတ်ဆင်ရာမှာလည်းသက်သောင့်သက်သာ ရှိစေနိုင်တဲ့ ပုံစံတွေပါ။

တရုတ်နိုင်ငံရော ထိုင်းနိုင်ငံကပါတင်သွင်းတာတွေပါ အမျိုးအစားစုံရှိပြီး ဈေးနှုန်းတွေကလည်းသင့်တင့်တဲ့အတွက် ဝယ်ယူသူတွေအားလုံးလည်း အဆင်ပြေနိုင်မှာပါ။ အင်္ကျီရဲ့အသားတွေက သိပ်လည်းမထူတဲ့အတွက် နေ့လယ်မှာလည်း ပူမနေစေဘဲ နေလောင်ဒဏ်နဲ့လေဒဏ်ကပါ ကာကွယ်ပေးနိုင်မယ့်ပုံစံတွေပါ။

အရောင်စုံရှိပြီး တစ်ဆက်တည်းအင်္ကျီတွေရော အပေါ်ထပ်ကုတ်လေးတွေပါ ရှိတာမို့ မိန်းကလေးတိုင်း နှစ်သက်မယ့်ပုံစံတွေဖြစ်မှာလည်း အသေအချာပါပဲနော်။ ဒီအဝတ်အထည်တွေကိုနှစ်သက်လို့ ဝယ်ယူချင်သူတွေအတွက် သွားလာရလည်း လွယ်ကူတဲ့ ယုဇနပလာဇာ ပထမထပ်က Mr.John ကိုသာအရောက်သွားရင် မဝယ်ဘဲ ပြန်မထွက်နိုင်မှာသေချာပါတယ်။

7DAY NEWS JOURNAL
Vol.9, No.33 · NOVEMBER 4, 2010

# အလင်းပျောက်နေပေမယ့် ကိုယ်တိုင်မဲ ံသွားပြီး မဲထည့်လိုသူများ

**မျိုးမင်းဦး**

နှစ်၂၀အတွင်း ပထမဆုံးအကြိမ် ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲရုံသို့ကိုယ်တိုင်သွား၍ မဲထည့်လိုသော မျက်မမြင်များရှိနေသည်။



မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်၊ ရောင်ခြည်သစ်မျက်မမြင်ကျောင်းမှ အသက်၁၈ နှစ်ပြည့်ပြီး မျက်မမြင်များအားလုံး သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်ခွင့်ပြုချက်ဖြင့် မဲရုံသို့ ကိုယ်တိုင်မဲထည့်မည်ဖြစ်ကြောင်း ရောင်ခြည်သစ်မျက်မမြင်ကျောင်း အတွင်းရေးမှူးဦးချိုကဆိုသည်။

"ရွေးကောက်ပွဲမှာ ကိုယ် တိုင် မဲထည့်ဖို့တော့ ကြိုးစားချင်တယ်။ ရွေးကောက်ပွဲကော်မရှင်က ခွင့်ပြုမယ်ဆိုရင် မျက်မမြင် အကူအညီတစ်ဦးနဲ့ မဲရမယ့်နေရာကို ညွှန်ပြပေးမယ်ဆိုရင် ကိုယ်တိုင်အမှန်ခြစ်ပြီး ကိုယ်တိုင် မဲပုံးထဲထည့်ချင်ပါတယ်။မဲပေးတာထက် မျက်မမြင်အားလုံးက ရွေးကောက်ပွဲ အတွေ့အကြုံရအောင် မဲရုံသွားပြီး ကိုယ်တိုင်မဲပေးချင်တယ်"ဟု ဦးချိုကဖွင့်ဟသည်။

ရောင်ခြည်သစ်မျက်မမြင်ကျောင်းမှ အတွင်းရေးမှူးဦးချိုသည် အသက် ၅၉ နှစ်ရှိပြီး ရွေးကောက်ပွဲနှစ်ကြိမ်ကြုံတွေ့ခဲ့ရကာ နှစ်ကြိမ်တိုင်တိုင် မဲရုံသို့ ကိုယ်တိုင်မဲပေးခဲ့သူတစ်ဦးဖြစ်သည်။

"မသန်စွမ်းသူတွေရော သန်စွမ်းသူတွေပါ အလွှာအသီးသီး ရသင့်ရထိုက်တဲ့အခွင့်အရေးတွေကို ရွက်သယ်ပိုးပေးမယ့်နိုင်ငံ့ ခေါင်းဆောင်ကောင်းတစ်ယောက်ကို တင်မြှောက်ချင်ပါတယ်။ မဲရုံကို မဲထည့်ခွင့်ရမယ်ဆိုရင် ကိုယ်တိုင်မဲရုံထဲအရောက်ကိုယ်တိုင်သွားထည့်ချင်တယ်"ဟု ရောင်ခြည်သစ်မျက်မမြင်ကျောင်းအမှုဆောင်တစ်ဦးဖြစ်သူအသက် ၄၅နှစ်အရွယ်ဦးဝင်းမြင့်ကပြောကြားသည်။


"ကျောင်းမှာ ရုပ်မြင်သံကြားပြစက်တော့မရှိသေးဘူး။ နိုင်ငံရေးပါတီသတင်းတွေကို ရေဒီယိုက တစ်ဆင့်တော့ကြားနေရတယ်။ မျက်မမြင်တွေ ဘဝတိုးတက်အောင် ဆောင်ရွက်ပေးမယ့်သူကို မဲပေးဖို့ကြိုးစားနေကြတယ်။ ရွေးကောက်ပွဲကော်မရှင်က ခွင့်ပြုမယ်ဆိုရင် ကျောင်းက မျက်မမြင်တစ်ဦးအကူအညီနဲ့ မဲထည့်နိုင်အောင်စီစဉ်ထားပါတယ်။ အသက် ၂၇နှစ်အရွယ်မှာ ပထမဆုံး မဲပေးခွင့်ရမှာဆိုတော့ ဘယ်သူ့ကို ရွေးချယ်ရမှာလဲဆိုတာ စဉ်းစားနေဆဲပါ"ဟု ရောင်ခြည်သစ် မျက်မမြင်ကျောင်း သင်ကြားရေး တာဝန်ခံဦးစိုးဝင်းနိုင်ကပြောကြားသည်။ မုံရွာမြို့ ရောင်ခြည်သစ်မျက်မမြင်ကျောင်းတွင် မျက်မမြင်ကျောင်းသား၊ ဆရာ ၃၇ ဦးရှိပြီး အသက် ၁၈ နှစ်ပြည့်ပြီးသူ မျက်မမြင်ကော်မတီဝင်၂၇ဦးရှိကြောင်း သိရှိရသည်။ အဆိုပါမျက်မမြင်ကော်မတီဝင်အားလုံးကိုယ်တိုင်မဲရုံသို့မဲသွားထည့်ရန်ပြင်ဆင်လျက်ရှိပြီးမျက်မမြင်များ ဘဝတိုးတက်အောင်ဆောင်ရွက်ပေးမည့် နိုင်ငံ့ခေါင်းဆောင်တစ်ယောက် ပေါ်ထွန်းလာရေးအတွက်မျှော်လင့်နေကြောင်း ရောင်ခြည်သစ်မျက်မမြင် ကျောင်းတွင်နေထိုင်သူများကဆိုသည်။









7 DAY NEWS JOURNAL
, No.33 • NOVEMBER 4, 2010



## နိုဝင်ဘာလ ၃ ရက်မှ ၁၀ ရက်အထိ မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်



b*vm;yifv ,fatmf

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်း ရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နိုင်ပါသည်။

rkd;t ajc t ae

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်း ဒေသကြီးတို့တွင် ၃ ရက်မှ ၅ ရက် ခန့်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နှစ်ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။

n t ylcdef

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက်လျော့နည်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင်နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိမည်။

jrpf& t ajc t ae

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ကသာမြို့၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၄၅ စင်တီမီတာ (၁ ပေခွဲခန့်) နှင့် ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၇၅ စင်တီမီတာ (၂ပေခွဲခန့်) လက်ရှိရေမှတ်များ၏ အောက်သို့ကျဆင်းနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၃၀ စင်တီမီတာ (၁ ပေခန့်) နှင့် မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၆၀ စင်တီမီတာ (၂ ပေခန့်) လက်ရှိရေမှတ်များ၏ အောက်ကျဆင်းနိုင်ပါသည်။

rkd;v0oES hzv aA'nOD;pD;Xme/

## လူငယ်ခေါင်းဆောင် ဖလှယ်ရေးအစီအစဉ် မြန်မာလူငယ်များ လျှောက်ထားနိုင်

&efukef

atmufwkdbm-27

စင်ကာပူနိုင်ငံ အခြေစိုက်အာဆီယံစွန့်ဦးတီထွင်မှုဆိုင်ရာလူငယ်အဖွဲ့အစည်း (AYLN)မှ ကြီးမှူးကျင်းပသော လူငယ်ခေါင်းဆောင် ဖလှယ်ရေးအစီအစဉ် ၂၀၁၁ အတွက် မြန်မာလူငယ်များ လျှောက်ထားနိုင်ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်ကို ဒီဇင်ဘာ ၁၃ ရက်မှ ၁၉ ရက်ထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည်ဖြစ်သည်။

လူငယ်ခေါင်းဆောင်များ အချင်းချင်း သိကျွမ်းနိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် စွန့်ဦးတီထွင်မှုဆိုင်ရာ အသိပညာများ ဖလှယ်နိုင်စေရန် ရည်ရွယ်ပြီး အာဆီယံနိုင်ငံများတွင် အလှည့်ကျတစ်နှစ်တစ်ကြိမ်ကျင်းပလျက်ရှိကြောင်း သိရသည်။

၎င်းအစီအစဉ်ကို ၂၀၀၉ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပခဲ့ပြီး၊ အာဆီယံ ၈ နိုင်ငံမှ ကိုယ်စားပြုကျောင်းသား ၄၅ ယောက် တက်ရောက်ခဲ့ကာ မြန်မာနိုင်ငံရှိ ပီအက်စ်စီးပွားရေးကျောင်းမှ ကျောင်းသူတစ်ဦးပါဝင်ခဲ့ကြောင်း သိရသည်။

အထက်ပါ အစီအစဉ် လျှောက်ထားလိုသော ကျောင်းသားလူငယ်များအနေဖြင့် နိုဝင်ဘာ ၇ ရက် နောက်ဆုံးထား လျှောက်ထားရမည်ဖြစ်ပြီး အသေးစိတ် အချက်အလက်များကို www.asean preneurs.org တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။



ဓမ္မ

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

## ကြည်လင်သောစိတ်ဖြင့်ငြိမ်းချမ်းခြင်း ။ ။

စိတ်နှင့်စပ်ဆိုင်သမျှသဘောတရားတို့သည် (ကြံစည်ခြင်း၊ ပြောဆိုခြင်းပြုလုပ်ခြင်းဟူသမျှတို့သည်) စိတ်သာလျှင်ရှေ့သွားရှိကုန်၏။ စိတ်သာလျှင် အကြီးအမှူးရှိကုန်၏။ စိတ်ဖြင့်ပြီးကုန်၏။ တစ်စုံတစ်ယောက်သောသူသည် ကြည်ညိုသော(ကြည်လင်သော)စိတ်ဖြင့် ပြောမူလည်းပြောအံ့၊ ပြုမူလည်းပြုအံ့၊ ကြံမူလည်းကြံစည်အံ့။ ထိုသို့ကြည်လင်သောစိတ်ဖြင့် ပြောဆိုခြင်း၊ ပြုလုပ်ခြင်း၊ ကြံစည်ခြင်းကြောင့် ထိုသူ့နောက်သို့ အရိပ်သည် အစဉ်လိုက်သကဲ့သို့ ချမ်းသာသည်အစဉ်လိုက်လေ၏။ (ဓမ္မပဒ-၂)

ဤသူသည် ငါ့ကိုဆဲရေး၏။ ငါ့ကိုညှဉ်းဆဲ၏။ ငါ့ကိုနိုင်၏။ ငါ၏ဥစ္စာကို ခိုး၏ဟူ၍ အမျက်ထားလျက် ရန်ငြိုးဖွဲ့ကြသောသူတို့မှာ ရန်သည် မငြိမ်းပေ။ (ဓမ္မပဒ-၃)

ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်။ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည်ငြိမ်းကုန်၏။ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာဓမ္မတာသဘောပေတည်း။ (ဓမ္မပဒ-၅)

ရည်ညွှန်း- "ဓမ္မပဒ" ကမ္ဘာ့သာသနပြုသက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တသေဋ္ဌိလဘိဝံသ(၁၈၉၆-၁၉၇၇)

## လူသားချင်းစာနာထောက်ထားမှုဆိုင်ရာစိန်ခေါ်မှုများစွာရှိနေ

သီဟ

ရန်ကုန်၊

အောက်တိုဘာ-၂၇

ယနေ့ကာလတွင် ကြုံတွေ့နေရသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စိန်ခေါ်မှု များစွာရှိကြောင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ အသင်းများဖက်ဒရေးရှင်း IFRC မှတာဝန်ရှိသူတစ်ဦးကပြောသည်။



ကြုံတွေ့ရသည့် စိန်ခေါ်မှုများတွင် ကမ္ဘာပေါ်ရှိ လူဦးရေ ၂ ဒသမ ၆ ကုဋေသည် တစ်နေ့ လျှင် ၂ ဒေါ်လာအောက်လျော့နည်းသည့် ဝင်ငွေဖြင့် ရပ်တည်နေရခြင်း၊ လူဦးရေ တစ်ကုဋေသည် ဆင်းရဲနွမ်းပါးစွာ နေထိုင်အသက်ရှင်နေရခြင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူဦးရေတစ်ကုဋေကျော်သည် ရေအခက်အခဲနှင့်ကြုံတွေ့နေရခြင်း စသည့်အခက်အခဲများဖြစ်ကြောင်း IFRC မှ အစီအစဉ်ညှိနှိုင်းရေးမှူး Mr Chang Hun Choe ကပြောသည်။

ထို့အပြင် အသက် ငါးနှစ်အောက်ကလေး သုံးသောင်းကျော်သည် ကာကွယ်ကုသနိုင်သည့်ရောဂါများဖြစ်သော ငှက်ဖျား နှင့် ဝမ်းလျှောဝမ်းပျက်ရောဂါများကြောင့် အသက်ဆုံးရှုံးလျက်ရှိပြီး သုံးမိနစ်တွင် တစ်ဦးနှုန်းကျသေဆုံးနေခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ အခြားအချက်အလက်များဖြစ်သည့် အစားအစာငတ်မွတ်ခြင်း၊ ရာသီဥတုကြောင့်ဖြစ်ပေါ်သည့် ဘေးဒုက္ခများကြုံတွေ့ရခြင်း စသည်များနှင့်လည်း ရင်ဆိုင်နေကြရကြောင်း သိရသည်။

Mr Chang Hun Choe ကယနေ့ကျင်းပပြုလုပ်သည့် မီဒီယာများအတွက် ကြက်ခြေနီ အသိပညာ ပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲ၌ IFRC အကြောင်း သိကောင်းစရာများ ဟောပြောချက်တွင် ထည့်သွင်းပြောကြားသွားခြင်းဖြစ်သည်။

IFRC သည်မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများအားအကူအညီပေးလျက်ရှိသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။

ယခုနှစ် ၂၀၁၀ ခုနှစ်အတွက် ဆွစ်ငွေကြေး ၁ ဒသမ ၈ သန်း သုံးစွဲခဲ့ပြီး လာမည့် ၂၀၁၁ တွင်၂ ဒသမ ၂ သန်းသုံးစွဲသွားရန် အစီအစဉ်ရှိကြောင်းသိရသည်။

## အလှမွေးငါးပြပွဲနှင့် ပြိုင်ပွဲကျင်းပမည်

**သန်းဌေး**

ရန်ကုန်၊ အောက်တိုဘာ-၂၆

အလှမွေးငါးပြပွဲနှင့် ပြိုင်ပွဲကို ကန်တော်ကြီး ရေချိုငါးဥယျာဉ်တွင် နိုဝင်ဘာ ၁၉ ရက်မှစတင်၍ ၃ ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း အလှမွေးငါးလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"၁၉ ရက်မှာ ဖွင့်ပြီး ၂၀ နဲ့ ၂၁ရက်မှာ စာတမ်းဖတ်ပွဲ ကျင်းပမယ်။ ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနက ဆရာ၊ ဆရာမတွေ စာတမ်းဖတ်ကြမယ်" ဟု ၎င်းက ပြောကြားသည်။

အဆိုပါ စာတမ်းများတွင် အလှမွေးငါးမွေးမြူနည်း၊ သားဖောက်နည်းနှင့် ထိန်းသိမ်းနည်းများအကြောင်း ပါဝင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ရွှေငါး၊ ဖိုက်တာ၊ ဒစ်စကပ်၊ ဒေါင်းငါးနဲ့ အေရိုဝါးနား(လပ်ကီးဖစ်ရှ်)တို့ ပါမယ်" ဟု အလှမွေးငါးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးလိုကင်ဆိုင်ကပြောကြားသည်။

အဆိုပါ မြန်မာ့အလှမွေးငါးများသည် မြန်မာတွင်မက ကမ္ဘာပေါ်မှာပါ နာမည်ကျော်ကြား ထင်ရှားပြီး စင်ကာပူအလှမွေး ငါးပြပွဲပြိုင်ပွဲများတွင် ဒုတိယ၊ တတိယဆုများအသီးသီး ရရှိထားကြောင်း ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးက ပြောကြားသည်။

"အလှမွေးငါးဆိုတာ တန်ဖိုးမြင့် ရေထွက်ပစ္စည်းဖြစ်ပါ။ လပ်ကီးဖစ်ရှ်တစ်ကောင်ဆို ကျပ်သိန်း ၁၀၀တန်တောင်ရှိတယ်" ဟု ၎င်းက ပြောကြားသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွက် အလှမွေးငါးကဏ္ဍမှ ကန်ဒေါ်လာဒေါ်လာ ၃၀၀,၀၀၀ လျာထားချက်ထားရှိပြီးခြောက်လတာအတွင်း ကန်ဒေါ်လာ ၉၃,၀၀၀ ရရှိထားပြီဖြစ်ကြောင်း စာရင်းဇယားများအရ သိရှိရသည်။

## PSA မြန်မာမိသားစုက မန္တလေးမြို့ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းသို့ ငွေလှူဒါန်း

**စိုင်းသာအောင်**

rEÅav;atmufwkdbm-27

စင်ကာပူနိုင်ငံ ဆိပ်ကမ်းအာဏာပိုင် ပီအက်စ်အေတွင် အလုပ်လုပ်လျက်ရှိကြသော မြန်မာမိသားစု (PSA Myanmar Family)က မန္တလေးမြို့ရှိ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်း၊ လူမှုကူညီရေးလုပ်ငန်းများအတွက် အလှူငွေကျပ်ဆယ့်လေးသိန်းအား အောက်တိုဘာ ၁၆ ရက်က မန္တလေးမြို့ 7Day News သတင်းအဖွဲ့မှတစ်ဆင့် ပေးအပ် လှူဒါန်းခဲ့သည်။

မန္တလေးမြို့ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းကို ၁၉၉၈ ခုနှစ် မေလ ၇ ရက်တွင် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူဦးအောင်ခိုင်မှ စတင်တည်ထောင်ခဲ့ပြီး၊ နာရေးကိစ္စရပ်များနှင့် ကျန်းမာရေးကိစ္စရပ်များကို အခမဲ့ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း အဆိုပါအသင်းဥက္ကဋ္ဌဒေါက်တာဝင်းမြင့်က 7Day News ပြောသည်။

ကျန်းမာရေးကူညီမှုကိစ္စရပ်များကို ၂၀၀၀ ပြည့်နှစ်မှစတင်၍ဆောင်ရွက်ခဲ့ရာ ၂၀၀၀ ပြည့်နှစ် ဧပြီလမှ ၂၀၀၉ ခုနှစ် မတ်လအထိ ကိုးနှစ်တာကာလအတွင်း ထောက်ပံ့လူနာ ၂၆,၀၈၀ ဦးအား ထောက်ပံ့ငွေကျပ်သိန်းပေါင်း ၂,၈၆၄ သိန်းကျော်ထောက်ပံ့လှူဒါန်းနိုင်ခဲ့ကြောင်း၊ ကျန်းမာမှုကိစ္စရပ်များအတွက် တစ်လ ကျပ်သိန်း ၇၀ ကျော်ထောက်ပံ့လျက်ရှိပြီး၊ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် အခမဲ့ကုသိုလ်ဖြစ်ဆေးကုသပေးလျက်ရှိကြောင်း အမှုဆောင်တစ်ဦးဖြစ်သူဒေါက်တာကိုကိုလေးကပြောသည်။

7 DAY NEWS JOURNAL
Vol.9, No.33 · NOVEMBER 4, 2010

## စာ – ၉၊ မုန်တိုင်းများကို ရှောင်ပြေးလိုသူ မှ



အောက်တိုဘာ၂၈ရက်က နေ့လယ်စာစားသုံးနေသော မဦးမြသန်းနှင့်မိတ်ဆွေများ။ ဓာတ်ပုံ – အားမာန်

မဦးမေနုတစ်ယောက်လည်း ပိုက်ဆံခြောက်ထောင်ကျပ်ကို အသက်နှင့်လဲ၍ရှာပေးသွားသော ခင်ပွန်းသည်အား ဂီရိလာသည့်နေ့က မတားနိုင်ခဲ့သည့်အတွက် နောင်တရနေသည်။ ပေါက်တောနယ်ဇာတိများဖြစ်သော သူတို့ဇနီးမောင်နှံမှာ ရေလုပ်သားများမဟုတ်။ အလုပ်ပေါသည့်ပြင်ဝန်းရွာသို့ လာကာ ကျွန်းပေါ်ရှိ တောင်ကုန်းများပေါ်တက်၍ သစ်ခုတ်၊ ဝါးခုတ်အလုပ်သာ လုပ်နေသူဖြစ်၏။ "မုန်တိုင်းတိုက်မယ့်မနက်မှာ ဘုတ်စောင့်ဖို့ (စက်လှေစောင့်ရန်)တစ်ရက်သုံးထောင်၊ နှစ်ရက်ခခြောက်ထောင်ကြိုပေးလို့လိုက်သွားတာ၊ မုန်တိုင်းရှိတယ်၊ အန္တရာယ်များတယ်၊ မသွားလေနဲ့လို့ပြောတယ်။ သူက နားမထောင်ဘူး"ဟု ဆယ်နှစ်ကြာ ရွှေလက်တွဲခဲ့သောခင်ပွန်းသည်နှင့် လမ်းမခွဲမီ အခိုက်အတန့်ကိုပြန်ပြောင်းပြောပြသည်။

ဘဝလက်တွဲဖော်ထံမှ နောက်ဆုံးကြားခဲ့ရသည့်စကားကအောက်တိုဘာ ၂၂ရက် နံနက်ခင်းက စက်လှေစောင့်ရန် အပြေးတစ်ပိုင်းသွားရင်းပြောခဲ့သော "မုန်တိုင်းက မိုင် ၄၀ ကျော်ပဲတိုက်မယ်လို့ပြောတယ်။ အရေးမကြီးဘူး။ ပိုက်ဆံက အရေးကြီးတယ်" ဟူသောစကားလုံးပင်။ အသက်နှင့် လဲ၍ရှာသွားပေးခဲ့သောငွေခြောက်ထောင်ဖြင့် အိမ်နားကဈေးဆိုင်မှ ကတိုက်ကရိုက်ဝယ်သွားခဲ့သော အနက်ရောင်လုံချည်တစ်ထည်ကိုဝတ်၍ပင် မကြည့်လိုက်ရသည့်ခင်ပွန်းသည်အဖြစ်ကို ပြန်တွေးမိတိုင်း သူမရင်ထဲမွန်းကျပ်လာသည်။

မဦးမြသန်းနှင့် မဦးမေနုတို့ခင်ပွန်းသည် သေဆုံးခဲ့သည့်နေရာမှာ ပြင်ဝန်းရွာ အရှေ့တောင်ဘက်နားမှ မီးလှုချောင်ဦးပင်ဖြစ်သည်။ မုန်တိုင်းလာမည်ဆို၍ စက်လှေပိုင်ရှင်များက လှေများမပျက်စီးစေရန် စက်လှေစောင့်မည့်သူများ အမြန်ခေါ်၍ သူတို့ခင်ပွန်းသည်များ မုန်တိုင်းကြားငွေရှာရန် ကြိုးပမ်းခြင်းပင်။ သူတို့လက်တွေ့ကြုံခဲ့ရသောဂီရိသည် မြေပုံမြို့နယ်အတွင်းမှပြင်ဝန်းရွာကို အောက်တိုဘာ ၂၂ရက်ညပိုင်းက တစ်နာရီလေတိုက်နှုန်း မိုင်တစ်ရာကျော်နှုန်းဖြင့် ဝင်ရောက်ဖျက်ဆီးခဲ့သည်။

ထို့ကြောင့် စက်လှေများ မုန်တိုင်းရှောင်သော ချောင်နှစ်ခုထဲမှ စက်လှေအစီးတစ်ရာဝန်းကျင်မှာ သုံးဆယ်စီးသာ အကောင်းကျန်သည်။ စက်လှေတစ်စီး နှစ်ဦး၊ သုံးဦးနှုန်းဖြင့် စောင့်သောလှေစောင့်များထဲမှ ထက်ဝက်ကျော်ကျော်သာ အသက်ရှင်လျက်ပြန်လာနိုင်ခဲ့သည်။ ကိုမောင်မောင်လွင်နှင့်အတူ လှေစောင့်သွားသူ ခုနစ်ဦးတွင် သုံးဦးသာ ရှင်လျက်ပြန်လာနိုင်၍ လေးဦးမှာ ပြန်မလာခဲ့ကြောင်း မဦးမြသန်းကပြောသည်။

မီးလှုချောင်တွင် စက်လှေစောင့်ရင်း လှိုင်းဒဏ်နှင့်လေဒဏ်ကြားမှ ရှင်လျက်လွတ်မြောက်ခဲ့သော မောင်မြင့်လွင်ကလည်း ဂီရိမှာ သူ့တစ်သက် အပြင်းထန်ဆုံးမုန်တိုင်းဟုဆိုသည်။ မဲမှောင်နေသောည၊ လှိုင်းလုံးကြီးများကြားသူ လွတ်မြောက်ခဲ့ပုံမှာ ပျဉ်ပြားချပ်တစ်ခုရလိုက်သောကံတရားကြောင့်ဟုပြောသည်။ "ရွာကသွားအတူလာအတူ၊ အလုပ်အတူတူလုပ်တဲ့သူငယ်ချင်းတွေကို ဘာမှမကူညီနိုင်တာ ဝမ်းနည်းလို့မဆုံးဘူး။ စဉ်းစားရင်းစဉ်းစားရင်း ညညအိပ်မပျော်ဘူး"ဟု အသက် ၃၆ နှစ်အရွယ် သူက သူငယ်ချင်းများအတွက် ပူဆွေးနေရမှုကိုဖွင့်ဟသည်။ သူ၏ မိတ်ဆွေရင်းထဲမှပင် သုံးဦးကို ဂီရိကသေစေခဲ့သည်။

ဘင်္ဂလားပင်လယ်အော်မှ ကျွန်းတစ်ကျွန်းပေါ်ရှိ ပြင်ဝန်းရွာတွင် နေအိမ် ၄၁၀ အိမ်ရှိပြီး၊ လူဦးရေ ၃၁၅၅ ဦးရှိသည်။ ရွာရှိ လူဦးရေထက်ဝက်ကျော်မှာ မြေပုံ၊ ပေါက်တော စသောဒေသအနှံ့မှ လာရောက်လုပ်ကိုင်သူများဖြစ်သည်။ ရွာခံနှင့်ဒေသစုံမှ လာသူများမှာ ပင်လယ်ထဲသို့ နေ့စဉ်သွားရောက်လုပ်ကိုင်နေရသူများ၍ တစ်ရွာတည်းနေသူအချင်းချင်းပင် မသိသူများရှိလေသည်။ ထို့ကြောင့် ဂီရိကြောင့် လူသေဆုံးမှုကို ရွာလူကြီးအား မေးရာတွင် သေသူငါးဦး၊ ပျောက်ဆုံးသူ ခုနစ်ဦးရှိကြောင်းပြောသည်။

မဦးမြသန်းနှင့် မဦးမေနုတို့ နှစ်ဦးစလုံးကတော့ သူမတို့၏ခင်ပွန်း၊ ရင်သွေးနှင့် သူမတို့ကိုယ်တိုင် ပညာနည်းပြီး၊အတိတ်ကံမကောင်း၍ဟု တူညီစွာဖွင့်ဟသည်။ ထို့အတွက် သွားလေသူခင်ပွန်းများအတွက် လှူဒါန်းရန် ဆန္ဒကိုယ်စီရှိသည်။ သို့သော် မဦးမေနုကတော့ မဦးမြသန်းကဲ့သို့ကူညီမည့်သူမရှိ၊ ပိုက်ဆံလည်း မကျန်၍ ဆန္ဒရှိသော်လည်း မလှူနိုင်ပေ။

အောက်တိုဘာ ၂၈ရက် နံနက်စောစောတွင် ပြင်ဝန်းရွာ ဘုန်းတော်ကြီးကျောင်း၏ ဇရပ်အတွင်း တရားဟောသံခပ်တိုးတိုးပျံ့လွင့်နေသည်။ တစ်ချိန်က ခန့်ညားခဲ့သောဘုန်းတော်ကြီးကျောင်းမှာ ကြမ်းခင်းနှင့် သစ်လုံးတိုင်အချို့သာ ယိမ်းယိမ်းယိုင်ယိုင်ဖြင့်ကျန်ခဲ့၍ ဘုန်းကြီးကျောင်းဘေးမှ အုတ်တိုက်သိမ်ငယ်အတွင်း ကျောင်းထိုင်ဆရာတော်ဦးသုန္ဒရပြောင်း၍ သီတင်းသုံးနေရသည်။ ကိုမောင်မောင်လွင်အတွက်ရည်စူး၍ ဆွမ်းသွတ်အလှူတွင် ပရိသတ်မှာ မဦးမြသန်းနှင့် သူမ၏သူငယ်ချင်းတစ်ယောက်တည်းသာ၊ ဆရာတော်တိုက်ကျွေးသော တရားရေအေး နာယူနေရသော်လည်း မဦးမြသန်းဆီမှ တစ်ချက်တစ်ချက်ငိုရှိုက်သံသဲ့သဲ့ထွက်ပေါ်နေသည်။ ဘုန်းကြီးကျောင်းဝင်းအပြင် ရွာထဲတွင်တော့ ရေခပ်သူ၊ အိမ်ပြန်ဆောက်သူ၊ နံနက်စာအတွက်ပြင်နေသူ၊ ငေးငိုင်နေသူနှင့် ဆော့ကစားနေသော ကလေးများ။ ဘင်္ဂလားပင်လယ်အော်ကြီးကတော့ ဂီရိကိုဖန်ဆင်းသည်မှာ သူမဟုတ်သလို လေနုအေးအေးလေးများဖြင့် လှိုင်းသေးသေးလေးများကို ကမ်းခြေသို့ပို့ပေးနေ၏။

## စာ-၄၊ လက်ကျန်စပါးပြတ်လပ်မှုကြောင့် ဆန်ချောဈေးများသိသိသာသာမြင့်တက် မှ

အခုတစ်ထောင့်နှစ်ရာ ကျပ်ပေးတာတောင် ဆန်ရဲ့ အရည်အသွေးက သိပ်မကောင်းဘူး"ဟု လှိုင်မြို့နယ်ရှိ အိမ်ရှင်မတစ်ဦးကပြောသည်။

"ဆန်ကြမ်းက နေပူလာရင်ပိုဝင်လာမယ်။ ဈေးကလည်းဆင်းနိုင်တယ်။ အချောကတော့ ရှေ့ဆက်တက်ဦးမယ်လို့ မှန်းရမှာပဲ။ ရန်ကုန်မှာက ဖေဖော်ဝါရီလလောက်ထိ အဟောင်းကိုပဲ စားကြတယ်။ အခုချိန်မှာတောင် ဆန်က နည်းနေတော့ ရှေ့တက်ဖို့ပဲရှိတယ်"ဟု ရန်ကုန်မော်တင်ဆိပ်ကမ်းမှ ဆန်ကုန်သည်တစ်ဦးက ရှင်းပြသည်။

ပြည်တွင်းဈေးမှာသာမက ပြည်ပဈေး၌လည်း မြန်မာဆန်ဈေးသည် ယခင်လများထက် ဈေးမြင့်တက်လာကြောင်း၊ မိုးဦးကတည်းက တစ်တန်လျှင် ကန်ဒေါ်လာ ၃၁၀ ဝန်းကျင်ဖြင့် ငြိမ်နေသော မြန်မာ့ ၂၅မှတ်(အကျိုးအကြေ ၂၅ရာခိုင်နှုန်း) ဆန်ဈေးသည် ယခင်လကုန်ပိုင်းတွင် တစ်တန်လျှင် ကန်ဒေါ်လာ၃၈၀ထိ ဈေးမြင့်လာသည်။

ထို့အပြင် ထိုင်းဆန်၊ ဗီယက်နမ်ဆန်တို့မှာလည်း ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုကြောင့် စားနပ်ရိက္ခာရှားပါးလာသဖြင့် တဖြည်းဖြည်း ဈေးနှုန်းမြင့်တက်လာကြောင်းသိရသည်။

## မျက်နှာဖုံး-ရန်ကုန်တွင်ကျင်းပမည့် ကိုရီးယား ုပ်ရှင်ပွဲတော်သို့ ဂျူမုံလာမည် မှ

ကိုရီးယား၏နာမည်ကျော်မင်းသားဆောင်အီဂွတ်(ဂျူမုံ)သည်ကိုရီးယား-မြန်မာနှစ်နိုင်ငံရင်းနှီးမှုရရှိစေရန် ပူးပေါင်းပြုလုပ်မည့် ကိုရီးယားရုပ်ရှင်ပွဲတော်သို့တက်ရောက်ရန်အတွက် လာရောက်မည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် ရုပ်ရှင်ပွဲတော် ကျင်းပပြီးချိန်အထိ နေထိုင်သွားမည်ဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူကဆက်လက်ဆိုသည်။

ရန်ကုန်မြို့၊သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် လေးရက်ကြာကျင်းပမည့် ကိုရီးယားရုပ်ရှင်ပွဲတော်တွင် မင်းသားဆောင်အီဂွတ်(Song Il Kook)မှ ပရိသတ်နှင့်အတူတက်ရောက်ကြည့်ရှုမည်ဖြစ်သည်ဟု သိရသည်။

ဇာတ်လမ်းတွဲပေါင်းတစ်ရာကျော်ထိပြသခဲ့ရသော 'ရာဇဝင်တွင်မယ့်သူရဲကောင်း' ကိုရီးယားရာဇဝင်ဇာတ်လမ်းတွဲဖြင့် အာရှ၏အသည်းစွဲပရိသတ်ဖြစ်ခဲ့ရုံမက မြန်မာပြည်၏ ကိုရီးယားဇာတ်လမ်းတွဲပရိသတ်၏ အားပေးမှုအရှိဆုံး ဇာတ်လမ်းတွဲများတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း အင်တာနက်သတင်းများနှင့် ပြည်တွင်းရုပ်သံဇာတ်လမ်းတွဲပရိသတ် များထံမှ သိရသည်။ ဆောင်အီဂွတ်(ဂျူမုံ)ကို ၁၉၇၁ခုနှစ် အောက်တိုဘာ ၁ရက်တွင် မွေးဖွားခဲ့သဖြင့် ယခုဆိုလျှင် ၃၉နှစ်ရှိပြီဖြစ်သည်။

ယင်းမင်းသားနှင့်အတူ ကိုရီးယားမင်းသမီးလီဟာနာ (Le Ha Na) လည်း အဆိုပါရုပ်ရှင်ပွဲတော်သို့ လာရောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရုပ်ရှင်ပွဲတော်ကို နိုဝင်ဘာလ ၂၆မှ ၂၉ရက်အထိ လေးရက်ကြာပြသမည်ဖြစ်ပြီး ပါဝင်ပြသမည့်ဇာတ်ကားများမှာ Le Grand Chef(2),My girlfriend is an agent, Scandal Maters အစရှိသည့် ဇာတ်ကားများဖြစ်ကြောင်းသိရသည်။

## နောက်ကျောဖုံး - စကားပြောနူးညံ့သော အမေရိကန်အလှမယ် မယ်ကမာဖြစ်လာ မှ

အခြားပြိုင်ပွဲဝင်သူအလှမယ်များအား အာရုံစိုက်နေခဲ့ကြရာ အရပ်ရှည်ရှည်၊ ရွှေရောင် ဆံပင်နှင့် အမေရိကန်လှပျိုဖြူမှာ မထင်မှတ်ဘဲ အနိုင်ရရှိသူဖြစ်လာသည်။ ဒုတိယ ဆုအား ဘော့ဆွာနာနိုင်ငံမှ မစ္စအမ်မာဝါးရွက်စ်နှင့် တတိယဆုကို ဗင်နီဇွဲလားနိုင်ငံမှ မစ္စအင်ဒရီးယားနားဗာစီနီတို့က အသီးသီးရရှိခဲ့သည်။ တရုတ်အလှမယ်မစ္စကန်လျှောင်းမှာလည်း နောက်ဆုံးအဆင့်ဆန်ခါတင် ငါးဦးတွင်ပါဝင်ခဲ့သည်။

အမေရိကန်အလှမယ်သည် အမေရိနိုင်ငံကင်တပ်ကီပြည်နယ် လူးဝစ်ဗီးလ်တွင် မွေးဖွားခဲ့သူဖြစ်ပြီး ဆရာမတစ်ယောက် ဖြစ်ချင်သူဟု မယ်ကမ္ဘာဝဘ်ဆိုက်တွင် ဖော်ပြထားသည်။မကြာသေးမီကမှအထက်တန်းကျောင်းပြီးမြောက်ခဲ့သူ မစ္စမီးလ်သည် လူအများနှင့် တွေ့ဆုံစကားပြောရသည်ကို နှစ်သက်သူဖြစ်ပြီး မယ်ကမ္ဘာသရဖူအား ၂၀၀၉ မယ်ကမ္ဘာ ဂျီဘရော်တာနိုင်ငံမှ မစ္စအယ်လ်ဒိုရီနိုထံမှ လွှဲပြောင်းရယူခဲ့ခြင်းဖြစ်သည်။

—Ref:AP

## နောက်ကျောဖုံး-နိုင်ဂျီးရီးယားနိုင်ငံတွင် ရော့ကက်လောင်ချာများဖမ်းဆီးရမိ မှ

ဇင်းသေတ္တာ ၁၃ လုံးကို အီရန်နိုင်ငံမှ သင်္ဘောဖြင့် တင်ပို့ပေးလိုက်ခြင်းဖြစ်ကြောင်း နိုင်ဂျီးရီးယားလုံခြုံရေးတပ်ဖွဲ့က သင်္ဘောမကင်းရှိနေရာ အရှေ့အလယ်ပိုင်းနှင့်ဆက်ဆံရေးတင်းမာလာနိုင်ကြောင်း ယူပီအိုင် သတင်းကဖော်ပြသည်။

နိုင်ဂျီးရီးယား နိုင်ငံတော် လုံခြုံရေးဌာနက သတင်းအရ ယင်းသေတ္တာများကို ကြားဖြတ်စစ်ဆေးခဲ့ခြင်းဖြစ်ပြီး ဆိပ်ကမ်းတစ်ခုလုံးအား လုံခြုံရေးယူ၍ကာကွယ်ထားခဲ့ကြောင်း သိရသည်။ Ref: UPI









Health
7DAY NEWS JOURNAL
Vol.9, No.33 · NOVEMBER 4, 2010

## လေဖြတ်ရောဂါကြောင့် ခြောက်စက္ကန့်လျှင် လူတစ်ဦးနှုန်း သေဆုံးနေ

သီဟ

ရန်ကုန်၊အောက်တိုဘာ-၃၀

လေဖြတ်ရောဂါသည် ကမ္ဘာပေါ်တွင်သေနှုန်းမြင့်မားသည့် ရောဂါများထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး တစ်ကမ္ဘာလုံး အတိုင်းအတာအရ အချိန်နှစ်စက္ကန့်လျှင် လူတစ်ဦးနှုန်းလေဖြတ်နေကြပြီး ၆ စက္ကန့်လျှင် လေဖြတ်ရောဂါကြောင့် လူတစ်ဦးနှုန်းသေဆုံးနေကြကြောင်း သိရသည်။

အလားတူ ကမ္ဘာပေါ်တွင် နှစ်စဉ်လူဦးရေ ၁၅သန်းခန့်လေဖြတ်ရောဂါခံစားနေရပြီး ထိုအထဲမှ ခြောက်သန်းသည် လေဖြတ်ရောဂါကြောင့် သေဆုံးနေကြရကြောင်း ရန်ကုန်တိုင်းဒေသကြီးစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းက ယနေ့ပြောကြားသည်။

လေဖြတ်ရောဂါဖြစ်ပွားနှုန်းမှာ လူခြောက်ဦးလျှင် တစ်ဦးသည် တစ်ချိန်ချိန်တွင်လေဖြတ်ရောဂါဖြစ်ပွားနိုင်သည်ဟု ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာပိုင်စိုးကပြောသည်။

ကမ္ဘာပေါ်ရှိ လူဦးရေသန်း၃၀ခန့်သည် လေဖြတ်ရောဂါခံစားခဲ့ရဖူးပြီး ထိုအထဲမှ အများစုသည် မူလအခြေအနေသို့ပြန်လည်ရောက်ရှိခြင်းမရှိဘဲ ရောဂါ၏နောက်ဆက်တွဲဆိုးကျိုးများကို ခံစားနေရကြောင်း ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားသည်။

တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် သုနာပြုတက္ကသိုလ်၌ ယနေ့ကျင်းပသည့် ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အထက်ပါအတိုင်းပြောကြားသွားခြင်းဖြစ်သည်။ လေဖြတ်ခြင်းသည်ဦးနှောက်အတွင်းရှိ သွေးကြောများပိတ်ခြင်းကြောင့်နှင့် သွေးကြောများပေါက်ခြင်းကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်းသိရသည်။

ကမ္ဘာပေါ်တွင် လေဖြတ်ခြင်းအများဆုံးဖြစ်ပွားသော လူမျိုးများမှာ လူမည်းများနှင့် အာရှတိုက်သားများဖြစ်ကြပြီး မိသားစုမျိုးရိုးအတွင်း လေဖြတ်ရောဂါမျိုးရိုးရှိသူများ၊ယခင်က လေဖြတ်လေဖြန်းဖူးသူများနှင့် နှလုံးသွေးကြောပိတ်ဖြစ်ဖူးသူများသည် လေဖြတ်ရောဂါဖြစ်ရန် အခွင့်အရေးများပြားကြောင်း သိရသည်။



ဈေးကွက်အတွင်းရှိ ရောင်းတန်းဝင်ဆေးများတွင်လည်း ယခုကဲ့သို့ ပီပီအေမပါဝင်ကြောင်း ထည့်သွင်းကြော်ငြာလာသည်။

## လွယ်လွယ်သောက်နေတဲ့ ဆေးတွေထဲက ကြောက်စရာပီပီအေ

ဝတ်ရည်

ကိုယ်ခန္ဓာအတွင်း ပြင်ပမှရောဂါတစ်ခုခုဝင်ရောက်သည့်အခါ ဆေးဝါးအကူအညီများ အသုံးပြု၍တိုက်ထုတ်ကာကွယ်ရပြီး ထိုဆေးဝါးများမှာ ရောဂါဝေဒနာများသက်သာပျောက်ကင်းစေရန် အကူအညီပေးသကဲ့သို့ ဆေးတွင်ပါဝင်သည့် ဓာတ်ပစ္စည်းအချို့၏ ဘေးထွက်ဆိုးကျိုးကြောင့် သုံးစွဲသူများတွင်ကျန်းမာရေးဆိုးကျိုးများဖြစ်ပေါ်လာစေနိုင်သည်ကိုလည်း သတိပြုရန် လိုအပ်သည်။

ယခုကဲ့သို့ ရာသီဥတုအပြောင်းအလဲများသည့် အချိန်များတွင်လူအများစု၌ နှာစေး၊ ချောင်းဆိုး၊ ဖျားနာခြင်းများမှာ အဖြစ်များသော ရောဂါများဖြစ်ပြီး ဖျားနာသူများသည် ပျောက်ကင်းမှု မြန်ဆန်မည်ထင်သော ဆေးဝါးများကို အမြဲဆောင်ကာ သောက်သုံးလေ့ရှိကြသည်။

ထို နှာစေးချောင်းဆိုးပျောက်ဆေးများထဲတွင် ပါဝင်သော PPA (Phenylpropanolamine t) ဖီနိုင်ပရိုပါနော်လမင်းကြောင့်သောက်သုံးနေစဉ် ရက်ပိုင်းအတွင်း လေဖြတ်နိုင်ကြောင်းကိုမူ သိရှိမှုနည်းပါးပြီး မြန်မာနိုင်ငံတွင် ရောင်းချနေသည့် အဖျားပျောက်ဆေးအများစုတွင် PPAပါဝင်နေကြောင်း ရန်ကုန်ဆေးရုံကြီး အရိုးအဆစ်ပညာဌာနမှ ပါမောက္ခဒေါက်တာဦးချစ်စိုးက ယနေ့ပြုလုပ်ခဲ့သည့် ဆေးပညာဟောပြောပွဲတွင် ပြောသည်။

"သူ့ရဲ့အာနိသင်က နှာစေးချောင်းဆိုးပျောက်တဲ့အပြင် ပိန်စေတဲ့အတွက် ပိန်ဆေးအဖြစ်အသုံးပြုကြတာတွေလည်းရှိတယ်။ ပိန်ဆေးအနေနဲ့ စွဲသောက်တဲ့သူတွေမှာ ပိုအန္တရာယ်ရှိတယ်"ဟု အဆိုပါဆရာဝန်ကပြောသည်။

PPA ကိုနှာစေး၊ ချောင်းဆိုး၊ အဖျားပျောက်ဆေးများတွင် ထည့်သွင်းအသုံးပြုရပြီး နိုင်ငံတကာ၌ ထိုဆေး၏ ဘေးထွက်ဆိုးကျိုးများ ပြင်းထန်သည့်အတွက် တင်သွင်းရောင်းချမှု ပိတ်ပင်ထားပြီး မြန်မာနိုင်ငံတွင်မူ ကျွမ်းကျင်ဆရာဝန်၏ ခွင့်ပြုချက်ဖြင့်သာ ရောင်းချရမည်ဟု ပြဋ္ဌာန်းထားသော်လည်း

စာ(၁၄)သို့

## အရေပြားရောဂါများနှင့် လိမ်းဆေးအလွဲများ

သီဟ



မိမိတို့၏အရေပြားကို ခြောက်ပစ်ကင်းလှပလိုကြသည်မှာ လူတိုင်း၏ ဆန္ဒပင်ဖြစ်သည်။ သို့သော်တစ်ခါတစ်ရံတွင် ပတ်ဝန်းကျင်အခြေအနေကြောင့်သော်လည်းကောင်း၊ တစ်ကိုယ်ရည်သန့်ရှင်းရေးအား ဂရုပြုမိမှုအားနည်းသွား၍သော်လည်းကောင်း၊ သွေးသားကြောင့်သော်လည်းကောင်း၊ အရေပြားမှိုစွဲကပ်ခြင်း၊ ညှင်း၊ တင်းတိပ်၊ ခရုသင်း၊ ပွေး စသည်များတွယ်ကပ်ခြင်းခံရလေ့ရှိကြသည်။

ထိုသို့တွယ်ကပ်ခံကြရာတွင် မိမိတို့လက်လှမ်းမီရာ ပွေး၊ ညှင်း စသည့်ပျောက်ဆေးများအား ဆေးဆိုင်များမှအလွယ်တကူဝယ်ယူလိမ်းတတ်ကြသည်။

ဝယ်လိမ်းကြသည့်ဆေးများသည် တစ်ခါတစ်ရံတွင် အနာနှင့်ဆေးတည့်၍ပျောက်ကင်းသွားသည်များရှိသကဲ့သို့ ဆေး၏အာနိသင်အချို့ကြောင့်လည်း အနာများချပ်သွားကြသည်များလည်းရှိကြသည်။သို့သော် များသောအားဖြင့် ဝယ်လိမ်းကြသည့် ဆေးများသည် အနာနှင့်ဆေး တခြားစီဖြစ်ကာ ရောဂါပိုမိုဆိုးဝါးသွားနိုင်သည့် အလားအလာများပြားကြောင်း ရန်ကုန်ဆေးရုံကြီး အထူးအရေပြားကု ဌာနမှ အရေပြားအထူးကုဆရာဝန် ဒေါက်တာလင်းထက်က ပြောသည်။

အရေပြားလိမ်းဆေးများသည် များသောအားဖြင့် စတီးရွိုက်၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေး စသည်များဖြင့် ရောနှောဖော်စပ်ထားတတ်ကြလေ့ရှိရာ မိမိတွင်ခံစားနေရသည့် အရေပြားပြဿနာနှင့်အဆင်ပြေသည့်ဓာတ်တစ်မျိုးပါဝင်နိုင်သကဲ့သို့ အခြားပါဝင်သည့် ဓာတ်များကြောင့် အရေပြားပြဿနာအား ပိုမိုဆိုးဝါးသွားတတ်သည်များကိုလည်း ဂရုပြုရန်လိုအပ်ကြောင်းသိရသည်။

ထို့အပြင်အရေပြားရောဂါအားဆေးလိမ်းရာတွင်လည်း လိမ်းပုံလိမ်းနည်း စနစ်ကျရန်လိုအပ်ကြောင်းလည်းသိရသည်။အလားတူဖြစ်ပွားသည့်နေရာအပေါ်မူ တည်၍လိမ်းသည့် အရေပြားလိမ်းဆေးအားလည်း ပြောင်းလဲအသုံးပြုရန်လိုအပ်ကြောင်း သိရသည်။

"ဆေးလိမ်းတဲ့နေရာမှာ တချို့ဆေးတွေက ဒီရောဂါပဲဖြစ်ပေမယ့် ဖြစ်တဲ့နေရာမတူတာကြောင့် လိမ်းလို့မရတာတွေရှိတယ်။ အရေပြားဖွဲ့စည်းပုံမတူလို့ဆေးပြင်းအားမတူတာ လိမ်းရတယ်၊ ပြင်းအားတူတဲ့ ဆေးကို လက်မှာလိမ်းသလို မျက်နှာမှာလိမ်းမိရင် မလိုလားအပ်တဲ့ ဘေးထွက်ဆိုးကျိုးတွေဖြစ်တတ်တယ်"ဟု ဒေါက်တာလင်းထက်ကပြောသည်။

အချို့သောအရေပြားရောဂါများသည် ဖြစ်သည့်နေရာတွင်သာဆေးလိမ်းရသည့် ရောဂါများလည်းရှိကြောင်းသိရသည်။

စာ(၁၄)သို့



7DAY NEWS JOURNAL
Vol.9, No.33 · NOVEMBER 4, 2010

# မျက်ကြည်လွှာ လှူဒါန်းမှု နည်းနေ၍ မျက်ကြည်လွှာ အစားထိုးကုသရမည့် လူနာ ၂၀၀၀ကျော် စောင့်ဆိုင်းနေ

ဝတ်ရည်

ရန်ကုန်၊ အောက်တိုဘာ - ၂၈

&efukf;rupfb Pfwifr;ufunfvTt pm;xdk;ukb &efapmifq;kdifaeo Epfxmif;u mf&Sd;D vecfb nf;wpf;Epfv;Hwifr;ufunfvTvS;efol 1500;Do m&Shumif;r;upfdq ;½kH;DS&o nf

လှူဒါန်းမှု ပမာဏနှင့် အစားထိုးကုသရန် လိုအပ်နေသူ ပမာဏ ကွာခြားချက် များပြားနေခြင်းကြောင့်အစားထိုးကုသရန် စောင့်စားနေသူများ စောင့်ဆိုင်းသည့် အချိန် ပိုမိုကြာမြင့်ပြီး မျက်ကြည်လွှာလှူဒါန်းမှုများ လိုအပ်နေကြောင်း ရန်ကုန်မျက်စိဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာတင်ဝင်းကပြောသည်။

"မျက်ကြည်လွှာဆိုတာ ဝယ်လို့မရပါဘူး။ ပြဋ္ဌာန်းထားတဲ့ ဥပဒေအတွင်းကနေ ခန္ဓာကိုယ် အစိတ်အပိုင်း ရောင်းဝယ်မှုလည်း မရှိစေရတဲ့အတွက် မိမိဆန္ဒအလျောက် အသက်သေပြီးမှ လွှဲပြောင်းယူရတာဖြစ်လို့ အစားထိုးကုသမှု နည်းပါးနေသေးတယ်" ဟုဒေါက်တာတင်ဝင်းက ပြောသည်။

လူအများအနေဖြင့် ယခုနောက်ပိုင်းတွင် လူမှုရေးလုပ်ငန်းများကို စိတ်ဝင်စားမှုများပြားလာသော်လည်း သေဆုံးသွားသည့်မိမိခန္ဓာကိုယ်အား သုတေသနပြုရန်၊ လိုအပ်သူများအသုံးပြုရန် လှူဒါန်းမှုမှာ နည်းပါးနေသေးကြောင်း အဆိုပါဆရာဝန်က ပြောသည်။

"ဟိုးအရင်ကတည်းက ယုံကြည်လာတဲ့ အစွဲအလမ်းတွေက ဖြေဖျောက်ဖို့ မလွယ်ကူသေးပါဘူး။ ဒါပေမဲ့ နောက်ပိုင်းမှာ လူတွေကသေပြီး ခန္ဓာကိုယ်ကြီးက မြေဩဇာဖြစ်မယ့်အတူတူ အကျိုးရှိတာတွေ လုပ်ခဲ့မယ်ဆိုတဲ့ ယုံကြည်ချက်တွေ ကျယ်ပြန့်လာတဲ့ အခါဒီလုပ်ငန်းက ပိုအောင်မြင်လာမှာပါ" ဟုဒေါက်တာတင်ဝင်းက ပြောသည်။

မျက်ကြည်လွှာ အလှူရှင်များ၏ ၉၀ ရာခိုင်နှုန်းမှာလည်း အသက် ၃၀ နှစ်အောက်လူငယ်များဖြစ်ခြင်းကလည်း စောင့်ဆိုင်းရသည့်အချိန် ကြာမြင့်ခြင်း၏ အကြောင်းအရင်းများ ဖြစ်ကြောင်း သိရသည်။

"မျက်ကြည်လွှာ အလှူခံတဲ့သူတွေမှာ ဆေးရုံကိုမျှော်လင့်ချက်တွေနဲ့ ရောက်လာတဲ့လူနာကိုသေရင် မျက်ကြည်လွှာလှူဖို့ ပြောရတာ အရမ်းရက်စက်တဲ့အတွက် အခက်အခဲတွေ၊ ပြီးတော့ သူက သေပြီးပြီးချင်း လေးနာရီအတွင်းယူရတာ ဖြစ်တဲ့အတွက် အခက်အခဲတွေ အမျိုးမျိုးကြောင့် အစားထိုးနိုင်ခွင့် နည်းပါးနေသေးတယ်" ဟုအဆိုပါဆရာဝန်က ပြောသည်။

ယခင်က မျက်စိအတွင်းထိခိုက်မှု တစ်ခုခုကြောင့် အမြင်အာရုံဆုံးရှုံးသွားသူများမှာ ယခုမျက်ကြည်လွှာအစားထိုး ကုသမှုကြောင့် အမြင်ပြန်လည် ရရှိလာကြသည့်အတွက် အစားထိုးကုသရန် စောင့်ဆိုင်းသူများလည်း များပြားလာခြင်းဖြစ်ကြောင်း သိရသည်။

မျက်ကြည်လွှာအစားထိုး ကုသမှုကို မျက်စိဘဏ်စတင်တည်ထောင်ခဲ့သည့် ၁၉၉၅ ခုနှစ်တွင် စတင်တစ်ပြိုင်နက် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

## စာ – ၁၃၊ လွယ်လွယ်သောက်နေတဲ့ ဆေးတွေထဲက ကြောက်စရာပီပီအေ မှ

ထို PPA ပါဝင်သောဆေးဝါး များအား နေရာတိုင်းတွင်ရောင်းချပြီး အလွယ်တကူ ဝယ်ယူအသုံးပြုနိုင်နေကြောင်း ဒေါက်တာဦးချစ်စိုးကပြောသည်။

"ရိုးရိုးဆေးကတော့ နှာစေးပျောက်ဖို့ နှစ်ရက်၊သုံးရက်လောက်ကြာတယ်။ PPA ပါဝင်တဲ့ ဆေးက အချိန်တိုအတွင်း ရောဂါသက်သာစေတဲ့အတွက် ချက်ချင်းပျောက်တယ်ဆိုပြီး သောက်ကြတဲ့အတွက် စီးပွားရေးလုပ်ငန်းရှင်တွေလည်း ရောင်းအားကောင်းဖို့ PPAပါတဲ့ဆေးတွေကို တင်သွင်းရောင်းချကြတယ်။ လူတွေကလည်းမသိဘဲ သောက်နေကြတယ်" ဟုအဆိုပါ ဆရာဝန်က ပြောသည်။

ထိုဆေးဝါး အသုံးပြုသူများတွင်ဦးနှောက်အတွင်း သွေးယိုစီး၍လေဖြတ်စေခြင်းကို သာမန်လူများထက် ၁၅ ဆပိုမိုဖြစ်စေသည်ဟုနိုင်ငံတကာလေ့လာချက်များတွင်ဖော်ပြထားပြီး အသက် ၁၈ နှစ်မှ ၄၉ နှစ်အတွင်း အမျိုးသမီးများတွင် ပိုမိုအဖြစ်များ၍ တစ်ကြိမ်တစ်ခါသုံးစွဲရုံနှင့်ပင် အန္တရာယ်ဖြစ်စေနိုင်ကြောင်း သိရသည်။

PPA ပါဝင်သော ဆေးဝါးသောက်သုံးပြီးသည်နှင့် ရင်တုန်လာခြင်း၊ နှလုံးခုန်မြန်လာခြင်း၊ သွေးပေါင်ချိန်တက်လာခြင်း စသည့်လက္ခဏာများပြသပြီး ဆေးအာနိသင်မှာ နှာခေါင်းပိတ်ခြင်းကို သက်သာစေရုံမက သွေးအတွင်းပျံ့နှံ့သည့်အတွက် ဦးနှောက်သို့ရောက်ရှိပြီး ဦးနှောက်သွေးယိုစီးမှုကိုပါ ဖြစ်ပွားစေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် လေဖြတ်၍ ရောက်ရှိလာသည့်လူနာများအားသွေးတိုး၊ ဆီးချို၊ PPA ပါသောဆေးများ စသည့် မည်သည့်အကြောင်းကြောင့် ဖြစ်ပွားသည်ကိုမှတ်တမ်းတင်ထားခြင်း မရှိသည့်အတွက် ဖြစ်ပွားမှုနှုန်း မည်မျှရှိနေသည်ကို သေချာစွာမပြောနိုင်သော်လည်း အန္တရာယ်ရှိသောအခြေအနေတွင် ရှိကြောင်းအဆိုပါဆရာဝန်က ဆက်လက်ပြောသည်။

နှာစေးပျောက်ဆေး၊ ချောင်းဆိုးပျောက်ဆေးများထဲတွင် ထည့်သွင်းအသုံးပြုသည့်အတွက် သုံးစွဲမှုများပြားသူများတွင် စိတ်ဂယောက်ဂယက်ဖြစ်ခြင်း၊ စိတ်ရောဂါများရရှိလာခြင်းတို့ပါရှိကြောင်း ဒေါက်တာဦးချစ်စိုးက ပြောသည်။

"အဲဒီဆေးက ဆူဒိုအက်ဖိဒရင်း စိတ်ကြွဆေးမျိုးလည်းဖြစ်တဲ့အတွက် သောက်ထားတဲ့အချိန်မှာလူကအရမ်းလန်းတယ်။ ဒါပေမဲ့ စိတ်ရောဂါကုဆေးရုံကို ရောက်လာတဲ့ လူတချို့ကို မေးမြန်းတဲ့အခါ သူတို့က နှာစေးချောင်း ဆိုးလို့ဆေးသောက်ရာကတစ်ဆင့် တဖြည်းဖြည်းစိတ်ရောဂါတွေဖြစ်လာတာလို့ ရောက်လာကြတာတွေတွေ့ရပါတယ်"ဟု ဒေါက်တာချစ်စိုးက ပြောသည်။

ထို PPA ပါသောဆေးများအားနှလုံးရောဂါရှိသူ၊ သွေးတိုးရောဂါရှိသူနှင့် ဆီးချိုရောဂါရှိသူစသည်များ သောက်သုံးခြင်း လုံးဝမပြုသင့်ကြောင်း သိရသည်။

PPA ပါဝင်မှု ရှိ၊ မရှိကို ဆေးအခွံပေါ်ရှိ ပါဝင်သော ပစ္စည်းများတွင် ကြည့်နိုင်ပြီး PPA Phenylpropalamine, oxyamphetamine ဆိုသည့်စာလုံးဖြင့် ဖော်ပြထားပြီး ထိုဆေးဝါးများအား အသုံးမပြုသင့်ကြောင်း သိရသည်။

"ဒီမှာက ကိုယ်သုံးတဲ့ဆေးဝါးတွေမှာ ဘာတွေပါလဲဆိုတာ ကြည့်တဲ့သူ အရမ်းနည်းတယ်။ တချို့ကျတော့လည်း စပ်ဆေးတွေသောက်တဲ့အခါ တစ်လုံးချင်းဆိုတော့ဘာတွေပါလဲဆိုတာ မသိနိုင်ဘူး။ ရောဂါကို မြန်မြန်ပျောက်ချင်လို့ သောက်မည်ဆိုရင်လည်း နောက်ဆက်တွဲဖြစ်မှာနဲ့ တန်ရဲ့လားဆိုတာ ဂရုပြုသင့်တယ်" ဟု ဒေါက်တာဦးချစ်စိုးက ပြောသည်။

စီးပွားရေးလုပ်ငန်းရှင်များမှလည်း ကုန်ကျစရိတ်နည်း၍ အချိန်တိုအတွင်းရောဂါပျောက်ကင်းစေသည့်အတွက် ထို PPA မော်လီကျူးအား ထည့်သွင်း အသုံးပြုနေခြင်းဖြစ်ကြောင်း သိရသည်။

အန္တရာယ်အနည်းဆုံးဖြစ်စေသည့်ဆေးဝါးများအား မိမိဘာသာရွေးချယ်သောက်သုံးရမည်ဖြစ်ပြီး မည်သည့်ဆေးမဆိုဘေးထွက်ဆိုးကျိုးများရှိ၍ပမာဏများပြားပါက အန္တရာယ်ရှိနိုင်ကြောင်း အဆိုပါ ဆရာဝန်က သတိပေးပြောကြားသည်။

## စာ-၁၃၊ အရေပြားရောဂါများနှင့် လိမ်းဆေးအလွဲများ မှ

ဖြစ်သည့်နေရာထက် ပိုလိမ်းမိပါကအခြားနေရာမှကောင်းသည့် အရေပြားများပါ ပျက်စီးစေနိုင်ကြောင်းသိရသည်။

"တချို့က ဖြစ်တဲ့နေရာမှာပဲလိမ်းရတယ်။ ဘေးကိုမပြန့်ရဘူး။ဥပမာ ခရုသင်းဆိုရင် ဖြစ်တဲ့အဖြူကွက်ကိုပဲလိမ်းရတယ်။ ဘေးကိုပြန့်လို့မရဘူး ဘေးကိုထိမိရင် ဘေးကကောင်းတဲ့အသားကလည်း မဲလိုက်လာတတ်တယ်"ဟု ဒေါက်တာလင်းထက်ကပြောသည်။

တစ်ခါတစ်ရံ အရေပြားရောဂါတစ်ခုခုကြောင့် ဆေးလိမ်းကြရာတွင် ရောဂါပျောက်ချင်သည့်ဆန္ဒဖြင့် ဆေးအားလိုသည်ထက် ပိုမိုလိမ်းမိသည့်များရှိတတ်ကြသည်။ထိုသို့လိမ်းမိပါက ဖြူစေသောအာနိသင်ရှိသည့် ဆေးဆိုပါက အခြားအရေပြားများပါ ပိုဖြူသွားနိုင်ပြီး မည်းသည့်အာနိသင်ရှိသည့်ဆေးဖြစ်ပါကလည်း ပို၍မည်းသွားစေနိုင်သည့် အာနိသင်များရှိကြောင်းသိရသည်။

ထို့ကြောင့် မိမိတို့အရေပြားတွင် မည်ကဲ့သို့သော အကြောင်းကြောင့်ဖြစ်စေ အရေပြားရောဂါတစ်ခုခုကြောင့် ဆေးလိမ်းမည်ဆိုပါက တွေ့သည့်ဆိုင်တွင် အလွယ်ရသည်ဆေးများကို ဝယ်ယူမလိမ်းသင့်ဘဲ တတ်ကျွမ်းနားလည်သည့် ဆရာဝန်နှင့် ပြသ၍ဆရာဝန်ညွှန်ကြားသည့်ဆေးအား ညွှန်ကြားသည့် ပမာဏအတိုင်းသာ လိမ်းကြရန် လိုအပ်သည်။ ထို့အပြင်လှချင်သဖြင့် မိမိတို့၏အရေပြားများအား အလှကုန်ပစ္စည်းများ၏ ဓာတ်မတည့်မှုကြောင့်အရေပြားအားဒုက္ခပေးနိုင်ကြောင်းသိရသည်။ ထို့ကြောင့် အလှကုန်ပစ္စည်းသစ်တစ်မျိုးမျိုးအား အသုံးပြုတော့မည်ဆိုပါက မိမိတို့၏ အရေပြားနှင့် တည့်၊မတည့်ကိုဦးစွာ စမ်းသပ်ကြရန်လိုအပ်ကြောင်းသိရသည်။


အရေပြားလိမ်းဆေးများတွင်လည်း စတီးရွိုက်ပါသည့်ဆေးများအား လွန်ကဲစွာလိမ်းမိပါက သာမန်အရေပြားပေါ်တွင် ပြဿနာမရှိသော်လည်း သွေးကြောထဲစိမ့်ဝင်မှုများပြားသည့် မျက်လုံးတစ်ဝိုက်နှင့် နှုတ်ခမ်းတို့တွင်လိမ်းမိလျှင် စတီးရွိုက်များ သွေးကြောအတွင်းသို့ စိမ့်ဝင်သွားပြီး များပြားလာပါက စတီးရွိုက်ဆေးသောက်လျှင်ရရှိတတ်သည့် ဘေးထွက်ဆိုးကျိုးမျိုးလည်း ရရှိနိုင်သည်ဟု သိရသည်။

အလှကုန်ပစ္စည်းများ အသုံးပြုမည်ဆိုပါကလည်း ဓာတုဗေဒဒြပ်ပေါင်း အနည်းဆုံးပါဝင်သည့်ပစ္စည်းများသာ အသုံးပြုသင့်သည်ဟု ဒေါက်တာလင်းထက်က အကြံပြုပြောကြားထားသည်။ထို့အပြင်အလှကုန်ပစ္စည်းများကိုလည်း နှစ်မျိုးသုံးမျိုးပေါင်းစပ် အသုံးပြုခြင်းမပြုလုပ်ကြရန်လည်း ပြောကြားထားသည်။

အရေပြားသည် လူမြင်ကွင်းတွင် အထင်းသားမြင်တွေ့စေမည့် လူ၏အင်္ဂါအစိတ်အပိုင်းဖြစ်သဖြင့် မည်သည့်အကြောင်းကြောင့်ပင်ဖြစ်စေအရေပြားအားသန့်စင်နေစေရန်လိုအပ်သည်။

ထို့ကြောင့် အရေပြားရောဂါ တစ်ခုခုကူးစက်ခြင်းခံရမှုမရှိစေရန် နှင့် လှပချင်သည့် ဆန္ဒကြောင့် ပြုလုပ်မိသဖြင့် မလိုလားအပ်သည့်အရေပြားပြဿနာများ မဖြစ်စေရန် မိမိတို့၏ အရေပြားအား သဘာဝအတိုင်းဂရုတစိုက်ထိန်းသိမ်းကြရန်လိုအပ်လှပေသည်။

အရေပြားအား သဘာဝအတိုင်းထိန်းသိမ်းရန်မှာမူ အာဟာရ ပြည့်ဝသည့် အစားအစာများ စားသောက်ခြင်း၊ စိတ်ဖိစီးမှုကို လျှော့ပါးစေခြင်း၊ အရက်နှင့်ဆေးလိပ်တို့အားရှောင်ကျဉ်ခြင်းတို့အပြင် တစ်ကိုယ်ရေသန့်ရှင်းရေးကိုပါ အထူးဂရုစိုက်ကြရန် လိုအပ်သည်ဟု ဒေါက်တာလင်းထက်က အကြံပြုပြောကြားသည်။



Regional

7 DAY NEWS JOURNAL

Vol.9, No.33 · NOVEMBER 4, 2010


# ဂီရိမုန်တိုင်းကြောင့် နေပြည်တော်စပါးခင်းအချို့ထိခိုက်

ထူးသန့်

နေပြည်တော်၊ အောက်တိုဘာ - ၂၇

မြန်မာနိုင်ငံအလယ်ပိုင်းဒေသအထိ ဝင်ရောက်တိုက်ခတ်ခဲ့သော ဂီရိဆိုင်ကလုန်းမုန်တိုင်း၏အရှိန်ကြောင့် နေပြည်တော်တွင်လည်း လေပြင်းများတိုက်ခတ်ကာ ရင့်မှည့်ခါနီးစပါးစိုက်ခင်းအချို့ အပင်များယိုင်လဲသွားခဲ့ကြောင်း နေပြည်တော်ဒေသခံ လယ်သမားများကပြောဆိုကြသည်။



အပင်ယိုင်လဲမှုနှင့် ကြုံရသောစပါးစိုက်ခင်းအချို့မှာ အပင်အရပ်ရှည်သောစပါးစိုက်ခင်းများဖြစ်ပြီး၊ ထိုသို့ယိုင်လဲသွားခြင်းကြောင့် ရိတ်သိမ်းရာတွင် ကုန်ကျစရိတ်အနည်းငယ်ပိုနိုင်ရုံသာမက လေလွင့်ဆုံးရှုံးမှုလည်းဖြစ်ပေါ်လာနိုင်ကြောင်း စပါးနှံများအပေါ် ရေကျော်လျက်ရှိသောစိုက်ခင်းများမှာလည်း အလျင်အမြန်ရိတ်သိမ်းလျက်ရှိကြောင်း နေပြည်တော် ပျဉ်းမနားမြို့နယ်မှ လယ်သမားတစ်ဦးကပြောသည်။

"ပြီးခဲ့တဲ့ စနေနေ့(၂၃ရက်) က လေတိုက်တယ်။ လေနဲ့အတူ မိုးလည်းပါလာတဲ့အတွက် စပါးခင်းတွေလဲကုန်တယ်။ မနောသုခတို့ ဆင်းသွယ်လတ်တို့လို အပင်နိမ့်တဲ့မျိုးတွေကတော့ မလဲပါဘူး။ ကျွန်တော်က သုခထွန်းစိုက်တာဆိုတော့ အပင်ကမြင့်တဲ့အတွက် လဲသွားတယ်။တခြားစိုက်ခင်းတွေလည်း ဒီလိုပဲ။ ရင့်မှည့်တဲ့လယ်တွေမှာတော့ ချက်ချင်းပဲ ရိတ်နေကြတယ်" ဟု ၎င်းကပြောသည်။

စပါးစိုက်ခင်းများ ယိုင်လဲသည်ဟုဆိုသော်လည်း လေကာရှိသော လယ်ကွက်များတွင် ဖြစ်ပွားမှုနည်းပြီး၊ ကွင်းပြင်ကျယ်တွင်ရှိသောလယ်ကွက်များမှာ ပို၍ဖြစ်ပွားခဲ့ကြောင်း၊ ထိုသို့ ယိုင်လဲသွားခြင်းကြောင့် ရိတ်သိမ်းစရိတ်နှင့် စပါးလေလွင့်မှုအနည်းငယ်ရှိနိုင်သော်လည်းစိုးရိမ်ရန်မလိုကြောင်း၊ ယခင်နှစ်အချို့တုန်းကလည်း ကြုံခဲ့ဖူးကြောင်း အခြားလယ်သမားများက ဆိုကြသည်။

စပါးစိုက်ခင်းများ ထိုသို့ဖြစ်ပွားခြင်းနှင့်ပတ်သက်ပြီး စိုက်ပျိုးရေးပညာရှင်တစ်ဦးကလည်း "ဒါက စပါးပင်အရပ်ရှည်လို့ဖြစ်နိုင်သလို ပင်စည်သန်မာမှုနဲ့လည်းဆိုင်တယ်။ လယ်သမားတွေက မြေဩဇာကို တစ်မျိုးတည်း ကျွေးလေ့ရှိတာကြောင့် အပင်တွေသာရှည်လာပြီး သန်မာမှုမရှိဘူး။ ပြောရရင် အာဟာရမျှမျှတတမဖြစ်ဘူးပေါ့။ ဒါကြောင့် လယ်သမားတွေကို ပညာပေးဖို့က လိုအပ်နေဆဲပါပဲ"ဟူ၍ အကြံပြုပြောသည်။

နေပြည်တော်တွင် စပါးစိုက်ခင်းအချို့ ရိတ်သိမ်းလျက်ရှိပြီး လက်ရှိစပါးပေါက်ဈေးမှာ တင်းတစ်ရာလျှင် ကျပ်လေးသိန်းကျော်သာရှိကြောင်း သိရှိရသည်။

## မုန်တိုင်းကြောင့် ရပ်နားခဲ့ရသော ငါးဖမ်းလုပ်ငန်းများ ပြန်လည်စတင်



မြေပုံမြို့နယ်မပသုန်ရွာမှ မုန်တိုင်းဒေသခံများ လုပ်ငန်းခွင်ပြန်ဝင်နေစဉ်။ ဓာတ်ပုံ– အားမာန်

မောင်သန်းဝင်း

စစ်တွေ၊ အောက်တိုဘာ-၂၇

ဘင်္ဂလားပင်လယ်အော်အတွင်း ဂီရိမုန်တိုင်း၏ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်ချိန်က ရပ်နားခဲ့ရသော ရခိုင်ဒေသတွင်း ကမ်းနီးကမ်းဝေး ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်းများအားလုံးမှာ လုပ်ငန်းပြန်လည်လုပ်ကိုင်နေကြပြီဖြစ်ကြောင်း ရေလုပ်သား(တံငါသည်)များကပြောသည်။

ဂီရိမုန်တိုင်း၏အရှိန်ကြောင့် အောက်တိုဘာလ တတိယပတ်မှစပြီး ပင်လယ်မြစ်ချောင်းအင်းအိုင်ငါးဖမ်းဇုန်များအတွင်း ကမ်းနီးကမ်းဝေးငါးဖမ်းသင်္ဘောရေယာဉ်များမှာ မုန်တိုင်းခိုလှုံရန် ဆိပ်ကမ်းများသို့ စုပြုံဝင်ရောက်ကျောက်ချနေခဲ့ရသည်။ အောက်တိုဘာ ၂၄ ရက်မှစ၍ ငါးဖမ်းသင်္ဘောရေယာဉ်များမှာ မိမိတို့ဌာနေငါးဖမ်းဇုန်များအတွင်း ဝင်ရောက်ဖမ်းဆီးကာ စားသုံးသူဈေးကွက်သို့ ငါး၊ ပုစွန်များသို့ ပို့နေကြပြီဖြစ်ကြောင်းလည်း သိရသည်။

ရခိုင်ဒေသတွင်း ရေလုပ်ငန်းရှင်များမှာ ပင်လယ်ပြင် ငါးဖမ်းဇုန်များအတွင်း မိရိုးဖလာရာသီဥတုခန့်မှန်းနည်းများကို အသုံးပြုလုပ်ကိုင်ကြပြီး ပင်လယ်ပြင်အတွင်း ရာသီဥတုအခြေအနေနှင့် ငါးအထိအမိများသော အချိန်များကိုလည်း ယင်းတို့ ပိုမိုသိရှိနားလည်ကြကြောင်း သိရှိရသည်။ သို့သော် စစ်တွေဒေသမှာ ဂီရိဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုနည်းပါးခဲ့ပြီး၊ ကျောက်ဖြူ၊ မြေပုံ၊ ပေါက်တော စသည်မြို့နယ်များလောက် မုန်တိုင်းဒဏ် မခံခဲ့ရပေ။ မုန်တိုင်းဒဏ် အဆိုးဆုံးခံခဲ့ရသော မြေပုံ၊ ကျောက်ဖြူမြို့နယ်ရှိ ရေလုပ်ငန်းအများစုမှာမူ လုပ်ငန်းခွင် ပြန်မဝင်နိုင်သေးပေ။

## နေပြည်တော်တွင် နှစ်ပတ်အတွင်း အင်းခရမ်းချဉ်သီးဈေးကျပ်တစ်ထောင်ခုန်တက်



အင်းလေးဒေသထွက် အင်းခရမ်းချဉ်သီးများကို ပွဲရုံတစ်ခုတွင် ရွေးချယ်သန့်စင်နေကြစဉ်။ ဓာတ်ပုံ– အေးမြကျော်

ညီညီဝင်း

နေပြည်တော်၊ အောက်တိုဘာ - ၂၅

နေပြည်တော်တွင်အောက်တိုဘာပထမပတ်အတွင်း အင်းခရမ်းချဉ်သီးတစ်ပိဿာလျှင် ကျပ်ငါးရာရှိခဲ့ရာမှ ယခုတတိယပတ်တွင် တစ်ထောင့်ငါးရာကျပ်အထိ မြင့်တက်သွားကြောင်း နေပြည်တော် ပျဉ်းမနားကုန်စိမ်းဈေးကွက်မှ သိရသည်။

"တချို့ဒေသကြီးတွေမှာ ရေကြီးရေလျှံမှုတွေဖြစ်လို့ လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် ကားတန်ဆာခတွေတက်ပြီး ခရမ်းချဉ်သီးဈေးလည်း တက်သွားတာပါ"ဟု ကုန်စိမ်းရောင်းသူတစ်ဦးကပြောသည်။ ဒေသထွက်ခရမ်းချဉ်သီးများမှာ ယခုရာသီဥတုတွင် မပေါ်သေးကြောင်း၊ လာမည့်နိုဝင်ဘာတွင်မှ စတင်ထွက်ရှိမည်ဟုခန့်မှန်းထားကြောင်း၊ ယခုအချိန်တွင် အင်းခရမ်းချဉ်သီးများသာ ဈေးကွက်အတွင်း အဓိကဝင်ရောက်လျက်ရှိကြောင်း ၎င်းကဆက်လက်ပြောသည်။ အင်းခရမ်းချဉ်သီးများကို ရှမ်းပြည်နယ်အင်းလေးဒေသမှ အဓိကတင်ပို့လျက်ရှိကြောင်း သိရသည်။

## ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် မောင်တောနှင့်ဘင်္ဂလားဒေ့ရှ် နယ်စပ်ဂိတ် ပုံမှန်အတိုင်းဖွင့်လှစ်မည်

မောင်ကံ

မောင်တော၊ အောက်တိုဘာ-၂၆

ပါတီစုံအထွေထွေရွေးကောက်ပွဲကျင်းပမည့် နိုဝင်ဘာ ၇ ရက်တွင် မောင်တောနယ်စပ်နှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်သွားလာမှုမှာ ပုံမှန်အတိုင်းဖြစ်နေမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"နယ်စပ်ကုန်သွယ်မှုလုပ်ငန်းတွေ၊ နေ့ချင်းပြန် တစ်နိုင်တစ်ပိုင်ကူးသန်းသွားလာမှုတွေ၊ ခုနစ် ရက်ဗီဇာတွေနဲ့နယ်စပ်ဖြတ်ကျော်သွားလာမှုတွေကို ပုံမှန်အတိုင်းခွင့်ပြုထားမယ်လို့သိရပါတယ်"ဟု မောင်တောနယ်စပ်ကုန်သွယ်မှုလုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။ မောင်တောနယ်စပ်ကုန်သွယ်မှုလုပ်ငန်းမှာ ပြီးခဲ့သည့် ဇွန်၊ ဇူလိုင်၊ ဩဂုတ်နှင့် စက်တင်ဘာလများထက်ပိုမိုကောင်းမွန်လာပြီး တစ်နိုင်တစ်ပိုင်ကုန်သွယ်မှုများမှာ နည်းပါးနေကြောင်း သိရှိရသည်။ ခုနစ်ရက်ဗီဇာဖြင့် သွားလာနေသူများမှာမူ ပွင့်လင်းရာသီကျရောက်လာခြင်းကြောင့် ကူးသန်းသွားလာသူဦးရေ ယခင်ထက်များပြားလျက်ရှိကြောင်း သိရှိရသည်။

## မြန်အောင်မြို့ကမ်းနားတွင် တရုတ်အင်ဂျင်စက်များဖြင့် ရေတင်လာကြ

မြန်အောင်စိုးမြင့်

မြန်အောင်၊အောက်တိုဘာ - ၂၆

ဧရာဝတီမြစ်ရေကို အားထားရသည့် မြန်အောင်မြို့ ကမ်းနားတန်းနေသူများမှာ တရုတ်နိုင်ငံထုတ် မြင်းကောင်ရေ ၁၂ ကောင်အားရှိ ဒီဇယ်အင်ဂျင်စက်များဖြင့် မြစ်ရေကိုစုပ်တင်အသုံးပြုလာကြကြောင်းသိရသည်။ တရုတ်အင်ဂျင်စက်မှာ ငွေကျပ်သုံးသိန်းခွဲကျော်ပေါက်ဈေးရှိပြီး မြစ်ရေကို အချိန်ကုန်ပင်ပန်းမှု သက်သာစွာရယူနိုင်သည်သာမကမြစ်ရေသွယ်တန်းပို့ဆောင်ပေးသည့်ဝန်ဆောင်မှုအတွက် တစ်ဖက်တစ်လမ်းက ဝင်ငွေရှာနိုင်သည့်အပြင်လျှပ်စစ်မီးကိုပါ ထုတ်ယူသုံးစွဲနိုင်၍ အသုံးဝင်လျက်ရှိသည်ဟုသိရသည်။ ၎င်းအပြင် ကျပ်နှစ်သိန်းခွဲတန်ဖိုးရှိ အလတ်စားအင်ဂျင်စက်များကိုလည်း အသုံးပြုသူများပြားသည်ဟုဆိုသည်။

မြန်အောင်မြို့ကမ်းနားတန်းတွင် ဒေသအခေါ် ဝ-၅၆ (Wa-56)ဒီဇယ်အင်ဂျင်စက်ငယ်များကို ငွေကျပ်တစ်သိန်းခွဲနှုန်းဖြင့်ဝယ်ယူကာ ၁၅ တောင်ရှည်လှေများတွင် တပ်ဆင်ပြီး ဧရာဝတီမြစ်ပြင်ပေါ်တွင် ကူးလူးသွားလာနေကြသကဲ့သို့ ကျပ်ရှစ်သောင်းတန် Two Storkes ဓာတ်ဆီသုံးမြက်ဖြတ်အင်ဂျင်စက်များအား ပန်ကာတပ်ကာ လှေပေါ်တင်မောင်းနှင်ပြေးဆွဲမှုများလည်း ပြုလုပ်လာကြကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.9, No.33 · NOVEMBER 4, 2010

# နေပြည်တော်တွင်နိုင်ငံခြားပန်းမျိုး စိုက်ပျိုးမှုတိုးလာ

ညီညီဝင်း

**နေပြည်တော်၊ အောက်တိုဘာ-၂၆**


နေပြည်တော်ပန်းဈေးကွက်အတွင်း ရောင်းချမည့်ပန်းများကို သယ်ဆောင်လာစဉ်။
ဓာတ်ပုံ- ဂျေမောင်မောင်(အမရပူရ)

အစိုးရအုပ်ချုပ်ရေး ယန္တရားများ အခြေစိုက်လာပြီးနောက် နိုင်ငံတော်အခမ်းအနားများ ပုံမှန်ကျင်းပလာသော နေပြည်တော်တွင် နိုင်ငံခြားပန်းမျိုးများကိုလည်း စိုက်ပျိုးသူတိုးတက်များပြားလာကြောင်း နေပြည်တော်ပရဆေးဥယျာဉ်အတွင်းရှိ ပန်းစိုက်ပျိုးသူတစ်ဦးက ပြောသည်။

"နိုင်ငံခြား ပန်းမျိုးတွေက ပေါက်နှုန်းကောင်းပြီး ရာသီဥတုဒဏ်လည်းခံတယ်။ ပိုးမွှားဒဏ်ခံပြီး အပင်သက်တမ်းကြာရှည်ခံတယ်။ တိကျတဲ့အချိန်မှာပန်းပွင့်တယ်။ ၁၀၀ ရာခိုင်နှုန်းမှာ ၉၀ ရာခိုင်နှုန်း ပေါက်အားရှိတယ်။ ဒါကြောင့် စိုက်ပျိုးရတာ အရမ်းအဆင်ပြေတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

နိုင်ငံခြား ပန်းမျိုးများတွင် အမေရိကန်ချစ်တီးပန်း၊ ပြင်သစ်ချစ်တီးပန်း၊ ကညွတ်ပန်း၊ နှဲလေးပန်း၊ ဇော်မွှေး (သို့) ဘိသိက်ပန်း၊ ကြက်မြောက်ပန်း၊ သရက်ထည်ပန်း၊ ဂေါ်ဖီထုပ်ပန်း၊ ပင်စိမ်းနီပန်းများအပြင် အခြားသောနိုင်ငံခြားပန်းမျိုးများကိုလည်း အဓိကမှာယူစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ နိုင်ငံတော် အထိမ်းအမှတ်အခမ်းအနားများတွင် နိုင်ငံခြားပန်းများကိုသာ မှာယူအသုံးပြုသောကြောင့် ဈေးကွက်အတွင်း အဆိုပါပန်းများ စိုက်ပျိုးသူများ ပြားလာကြောင်းသိရသည်။

နေပြည်တော် ပျဉ်းမနားမြို့မှ ပန်းအလှဆင်လုပ်ငန်းများကို တာဝန်ယူလုပ်ကိုင်လျက်ရှိသော လုပ်ငန်းရှင်တစ်ဦးကမူ"ကျွန်တော်တို့ အဓိကမှာယူနေရတာကတော့ ပြင်ဦးလွင်နဲ့မူဆယ်ကပါ။ မူဆယ်ကတော့ တရုတ်ပန်းတွေပေါ့။ ဒီနေပြည်တော်မှာလည်း အဲဒီလိုများများစားစားစိုက်တဲ့လူရှိရင် နောက်ပိုင်း အဆင်ပြေသွားမှာပေါ့"ဟုပြောသည်။

## နေပြည်တော်ကျောက်မျက်ရတနာပြပွဲတွင် မန္တလေးကျောက်မျက်အသင်း ပါဝင်ပြသမည်

ဖြိုး

**မန္တလေး၊ အောက်တိုဘာ- ၂၆**

နိုဝင်ဘာ ၁၇ ရက်မှစတင်၍ နှစ်ပတ်ကြာကျင်းပမည့် နေပြည်တော် ကျောက်မျက်ရတနာပြပွဲတွင် မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်း မန္တလေးအသင်းခွဲမှ ပြခန်းနှစ်ခန်းယူရန် အစီအစဉ်ရှိကြောင်း မန္တလေးတိုင်း ကျောက်မျက်ရတနာလုပ်ငန်းရှင်များ ဆပ်ကော်မတီဥက္ကဋ္ဌဒေါ်ခင်လေးမြင့်က ပြောကြားသည်။

အဆိုပါပြခန်းနှစ်ခန်းအနက် တစ်ခန်းမှာ မန္တလေးကျောက်မျက် ရတနာအရောင်းပြခန်း(Mandalay Gems Center)မှ ကျောက်မျက်နှင့်ပတ်သက်သော လက်ဝတ်ရတနာများအား အဓိကထားပြသမည်ဖြစ်ပြီး တစ်ခန်းမှာ ကျောက်စိမ်းအသားအချောအထည်ပိုင်းများကို ပြသရောင်းချရန်လျာထားကြောင်း အဆိုပါပုဂ္ဂိုလ်က ဆိုသည်။

"ဒီအချိန်က အရောင်းအဝယ်အေးတဲ့အချိန်လည်းဖြစ်တယ်။ ကျောက်မျက်ရတနာဟာ လူသုံးကုန်ပစ္စည်းတွေထဲက နောက်ဆုံးလည်းဖြစ်၊ ဇိမ်ခံပစ္စည်းလည်းဖြစ်နေတဲ့အတွက် မဖြစ်မနေလိုအပ်တဲ့သူတွေက ခုချိန်မှာ ဝယ်ယူကြတာဖြစ်ပေမယ့်လည်း စင်တာမှာတော့ပုံမှန်လေးအတိုင်း အရောင်းအဝယ်ဖြစ်နေပါတယ်" ဟု စင်တာအတွင်းရှိ ကျောက်မျက်ရတနာဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။






# မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ဟင်းသီးဟင်းရွက်နှင့်သီးနှံစိုက်ခင်းအချို့ပျက်စီးခဲ့ရ

မျိုးမင်းဦး

**မုံရွာ၊ အောက်တိုဘာ - ၂၇**



မုံရွာမြို့နယ်တွင် အောက်တိုဘာလကုန်ရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ဟင်းသီးဟင်းရွက်နှင့် သီးနှံစိုက်ခင်းအချို့၌ မိုးရေဝင်ရောက်ခဲ့သဖြင့် ပျက်စီးဆုံးရှုံးမှုကြုံတွေ့ခဲ့ရကြောင်း သိရှိရသည်။

"မိုးက သည်းသည်းရွာတော့ ဟင်းသီးဟင်းရွက်စိုက်ခင်းတွေနဲ့ သီးနှံစိုက်ခင်း ချောင်းရေတွေ မိုးရေတွေဝင်ပြီးအပင်တွေ သေကုန်တာတွေရှိတယ်။ အများစုက ကွမ်း ခြံတွေ၊ နှမ်းခင်းတွေ၊ မုန်လာခင်းတွေ ရေဝင်လို့ ပျက်တာတော့ရှိတယ်။ စိုက်ခင်းပိုင်ရှင်တွေကရေမဝင်အောင်ကာဆီးပေမယ့် မိုးရေကများလို့ ဘယ်လိုမှကာလို့ ဆီးလို့မလွယ်ဘူး။ လာမယ့်ဆောင်းမှာ ဟင်းသီးဟင်းရွက်တွေမရှားအောင်ပြန်စိုက်ဖို့ပြင်ဆင်နေကြပြီ" ဟု မုံရွာမြို့နယ်အတွင်း ဟင်းသီးဟင်းရွက် အများဆုံးစိုက်ပျိုးရာ ထနောင်းတောကျေးရွာဒေသခံ တောင်သူတစ်ဦးက ပြောကြားသည်။

"ကျောက္ကာချောင်းရေက ရွာထဲကဖြတ်စီးဆင်းလို့ စိုက်ခင်းအချို့လည်း ရေဝင်ကုန်တယ်။ ဟင်းသီးဟင်းရွက်စိုက်ခင်းတွေထဲမှာ ကြက်သွန်ခင်းတွေ၊ ခရမ်းချဉ်ခင်းတွေ၊ ခရမ်းခင်းတွေ ရေဝင်လို့ ပျက်တာတော့ရှိတယ်။ ချောင်းရေကျချိန်မှာတော့ စိုက်ခင်းတွေပြန်စိုက်ကြ၊ ပြန်ပြင်ကြနဲ့ တောင်သူတွေ အလုပ်ရှုပ်နေကြတယ်"ဟု မုံ ရွာမြို့နယ် အောင်သာကျေးရွာဒေသခံတစ်ဦးကပြောသည်။

မြေနိမ့်ဒေသများတွင် မိုးရေဝင်ရောက်ခြင်းကြောင့် ဟင်းသီးဟင်းရွက်များ၊ ဥယျာဉ်ခြံစိုက်ပျိုးရေးလုပ်ငန်းများ ရေဝင်ပျက်စီးခဲ့ရသည့်နောက်ပိုင်း မုံရွာမြို့ အရှေ့ဘက်ကုန်းမြင့်ဒေသများတွင် မြေဥ၊ ကြက်သွန် ငှားစိုက်ပျိုးသူပိုများလာကြောင်း မုံရွာမြို့နယ် ကျောက္ကာတောင်ခြေရှိ ညောင်ပင်ကျေးရွာဒေသခံတစ်ဦးကပြောသည်။

# တစ်ဖက်နိုင်ငံ တင်ပို့မည့်ကုန်းလိပ်နှင့် ဆင်သားရေခြောက်များ ဖမ်းဆီးရမိ

စိုင်းသာအောင်

**မန္တလေး၊အောက်တိုဘာ-၂၇**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် ရွှေကျင်ပူးပေါင်းဂိတ်တွင် စက်တင်ဘာ ပထမပတ်အတွင်းက မန္တလေး-ဗန်းမော်သွားမည့်ယာဉ်ပေါ်မှတရားမဝင်တောရိုင်းတိရစ္ဆာန်ပစ္စည်းများ ဖမ်းဆီးရမိခဲ့ကြောင်း ပုသိမ်ကြီးမြို့ သစ်တောဦးစီးဌာနမှ တောအုပ်ကြီးဦးသိန်းကြိုင်ကပြောကြားသည်။

စက်တင်ဘာ ၃ ရက် ညနေ ၄ နာရီခန့်က မန္တလေး-မိုးကုတ်လမ်း၊ ရွှေကျင်ပူးပေါင်းဂိတ်တွင် မန္တလေး-ဗန်းမော်သွားမည့် ဖူဆိုယာဉ်တစ်စီးအားတာဝန်ရှိသူများက ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင်ကုန်းလိပ်များထည့်ထားသည့် ပီနံအိတ် ၂၈ အိတ်အတွင်းမှ ကုန်းလိပ်စုစုပေါင်း ၁၃၄၇ ကောင်၊ ဆင်သားရေခြောက် ၁၂၄ ပိဿာတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ယာဉ်မောင်း မောင် ××× (၃၆ နှစ်)၊ ယာဉ်နောက်လိုက် မောင် ××× (၂၄နှစ်)တို့နှစ်ဦးအား ပုသိမ်ကြီးမြို့နယ် သစ်တောဦးစီးဌာနမှ တရားလိုပြုလုပ်တိုင်တန်းမှုကြောင့် ပုသိမ်ကြီးရဲစခန်းမှ (ပ)၁၇၂/၂၀၁၀ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၆ (က)/၃၇(က) တို့အရ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။ တရုတ်နိုင်ငံဘက်သို့ လိပ်၊ လိပ်ကြက်တူရွေး၊ မြွေမျိုးစုံနှင့်အခြားတိရစ္ဆာန်များကို ယခင်ကမန္တလေး-ပြင်ဦးလွင်-မူဆယ်လမ်းမှအသုံးပြုသယ်ဆောင်ကြသော်လည်း ယင်းလမ်းသည် စစ်ဆေးမှုများပြားသဖြင့် ဗန်းမော်လမ်းမှ မော်တော်ယာဉ်ဖြင့်သယ်ဆောင်လာစဉ် ယခုကဲ့သို့ ဖမ်းဆီးမိခြင်းဖြစ်ကြောင်းသိရသည်။

# မနလေး-ပုဂံအမြန်ရထား လမ်းချော်မှုဖြစ်

ဌေးဌေးမောင်

**နွားထိုးကြီး၊အောက်တိုဘာ - ၂၆**

မန္တလေးမှ ပုဂံသို့လာသော ရထားစက်ခေါင်းအမှတ် DD ၁၂၀၂-၁၂၀၅၀ စုန်ခရီးသည်နှစ်ရာကျော်တွဲကိုးတွဲဖြင့် တင်ဆောင်လာသည့် ပုဂံအမြန်ရထားသည် နံနက်၂နာရီ မိနစ် ၅၀ ခန့်တွင် နွားထိုးကြီးမြို့နယ်ရွာကြီးကျေးရွာအနီး ရထားမိုင်တိုင် ၃၈၅/၃-၄ ကြား၌ လမ်းချော်ကျမှုဖြစ်ပွားခဲ့ကြောင်း စုံစမ်းသိရှိရသည်။

ရထားလမ်းချော်၍ အထက်တန်းတွဲနှစ်တွဲ လမ်းချော်သွားပြီး ခရီးသည်ထိခိုက်မှုမရှိဟု နွားထိုးကြီးရုံပိုင်က ပြောကြားသည်။ အခင်းဖြစ်ရာသို့ ရထားတွဲများပြင်ဆင်ရန် မြန်မာ့မီးရထားတိုင်း(၃)ခရီးသည်နှစ်ရာကျော်တွဲကိုးတွဲဖြင့် တင်ဆောင်လာသည့် တိုင်း(၁၁) မြင်းခြံတို့သွားရောက်ကြကြောင်း သိရသည်။

ယခုလအတွင်း ပုဂံအမြန်ရထားနှစ်ကြိမ်နှင့် လော်ကယ်ရထားတစ်ကြိမ် စုစုပေါင်းသုံးကြိမ် မိုးရာသီလမ်းချော်ကျမှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

# မနောသုခမွှေးနှင့် ဆားငန်ရေဒဏ်ခံစပါးမျိုးများ မော်လီကျူလာနည်းဖြင့်စိုက်ပျိုးမွေးမြူ

ထူးသန့်

**နေပြည်တော်၊ အောက်တိုဘာ-၂၇**

အမွှေးရနံ့ပါသော မနောသုခစပါးမျိုးနှင့်ဆားငန်ရေဝင်ရောက်မှုဒဏ်ကို ခံနိုင်ရည်ရှိသော ဆင်းသွယ်လတ်စပါးမျိုးများကို ထိုင်းနိုင်ငံနှင့် ပူးပေါင်း၍ မော်လီကျူလာနည်းဖြင့်စိုက်ပျိုးမွေးမြူလျက်ရှိကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သိရှိရသည်။

ထိုင်းနိုင်ငံ အပင်ဇီဝနည်းပညာနှင့် မျိုးရိုးဗီဇဆိုင်ရာ အမျိုးသားဌာန (National Centre for Genetic Engineering and Biotechnology (BIOTECH)) နှင့် ပူးပေါင်း၍ မျိုးသစ်မွေးမြူဖော်ထုတ်လျက်ရှိသော အဆိုပါစပါးမျိုးများကို ၂၀၁၀-၂၀၁၁ ခုနှစ် မိုးစပါးရာသီတွင် စမ်းသပ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ထို့အပြင်မနောသုခမွှေးစပါးမျိုးများကို နေပြည်တော် ရေဆင်းနှင့် ပဲခူးတိုင်း လက်ပံတန်းမြို့နယ်များတွင်လည်းကောင်း၊ ဆားငန်ဒဏ်ခံ ဆင်းသွယ်လတ်စပါးမျိုးကို ရန်ကုန်နှင့် ဘိုကလေးမြို့နယ်များတွင်လည်းကောင်း စမ်းသပ်စိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ စမ်းသပ်စိုက်ခင်းများကို ကြည့်ရှုလေ့လာရန် အတွက် ထိုင်းနိုင်ငံမှ ပညာရှင်ငါးဦးလာရောက်မည်ဖြစ်ကာ ယခုလနောက်ဆုံးရက်များအတွင်း ကွင်းဆင်း လေ့လာမည်ဖြစ်ကြောင်းလည်း ထပ်မံသိရှိရသည်။

စပါးမျိုးပေါင်း ၈၈ မျိုးရှိသောမြန်မာနိုင်ငံတွင် အချို့သောအရည်အသွေးမြင့်မျိုးများမှာ အားသာချက်များရှိသော်လည်း ကုန်သည်က ဈေးနှိမ်သဖြင့် လယ်သမားများ စိတ်ဝင်စားမှုနည်းသွားခဲ့ကြောင်း၊ မနောသုခမျိုးသာလျှင် တစ်နိုင်ငံလုံး စပါးစိုက်ပျိုးမှု၏ ၂၀ ရာခိုင်နှုန်းခန့်ရှိနေပြီး ဒေသအများအပြားတွင်လည်း စိုက်ပျိုးဖြစ်ထွန်းကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စပါးသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာတင်ထွဋ်၏ပြောကြားချက်အရ သိရှိရသည်။

နေပြည်တော် ရေဆင်းရှိ မျိုးစေ့ဘဏ်တွင် နှစ်တိုး နှစ်လတ်အအေးခန်းများ၌ စပါးရိုင်းအပါအဝင် သီးနှံမျိုးအုပ်စုပေါင်း ၇ ခုအတွက် ဗီဇကွဲပေါင်း ၁၀၁၇၀ ကိုလည်း သိုလှောင်ထိန်းသိမ်းထားကြောင်း သိရသည်။

# မုန်တိုင်းသင့်ဒေသများသို့ စစ်တွေမြို့ နာရေးကူညီမှုအသင်းက အလှူငွေ ကျပ်သိန်း ၁၈၀လှူဒါန်း

မောင်သန်းဝင်း

**စစ်တွေ၊ အောက်တိုဘာ-၂၇**

ရခိုင်ပြည်နယ်အတွင်း အောက်တိုဘာ ၂၂ရက်က ဝင်ရောက်တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းဂီရီကြောင့် ပျက်စီးသွားခဲ့သည့် မြို့နယ်ဒေသများသို့ စစ်တွေမြို့နာရေးကူညီမှုအသင်းက အလှူငွေကျပ်သိန်း ၁၈၀ နှင့် အဝတ်အထည် တစ်ထောင်ကျော်လှူဒါန်းခဲ့ကြောင်း အဆိုပါအသင်းမှတာဝန်ရှိသူတစ်ဦးကပြောသည်။

ဆိုင်ကလုန်းမုန်တိုင်းဂီရီဝင်ရောက်တိုက်ခတ်မှုကြောင့် မြေပုံ၊ ပေါက်တော၊ ကျောက်ဖြူမြို့နယ်များ၌ မုန်တိုင်းဒဏ်ကို အဆိုးဝါးဆုံးခံစားခဲ့ရပြီး မုန်တိုင်းသင့်ဒေသခံများ ပြန်လည်နေရာချထားရေး၊ စားနပ်ရိက္ခာဖူလုံရေးလုပ်ငန်းများအတွက် အဆိုပါအသင်းက အဓိကရည်ရွယ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ဆိုင်ကလုန်းမုန်တိုင်းဂီရီမှာ ဆယ်နှစ်တာကာလအတွင်း ရခိုင်ပြည်နယ်၌အပြင်းထန်ဆုံးနှင့်ပျက်စီးဆုံးရှုံးမှုအများဆုံးဖြစ်ပေါ်ခဲ့ပြီး အဆိုပါမြို့နယ်သုံးမြို့နယ်၌ အိမ်ထောင်စုငါးရာကျော်အထိ အိုးမဲ့အိမ်မဲ့ဖြစ်သွားကြောင်းသိရသည်။

"ကျွန်တော်တို့ရွာမှာက အိမ်ခြေငါးထောင်လောက်ပဲအကောင်းကျန်တာ အကုန်တစ်ဝက်တစ်ပျက်ယိုင်လဲတာရယ်အိမ်လုံးပြတ် ပြိုပျက်စီးမှုတွေများပြီး တချို့အိမ်တွေဆို ခြေရင်းပြုတ်လွင့်ပါတာလည်းရှိတယ်။ အခုတော့ အဖွဲ့အစည်းအသီးသီးက အရေးပေါ်အကူအညီ၊ စားနပ်ရိက္ခာပစ္စည်းတွေလက်ခံရရှိနေပါပြီ" ဟု မြေပုံမြို့နယ် ငါးပသုန်ကျေးရွာမှ ရွာသားတစ်ဦးကပြောသည်။ မုန်တိုင်းသင့်ဒေသခံအများစုမှာ မုန်တိုင်းတိုက်နေစဉ် နောက်ထပ်အင်အားပြင်းထန်လာမည်ဟုမထင်ကြောင်းနှင့် ယင်းကဲ့သို့ထင်မှတ်နေစဉ်အတွင်း မုန်တိုင်းမှာတဖြည်းဖြည်းပြင်းထန်လာမှုကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်သွားရခြင်းဖြစ်ကြောင်း သိရသည်။

# မိုးဦး ဖရဲစိုက်တောင်သူများ ဈေးကောင်းရခဲ့သောကြောင့် ဆောင်းဖရဲ ဈေးကောင်းရနိုင်ဟုဆို

မျိုးမင်းဦး

**မုံရွာ၊ အောက်တိုဘာ - ၂၇**

မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ငါးယုန်ကျေးရွာသည် ဖရဲစိုက်ပျိုးမှုအများဆုံးဖြစ်ပြီး ယခင်နှစ်က ဖရဲစိုက်ပျိုးမှုကြောင့် အရှုံးနှင့်ရင်ဆိုင်ခဲ့ရသော်လည်း ယခုနှစ်မိုးဦးကာလစိုက်ဖရဲခင်းများ ဈေးကောင်းရရှိခဲ့ကြောင်းဒေသခံတောင်သူများကပြောသည်။ "မိုးဦးဖရဲစိုက်သူကနည်းတယ်။ ဆယ်ဧကလောက်ပဲရှိတာ။ ဖရဲသီးတစ်လုံး ကျပ်တစ်ထောင်ဝန်းကျင်နဲ့ ရောင်းခဲ့ရလို့ ဖရဲတစ်ဧကစိုက်တဲ့ အကွက်တစ်ကွက်က ကျပ်သိန်းလေးဆယ်နီးပါး ဈေးကောင်းရခဲ့တယ်။ မနှစ်က ဖရဲသီးတစ်လုံးနှစ်ရာ၊ သုံးရာဝန်းကျင်ပဲရှိတာဆိုပေမယ့် တချို့စိုက်ခင်းတွေက ပိုးကျလို့တစ်ခင်းလုံးပျက်ကုန်တာရှိတယ်" ဟု ငါးယုန်ကျေးရွာဖရဲစိုက်တောင်သူတစ်ဦးက ပြောသည်။

"ဆောင်းဖရဲတွေ စစိုက်ပေမယ့် အရင်နှစ်တွေကထက် သုံးပုံတစ်ပုံလောက်လျော့သွားတယ်။ စိုက်တာနည်းတော့ ဒီနှစ်ဈေးကောင်းနိုင်တယ်။ အရင်နှစ်တွေကဆောင်းဖရဲတွေက ပြည်တွင်း ဈေးကွက်ထက်ပြည်ပဈေးကွက် ကိုမျှော်စိုက်ကြတာများတယ်။ ဒီနှစ်မိုးဦးဖရဲစိုက်ခင်းတွေက ပြည်တွင်းဈေးကွက်မှာဝယ်လိုအားများပြီး ဈေးကောင်းရခဲ့တာ ဖရဲစိုက်ဧကနည်းလို့ဖြစ်မယ်"ဟု ငါးယုန်ကျေးရွာမှ ဖရဲရောင်းဝယ်သူတစ်ဦးကပြောသည်။ ဖရဲအဓိကစိုက်ပျိုးရာ ငါးယုန်ကျေးရွာတွင် ယခင်နှစ်ဆောင်းဖရဲရာသီတွင် စိုက်ဧကတစ်ထောင်ကျော်ရှိပြီး ယခုနှစ်ဆောင်းဖရဲ စိုက်ရာသီတွင်စိုက်ဧကလေးရာခန့် စိုက်ပျိုးကြောင်း သိရသည်။ အလားတူ ဘုတလင်မြို့နယ်အတွင်း ယခင်နှစ်က ဖရဲစိုက်ပျိုးသော စိုက်ခင်းအများစုသည် ပြီးခဲ့သည့်နှစ် ဖရဲရာသီတွင် အရှုံးနှင့်ရင်ဆိုင်ခဲ့ရသဖြင့် ဖရဲအစားသခွား မွှေးများပြောင်းလဲစိုက်ပျိုးလာကြကြောင်း သိရှိရသည်။

7 DAY NEWS JOURNAL
Vol.9, No.33 · NOVEMBER 4, 2010

# အုတ်ဖိုများ ရေဝင်၍ အုတ်ဈေးတက်

ညီညီဇော်

**မန္တလေး၊ အောက်တိုဘာ-၂၉**

မန္တလေးမြို့တွင် အုတ်ဈေးများမြင့်တက်သွားကြောင်း သတင်းရရှိသည်။ ဈေးမြင့်တက်သွားရခြင်း အကြောင်းရင်းမှာ မတ္တရာမြို့နယ်အတွင်းရှိ ချောင်းမကြီးရေလျှံကာ အုတ်ဖုတ်ကျေးရွာများအတွင်းသို့ ရေဝင်ရောက်ပြီး အုတ်စိမ်းများစွာ ပျက်စီးသွားရခြင်းကြောင့်ဖြစ်သည်ဟု မတ္တရာမြို့နယ်မှအုတ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"မတ္တရာမှာ အုတ်ဖုတ်တဲ့ဖို ၄၄ ဖိုရှိပါတယ်။ ပျက်စီးသွားတဲ့ဖိုက ၃၅ ဖိုပါ။ အုတ်ဖိုတွေ တော်တော်ပျက်သွားတော့ လုပ်ငန်းတွေ ပြန်စဖို့ မလွယ်သေးဘူး" ဟု ၎င်းဒေသရှိ အုတ်လုပ်ငန်းရှင်တစ်ဦးကပြောသည်။ ၎င်းအဖြစ်အပျက် မတိုင်မီက အုတ်ဈေးနှုန်းမှာ ၆၇ ကျပ်ဝန်းကျင်ဖြစ်၍ ယခုလက်ရှိအုတ်ဈေးမှာ ၇၈ ကျပ်ဝန်းကျင်ခန့်ဖြစ်ကာ ဝယ်ယူသည့် အနည်းအများပေါ်မူတည်ပြီး ဈေးနှုန်းကွာခြားမှုရှိကြောင်း မန္တလေးမြို့မှ အုတ်ရောင်းဝယ်ရေး လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"ဈေးတက်သွားပေမယ့် အရောင်းအဝယ်ကတော့ ပုံမှန်ပါပဲ။ ကျသွားတာမျိုး မရှိပါဘူး။ဒီလို အုတ်ဖိုတွေပျက်သွားတော့ အုတ်ဈေးကတော့ ကျဖို့မလွယ်သေးဘူး။ ဆက်တက်ဖို့ပဲရှိမယ်" ဟု ၎င်းလုပ်ငန်းရှင်က ပြောသည်။

မန္တလေးမြို့တွင် နံကပ်တိုက်ဆောက်လုပ်နေသော အမျိုးသားတစ်ဦးကလည်း "ကျွန်တော်တို့ စဆောက်မယ်ဆိုတဲ့အချိန် ဇူလိုင်လဆန်းတုန်းက အုတ်ဈေးက ၄၂ ကျပ်ပဲရှိတယ်။ နှစ်ပတ်လောက်ကြာမှ ဝယ်ဖြစ်တော့ ၅၂ ကျပ်နဲ့ ဝယ်လိုက်ရတယ်။ အဲဒီတုန်းက အုတ်ကို လုံလောက်အောင် မဝယ်ထားလိုက်တော့ ဒီတစ်ခါ ဝယ်ရင်တော့ တက်ဈေးနဲ့ပဲ ဝယ်ရတော့မှာပဲ" ဟု ပြောသည်။

မန္တလေးမြို့တွင် ဆောက်လုပ်ရေးလုပ်ငန်း လုပ်ကိုင်နေသော လုပ်ငန်းရှင်တစ်ဦးက အုတ်ဈေးမြင့်တက်မှုကြောင့် လုပ်ငန်းများ ထိန်းလုပ်နေရပြီး နေ့စားလုပ်သားများဖြစ်သည့် ပန်းရံလုပ်သားများကိုလည်း အရေအတွက် လျှော့သုံးနေကြောင်း ကန်ထရိုက်ယူလုပ်ကိုင်နေရသော လုပ်ငန်းများကိုလည်း သတ်မှတ်ချိန်အတွင်းပြီးစီးအောင် လုပ်ကိုင်ရသောကြောင့် အခက်အခဲဖြစ်နေကြောင်း ပြောသည်။

မန္တလေးမြို့ရှိ အုတ်ဈေးကွက်အတွင်းသို့ မတ္တရာမြို့နယ်မှ အုတ်များ အဓိကဝင်ရောက်ပြီး အမရပူရနှင့် ကျောက်ဆည်မြို့နယ်များမှလည်း အနည်းငယ်ဝင်ရောက်ကြောင်းမန္တလေးမြို့ အုတ်ဈေးကွက်အတွင်းမှ သိရသည်။



ဓာတ်ပုံ-အောင်အောင်

## စာ(၃၄)နည်းနည်းလေးပဲ စဉ်းစားပေးပါ မှ

သတင်းစာ၊ ဂျာနယ်တွေမှာ အားရပါးရတွေ့ရတယ်။ အလုပ် လျှောက်လွှာခေါ်တာလည်း တွေ့ရတယ်။ အလုပ်လျှောက်လွှာခေါ်တဲ့နေရာမှာ အသက်ကန့်သတ်ချက်ကိုလည်း မြင်ရတယ်။ အရည်အချင်း သတ်မှတ်ချက်ကလည်းလိုတာ အမှန်ပဲ။ လိုအပ်တာကိုပဲ ထည့်သွင်းခေါ်ကြရတာမျိုးကို နားလည်နိုင်ပါတယ်။

အဲဒီလိုခေါ်တဲ့နေရာမှာ လုံခြုံရေးဝန်ထမ်းဆိုတာတွေလည်း တွေ့တယ်။ လုံခြုံရေးဆိုတဲ့ထိန်းသိမ်းစောင့်ရှောက်ရတာနဲ့ ကာကွယ်စောင့်ရှောက်ရတာနှစ်မျိုးပဲရှိပါတယ်။ အင်နဲ့အားနဲ့ ဝန်ပိတဲ့ အလုပ်မျိုးမဟုတ်ပါဘူး။ (ဝန်ပိတယ်) ဆိုတဲ့ စကားကို မေးစရာ ရှိပါတယ်။ ကျွန်တော်ပြောလိုတာက ထမ်းပိုးရတဲ့အလုပ်မဟုတ်ဘူးလို့ပဲ ညွှန်းတာပါ။ ဘယ်အလုပ်ပဲဖြစ်ဖြစ်တကယ့်စေတနာကို အရင်းခံရင်ဝန်ပိပါတယ်။ လုံခြုံရေးဝန်ထမ်းနေရာမှာ အသက်ကန့်သတ်ချက်ကို မတွေ့ရမပါဘူး။ ဒါဟာ အလွန်ကောင်းတဲ့အချက်ပါပဲ။

လုံခြုံရေးကို တကယ်နားလည်ထားကြတဲ့ အသက်ကြီးတဲ့ လူကြီးအရွယ်တွေရှိပါတယ်။ လူငယ်တွေလည်းရှိတယ်။ လူငယ်လေးတွေအတွက်ပြောစရာမရှိပါ။ အရည်အချင်းကိုက်ညီရင် ချက်ချင်းထလျှောက်ရင်ရပါတယ်။အသက်ကြီးတဲ့သူတွေကတော့ အရည်အချင်းမီသော်လည်းစဉ်းစားကြပါတယ်။ ခေတ်ကိုအမြင်အဆင့်မီမီနဲ့လိုက်ပြီး ခေါင်းဆောင်ကြတဲ့ လူငယ်၊ မောင်မယ်တွေရဲ့ အတွေးထဲမှာလည်း ထည့်သွင်းစဉ်းစားကြမှာ သေချာပါတယ်။ လူငယ်တွေက အသက်ကြီးနေပြီဆိုတဲ့အချက်ကို တန်းတွေ့နိုင်တယ်။ အသက်ကြီးတဲ့လူက ဒီအလုပ်တော့ ငါတို့လုပ်နိုင်သေးတယ်ဆိုပြီး လျှောက်ထားတယ်။

လူကြီး (အသက်ကြီးတဲ့သူ)ဆိုတာမှာ လူအိုရုံရောက်နေတဲ့ အသက်ကြီးတွေက ဒီအလုပ်မျိုးကို မစဉ်စားကြတော့ပါဘူး။ စဉ်းစားမယ်ဆိုရင်တောင်လုပ်နိုင်တဲ့အားမရှိလို့ ပယ်ချထားမှာပါပဲ။ကျန်းမာရေးလည်းကောင်းတယ်။ အရည်အချင်းလည်းမီတယ်။ လုပ်နိုင်သေးတယ်ဆိုပြီး ခံယူချက်ရှိနေကြတဲ့ အသက် (၄၀) ကနေ (၆၀) ကျော်လူကြီးမျိုးတွေက ဒီအလုပ်လျှောက်လာကြပါ တယ်။

ဒီနေရာမှာတော့ လုပ်ချင်တာနဲ့လုပ်သင့်တာကို အချက်ကျကျဥပမာပေးထားတဲ့ ဆရာကြီးဦးအောင်သင်းရဲ့ မိန့်ဆိုချက်လေးကိုမူရင်းအတိုင်း လေးထည့်ရေးပေးပါရစေ။

Your Happiness Lies not  in , doing, what you likes, but in liking what you have to do.

အဓိပ္ပာယ်ကတော့ "ကိုယ်ကြိုက်တာလုပ်ခြင်းဟာ တကယ့်ပျော်ရွှင်မှုမရနိုင်ဘူး။ ကိုယ်လုပ်တာကို ကြိုက်လာမှ တကယ့်ပျော်ရွှင်မှုကို ရနိုင်ပါတယ်' ဆိုတဲ့စကားလေးပါ။ (ဆရာကြီးညွှန်ပေးခဲ့တဲ့ စကားလေးကို ယူသုံးမိပါတယ်။ ကျွန်တော်မတတ်ပါဘူး။ ခွင့်လွှတ်သည်းခံပေးပါခင်ဗျာ)

အသက်အရွယ်ကြီးရင့်လာတဲ့လူတွေမှာတော့ ကိုယ်ကြိုက်တာကို လုပ်ဖို့အခွင့်အရေး နည်းပါးသွားပါပြီ။

"ကိုယ်လုပ်နိုင်တာလေးကို လုပ်ပြီးရလာမယ့်၊ ကျေနပ်မှုလေးနဲ့အတူ သေကြရတဲ့လမ်းကို အရောက်သွားကြမှာပါ"

ခေတ်ရဲ့ဦးဆောင်လူငယ်၊ မောင်နဲ့မယ်တို့ရဲ့ စိတ်ထဲမှာ "သူတို့က အသက်ကြီးရင့်ကြပြီ" ဆိုတဲ့ အကြောင်းပြချက်တစ်ခုကို ပုံသေကားကျ ယူဆမထားဘဲ "သူတို့ဘာလုပ်နိုင်လဲ"၊ "သူတို့အရွယ်နဲ့ ဒီအလုပ်နဲ့ အဆင်ပြေနိုင်တယ်" ဆိုတာကို မေတ္တာစာနာစိတ်နဲ့ တစ်ဆိတ်စာ နည်းနည်းလေးပဲစဉ်းစားပေးနိုင်ပါစေလို့ မေတ္တာရပ်ခံလိုက်ပါတယ်။

# ပိဋကလက်ရာသာမဏေကျော်စာလျှောက်မေးခဏ်း စာဖြေဌာန ပြောင်းရွှေ့ကျင်းပမည်

မျိုးမင်းဦး

**မုံရွာ၊ အောက်တိုဘာ - ၂၇**

မုံရွာမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ပိဋကလက်ရာသာမဏေကျော်စာလျှောက်မေးခဏ်းစာမေးပွဲကို ယခင်နှစ်များက ဆုတောင်းပြည့်မြတ်စွာဘုရားကြီးရင်ပြင်တော်တွင် ကျင်းပခဲ့ရာမှ သတ္တမအကြိမ်မြောက်စာဖြေဌာနအဖြစ် မုံရွာမြို့၊ အလယ်ရပ်ကွက်၊ ရွှေကျင်ဝိနယဗိမာန်တော်ကြီးတွင်ကျင်းပသွားမည်ဖြစ်ကြောင်း ပိဋကလက်ရာရပရိယတ္တိအသင်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ဒီနှစ် ပိဋကလက်ရာသာ မဏေကျော်စာမေးပွဲနဲ့ ပိဋကလက်ရာရဓမ္မစာလျှောက်မေးခဏ်းကို မုံရွာမြို့၊ ရွှေကျင်ဝိနယ ဗိမာန်တော်ကြီးမှာ ပြောင်းရွှေ့ကျင်းပသွားမှာပါ။ ပိဋကလက်ရာသာမဏေကျော်နဲ့ ပိဋကလက်ရာ ရဓမ္မာစရိယစာလျှောက်မေးခဏ်းစာမေးပွဲကို နှစ်စဉ်ရဟန်း၊ သာမဏေအပါးတစ်ထောင်ခန့် အနယ်နယ်အရပ်ရပ်က လာရောက်ဖြေဆိုကြပါတယ်" ဟု ပိဋကလက်ရာရပရိ ယတ္တိအသင်း အမှုဆောင်ဦးတင်ဝင်းက ပြောကြားသည်။

# မုံရွာပြည်သူ့ဆေးရုံကြီး ဝန်ထမ်းလိုင်းခန်းများ မီးလောင်



ကိုသက်(မုံရွာ)

**မုံရွာ၊ အောက်တိုဘာ-၂၆**

မုံရွာမြို့ ဒေါနခြံရပ်ကွက်၌ရှိသော မုံရွာပြည်သူ့ဆေးရုံကြီးဝန်ထမ်းလိုင်းခန်းများ အောက်တိုဘာ ၂၄ ရက် နံနက် ၆ နာရီအချိန်ခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ဒေသခံများကပြောသည်။

ယင်းမီးလောင်မှုကြောင့် ဆေးစုံဝန်ထမ်းများနေထိုင်သည့် ရှစ်ခန်းတွဲလိုင်းခန်း အဆောက်အအုံတစ်လုံးနှင့် လူနေအိမ်သုံးလုံး ဆုံးရှုံးခဲ့သည်။ ၆ နာရီ ၄၅ မိနစ်အချိန်တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး မီးလောင်ကျွမ်းရသည့်အကြောင်းအရင်းအား စုံစမ်းဆဲဖြစ်ကြောင်း မုံရွာပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကျော်မြင့်ကပြောသည်။

"မီးဘေးသင့်ခဲ့တဲ့ ဝန်ထမ်းတွေက လက်ရှိမှာနီးစပ်ရာဝန်ထမ်းအိမ်တွေမှာနေကြတယ်။ တကယ်လို့ ဆေးရုံမှာနေချင်တယ်ဆိုရင်လည်း စီစဉ်ပေးမှာပါ။ ဆေးရုံဝန်ထမ်းတွေကလည်း မီးဘေးသင့်တဲ့သူတွေကို အဝတ်အစား၊ ဆန်နဲ့လိုအပ်တဲ့ပစ္စည်းတွေထောက်ပံ့ပေးခဲ့ပါတယ်" ဟု ဆေးရုံအုပ်ကြီးမှ ထပ်လောင်းပြောကြားသည်။

မီးမလောင်ခင်တစ်ရက်တွင် ဆိုင်ကလုန်းမုန်တိုင်းဂီရီ သက်ရောက်မှုကြောင့် မုံရွာမြို့၌ မိုးသည်းထန်စွာရွာသွန်းခဲ့၍ လူနေအိမ်များရှိ ကပ်ထရံများ စိုစွတ်နေသဖြင့် အချိန်တိုအတွင်း မီးငြိမ်းသတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း မုံရွာမြို့ခံအများစုက သုံးသပ်ကြသည်။

အစကောင်းကြိုက်သူများအတွက်

ဝန်ထမ်းများအလိုရှိသည်
(၁) Production Manager (Printing) - ကျား (၁) ဦး
(၂) Printing
(၃) Printing Staff (Printing
(၄) Store Keeper

သဇင်
Body Beauty အမျိုးသမီးများအတွက်

# Education

7DAY NEWS JOURNAL

Vol.9, No.33 · NOVEMBER 4, 2010

## အင်တာနက်ပြတ်တောက်နေမှုကြောင့် အွန်လိုင်းစာမေးပွဲအချို့ရက်ရွှေ့ဆိုင်း

**ရန်ကုန်၊ အောက်တိုဘာ – ၂၇**

အင်တာနက်ဆက်သွယ်မှုများ နှေး ကွေးပြတ်တောက်နေမှုများကြောင့် ပြည်တွင်း၌ ဖြေဆိုနေသည့် အွန်လိုင်းစာမေးပွဲအချို့ ရက်ရွှေ့ဆိုင်းရခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"၂၆ ရက်ဖြေမယ့် ACCA(CPE) စာမေးပွဲကို ၂၈ရက်နေ့ရွှေ့လိုက်ရတယ်။ ဒါပေမဲ့ သိပ်မသေချာဘူး။ အင်တာနက်ကောင်းတဲ့အချိန်မှ ဖြေလို့ရမယ်"ဟု ဗြိတိသျှကောင်စီ (မြန်မာ)၏ စာမေးပွဲဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ယင်းကဲ့သို့ အွန်လိုင်းစနစ်စာမေးပွဲတွင် Browser ပေါ်မှ တိုက်ရိုက်ဖြေဆိုရသည့်စနစ်နှင့် word page တွင် ဖြေဆိုရသော စနစ်တို့ရှိပြီး ဆော့ဖ်ဝဲဖြင့် ဖြေဆိုရသော စာမေးပွဲများမှာ ပုံမှန်အတိုင်း ဖြေဆိုနေကြောင်းသိရသည်။

"ကျွန်တော်တို့ဆီမှာတော့ ပုံမှန်ချိန်အတိုင်းဖြေလို့ရနေပါတယ်။ ဒါပေမဲ့ စင်တာကတော့ အလုပ်ပိုလုပ်ရတာပေါ့။ အင်တာနက်ကောင်းတဲ့ ညဘက်တွေမှာ အလုပ်လုပ်ရတယ်။ ကျောင်းသားတွေအနေနဲ့ ဖြေဆိုချိန်မှာ မတော်တဆ Error ဖြစ်ရတော့ ပြဿနာနည်းနည်းရှိတယ်။ ဒါပေမဲ့ အဲဒီလိုမျိုးတော့ အခုထိ မဖြစ်သေးပါဘူး" ဟု Myanmar Inspiration စာမေးပွဲဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

## စင်ကာပူရှိ ပုဂ္ဂလိကကျောင်း၅၀၀ခန့် အပိတ်ခံရနိုင်ကြောင်း သတင်းများထွက်နေ

သီဟ

**ရန်ကုန်၊အောက်တိုဘာ – ၃၀**

စင်ကာပူနိုင်ငံရှိ ပုဂ္ဂလိကကျောင်း တစ်ကျောင်းဖြစ်သည့် School of Applied Studies ကျောင်းအပိတ်ခံရပြီးနောက် ထပ်မံ၍ပုဂ္ဂလိကျောင်း ၅၀၀ ခန့်ပိတ်နိုင်ကြောင်း သတင်းများထွက်ရှိလာသည် ဟု သိရသည်။

အဆိုပါ သတင်းသည် ရုတ်တရက်ကြည့်ပါက စိုးရိမ်ဖွယ်သတင်းတစ်ရပ်ဖြစ်သော်လည်း မြန်မာနိုင်ငံမှကျောင်းသားများ အပါအဝင် နိုင်ငံတကာမှကျောင်းသားများအတွက် ပညာရေး အရည်အသွေးဆိုင်ရာများ ပိုမိုကောင်းလာခြင်းဟု အဓိပ္ပါယ်သက်ရောက်ကြောင်း ပြည်တွင်းရှိ ပညာရေးအေဂျင်စီတစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

စင်ကာပူနိုင်ငံရှိ Council for Private Education(CPE) သည် နိုင်ငံတကာကျောင်းသားများအား ပိုမိုအကာအကွယ်ပေးနိုင်မည့် Edu Trust စနစ်အား စတင်အကောင်အထည်ဖော်လျက်ရှိရာ နိုင်ငံတကာကျောင်းသားများ ပညာရေးဆိုင်ရာ လုံခြုံမှုများ ပိုမိုရရှိလာပြီဖြစ်ကြောင်း သိရသည်။

ပုဂ္ဂလိကကျောင်းများအနေဖြင့် Edu Trust လက်မှတ်ရရန် လျှောက်ထားခြင်းကို လာမည့် ၂၀၁၁ ဇွန်လအထိခွင့်ပြုထားရာ လက်ရှိတွင် အဆိုပါလက်မှတ်ရရှိခြင်းမရှိသေးသည့် ကျောင်းများလည်းရှိနေသေးသဖြင့် ကျောင်းသားများအနေဖြင့် ၂၀၁၁ ဇွန်လအထိစောင့်ကြည့်ရန်လိုအပ်ကြောင်း သိရသည်။

### ပညာရေး သတင်းတိုများ

## တကသိုလ်ဝင်တန်းစာမေးပွဲ ပြင်ဆင်မှု သင်တန်းဖွင့်

**ရန်ကုန်၊ အောက်တိုဘာ – ၃**

ရန်ကင်းမြို့နယ်ရှိ ပစ္စိမာရုံပညာဒါနသင်တန်းကျောင်းတွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲပြင်ဆင်မှုသင်တန်းစတင်ဖွင့်လှစ်လျက်ရှိကြောင်းသိရသည်။ သင်တန်းကာလမှာ လေးလဖြစ်ပြီး နေ့စဉ်နံနက် ၇နာရီမှ ၈နာရီခွဲထိတက်ရောက်ရမည်ဖြစ်သည်။ သင်တန်းကြေးမှာကျပ်သုံးထောင်ခန့်ဖြစ်ကြောင်းသိရသည်။

## ပညာရေးဝန်ဆောင်မှု ကုမဏီသစ်တစ်ခုဖွင့်

**ရန်ကုန်၊ အောက်တိုဘာ – ၃**

နိုင်ငံတကာတွင် သွားရောက်ပညာသင်ယူမည့် ကျောင်းသားများအတွက် ဝန်ဆောင်မှု ဆောင်ရွက်မည့် Skyword Singapore ပညာရေးဝန်ဆောင်မှု ကုမ္ပဏီသစ်တစ်ခု ဖွင့်လှစ်လိုက်ကြောင်း သိရသည်။ ၎င်းကုမ္ပဏီသည် စင်ကာပူ၊ မလေးရှားနှင့် ဩစတြေးလျနိုင်ငံတို့တွင် သွားရောက် ပညာသင်ယူနိုင်ရန် ဝန်ဆောင်မှုပေးမည်ဖြစ်ပြီး ဗဟန်းမြို့နယ် ရွှေဂုံတိုင်တာဝါ၊ တိုက်(အေ) အခန်း (၂၀၄)တွင်တည်ရှိသည်။

## ပညာရေးဟောပြောပွဲ ကျင်းပမည်

**ရန်ကုန်၊ အောက်တိုဘာ – ၃၀**

အမေရိကန်နိုင်ငံရှိ တက္ကသိုလ်များတွင် ပညာသင်ယူလိုသူများအတွက် ပညာရေးဟောပြောပွဲအား နိုဝင်ဘာ ၅ ရက်ညနေ ၅ နာရီမှ ၆နာရီခွဲအထိ ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ကျင်းပမည်စု Regent ပညာရေးကုမ္ပဏီမှ သိရသည်။

## အားကောင်းလာသောနိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ပေးသင်တန်းကျောင်းများ

**နေလင်းထွန်း**



နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ရစာမေးပွဲခန်းမတစ်ခုတွင် စာမေးပွဲဖြေဆိုနေကြသော ကျောင်းသား၊ကျောင်းသူများ။

**ရန်ကုန်၊ အောက်တိုဘာ – ၃၀**

ပုဂ္ဂလိက ပညာရေးအားကောင်းလာမှု၏ ပြယုဂ်အဖြစ် နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်နှင့် ဒီပလိုမာသင်တန်းများ၊ နိုင်ငံတကာမှ တက္ကသိုလ်၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နေသည့် သင်တန်းကျောင်းများ တိုးပွားနေလျက်ရှိသည်။ တစ်ချိန်က ယူကေအသိအမှတ်ပြု လက်မှတ်ရရှိနိုင်သည့် သင်တန်းကျောင်းများမှသည် ယခုအခါ စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ဩစတြေးလျစသည့်နိုင်ငံများမှ အသိအမှတ်ပြု လက်မှတ်ရရှိနိုင်မည့် သင်တန်းကျောင်းများ အပြိုင်အဆိုင်ပေါ်ပေါက်လာသည်။

ပြည်ပနိုင်ငံများတွင် သွားရောက်ပညာသင်ယူမည့် သူများ၊ အလုပ်လုပ်ကိုင်မည့်သူများနှင့် ပြည်တွင်းရှိ ကုမ္ပဏီ၊ အဖွဲ့အစည်းများတွင် လုပ်ကိုင်လိုသူများ၏ အခြေအနေ လိုအပ်ချက်ကြောင်း ယင်းကဲ့သို့ နိုင်ငံတကာ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးနိုင်သော သင်တန်းကျောင်းများ အခိုင်အမာ ရပ်တည်လာကြသည်။ အသစ်သစ်သော ဘာသာရပ်သင်တန်းစာများ၊ အသိအမှတ်ပြု လက်မှတ်များ သင်ကြားလာကြသည်။

နိုင်ငံတကာ အသိအမှတ်ပြု သင်တန်းဆိုသည်မှာ ပြည်ပတက္ကသိုလ်၊ အဖွဲ့အစည်းတစ်ခုမှ ဘာသာရပ် သင်တန်းစာများကို ပြည်တွင်း၌ သင်ကြားစေပြီး ၎င်းတက္ကသိုလ်၊ အဖွဲ့အစည်းမှတာဝန်ယူ စာမေးပွဲစစ်ဆေး၍ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်းဖြစ်သည်။ မိမိနိုင်ငံမှပင် နိုင်ငံတကာအဆင့်မီဟု ဆိုရမည့် ဘာသာရပ်သင်ခန်းစာများ သင်ကြားခွင့်ရရှိခြင်း၊ ၎င်းနိုင်ငံများတွင် သွားရောက်သင်ယူသည်ထက် ကျောင်းလခ၊ နေထိုင်စားသောက်စရိတ် သက်သာခြင်း၊ သက်ဆိုင်ရာ တက္ကသိုလ်ကောလိပ်များတွင် သွားရောက်၍ ဆက်လက်ပညာသင်ယူနိုင်ခြင်း စသည့် အကြောင်းအရာများက မြန်မာကျောင်းသားများ၏ စိတ်ဝင်စားမှုအား မြင့်တက်စေလျက်ရှိသည်။


"ကျောင်းသားတွေ မိဘနဲ့ ရင်အုပ်မကွာ ကျောင်းတက်ရမယ်။ နိုင်ငံခြားမှာ တက်တာထက် စရိတ်သက်သာစေတာပေါ့။ မြန်မာကျောင်းသားတွေ နိုင်ငံခြားထွက်တာ ငယ်လွန်းတယ်။ ဒီနှစ်တစ်နှစ်၊ နှစ်နှစ်တက်ပြီးမှ သွားတော့ ပိုစိတ်ချရတာပေါ့။ ကျောင်းသားတွေကိုတော့ middle နဲ့ upper middle class ကို မှန်းထားပါတယ်" ဩစတြေးလျနိုင်ငံမှ ပညာရေးအဖွဲ့အစည်းတစ်ခု၏ စီးပွားရေးစီမံခန့်ခွဲမှု ဘာသာရပ်ကို ဆာကူရာတာဝါတွင် မကြာသေးမီက စတင်ဖွင့်လှစ်သင်ကြားခဲ့သည့် Brilliance ပညာရေးစင်တာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းကဲ့သို့ သင်တန်းကျောင်းများ ပေါ်ပေါက်လာခြင်းကြောင့် ကျောင်းသားများအနေဖြင့် မိမိပညာရေးလမ်းကြောင်းအတွက် ရွေးချယ်စရာ ပိုမိုများပြားလာကြသည့်အပြင် နိုင်ငံရပ်ခြားတွင် သွားရောက်ပညာသင်ယူမည်ဆိုပါက အခြေခံမှ စတင်တက်ရောက်ရန် လိုအပ်တော့မည်မဟုတ်ပါ။

နှစ်ပေါင်းအတော်ကြာ နိုင်ငံတကာအသိအမှတ်ပြု အိုင်တီဘာသာရပ်သင်တန်းများ သင်ကြားပို့ချနေပြီး ယခုအခါ ထိုင်းနိုင်ငံမှ တက္ကသိုလ်နှစ်ခုနှင့် ပူးပေါင်း၍ အင်ဂျင်နီယာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်တို့ကို ပူးတွဲသင်ကြားမည့် အမ်စီစီသင်တန်းကျောင်းမှ စီးအီးအိုဖြစ်သူ ဦးငြိမ်းဦးက "ဈေးကွက်နဲ့ စီးပွားရေး လုပ်ငန်းတွေ ပုံစံပြောင်းလာတယ်။ ပုဂ္ဂလိကလုပ်ငန်းတွေ များလာတယ်။ စွမ်းဆောင်ရည်ပြည့်ဝတဲ့ ဝန်ထမ်းတွေ လိုအပ်လာတယ်။ ဈေးကွက်အရ တောင်းဆိုလာတာနဲ့ လူ့စွမ်းအားအရင်းအမြစ်ကို တစ်နိုင်တစ်ပိုင် မွေးထုတ်ချင်တဲ့အတွက်ပါ။ အထူးသဖြင့် မိမိစိတ်ဝင်စားတဲ့ ဘာသာရပ်ကို ပြည်တွင်းမှာပဲ သင်ရမယ်။ ပြည်ပကို တိုက်ရိုက်လွှတ်တာ မဟုတ်ဘဲ ဒီမှာ တစ်နှစ်၊ နှစ်နှစ် သင်လို့ရတယ်" ဟု သင်တန်းသစ်များ တိုးချဲ့ဖွင့်လှစ်ရခြင်းအား ရှင်းပြသည်။

စာ(၂၀)သို့





7 DAY NEWS JOURNAL
Vol.9, No.33 · NOVEMBER 4, 2010

# ဗြိတိန်တွင် သွားရောက်ပညာသင်မည့် ကျောင်းသားများအား ဘာသာစကားကျွမ်းကျင်မှု ပိုမိုစိစစ်လာ

ရန်ကုန်၊ အောက်တိုဘာ-၂၇



ဗြိတိန်နိုင်ငံတွင် သွားရောက်ပညာသင်ယူမည့် ကျောင်းသားများအား အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု စိစစ်တင်းကျပ်လျက်ရှိပြီး IELTS ကဲ့သို့သော အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်လည်း မဖြစ်မနေ လိုအပ်လာကြောင်း ပညာရေးဝန်ဆောင်မှုကုမ္ပဏီတချို့မှ သိရသည်။

ကျောင်းသား ပြည်ဝင်ခွင့်ဗီဇာရရှိရန်တွက် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု အထောက်အထားနှင့် မိမိတက်ရောက်မည့်ကျောင်းအခြေအနေတို့ပေါ်တွင် အဓိကမူတည်နေကြောင်း သိရသည်။

"ကျောင်းသားတွေ IELTS အမှတ် ၅ လောက်နဲ့ဆို မရဘူး။ ပြန်ဖြေခိုင်းနေရတယ်။ အနည်းဆုံး ၅ ဒသမ ၅ လောက်ရထားရမယ်။ ကောင်းတာကတော့ ၆ မှတ်နဲ့အထက် ရထားတာပါပဲ။ ဒါမှ ကျောင်းကောင်းကောင်းကလည်း လက်ခံမှာပါ။ အဲဒါဆို ပြည်ဝင်ခွင့် ဗီဇာရဖို့ အခြေအနေကောင်းပါတယ်"ဟု ပြည်တွင်းပညာရေးဝန်ဆောင်မှုကုမ္ပဏီတစ်ခု၏ တာဝန်ရှိသူက ပြောသည်။

မကြာမီကပင် ဗြိတိန်နိုင်ငံ၌ ပညာသင်ယူမည့် နိုင်ငံတကာကျောင်းသားများအတွက် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု လိုအပ်ချက်များကို ထုတ်ပြန်ခဲ့ပြီးနောက် ဘာသာစကားကျွမ်းကျင်မှုအား စိစစ်တင်းကျပ်လာခြင်းဖြစ်သည်။ ထို့အပြင် ခိုင်မာမှုမရှိသော ကျောင်းများတွင် ကျောင်းအပ်နှံသော ကျောင်းသားများအား ပြည်ဝင်ခွင့် ပယ်ချလျက်ရှိပြီး ဗြိတိန်နိုင်ငံသို့ ရောက်ရှိ၍ ကျောင်းတက်ရောက်ခြင်းမရှိဘဲ အလုပ်လုပ်ကိုင်နေသူများကိုလည်း ရှာဖွေဖမ်းဆီးလျက်ရှိသည်။

## စာ-၁၉၊ အားကောင်းလာသော နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ပေး သင်တန်းကျောင်းများမှ

နိုင်ငံတကာ အသိအမှတ်ပြု သင်တန်းများပြားလာခြင်း မြန်မာကျောင်းသားများအတွက် အခွင့်အလမ်းကောင်းများဖြစ်စေသလို အားနည်းချက်များလည်း ရှိနေသည်။ နိုင်ငံတကာ အသိအမှတ်ပြု သင်တန်းများသည် ပြည်ပ၌ သွားရောက်သင်ယူသည်ထက် ကုန်ကျစရိတ်သက်သာသည်ဆိုသော်လည်း အခြေခံလူတန်းစားကျောင်းသားမျာအတွက် လက်လှမ်းမမီသော အခြေအနေဖြစ်နေကြောင်း ပညာရေးကျွမ်းကျင်သူများက သုံးသပ်သည်။

"ဆရာ့ဆီကို ကျောင်းသူတစ်ယောက်ရောက်လာတယ်။ ကျောင်းတက်ချင်ပေမယ့် သူကတစ်လခုနစ်သောင်းကျပ်ပဲ ရတဲ့ ဝန်ထမ်းဆိုတော့ ဘယ်လိုမှ မတက်နိုင်ဘူးဖြစ်နေတယ်။ ဒါတောင် ဆရာ့သင်တန်းက ၆ လကို ကျပ်သုံးသိန်းက ခွဲပေးလို့ရတယ်။ ကိုယ့်ဘက်ကကြည့်ရင် ကိုယ့်သင်တန်းကြေးက မများပေမယ့် သူတို့ဘက်က ကြည့်ရင်လည်း မတက်နိုင်ဘူးဖြစ်နေတယ်လေ" ဟု ယူကေမှ စီမံခန့်ခွဲမှု ဘာသာရပ်များ သင်ကြားနေသော သင်တန်းတည်ထောင်ထားသည့် ဆရာတစ်ဦးကပြောသည်။

ထို့အပြင် နိုင်ငံတကာ အသိအမှတ်ပြုသင်တန်းများအား မြန်မာကျောင်းသားများ စိတ်ဝင်စားမှုမြင့်တက်လာခြင်းကြောင့် ပြည်တွင်းပညာရေး အားပျော့သွားနိုင်ပြီး နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ရရှိထားသည့် ကျောင်းသားများအနေဖြင့် နိုင်ငံတကာတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသည့် စိတ်ဝင်စား လာနိုင်၍ ပြည်တွင်း၌ လုပ်သားအင်အားလျော့ကျသွားနိုင်ကြောင်း သက်တမ်းဆယ်နှစ်ကျော်ပြီဖြစ်သော MHR သင်တန်းကျောင်းက သုံးသပ်သည်။

နိုင်ငံတကာ အသိအမှတ်ပြု သင်တန်းများသည် ပုဂ္ဂလိကကျောင်းများဖြစ်နေသည့်အတွက် ကျောင်းဝင်ခွင့်ဆိုင်ရာ စိစစ်တင်းကြပ်ခြင်း အထွေထွေစည်းကမ်းပိုင်းဆိုင်ရာ ကြပ်မတ်မှုတွင် အားနည်းမှုတို့ ဖြစ်စေနိုင်ကြောင်း ဝါရင့်ဆရာတစ်ဦးကဆိုသည်။

အဓိကအရေးကြီးဆုံး အချက်အနေဖြင့် ပြည်ပတက္ကသိုလ်၊ အဖွဲ့အစည်းများက ပေးအပ်သည့် နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်ဆိုသမျှသည် အရည်အသွေး အပြည့်အဝ မပေးနိုင်ခြင်းဖြစ်သည်။ မိမိတက်ရောက်နေသော အသိအမှတ်ပြုသင်တန်းသည် မည်မျှခိုင်မာမှု ရှိမည်နည်း၊ အမှန်တကယ်စစ်မှန်သော လက်မှတ်ကို ရရှိမည်လား စသည့်မေးခွန်းများကို မေးမြန်းလိုကြမည်ဖြစ်သည်။လက်ရှိ ပြည်ပနိုင်ငံ အချို့တွင်လည်း နိုင်ငံတကာ အသိအမှတ်ပြု လက်မှတ်အတုပြသနာ၊ ကျောင်းအတုအယောင်ပြသနာများ ဖြေရှင်းနေရသည်များရှိပြီး တစ်စုံတစ်ရာ အခြေအနေပေါ်ပေါက်ပါက ကျောင်းသားသည်ဦးစွာဆုံးရှုံးမှုကြုံတွေ့ရမည်ဖြစ်သည်။

"ပြည်တွင်းမှာပဲ MBA ကို သိန်း ၈၀ ကျော်နဲ့ ရမယ်ဆိုတော့ သမီးအတွက် စိတ်ဝင်စားတာပေါ့။ ပိုက်ဆံကအရေးမကြီးပါဘူး။ ဒါပေမဲ့ အခုမှသင်တန်းစဖွင့်တာဆိုတော့ တစ်ခုခုဖြစ်ရင် ဘယ်လိုလုပ်ရမှာလဲ။ ကျောင်းသားတွေအတွက် ခိုင်မာတဲ့ပညာရေးကို စိတ်ချလက်ချဖြစ်ဖို့တော့ မျှော်လင့်မိပါတယ်" ဟု စီးပွားရေးစီမံခန့်ခွဲမှု မဟာဘွဲ့အား နိုင်ငံခြားတက္ကသိုလ်တစ်ခုနှင့် ချိတ်ဆက်သင်ကြားမည့် သင်တန်းအား စုံစမ်းနေသည့် ကျောင်းသူတစ်ဦး၏ မိခင်က ဆိုသည်။

## IGCSE စာမေးပွဲအတွက် သင်တန်းများ စတင်ဖွင့်လှစ် သင်ကြားနေ

ရန်ကုန်၊ အောက်တိုဘာ-၂၇

နိုင်ငံတကာ အသိအမှတ်ပြု တက္ကသိုလ်ဝင်ခွင့် စာမေးပွဲဖြစ်သော IGCSE စာမေးပွဲသင်တန်းများကို ယခုနှစ်မှ စတင်သင်ကြားလျက်ရှိကြောင်း ပြည်တွင်းရှိ သင်တန်းကျောင်းတချို့မှ သိရသည်။

ဗြိတိသျှကောင်စီ(မြန်မာ)မှ စစ်ဆေးလျက်ရှိသော GCE-O' level စာမေးပွဲအား ၂၀၁၁ခုနှစ် ဇွန်လစာမေးပွဲမှစတင်၍ IGCSE အမည်ဖြင့် ပြောင်းလဲလိုက်ခြင်းဖြစ်ကာ၊ သင်ရိုးညွှန်းတမ်းအချို့သည်လည်း ပြောင်းလဲသွားမည်ဖြစ်သောကြောင့် ပြည်တွင်းရှိ GCE-O Level သင်တန်းကျောင်းများသည် IGCSE သင် တန်းအနေဖြင့် ပြောင်းလဲဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

"IGCSE ကို ဒီနှစ်မေလမှာ စပြောင်းသင်တယ်။ ၂၀၁၁ ခုနှစ် မေ၊ ဇွန် စာမေးပွဲအတွက်ပါ။ ဇွန်လလောက်မှာ စာအုပ်အသစ်တွေ အပြည့်အစုံထွက်တယ်။ အခေါ်အဝေါ်တွေပြောင်းတယ်။ သင်ရိုးနည်းနည်းပြောင်းတယ်။ လက်တွေ့ကျမယ်အကြောင်းအရာတွေ ပိုပါလာတယ်" ဟု အောင်သရဖူသင်တန်းကျောင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

GCE.O Level စာမေးပွဲမှ IGCSE သို့ အမည်ပြောင်းလဲ၍ သင်ရိုးအချို့လည်း ပြောင်းလဲမည်ဖြစ်ကာ ထိုအချိန်မှစ၍ GCE.O Level စာမေးပွဲများ ဆက်လက်တည်ရှိတော့မည် မဟုတ်ကြောင်း ဗြိတိသျှကောင်စီ(မြန်မာ)၏ စာမေးပွဲဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

စင်ကာပူနိုင်ငံရှိ ပိုလီကဲ့သို့ ကျောင်းများနှင့် နိုင်ငံတကာရှိ တက္ကသိုလ်ကျောင်းများတွင် တက်ရောက်ခွင့်ရရန် မြန်မာကျောင်းသားများသည် GCE.O Level စာမေးပွဲများကို ဝင်ရောက်ဖြေဆိုလျက်ရှိပြီး ၂၀၁၀ခုနှစ်တွင် ဖြေဆိုသူ ၃၄၆ဦးရှိခဲ့ကြောင်းသိရသည်။





# Technology

7 DAY NEWS JOURNAL

Vol.9, No.33 · NOVEMBER 4, 2010


## Sky Net နိုဝင်ဘာလဆန်းစလွှင့်မည်ဆို



ရတနာပုံဝက်ဘ်ပေါ်တယ်လ်ဖွင့်ပွဲနေ့ကတွေ့ရသော Sky Net ပြခန်း။
ဓာတ်ပုံ- ဂျေမောင်မောင်(အမရပူရ)

ယုဇနကိုကို

**ရန်ကုန်၊အောက်တိုဘာ-၃၀**

Sky Net ပုဂ္ဂလိကရုပ်သံလိုင်းသစ်အား ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလလယ်တွင် စတင်ဝန်ဆောင်မှုပေးတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပုဂ္ဂလိကရုပ်သံလိုင်းသစ်ဝန်ဆောင်မှုအား ဂြိုဟ်တုမှ တိုက်ရိုက်ကြည့်ရှုနိုင်မည့် အိမ်အရောက်ပို့စနစ် (Direct to Home) ဖြင့် ဝန်ဆောင်မှုပေးမည်ဖြစ်ပြီး ဝန်ဆောင်ခဈေးနှုန်းကိုမူ မကြာမီထုတ်ပြန်သွားမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

Sky Net ဝန်ဆောင်မှုအားသုံးစွဲလိုသူများအနေဖြင့် ပြည်တွင်းနှင့် နိုင်ငံတကာရုပ်သံလိုင်းများကို ဖမ်းယူကြည့်ရှုနိုင်မည့် တိုက်ရိုက်စနစ်နှင့် Video Conferencing လုပ်ငန်းများ၊ အင်တာနက်ဆက်သွယ်မှုစနစ်နှင့် တယ်လီဖုန်းဆက်သွယ်မှုလုပ်ငန်းများကိုပါဆောင်ရွက်လုပ်ကိုင်လာနိုင်မည့် Multiple-Play Choice အစရှိသည့်စနစ်နှစ်မျိုးထဲမှ ကြိုက်နှစ်သက်ရာဝန်ဆောင်မှုကို ရွေးချယ်အသုံးပြုနိုင်ကြောင်း သိရသည်။

၂၀၁၀ နိုဝင်ဘာလ လယ်တွင် စတင်ဝယ်ယူအသုံးပြုနိုင်တော့မည့် အဆိုပါ Sky Net ရုပ်သံလိုင်းသစ်သည် ပြည်တွင်း၏ ပုဂ္ဂလိကအခပေးရုပ်သံလိုင်းများတွင်အဦးဆုံးလုပ်ကိုင်ခဲ့သော Family Entertainment ရုပ်သံလိုင်းပြီးလျှင် ဒုတိယမြောက်ထွက်ပေါ်လာသည့် ပုဂ္ဂလိကရုပ်သံလိုင်းသစ်ဖြစ်သည်။

## ဂျီအက်စ်အမ်ဖုန်း အင်တာနက်အသုံးပြုရန် ဆောင်ရွက်နေဟုဆိုပြန်

ယုဇနကိုကို

**ရန်ကုန်၊အောက်တိုဘာ-၃၀**

ဂျီအက်စ်အမ်ဖုန်းများတွင် အင်တာနက်အသုံးပြုနိုင်မည့်စနစ်ကို ယခုနှစ်မကုန်မီအချိန်အတွင်း အသုံးပြုနိုင်ရန်အတွက် ဆောင်ရွက်နေပြီဖြစ်ကြောင်း ယင်းလုပ်ငန်း၏ သတင်းအချက်အလက်နှင့် နည်းပညာဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဂျီအက်အမ်ဖုန်းများတွင် EDGE (Enhanced Data rates for GSM Evolution) ဟူသောစနစ်ကိုအသုံးပြုကာ အင်တာနက်အသုံးပြုနိုင်ရန်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။




ယင်းကဲ့သို့ ဂျီအက်စ်အမ်ဖုန်းများပေါ်တွင် အင်တာနက်သုံးစွဲရာ၌ ဖုန်းဟန်းဆက်ပေါ်မှ တစ်ဆင့် သုံးစွဲနိုင်မည့်အပြင် Sim Card သို့မဟုတ် RUIM Card များအား USB Modern များအတွင်းထည့်သွင်းကာ အသုံးပြုသွားနိုင်ရန်လည်း စီစဉ်နေကြောင်း အထက်ပါတာဝန်ရှိသူက ဆိုသည်။

ထိုစနစ်ကို ယခုနှစ်မကုန်မီအတွင်း ရယူသုံးစွဲနိုင်ရန်ဆောင်ရွက်နေစဉ်အတွင်း နေပြည်တော်တွင်ပါ တိုးချဲ့ချပေးမည်ဆိုသော ကျပ်ငါးသိန်းတန် CDMA 800 MHz ဖုန်းများတွင်မူ အင်တာနက်စတင်သုံးစွဲနိုင်ပြီဟု ဆိုသည်။ သို့သော် လက်တွေ့နေပြည်တော်တွင် ငါးသိန်းတန်ဖုန်းဖြင့် အင်တာနက်စမ်းသပ်အသုံးပြုပြီးသူရှိ၊ မရှိ လိုက်လံဆက်သွယ်ရာတွင် တစ်ဦးမျှမတွေ့ရသေးပေ။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် CDMA 800 MHz အပြင် CDMA 450 MHz ဖုန်းများတွင်ပါ အင်တာနက်သုံးစွဲနိုင်ရန်စီစဉ်နေပြီး ယင်းကဲ့သို့သုံးစွဲရာတွင် EVDO( Evolution Data Optimized) ဟူသော စနစ်များဖြင့် ချိတ်ဆက်အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးမည်ဟု သိရသည်။

## အသံ ဖမ်းနိုင်သည့် CDMA 450 ဖုန်းအိမ်



**သိမ့်သိမ့်စိုး**

Recording ကိုအသုံးပြုလိုတဲ့ ကျပ်ငါးသိန်းတန် CDMA 450 ဖုန်းသုံးစွဲသူတွေအတွက် Recorder အသုံးပြုနိုင်တဲ့ မိုဘိုင်းဖုန်းအိမ်သစ်တစ်မျိုးကိုဖော်ပြပေးလိုက်ပါတယ်။

ဒီဖုန်းဟာ တရုတ်နိုင်ငံထုတ် Hisense 1110 ဖြစ်ပါတယ်။ Hisense မှာ Recorder အပြင် Bluetooth ဖန်ရှင်ကိုပါ အသုံးပြုနိုင်မှာပါ။

ဒါ့အပြင် ဓာတ်ပုံဝါသနာရှင်တွေအတွက်လည်း အဆင်ပြေစေမှာပါ။ ကင်မရာအနေနဲ့ 2MP ပါဝင်တာကြောင့် အမှတ်တရဓာတ်ပုံလေးတွေရိုက်နိုင်မယ့် အစီအစဉ်ပါ။

အချက်အလက်တွေကို သိမ်းဆည်းတတ်သူ၊ သယ်ဆောင်လိုသူတွေအတွက်လည်း မမ်မိုရီအနေနဲ့ 2GB ပါဝင်တာကြောင့် အဆင်ပြေစေမှာပါ။

သီချင်းနားထောင်လိုသူ ဝါသနာရှင်တွေအတွက်ကလည်း MP3, MP4 တွေအပြင် အက်ဖ်အမ်ရေဒီယိုကိုလည်း နားဆင်နိုင်မယ်လို့ သိရပါတယ်။

ဒီဖုန်းကို ဝယ်ယူချင်တယ်ဆိုရင်တော့ ကျပ်နှစ်သိန်းဝန်းကျင်နဲ့ ဈေးကွက်ထဲမှာ ဝယ်ယူနိုင်ပါတယ်။










7DAY NEWS JOURNAL
Vol.9, No.33 · NOVEMBER 4, 2010

# မန်းတွင် အင်တာနက်ဆိုင်အချို့ခေတ္တပိတ်ထား


မန္တလေးမြို့ရှိ အင်တာနက်ဆိုင်တစ်ဆိုင်။

**ညီညီဇော်**

**မန္တလေး၊ အောက်တိုဘာ-၂၉** မန္တလေးမြို့တွင် အင်တာနက်လိုင်းများ ဆက်သွယ်မှု ပြတ်တောက်ခြင်းကြောင့် အင်တာနက်ဆိုင်အချို့ ခေတ္တပိတ်ထားရကြောင်း သတင်းရရှိသည်။

"လိုင်းတွေက သီတင်းကျွတ်လပြည့်နေ့ မတိုင်မီ အဖိတ်နေ့ကတည်းက ကျနေတာပါ။ လပြည့်နေ့ကျတော့ မရတော့တာ။ အခုချိန်ထိပဲ။ ဆိုင်တွေတော်တော်များများ ပိတ်ထားကြတယ်။

ADSL, WiMax, Broadband လိုင်းသုံးလိုင်းချိတ်ထားသော အင်တာနက်ဆိုင်မှ တာဝန်ရှိသူတစ်ဦးကလည်း "Customer တွေက တော်တော်စိတ် အနှောင့်အယှက်ဖြစ်ကြတယ်။ လိုင်းရတဲ့အခါ ပြေးပြီးလာသုံးကြတယ်။ ကျသွားတော့လည်း ပြန်သွားကြပြန်ရော" ဟု ပြောသည်။


လုပ်ငန်းခွင်တွင် အင်တာနက်ကို သုံးစွဲနေသော ကွန်ပျူတာဘွဲ့ရဝန်ထမ်းတစ်ဦးကလည်း "လိုင်းတွေက ည ၁၂ နာရီ ဝန်းကျင်လောက်မှာ တက်လာတတ်တယ်။ အဲဒီအချိန်ဆို အမြန်ပြေးပြီး မေးလ်ပို့စရာရှိတာ ပို့ရတယ်။ မနက် ၃ နာရီခွဲလောက်ကျတော့ ပြန်ကျသွားတယ်" ဟု ပြောပြသည်။

ရုံးသုံးစာများကိုလည်း အီးမေးလ်ပို့မရသောကြောင့် အမြန်ချောပို့လုပ်ငန်းများ၊ ကားဂိတ်များ၊ ဖက်စ်ပို့ခြင်းများဖြင့် ပေးပို့နေရကြောင်း ကုမ္ပဏီဝန်ထမ်းတစ်ဦးကပြောသည်။

"လိုင်းတွေကျနေတော့ ဆိုင်ရဲ့ ဝင်ငွေကို တော်တော်ထိခိုက်ပါတယ်။ ပြီးတော့ ဆိုင်ခန်းကငှားခတွေ၊ ဝန်ထမ်းစရိတ်တွေကလည်း ရှိနေတော့ ဒုက္ခရောက်တာပေါ့" ဟု မန္တလေးတက္ကသိုလ်အနီးရှိ အင်တာနက်ဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။ ဩစတြေးလျတွင်လုပ်ငန်းလုပ်ကိုင်နေသော မောင်ဖြစ်သူအား အင်တာနက်မှတစ်ဆင့် ဆက်သွယ်နေရသော အမျိုးသမီးတစ်ဦးကလည်း

"မောင်လေးနဲ့ အဆက်အသွယ် ပြတ်နေတာ လိုင်းတွေ စမကောင်းကတည်းကနေ ခုချိန်ထိပဲ။ အစ်မတို့က အင်တာနက်ဆိုင်လည်း ဖွင့်ထားတော့ အရင်ဆိုနေ့တိုင်းအဆက်အသွယ် မပြတ်ဘူး။ ခုဆို တစ်ပတ်လောက်ရှိပြီ။ အဆက်အသွယ်မရတာ"ဟု ပြောသည်။ မန္တလေးမြို့တွင် အင်တာနက်ဆိုင်ပေါင်း ၁၃၀ ဝန်းကျင်ခန့်ရှိပြီး မန္တလေးတက္ကသိုလ်အနီးနှင့် ၇၃ လမ်းမတစ်လျှောက်တွင် အများဆုံးဖွင့်လှစ်ထားသည်။



## Apple အမြတ်ငွေ စံချိန်တင်မြင့်တက်

**ဆန်ဖရန်စစ္စကို၊ အောက်တိုဘာ - ၁၈**

အမေရိကန်ကွန်ပျူတာ ကုမ္ပဏီကြီး Apple သည် ယခုနှစ်အတွင်း ၎င်း၏ ထုတ်ကုန်သစ်များဖြစ်သည့် iPhone, iPad တို့ရောင်းအားမြင့်တက်ခဲ့သောကြောင့် ဈေးကွက်ကျွမ်းကျင်သူများ၏ ခန့်မှန်းချက်ကိုကျော်လွန်ကာ လပတ်ဘဏ္ဍာရေးကာလ အမြတ်ငွေပိုမိုမြင့်တက်ခဲ့ကြောင်းသိရသည်။

Apple သည်ပြီးခဲ့သည့် ၂၀၀၉ ခုနှစ် စတုတ္ထသုံးလပတ်ဘဏ္ဍာရေးကာလတွင် ဝင်ငွေ ကန်ဒေါ်လာ ၄ ဒသမ ၃၁ ဘီလီယံ ရရှိခဲ့ရာ ယင်းမှာ ယခင်နှစ်ကဝင်ငွေ ၂ ဒသမ ၅၃ ဘီလီယံထက် ပိုမိုလာခဲ့ခြင်းဖြစ်သည်။ ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် စတိဗ်ဂျော့ဘ်က "ကျွန်တော်တို့ဟာဝင်ငွေဘီလီယံ ၂၀ ကျော်လွန်ခဲ့ပြီး အခွန်ဆောင်ပြီး အမြတ်ငွေလေးဘီလီယံကျော်ရခဲ့တဲ့အတွက် Apple ရဲ့စံချိန်သစ်တွေဖြစ်လာခဲ့ပါတယ်" ဟု ဆိုသည်။

Apple သည်ပြီးခဲ့သည့် သုံးလပတ်ဘဏ္ဍာရေးကာလတွင် iPad အလုံးရေ ၄ ဒသမ ၁၉ သန်းရောင်းချခဲ့ရသည်။ Apple ၏ ဝင်ငွေတိုးတက်မှုတွင် iPhone များရောင်းချရမှုသည်လည်း အဓိကဖြစ်နေသည်။ ကုမ္ပဏီသည် စက်တင်ဘာ ၂၅ ရက်၌ ပိတ်သိမ်းသည့် ဘဏ္ဍာရေးကာလတွင် iPhone လုံးရေ ၁၄ ဒသမ ၁ သန်းအထိ ရောင်းချခဲ့ရကြောင်း သိရသည်။ Apple သည်ယခုအပတ်အတွင်း၌ပင် ကုမ္ပဏီ၏လက်ပ်တော့ကွန်ပျူတာများနှင့် မက်ကင်းတော့ရှ် ဒက်စတော့ပ်ကွန်ပျူတာများတွင်လည်းပတ်နိုင်သည့် Operation System အသစ်တစ်မျိုးကို စတင်မိတ်ဆက်သွားမည်ဟု သိရသည်။ *—Ref: Xinhua*

7DAY NEWS JOURNAL , No.33 · NOVEMBER 4, 2010

# Commodity Watch

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 6700) Processor | 72,500 |
| Intel P4 Core 2 Duo 2.93 (E 7500) (775)Processor | 106,000 |
| Intel P4 Core 2 Quad 2.66 GHz (Q9400) (775)Processor | 183,200 |
| Intel P4 Core i3 2.93 GHz (530) (1156)Processor | 101,400 |
| Intel P4 Core i7 2.8 Ghz (860)(1156)Processor | 272,500 |
| **Motherboard** | |
| MSI P41-C33 (775) Motherboard | 58,600 |
| MSI G41 TM-P33 (775) Motherboard | 55,800 |
| MSI P43- C51 (775) Motherboard | 73,500 |
| MSI P55A-GD65 (1156) Motherboard | 170,200 |
| ASUS P7H55D-USB3 (775) Motherboard | 112,500 |
| ASUS P7P55-LX (1156) Motherboard | 107,900 |
| ASUS P5P41T-LE (775) Motherboard | 77,200 |
| ASUS P5G41T-MLX (775) Motherboard | 58,600 |
| Gigabyte H57M-USB3 (1156) Motherboard | 129,300 |
| Gigabyte H55M-USB3 (1156) Motherboard | 120,000 |
| **Memory** | |
| 1 GB DDR2 (800) Kingston Memory | 22,300 |
| 2 GB DDR2 (800) Kingston Memory | 39,000 |
| 2 GB DDR3 (1333) Kingston Memory | 35,300 |
| **Harddisk** | |
| 500 GB Seagate SATA | 40,900 |
| 1TB Seagate SATA | 63,200 |
| **PCI Express Card** | |
| MS R5570-MD 1GB DDR3 1GB PCI Express Card | 90,200 |
| MSI N 220GT-MD1GB OC/D3 1GB PCI Express Card | 78,100 |
| MSI R5750-PM-2D 1GB PCI Express Card | 146,000 |
| ASUS EAH 5450 1GB PCI Express Card | 64,200 |
| ASUS ENGT 210 1GB PCI Express Card | 67,000 |
| ASUS EAH 4350 512 MB PCI Express Card | 41,900 |
| Gigabyte Geforce 250-1GI 1GB PCI Express Card | 134,900 |
| Gigabyte Geforce 220OC 1GI 1GB PCI Express Card | 84,600 |
| Gigabyte Geforce 240D3-1GDDR31GB PCI Express Card | 102,300 |
| **Memory Stick** | |
| Memory Stick Kingston 2GB | 8,000 |
| Memory Stick Kingston 16GB | 31,500 |
| Memory Stick Toshiba 8GB | 17,000 |
| Memory Stick Toshiba 16GB | 31,500 |
| Memory Stick HP 8GB | 20,000 |
| Memory Stick Sony 4GB | 14,500 |
| Memory Stick Trandscend 8GB | 19,500 |
| Memory Stick Apacer 4GB | 13,000 |
| Memory Stick SanDick 2GB | 8,500 |
| **UPS** | |
| SVC (600VA) | 28,400 |
| Power Pro (650VA) | 36,500 |
| Allways (650VA) | 33,000 |
| STAR (650 VA) | 29,800 |
| STAR (650 VA) LCD Display | 35,300 |
| Orient (650 VA) | 35,300 |
| Orient (1.2KVA) | 61,400 |
| **DVD Writer** | |
| Sony (SATA) | 27,900 |
| ASUS (SATA) | 30,700 |
| **အိတ်ဆောင်တိပ်ငှကအဘိတန်** | 150,000 |

Technoland ဆိုင်မှ အောက်တိုဘာ(၂၉) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Dual Core 2.3Ghz 1GB DDR2,320GB HDD,14.0″ | 427,000 |
| **Apple** | |
| Intel Core2Duo 2.26Ghz 2GB DDR3,250GB HDD,13.3″ | 980,000 |
| **Asus** | |
| Intel Core i5 2.67Ghz 4GB DDR3,500 GB HDD,14.0″ | 1,114,000 |
| **HP** | |
| Intel Corei3 2.13Ghz 3GB DDR3,250GB HDD,14.0″ | 700,000 |
| **Gigabyte** | |
| Intel Atom 1.66Ghz 1GB DDR2,250GB HDD,10.1″ | 303,000 |
| Intel Core i3 2.27Ghz 2GB DDR3,500GB HDD,14.0″ | 573,000 |
| **Lenovo** | |
| Intel Core i3 2.27Ghz 2GB DDR3,500GB HDD,14.1″ | 517,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 235,000 |
| LG(LCD) | 22LH15R | 230,000 |
| Sony (LCD) | 22BH300 | 290,000 |
| Toshiba | LZE 21-28 | 130,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 28,000 |
| EVD(sukura) | DVK75 | 35,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 35,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 195,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 295,000 |
| Panasonic | NR.BT222 | 300,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ အောက်တိုဘာ(၃၀)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၀၀၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၄,၈၅၀ |
| ဘိလပ်မြေ (Insee) | တစ်အိတ် | ၄,၈၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၇၇ |
| အုတ် (ကုန်းအုတ်- ဒုတိယတန်းစား) | တစ်လုံး | ၆၈ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၇၆ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၁၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၅၀၀ |
| သဲ (အနု) | တစ်ကျင်း | ၅,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၃,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၁၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၄၀၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၄၉၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၅၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၉၅၀ |

အထက်ပါဈေးနှုန်းများမှာ အောက်တိုဘာ(၃၀)ရက်တွင်ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၁၅,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၄၀၀-၅၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၄၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၂၀၀-၁,၅၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၃၀-၆၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၆,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၂၀၀-၁,၅၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၇၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၂,၃၀၀-၂,၆၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၂,၅၀၀-၃,၀၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ အောက်တိုဘာ(၂၉) ရက်က ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၉၀၀-၁,၂၅၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၉၀၀-၁,၂၅၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၇၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၂၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၇၀၀ |
| ဆား | တစ်ထုပ် | ၁၀၀-၁၂၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၁,၀၀၀-၁၁,၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၄,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၈၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၁,၈၀၀-၂,၀၀၀ |
| အာလူး | တစ်ပိဿာ | ၉၀၀-၁,၀၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၆၈၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၆၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၆၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၅၀၀-၄,၅၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၅,၅၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၅,၅၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၅၀၀-၂,၂၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၅၀၀-၂,၇၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၃,၅၀၀-၁၄,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၀၀၀-၇,၅၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၈၀၀-၆,၀၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၂၀၀-၂,၃၀၀ |
| ငါးတန်(မွေးမြူရေး) | ၁ ပိဿာ | ၁,၃၀၀-၂,၂၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁၂၀၀-၁,၈၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၀၀၀-၈,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၈၀၀-၄,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၃၀၀-၂,၃၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၅၀၀-၃,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၄၀၀-၁,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၈၀၀-၄,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၁၀,၀၀၀-၂၀,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၀,၀၀၀-၂၀,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၅၀၀ |

အောက်တိုဘာ(၂၉)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၇ | လ | ၁၅၅ |
| စူဇူကီး ဝက်ဂွန် $R^+$ | - | ၁ဂ | ၂၄၀ |
| စူဇူကီး ဝက်ဂွန် $R^+$ | | စတိ နီညို | ၃၀၀ |
| စူဇူကီး$R^-$ (2 Way) | - | စတိ | ၁၄၀ |
| ဟိုင်းလပ်ဆဖ် | ၉၄ | ၃၈ | ၈၅၀ |
| စူပါဆလွန်း | ၉၀ | ၄၁ | ၃၀၀-၃၁၀ |
| မတ်ခ်တူး(ဒီဇယ်) | ၉၇/၉၉ ခာတ်ဆီ၊ ဒီဇယ် | ၄ဂ | ၇၀၀ |
| ရွှေငါး | ၂၀၀၂ | ၄ဂ | ၇၅၀-၉၀၀ |
| | ၂၀၀၄ | ၄ဂ | ၁,၀၀၀ စွန်းစွန်း |
| တိုယိုတာလီမိတက် | ၉၀ | ၄ဂ | ၄၀၀ |
| ပါဂျဲရို | ၉၇ (ရိုးရိုး) | ၄ဂ | ၈၀၀ |

အောက်တိုဘာ(၂၉)ရက်ကရန်ကုန်မြို့ရှိကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသောမော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Oct(24) | Oct (25) | Oct(26) | Oct(27) | Oct(28) | Oct(29) | Oct(30) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ |
| Octane ဒီဇယ် | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ |
| Premier ဒီဇယ် | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ |

7DAY NEWS JOURNAL
Vol.9, No.33 · NOVEMBER 4, 2010

# အမြန်ယာဉ်စီးပြီး နေဝင်ချိန်မြန်သွားသူများ

မင်းဒင်

## jrifuG(1)

စျာပနအခမ်းအနားတစ်ခု ခင်းကျင်းထားသည်။ မန္တလေးမြို့ ဆေးရုံကြီးအတွင်း အအေးခန်း ဘေးကပ်လျက် ခန်းမထဲတွင် လူအများ တိတ်ဆိတ်စွာငြိမ်သက်နေသည်။ သေဆုံးသူအား တမ်းတ၍ ငိုညည်းသံများဖြင့် တိတ်ဆိတ်မှုအား ဖြိုခွင်းလိုက်သည်။ သွားလေသူ၏ သမီးနှစ်ယောက်နှင့်ဆွေမျိုးသားချင်းများ၏ မျက်လုံးအိမ်တွင် မျက်ရည်ဥများခိုတွဲနေသည်။ ရုတ်တရက် လူ့လောကကြီးထဲမှ ထွက်ခွာသွားသူကတော့ ခုတင်ပေါ်တွင် ငြိမ်းချမ်းစွာ လဲလျောင်းနေသည်။

အဆိုပါ စျာပနသည် ရန်ကုန်-မန္တလေး ကားလမ်းမပေါ်တွင် ဖြစ်ပွားခဲ့သော မော်တော်ဆိုင်ကယ်မတော်တဆတိမ်းမှောက်မှု၏ နောက်ဆက်တွဲအကျိုးဆက်တစ်ခုပင်။ ထိုကဲ့သို့ ယာဉ်တိုက်တိမ်းမှောက်မှုများကြောင့် မန္တလေးမြို့ဧရိယာ မန္တလေးခရိုင်အတွင်း ခုနစ်မြို့နယ်တွင် သုံးရက်လျှင် တစ်ဦးသေဆုံးနေကြောင်းနှင့် တစ်ရက်လျှင် တစ်ဦးဒဏ်ရာရရှိနေကြောင်း မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းဌာနစိတ်ရှိ ၂၀၁၀ ခုနှစ် ပထမလေးလပတ်နှင့် ဒုတိယလေးလပတ်ယာဉ်တိုက်မှုစာရင်းဇယားများက ညွှန်းဆိုသည်။

"ဆိုင်ကယ်စီးရင် ငါးဆယ်ရာခိုင်နှုန်းက အန္တရာယ်နဲ့နီးတယ်။ စိတ်ချရတဲ့ဦးထုပ်ဆောင်းထားသင့်တယ်။ ဒါတောင် အရှိန်ပြင်းရင် ခေါင်းမထိပေမယ့် ဇက်ကျိုးပြီးသေတာပဲ"ဟု ယာဉ်ထိန်းတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

## jrifuG(2)

ခုတင်ပေါ်ရှိ လူတိုင်း၏ ခြေ၊ လက်အင်္ဂါများတွင် ပတ်တီးအသီးသီးရှိသည်။ ပတ်တီးအသီးသီးရှိ ထိုလူအများစုသည် ယာဉ်တိုက်မှုကြောင့် ကျောက်ပတ်တီးများ စည်းနှောင်ထားရခြင်းဖြစ်သည်။

အောက်တိုဘာ ၂၂ ရက် ညနေ၄နာရီကျော်ခန့်က မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး အရိုးကုသဆောင်တွင် လူအများ ပတ်တီးအဖွေးသားဖြင့် ဆေးကုသမှုခံယူနေကြသည်။ မန္တလေးခရိုင်အတွင်း တစ်ရက်လျှင် တစ်ဦးနှုန်း ယာဉ်မတော်တဆမှုများကြောင့် ဒဏ်ရာအနာတရများရရှိနေသည်ဟု စာရင်းဇယားများအရ သိရသည်။

ခုတင်နံပါတ်(၂၂)တွင် မတ္တရာမြို့ခံ အသက် ၂၃ နှစ်အရွယ် လူရွယ်တစ်ဦး ဘယ်ဘက်ပေါင်ကျိုးမှုကြောင့် ကျောက်ပတ်တီးစည်းထားရသည်။ မန္တလေး-မတ္တရာကားလမ်းမပေါ်တွင် မိမိနောက်တွင် ရှစ်တန်းကျောင်းသား တူလေးလိုက်ပါလျက် မောင်းနှင်လာသောမော်တော်ဆိုင်ကယ်နှင့် သုံးဘီးမော်တော်ဆိုင်ကယ် ယာဉ်မတော်တဆတိုက်မှုဖြစ်ပွားခဲ့ပြီး ယခုကဲ့သို့ ဆေးရုံတွင် လာရောက်ဆေးကုသမှုခံယူနေရကြောင်း ၎င်းကဆိုသည်။ သူ့နံဘေးတွင် သူနှင့် မတိမ်းမယိမ်းရွယ်တူကောင်မလေးတစ်ဦးပြုစုစောင့်ရှောက်နေသည်။

"တူလေးကလည်း ဘယ်ဘက်ခြေထောက်ကျိုးသွားတယ်။ သူကတော့ဒီနေ့ဆင်းရမှာ။ မနက်ဖြန် သီတင်းကျွတ်လပြည့်နေ့ လပြည့်ကျော် ၈ ရက်နေ့ ကွန်တော့်မင်္ဂလာဆောင်လေ။ အခုဒီမှာ ဆေးကုသနေရတယ်။ မင်္ဂလာပွဲကတော့ ရက်ရွှေ့ရတော့မယ်"ဟု၎င်းက သူ၏အဖြစ်သနစ်ကို ပြောပြသည်။

အဆိုပါ ခုတင်နံပါတ်(၂၂)၏ ဘေးတစ်ဖက်တစ်ချက်တွင်တော့ ခုတင်နံပါတ်(၂၁)နှင့်(၂၃) ရှိသည်။ အဆိုပါခုတင်များပေါ်တွင် လဲလျောင်းနေရသူနှစ်ဦးကတော့ ၆၂ လမ်းမပေါ် အဆင့်မြင့်ရဲစခန်းအနီး ပြည်ကြီးတံခွန်မြို့နယ်တွင် မော်တော်ဆိုင်ကယ်နှစ်စီးတိုက်မိကြပြီး ယခုကဲ့သို့ ဆေးကုသမှုခံယူနေရခြင်းဖြစ်သည်။

ယင်းခုတင်သုံးခုရှိ ဆေးကုသမှုခံယူနေရသူသုံးဦးလုံး ဘယ်ဘက်ခြေထောက်များ ကျိုးခဲ့ကြသည်။ ဆိုင်ကယ်နှစ်စီးတိုက်ခိုက်မှုဖြစ်ပွားပုံများမှာလည်း အတူတူပင်ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီးအတွင်း ယခုနှစ် ပထမလေး လပတ်တွင် ဆိုင်ကယ်ချင်းတိုက်သောအမှုပေါင်း ၁၁၃ မှုဖြစ်ပွားခဲ့ကြောင်း စာရင်းဇယားများတွင်ပါရှိသည်။

"ဟိုဘက်က ထွက်လာလိုက်၊ ဒီဘက်က ဝင်လာလိုက်နဲ့ အဲဒါဘယ်ဖြစ်မလဲ။ တစ်ယောက်ယောက်က အလျှင်လိုလိုက်ရင် ယာဉ်တိုက်ပြီ။ လမ်းစည်းကမ်းအတိုင်းပဲ သွားရမှာ။ အများအားဖြင့် ယာဉ်စည်းကမ်းလိုက်နာမှုအားနည်းတယ်"ဟု မန္တလေးတိုင်းရဲတပ်ဖွဲ့ဝင် ရဲအရာရှိတစ်ဦးက ပြောကြားသည်။



မန္တလေးခရိုင်အတွင်း အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ မဟာအောင်မြေ၊ အမရပူရ၊ ပုသိမ်ကြီးစသည့်မြို့နယ်ခုနစ်မြို့နယ်၌ ယခုနှစ်ဖေဖော်ဝါရီလတွင် ကောက်ယူခဲ့သောစာရင်းများအရ ဆိုင်ကယ်အစီးရေနှစ်သိန်းခွဲကျော်ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ ခု၌ ယခုနှစ်ဆန်းပိုင်းတွင် ကောက်ယူခဲ့သောစာရင်းများအရ မော်တော်ဆိုင်ကယ်အစီးရေငါးသိန်းနီးပါးရှိရာ တိုင်းအတွင်းအစီးရေ၏ထက်ဝက်မှာ မန္တလေးခရိုင်အတွင်း တည်ရှိသွားလာနေကြောင်း ကိန်းဂဏန်းများက ညွှန်းဆိုသည်။

"ဆိုင်ကယ်ဈေးတွေ ကျလာတာကြောင့် လူတော်တော်များများ စီးနိုင်လာတယ်။ တစ်နာရီနဲ့ သွားရမယ့်ခရီး နာရီဝက်နဲ့ရောက်ချင်ကြတယ်။ အခု ဖြစ်တော့ ကိုယ်က စိတ်မကောင်းတာပဲရှိတယ်။ ခံရတော့ သူပဲခံရတာလေ။ ပေါင်ကျိုးတယ်။ ခေါင်းကွဲတယ်။ သွားကျိုးတယ်"ဟုဆိုင်ကယ်တိုက်မိကာ ဒဏ်ရာရဆေးကုနေသူ၏ လူနာစောင့်တစ်ဦးက ကရုဏာဒေါသများဖြင့် စိတ်မကောင်းစွာဆိုသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ပထမ လေးလပတ်တွင် ဆိုင်ကယ်ပါဝင်သော ယာဉ်တိုက်မှုပေါင်း ၄၂၆ မှုဖြစ်ပွားခဲ့ရာ ဆိုင် ကယ်ချင်းတိုက်သော အမှုအရေအတွက်မှာ ၁၁၃ မှုဖြင့် အမြင့်မားဆုံးဖြစ်ခဲ့သည်။

မန္တလေးခရိုင်အတွင်း ပြီးခဲ့သည့် စက်တင်ဘာလက ယာဉ်တိုက်မှုဖြစ်ပွားသော စာရင်းများအရ ဆိုင်ကယ်ပါဝင်သော ယာဉ်တိုက်မှုမှာ စုစုပေါင်းယာဉ်တိုက်မှု၏ ထက်ဝက်ကျော်ဖြစ်ကြောင်း သိရသည်။

"ထိခိုက်ဒဏ်ရာရပြီဆိုတာနဲ့ လူနာက ပထမဆုံး ဝေဒနာခံစားရတယ်။ နောက် ဆေးဖိုးကုန်တယ်။ အလုပ်ပျက်တယ်။ မိသားစုဝင်တွေပါ လူနာစောင့်ရလို့ အလုပ်ပျက် ဝင်ငွေလျော့ပြီ။ နောက်တစ်ခုက ဒဏ်ရာရတဲ့အပေါ်မူတည်ပြီး ဆေးရုံရောက်ရမယ့် အချိန်တွေရှိတယ်။ ဥပမာ-နာရီဝက်အတွင်း ဆေးရုံရောက်ရင် အသက်ရှင်နိုင်တဲ့လူနာ နောက်ကျမှရောက်လာရင် ကုရခက်ပြီ။ တချို့ဆို ကိုယ့်ကားပေါ် လူနာမတင်ချင်လို့ မြင်တာနဲ့ ရှောင်သွားတာမျိုးရှိတယ်။ အမှုထဲများ ပါမှာလားဆိုတာမျိုးနဲ့လည်း ရှောင်ကြတယ်။ ယာဉ်တိုက်လို့ မသေဘဲ အချိန်လွန်လို့သေရင် ပိုနှမြောဖို့ကောင်းတယ်"ဟု ဆရာဝန်တစ်ဦးက ယာဉ်တိုက်၍ ဒဏ်ရာရမှုများအပေါ် သုံးသပ်သည်။

နိဗ္ဗာန်သုခ လူမှုကူညီရေးအသင်းအနေဖြင့် နာမှုဖြစ်ပွားမှုများအား ကားသုံးစီးဖြင့် ဆောင်ရွက်မှုများအပြင် ရေဘေး၊ မီးဘေးနှင့် ယာဉ်တိုက်မှုများကြောင့် ဒဏ်ရာရရှိသူလူနာများအား ရှေးဦးသူနာပြုစုခြင်းများ ဆောင်ရွက်ပေးကာ မန္တလေးဆေးရုံကြီးသို့ ပို့ဆောင်ပေးလျက်ရှိသည်။

"ကားမှာ အောက်ဆီဂျင်ဘူးပါတယ်။ စေတနာ့ဝန်ထမ်းတွေကလည်း ပညာ၊ အသက်ကယ်၊ ရှေးဦးသူနာပြု စတဲ့သင်တန်းတွေ တက်ထားတယ်။ ယာဉ်တိုက်မှုဖြစ်ပွားလို့ ဒဏ်ရာရလူနာရှိရင် အဓိကက ဖြစ်တဲ့နေရာအတိအကျကို ပေါ်အောင်ပြောသင့်တယ်။ လမ်းဒါမှမဟုတ် ထင်ရှားတဲ့အဆောက်အအုံ စတာတွေနဲ့ သေချာညွှန်းပြီး အကြောင်းကြားသင့်တယ်။ မန္တလေးမြို့ပေါ်ဖြစ်ရင် မိနစ် ၂၀၊ နာရီဝက်အတွင်း ဆေးရုံအရောက်ပို့နိုင်ပါတယ်" နိဗ္ဗာန်သုခလူမှုကူညီရေးအသင်း၏ တာဝန်ရှိသူတစ်ဦးက ယာဉ်တိုက်မှုဖြစ်ပွား၍ နောက်ဆက်တွဲပြဿနာများ ဖြေရှင်းပေးနေပုံကိုရှင်းပြသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မန္တလေးခရိုင် (မြောက်ပိုင်း)ရုံးတွင်လည်း ယခုနှစ်မှ စတင်ကာ ယာဉ်မောင်းမွမ်းမံသင်တန်းအား ဆိုင်ကယ်လိုင်စင်အတွက် သုံးရက်၊ ကားလိုင်စင်အတွက် ငါးရက်အချိန်ယူသင်ကြားပေးနေပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများပို့ချလျက်ရှိသည်။

"သင်တန်းအောင်မြင်မှုကို စစ်တမ်းကောက်တာမျိုးတော့ မလုပ်နိုင်သေးဘူး။ ဒါပေမဲ့ လူတွေ ဦးထုပ်ပိုဆောင်းလာတယ်။ အရေးယူခံရမှာ ကြောက်လို့ဖြစ်နိုင်သလို၊ အန္တရာယ်ပိုသိလာတာကြောင့်လည်းဖြစ်နိုင်တယ်"ဟု ကုန်းလမ်းပို့ဆောင်ရေးမြောက်ပိုင်း ရုံး ယာဉ်မောင်းလိုင်စင် စိစစ်ထုတ်ပေးရေးဌာန တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

"ဆိုင်ကယ်စီးရမှာကြောက်နေတယ်။ မန္တလေး ပြန်ရောက်တာ မကြာသေးဘူး။ ဆိုင်ကယ်တွေအရမ်းရှုပ်လာတယ်။ မန္တလေးသား ဆိုင်ကယ်စီးကျွမ်းကျင်တယ် ဆိုပေမယ့် ဟိုတစ်နေ့က ယာဉ်တိုက်မှုတစ်ခုမြင်ကွင်းကြောင့် အခုထိ ကြောက်နေတယ်။ ၃၅ လမ်း၊ ၇၇ လမ်းနဲ့ ၇၈ လမ်းကြားမှာ ဆိုင်ကယ်နဲ့ ကားနဲ့တိုက်တာ။ ဆိုင်ကယ်ရှေ့ခွေနဲ့ ရှေ့ခရင်းပြုတ်ထွက်သွားတယ်။အရှိန်တော်တော်ပြင်းလောက်တယ်"ဟု ပင်လယ်ကူးသင်္ဘောများပေါ်တွင် အနေကြာခဲ့ပြီး မန္တလေးပြန်ရောက်လာသူသင်္ဘောသားတစ်ဦး၏ ထိတ်လန့်သံဖြစ်သည်။

မန္တလေးမြို့တွင် ကိုးတန်း၊ ဆယ်တန်းကျောင်းသားမှစ၍ တက္ကသိုလ်တက်ရောက်နေသူ လူငယ်၊ လူရွယ် အများအပြားနေ့စဉ်နီးပါးဆိုင်ကယ်စီးကာ သင်တန်း၊ ကျောင်းများသို့ သွားလာမှုပြုနေကြရသည်။

"ဟွန်းသံကြားတိုင်း လမ်းဘက်ကို မျှော်ကြည့်နေမိတယ်။ ၇ နာရီ ကျူရှင်ဆင်းမှာလေ။ သားကို စိတ်မချပေမယ့် ကျူရှင်သွားရလွယ်အောင် ဆိုင်ကယ်ဝယ်ပေးထားမိတယ်။ လူငယ်ဆိုတော့ ဆိုင်ကယ်စီးကြမ်းကြတယ်။ မိဘလုပ်သူကတော့ စိတ်ပူနေရတာပေါ့"ဟု မန္တလေးမြို့ခံ မိခင်တစ်ဦးကသားအိမ်ပြန်အလာ စောင့်မျှော်နေပုံကို ရင်ဖွင့်သည်။

**မန္တလေးခရိုင် ခုနစ်မြို့နယ်အတွင်း နှစ်အလိုက်ဖြစ်ပွားသော ယာဉ်တိုက်မှုစာရင်း**

| ခုနှစ် | ယာဉ်တိုက်မှု | သေဆုံးသူ | ဒဏ်ရာရသူ |
|---|---|---|---|
| ၂၀၀၀ | ၁၄၂ | ၅၁ | ၂၂၀ |
| ၂၀၀၁ | ၁၃၇ | ၅၃ | ၁၆၆ |
| ၂၀၀၂ | ၁၃၁ | ၂၉ | ၂၀၃ |
| ၂၀၀၃ | ၁၄၈ | ၄၄ | ၂၁၇ |
| ၂၀၀၄ | ၂၃၅ | ၅၅ | ၃၆၇ |
| ၂၀၀၅ | ၁၇၂ | ၂၇ | ၂၃၉ |
| ၂၀၀၆ | ၁၉၁ | ၃၆ | ၂၆၉ |
| ၂၀၀၇ | ၁၉၈ | ၄၆ | ၄၀၃ |
| ၂၀၀၈ | ၂၁၄ | ၆၉ | ၂၈၁ |
| ၂၀၀၉ | ၂၉၈ | ၇၆ | ၃၄၆ |

**မန္တလေးတိုင်းဒေသကြီးအတွင်း နှစ်အလိုက် တည်ရှိနေသော ယာဉ်စာရင်းများ**

| ယာဉ်အမျိုးအစား | ၂၀၀၉ | ၂၀၁၀ |
|---|---|---|
| မော်တော်ကား | ၆၂,၀၅၅ | ၆၅,၂၀၃ |
| မော်တော်ဆိုင်ကယ် | ၄၅၄,၆၇၃ | ၄၈၁,၄၄၄ |
| ထော်လာဂျီ | ၈,၀၉၀ | ၇,၄၃၄ |

**မန္တလေးခရိုင်အတွင်း နှစ်အလိုက် တည်ရှိနေသော ယာဉ်စာရင်းများ**

| ယာဉ်အမျိုးအစား | ၂၀၀၉ | ၂၀၁၀ |
|---|---|---|
| မော်တော်ကား | ၄၇,၀၅၁ | ၄၉,၄၃၆ |
| မော်တော်ဆိုင်ကယ် | ၂၃၉,၅၆၉ | ၂၅၅,၅၉၉ |
| ထော်လာဂျီ | ၂,၈၆၉ | ၃,၁၄၆ |

**မန္တလေးတိုင်းဒေသကြီးအတွင်း ပထမလေးလပတ်တွင် မော်တော်ဆိုင်ကယ်တိုက်မှု ၄၂၆ မှုဖြစ်ပွားခဲ့**

| စဉ် | ယာဉ်တိုက်မှုအမျိုးအစား | အမှု |
|---|---|---|
| ၁ | ဆိုင်ကယ်မှ ယာဉ်တိုက် | ၅၃ |
| ၂ | ဆိုင်ကယ်မှ ဆိုင်ကယ်တိုက် | ၁၁၃ |
| ၃ | ဆိုင်ကယ်မှ အနေ့းယာဉ်တိုက် | ၅၉ |
| ၄ | ဆိုင်ကယ်မှ လူတိုက် | ၇၁ |
| ၅ | ဆိုင်ကယ်မှ အရာဝတ္ထုတိုက် | ၄၂ |
| ၆ | ဆိုင်ကယ်မှ ရထားတိုက် | - |
| ၇ | ဆိုင်ကယ်မှ တိရစ္ဆာန်တိုက် | ၃ |
| ၈ | ဆိုင်ကယ်တိမ်းမှောက်မှု | ၆၉ |
| ၉ | ယာဉ်မှ ဆိုင်ကယ်တိုက် | ၁၆ |

**မန္တလေးခရိုင်အတွင်း ပထမလေးလပတ်တွင် ယာဉ်တိုက်မှုနှင့် သေဆုံးစာရင်း**

| ခရိုင် | အမှု | ဒဏ်ရာရ | | ပေါင်း | သေဆုံး | | ပေါင်း | တန်ဖိုး |
|---|---|---|---|---|---|---|---|---|
| | | ကျား | မ | | ကျား | မ | | |
| မန္တလေး | ၁၂၅ | ၈၅ | ၄၄ | ၁၂၉ | ၄၁ | ၁၆ | ၅၇ | ၃,၀၃၃,၀၀၀ |

**မန္တလေးခရိုင်အတွင်း ဒုတိယလေးလပတ်တွင် ယာဉ်တိုက်မှုနှင့် သေဆုံးစာရင်း**

| ခရိုင် | အမှု | ဒဏ်ရာရ | | ပေါင်း | သေဆုံး | | ပေါင်း | တန်ဖိုး |
|---|---|---|---|---|---|---|---|---|
| | | ကျား | မ | | ကျား | မ | | |
| မန္တလေး | ၁၀၈ | ၇၅ | ၄၅ | ၁၂၀ | ၂၉ | ၆ | ၃၅ | ၃,၁၆၅,၀၀၀ |

7 DAY NEWS JOURNAL
Vol.9, No.33 · NOVEMBER 4, 2010

# ရွေးကောက်ပွဲကျင်းပရန် ခုနစ်ရက်အလို

အားမာန်

**နိုဝင်ဘာ** ၁ရက်သို့ ရောက်လေပြီ။ သည်နေ့ကရေတွက်လျှင် ရွေးကောက်ပွဲကျင်းပမည့်ရက်မှာ ၇ ရက်သာလိုတော့သည်။ ရွေးကောက်ပွဲတွင် လူထုမှ ရွေးချယ်မည့်ကိုယ်စားလှယ်လောင်းအများစုမှာလည်း ပန်းဖလက်ဝေခြင်း၊ လူထုအား ဟောပြောခြင်းဖြင့် မောနေကြလေပြီ။ သို့သော် နောက်ဆုံးအခွင့်အရေးဖြစ်သော လက်ကျန်ခုနစ်ရက်ကို အားသွန်ခွန်စိုက် ပန်းဖလက်ဝေသော၊ ဟောပြောနေသောကိုယ်စားလှယ်လောင်းများကိုလည်း တွေ့ရသည်။

စီးပွားရေးမြို့တော် ရန်ကုန်မြို့၏ နိုဝင်ဘာ ၁ ရက်မှာ ပုံမှန်အတိုင်းပင်။

"လာမယ့်တနင်္ဂနွေနေ့မှာ မဲပေးရမှာတော့ သိတယ်လေ" ဟု ဆိုသူက ရန်ကုန်မြို့လယ်တွင် အခွေရောင်း၍ အသက်မွေးနေသော ကိုလှဝင်း(အမည်ပြောင်း)ဖြစ်သည်။ အသက် ၃၂နှစ်အရွယ်ရှိ သူ့အတွက် ယခု တနင်္ဂနွေတွင် ကြုံရမည့်ရွေးကောက်ပွဲမှာ ပထမဆုံး မဲပေးရခွင့်ရခြင်းပင်။

ရန်ကုန်မြို့ရှိ ကုမ္ပဏီကြီးတစ်ခုတွင် သန့်ရှင်းရေးလုပ်ကိုင်နေသော မဝင်းဝင်းမာ (အမည်ပြောင်း)ကတော့ ရွေးကောက်ပွဲနေ့အတွက် ပြင်ဆင်ပြီးပြီဖြစ်သည်။

"အဒေါ်ဆီသွားပြီး ဘယ်သူ့ကို မဲပေးရမလဲလို့ မေးထားတယ်။ သူက နီးရင်ပြောမယ်တဲ့။ သူပြောတာ ထည့်လိုက်မယ်"ဟု အသက် ၄၂ နှစ်အရွယ် မဝင်းဝင်းမာက သူ၏အစီအစဉ်ကို ပြောသည်။


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

နှစ်ပေါင်းနှစ်ဆယ်အတွင်း ပထမဆုံးအကြိမ်ကျင်းပမည့် ရွေးကောက်ပွဲကို စိတ်အား တက်ကြွစွာစောင့်မျှော်နေသူများရှိလေသည်။ ထိုအချက်ကို အောက်တိုဘာလ တတိယပတ်အတွင်း ရန်ကုန်မြို့လယ်၌ လူများမဲပေးကြရန် တိုက်တွန်းသည့်အနေဖြင့် စုပေါင်းလမ်းလျှောက်၍ ရွေးကောက်ပွဲအကြောင်းပြောပြသော လူငယ်ထုက သက်သေပင်။ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များအား နိုင်ငံရေးကို စိတ်ပါဝင်စားမှုရှိလာရန်နှင့် မိမိတို့တွင်ရှိသော မဲပေးခွင့်ကို နိုင်ငံရေးအပြောင်းအလဲအတွက် တိုက်တွန်းသည့်အနေဖြင့် ထိုသို့ လမ်းလျှောက်ခြင်းဖြစ်ကြောင်း အထက်ပါအဖွဲ့တွင်ပါဝင်သော လူငယ်တစ်ဦး၏ မိတ်ဆွေကပြောသည်။

"စိတ်ဝင်စားတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးက ရပ်နေတာကြာပြီ။ ကြာတော့ အပြောင်းအလဲကိုလိုချင်တယ်။ လက်ရှိအနေအထားအရ အနောက်နိုင်ငံတွေမှာလို လမ်းပေါ်ထွက်ပြီး သဘောထားထုတ်ဖော်ပြရုံနဲ့ ဒီမိုကရေစီမရနိုင်ဘူး။ အစိုးရက ရွေးကောက်ပွဲကို ထွက်ပေါက်တစ်ခုအနေနဲ့ ကျင်းပပေးတာ။ ဒီရွေးကောက်ပွဲက အပြောင်းအလဲရဲ့အစလို့ ယုံလည်းယုံကြည်တယ်။ ခံလည်း ခံယူတယ်"ဟု အသက် ၂၆နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦးက သူမ၏ယုံကြည်ချက်ကို ပြောသည်။ ရွေးကောက်ပွဲမှ အပြောင်းအလဲများစွာမျှော်မှန်းထားသည် မဟုတ်၍ နည်းနည်းပြောင်းလဲလျှင်ပင် ကျေနပ်သည်ဟု သူမက ဆိုသည်။

"အပြောင်းအလဲကတော့ တစ်ရာရာခိုင်နှုန်းမဖြစ်နိုင်တာ သေချာတယ်။ မျှော်မှန်းထားတာက နည်းနည်းလေးပဲ။ လွှတ်တော်အမတ်တွေက ကိုယ့်ရဲ့ဘေးပတ်ဝန်းကျင်မှာရှိတော့ အစိုးရနဲ့ဆက်ဆံတဲ့အခါမှာ အရင်ကထက် လွယ်ကူပွင့်လင်းလာရင်ကို ကျေနပ်တယ်။ သူတို့က လူထုတွေနဲ့ နီးစပ်တော့ လူထုအတွက် အခုထက်ပိုလုပ်ပေးနိုင်လိမ့်မယ်လို့ ထင်တယ်"ဟု ရူပဗေဒဘာသာရပ်ဖြင့် ကျောင်းပြီးထားပြီး၊ လားရှိုးမြို့မှ လာရောက်၍ ရန်ကုန်မြို့ရှိ အင်န်ဂျီအိုတစ်ခုတွင်လုပ်ကိုင်နေသော အထက်ပါအမျိုးသမီးက သူမ၏ အမြင်ကိုဖွင့်ဟသည်။

ရန်ကုန်မြို့၏ အဆင့်မြင့်ဈေးဝယ်စင်တာကြီးတစ်ခုတွင် လုံခြုံရေးဝန်ထမ်းအဖြစ် လုပ်ကိုင်နေသော ကိုထွန်းထွန်းလင်းတစ်ယောက်ကတော့ နိုဝင်ဘာ ၇ ရက်တွင် မဲပေးရမည့်အတွက် စဉ်းစားပြီးနေလေပြီ။

"ကျွန်တော်ကတော့ အဲဒါတွေ (ရွေးကောက်ပွဲ) အကြောင်းဘာမှ မသိဘူး။ ကျွန်တော်တို့မြို့နယ်မှာ ဘယ်ပါတီတွေရှိမှန်းလည်း မသိဘူး။ အလုပ်က နံနက် ၇ နာရီက ညနေ ၅ နာရီထိဆိုတော့ ကိုယ်အလုပ်နဲ့ကိုယ် ရှုပ်နေတာ။ ရွေးကောက်ပွဲနေ့ ကျရင်တောင် အလုပ်ဆင်းရမယ် ထင်တယ်။ ဒါပေမဲ့ ကျွန်တော်က ကျောင်းထဲမှာပဲနေတာ။ မဲရုံက အဲဒီမှာပဲဆိုတော့မနက်ပေးပြီး လာလို့ရမယ်ထင်တယ်" ဟု အသက် ၂၃ နှစ်အရွယ် ကိုထွန်းထွန်းလင်းက ရွေးကောက်ပွဲနေ့တွင် သူ၏ အစီအစဉ်ကို ပြောသည်။


မြန်မာလူထုအနေဖြင့် ရွေးကောက်ပွဲအပေါ် မတူညီသော အမြင်၊ မတူညီသော စိတ်ဝင်စားမှုစသော သဘောမျိုးမျိုးရှိသော်လည်း ဆယ်စုနှစ် နှစ်ခုအတွင်း ပထမဆုံးကျင်းပမည့်ရွေးကောက်ပွဲမှာ ရက်ပိုင်းသာလိုတော့သည်။ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၃၇ ပါတီမှ ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၈၂ ဦးအပါအဝင် စုစုပေါင်း ၃၀၇၁ ဦးတို့မှ စုစုပေါင်း မဲဆန္ဒနယ် ၁၁၅၉ နယ်အတွက် ဝင်ရောက်ရွေးချယ်ခံကြမည်ဖြစ်သည်။

နိုဝင်ဘာ ၇ ရက်မှာ ပို၍နီးလာသော်လည်း၊ ရွေးကောက်ပွဲအကြောင်းပွင့်ပွင့်လင်းလင်း ပြောဆိုဆွေးနွေးခွင့်ရှိသော်လည်း လူအများစုမှာ တိတ်ဆိတ်နေခြင်းမှာ စိုးရိမ်စိတ်အခံကြောင့် ဖြစ်ကြောင်း ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများက သုံးသပ်သည်။

"လူတွေက စိတ်တော့ ဝင်စားတယ်။ တချို့ဆို လက်ခုပ်တီးပြီး ပန်းဖလက်လိုက်တောင်းတယ်။ တချို့ကျတော့ ကလေးတွေနဲ့ မေးခွန်းထည့်ပေးပြီးမေးတယ်။ ကိုယ်တိုင်မမေးဘူး။ လူထုကစိုးရိမ်စိတ်တွေရှိနေသေးတယ်" ဟု ပုဇွန်တောင် မြို့နယ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် လွှတ်တော်အမတ်အဖြစ်ဝင်ရောက်ရွေးချယ်ခံမည့် ဦးရန်ကျော်က ပြောသည်။ အောက်တိုဘာလ လယ်ပိုင်းက ပုဇွန်တောင်မြို့နယ်အတွင်း ပြုလုပ်ခဲ့သော မဲဆွယ်မှုအစီအစဉ်မှ အတွေ့အကြုံကို တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းဦးရန်ကျော်က ပြန်ပြောပြသည်။

ပုဇွန်တောင်လူထုမှ သူ့အား မေးသည့်မေးခွန်းများတွင် "ကိုယ် ဘယ်သူ့ကို မဲပေးသည်ကို မဲရုံမှ လူများ သိနိုင်ပါသလား"၊ "လျှို့တာတန်းတာ (အလျှုလျှုခြင်း)နှင့် ရွေးကောက်ပွဲဆိုင်သလား" စသော မေးခွန်းများ ပါဝင်ပြီး၊ ဒုတိယမေးခွန်းမှာ သူ မမျှော်လင့်သော မေးခွန်းကြောင်း ဦးရန်ကျော်က ဆိုသည်။

စာ(၃၁)သို့



7DAY NEWS
Vol.9, No.33 · NOVEMBER 4, 2010

## ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပိုင်းကူနေသော ဒေသခံလုပ်ငန်းရှင်တစ်ဦးနှင့် တွေ့ဆုံခြင်း

ဂီရိမုန်တိုင်းကြောင့် ငွေကြေး မြောက်မြားစွာ ဆုံးရှုံးခဲ့သော်လည်း ကိုယ်ရေးကိုယ်တာ ထက် မုန်တိုင်းသင့်ဒေသခံများအရေးကို ဦးစားပေးဖြေရှင်းပေးနေသော ရေလုပ်ငန်းပိုင်ရှင် ကိုလှမျိုးအောင်ကို တွေ့ဆုံမေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**မုန်တိုင်းလာတဲ့နေ့က အခြေအနေလေးပြန်ပြောပြပါဦး။**

ကျွန်တော်တို့က ပြောမယ် ဆိုရင် ပထမဆုံး မုန်တိုင်းကြေညာတာက ၃၅ မိုင်နှုန်းကိုး။ မတိုက်ခင် တစ်ရက်အောက်တိုဘာ ၂၁ ပေါ့။ မိုးသက်လေပြင်း အဆင့်လောက် ရှိတယ်။ နောက်တစ်ရက်ကျတော့ ၄၅ မိုင်၊ ၅၀၊ ၆၀၊ ၇၀၊ ၇၅ အဆင့်လောက်ဆိုလည်း ကျွန်တော်တို့ဒေသ အနေအထားအရ ဘာမှပြဿနာ မဖြစ်လောက်တဲ့အနေအထားဆိုပြီး လူတွေက မစဉ်းစားမဆင်ခြင်ဘဲနေကြတဲ့အတွက်ကြောင့် ဒီလိုအခက်အခဲတွေနဲ့ ကြုံရတာပေါ့။ လေတိုက်နှုန်းက ခန့်မှန်းခြေ ၁၅၀ နှုန်းလောက်ရှိမယ်လို့ ထင်တယ်။

**၁၅၀ နှုန်းက ကျောက်ဖြူဝင်တဲ့ နှုန်းလား။**

မဟုတ်ဘူး။ ဒါက ပြင်ဝန်းဝင်တဲ့နှုန်း။ ကျောက်ဖြူဝင်တဲ့နှုန်းက ၁၂၀၊ ၁၂၅ မိုင်နှုန်း လောက်သွားမယ်ထင်တယ်။ မုန်တိုင်းက ဘာဖြစ်လဲဆိုတော့ တဖြည်းဖြည်း တဖြည်းဖြည်း ဂဏန်းတွေပြောင်းလာတဲ့အချိန်က ဘာမှသတိပေးလို့မရဘူး။ ဒီမှာမုန်တိုင်း ပြင်းပြင်းလာတဲ့အချိန်ကျ အပြင်လည်းမထွက်နိုင်ဘူး။ ဖုန်းကတော့ ဆက်သွယ်လို့ရ တယ်။ နယ်ကဖုန်းတွေက ခေါ်တော့ လိုင်းမမိတဲ့အတွက် ကျွန်တော်တို့က ဘာမှအ ကြောင်းမကြားနိုင်ဘူး။ ကျွန်တော်က ပြင်ဝန်းဆိုရင် ပိုပြီးအကြောင်းကြားချင်တာပေါ့။ ဘာဖြစ်လို့လဲဆို ကျွန်တော်က အများကြီးရင်းနှီးမြှုပ်နှံထားလို့။ ဒါပေမဲ့ ခဏခဏ ဂဏန်းတွေ ပြောင်းနေတဲ့အတွက်ကြောင့် ဘာမှအကြောင်းမကြားနိုင်ဘူး။ ကျွန်တော့်လူ တွေအများကြီး ဆုံးရှုံးတာပေါ့။

**အခုကျောက်ဖြူမှာ ရေလုပ်ငန်းလုပ်တဲ့ သူဘယ်လောက် လောက်ရှိမလဲ။**

အကြမ်းဖျင်းတော့ ဒိုင်၇၀ကျော်၊ ၈၀ကျော်လောက်ရှိမယ်ပေါ့။ ရန်ကုန်ကိုပို့တဲ့ဒိုင်ကြီး၊ စစ်တွေကို ပို့တဲ့ ဒိုင်ကြီးတွေကတော့ ၇ ဒိုင်၊ ၈ဒိုင်ပဲ ရှိတာပေါ့။

**ငါး၊ ပုစွန်ဒိုင်တွေ အားလုံး မုန်တိုင်းထိလား။**

ဒိုင်တိုင်း အားလုံးထိတာပေါ့။ သဘာဝဘေးအန္တရာယ်ကျလာတော့ အားလုံးထိတာပေါ့။ ဆုံးရှုံးမှု အနည်းအများပဲရှိတယ်ပေါ့။

**ဒိုင်တစ်ဒိုင်ဆို မတည်ဖို့ငွေဘယ်လောက်လိုလဲ။**

မတည်ငွေကတော့ ဘယ်ဒိုင်မဆို သိန်းတစ်ထောင်အထက်မှာပါ။ ဆုံးရှုံးမှုကလည်း ဘယ်ဒိုင်ပဲဖြစ်ဖြစ် သိန်းတစ်ထောင်လောက်တော့ ဘယ်ဒိုင်မဆိုထိတယ်။ တချို့ဆိုရင် ဒိုင်တွေ မုန်တိုင်းမှာ ပြိုသွားတဲ့ဟာဆိုရင် ဒိုင်တစ်ဒိုင်ပြန်ဆောက်မယ်ဆိုရင် သိန်းလေး၊ ငါး၊ခြောက်ဆယ်တော့ပြန်ကုန်မှာပေါ့။

**အခုရခိုင်မှာ ကျောက်ဖြူနဲ့ မုန်တိုင်းအဓိကထိသွားတဲ့ မြေပုံဟာ ရခိုင်တစ်ပြည်နယ်လုံးရဲ့ငါး ထုတ်လုပ်တဲ့ နေရာမှာ အရေးပါ တယ်လို့ ပြောလို့ရလား။**

ဒီကျောက်ဖြူကတော့ အရေးအပါဆုံးထဲမှာ ပါတာပေါ့။ မြေပုံဘက်ကလည်း အရေးပါပါ တယ်။

**ဒီနှစ်ပိုင်းမှာ ဂီရိကြောင့် ထုတ်လုပ်မှု ရခိုင်ပြည်နယ်မှာ ခန့် မှန်းခြေ ဘယ်နရာခိုင်နှုန်းလောက် ထိသွားနိုင်လဲ။**

ဒီနှစ်ပိုင်းအတွက် ၆၀-၇၀ ရာခိုင်နှုန်းလောက် ထိသွားမယ်ထင်တယ်။

**ခင်ဗျားပြောသလိုပဲ ရခိုင်မှာက ရေလုပ်ငန်းကိုပဲ အဓိကလုပ်ကြတယ်။ စိုက်ပျိုးရေးက အ နည်းအကျဉ်းပဲဆိုတော့ သူတို့ပြန် လည်ထူထောင်လာဖို့ဆိုရင် ဘာတွေလိုအပ် မယ်ထင်သလဲ။**

အားလုံး အကူအညီပေးတဲ့ အဖွဲ့တွေက ဥပမာ-သုံးသိန်းဆုံးရှုံးလို့ရှိရင် နှစ်သိန်းလောက် မတည်ပေးရင် သူတို့ဘဝပြန်နာလန်ထူမယ်ပေါ့။ အဲဒီအဆင့်မရောက်ရင်တောင် အဲဒီ အဆင့်နီးပါးတော့ အဆင်ပြေမယ်ပေါ့။ အဲဒီလိုမှ မပံ့ပိုးဘူးဆိုရင်တော့ ကျွန်တော်တို့ ဒေသအတွက် အခက်အခဲအများကြီးရှိမယ်ပေါ့။

**အဲဒီလိုပံ့ပိုးမယ်ဆိုရင်ရောပုံမှန်အခြေအနေပြန်ရောက်ဖို့ဘယ်လောက်ကြာမယ်လို့ထင်သလဲ။**

ကျွန်တော်ကတော့ အရင် အခြေအနေအတိုင်း ပြန်ရောက်ဖို့ ငါးနှစ်လောက်ကြာမယ်လို့ ထင်တယ်။ အကူအညီမရရင်တော့ ၁၅ နှစ်၊ နှစ် ၂၀နီးပါးလောက် ကြာမယ်ထင်တယ်။

**အဓိကလိုအပ်တာကတော့ ငွေကြေးပဲလား။**

အခုလက်ရှိကတော့ လှေလိုတာပေါ့။ နောက် ပိုက်၊ ကွန်တွေပေါ့။ ဒါတွေမရှိတော့ အလုပ်လက်မဲ့သူတွေ အခုအများဆုံးဖြစ်နေတယ်ပေါ့။

**အခုဒီမုန်တိုင်းရဲ့ အတွေ့အကြုံအရ ပြန်ပြီးတော့ မျှဝေချင်တာက ရေလုပ်ငန်းလုပ်တဲ့သူ တွေအထိအခိုက်အပျက်အစီးနည်းအောင် မုန်တိုင်းနဲ့ ကြုံလာရင် ဘယ်လိုလုပ်သင့်တယ် လို့ မြင်မိလဲ။**

ရမိတဲ့အသိကတော့ မုန်တိုင်းသတိပေးတာနဲ့ လွတ်ရာကျွတ်ရာရှောင်ရှားသင့်တယ်လို့ ထင်ပါတယ်။ နည်းတာများတာ နောက်ထားပေါ့။ ပစ္စည်းရောလူရော အားလုံးရှောင် သင့်တာပေါ့။ ဒါမှဆုံးရှုံးမှုအနည်းအပါးပေါ့။ ရွှေ့ပြောင်းလို့ မရတာတွေပဲ ဆုံးရှုံးမှာ လေ။

**ခင်ဗျားရေလုပ်ငန်းလုပ်ခဲ့တဲ့ ၁၁ နှစ်ဝန်းကျင်မှာ ဒီလောက်ကြီးတဲ့မုန်တိုင်းလာဖူးလား။**

ဒီလောက်တော့ မကြီးဘူးဗျ။ ၂၀၀၃ ခုနှစ်က တစ်ခါကြုံဖူးတယ်။ အဲတုန်းကလည်း လူတွေ အများကြီးသေတယ်။ အဲတုန်းက တွင်းတစ်တွင်းမှာ လူ ၁၈ယောက်လောက်မြုပ်ရ တာပေါ့။ ဒီထက်ဆုံးရှုံးမှုအများကြီး ရှိတာပေါ့။

**ဒီမုန်တိုင်းကြောင့် ခင်ဗျားသိန်းထောင်ချီဆုံးရှုံးခဲ့တယ်ဆိုတော့ ကိုယ်ဆုံးရှုံး သွားတဲ့ဟာအတွက် ပြန်ရအောင် ဘာတွေလုပ်ပေးပြီးပြီ လဲ။**

မုန်တိုင်းဖြစ်ပြီးတာ ၆ ရက်ရှိသွားပြီ။ ကိုယ့်အတွက်ဘာမှ မလုပ်သေးဘူး။ လူတွေအ တွက် အခက်အခဲဖြစ်နေတာကို ကူညီဖို့အတွက်ပဲလုပ်နေတာ။ အခု ဒီကလူတွေကို ကူညီဖို့လာတဲ့သူတွေကို လူအား၊ငွေအားစိုက်ပေးတာပေါ့။ မိုတယ်အတွက် အခက်အခဲ ရှိရင် အဆင်ပြေအောင်လုပ်ပေးတယ်။ သူတို့သွားချင်တဲ့နေရာ ရောက်အောင်ကူညီပြီး ပို့ပေးတယ်။

**အဲဒီအတွက် ကိုယ်ပိုင် ပိုက်ဆံဘယ်လောက်စိုက်လိုက်ရပြီလဲ။**

အဲ ၂၅ သိန်းဝန်းကျင်လောက် စိုက်လိုက်ရပြီပေါ့။ မုန်တိုင်းပြီး မနက်ကတည်းက ဒုက္ခ သည်တွေရှိတယ်ဆိုတာနဲ့ ဆန်တွေဝယ်ပြီးလှူတယ်။ နောက်အကူအညီလိုတဲ့နေရာ သတင်းအချက်အလက်တွေယူပြီး လှူတာပေါ့။

**အခုမုန်တိုင်းထိတဲ့ရခိုင်ဒေသ တစ်ခုလုံးအတွက် စိတ်အပူဆုံးကဘာဖြစ်မလဲ။**

စားဝတ်နေရေးပေါ့။ ဆန်မရှိတော့ အဲဒါစိတ်အပူဆုံးပေါ့။ ဒီနှစ်မိုးရာသီအတွက်ဆို ဆန်ဈေးတွေတက်လာမယ်။ တံငါသည် တစ်နေ့လုပ်တစ်နေ့စားတွေအတွက် ပိုက်တွေ ဘာတွေမရှိတော့ သူတို့အတွက်လည်းစိတ်ပူတယ်။

**ကျေးဇူးတင်ပါတယ်။**

# မိုးရွာမှာကို ကြောက်နေသူများ

အားမာန်



touf12Epft&,fuav;i,fwpf0DolÁay;ifvHedkwfvdkfy;DolY&yfolHyeáufmÿfSnfvm;aomavSwuf Epfckuvdÿ avS,fuduufavSe;DoÁyfpvkfonfavS,fay:oÁufavSy:rS&;Donfo;DHwifvdkfy;Demuf b*vm;yifv,ftmfoÁumcdfy;Durf;pyfoÁ;Dwnf avSfwfaeonfavSwufukdurf;uipfmukdfw,fdkf aomfvnfc&;Donfo;DHukdftav;cdufumifrufSukdH olt m;pdfxkwfonfrepfydf twif;olpkduf xkwfvkdfaomvkft m;aluminfajcmufmuyfol&vkdfonf

ဂီရိမုန်တိုင်းဒဏ် အဆိုးဆုံးခံခဲ့ရသော မြေပုံမြို့နယ်အတွင်းရှိ ပြင်ဝန်းကျေးရွာမှ ဒေသခံကလေးငယ်တစ်ဦး မုန်တိုင်းအလွန်ခြောက်ရက်မြောက်နေ့တွင် မိသားစုအတွက်ဝင်ငွေရှာဖွေနေခြင်းပင်။ ပင်လယ်ကမ်းခြေနှင့် ပေငါးဆယ်ဝန်းကျင်အကွာတွင် တည်ရှိနေသောအဆိုပါကျေးရွာမှ နေအိမ်အများစုမှာ အမှိုက်ပုံများ အတန်းလိုက်ပုံထားသလိုဖြစ်နေသည်။ အပျက်အစီးများကြားမှ နေအိမ်အချို့မှာ သစ်သားတိုင်နှင့်ဝါးတိုင်ထောင်၍ ဓနိ၊ တာပေါ်လင်စနှင့် ဝါးထရံများ ဖြစ်သလိုမိုး၍ ကပိုကရိုပြန်ဆောက်ထားသည်။

ဘင်္ဂလားပင်လယ်အော်ကို ‘ဂ’ကွေ့ပုံစံဝိုက်၍ တည်နေသော ပြင်ဝန်းရွာရှိ နေအိမ်လေးရာကျော်တွင် တစ်ထပ်အိမ်နိမ့်တစ်လုံးသာ အကောင်းအတိုင်းကျန်သည်။ ယခင်က အမိုးအကာများ ဖြစ်ခဲ့သော်လည်း ဂီရိကြောင့် အမှိုက်ဖြစ်သွားသော ပျဉ်စ၊ ဝါးခြမ်းအကျိုးအပဲ့၊ ဓနိ စသော အကြွင်းအကျန်များကိုစု၍ မီးရှို့ထားသဖြင့် ကမ်းစပ်တွင် မီးခိုးများကို နေရာအနှံ့တွေ့ရသည်။

“မုန်တိုင်းကို ငါးခါကြုံဖူးပြီ၊ ဒီတစ်ခါအဆိုးဆုံးပဲ”အသက် ၇၈နှစ်အရွယ် ပြင်ဝန်းကျေးရွာမှ အဘွားဒေါ်မမကြီးက ဂီရိကို အဓိပ္ပာယ်ဖွင့်သည်။ လူဦးရေနှစ်ထောင့်တစ်ရာကျော်ရှိသော ယင်းရွာတစ်ရွာလုံးမှ ရွာခံအများစုသည် မုန်တိုင်းအလွန် ခြောက်ရက် အောက်တိုဘာ ၂၇ ရက် ရောက်သည့်တိုင် စားရေးသောက်ရေးနေရေးအတွက် အဓိကရုန်းကန်နေရဆဲဖြစ်သည်။

ဂီရိဆိုင်ကလုန်းမုန်တိုင်းကြီးကြောင့် ကိုယ့်အိမ်တွင် လုံလုံခြုံခြုံနေနိုင်သည့်ဘဝမှ အိုးမဲ့အိမ်မဲ့ဖြစ်သွားသည့် ကျေးရွာများမှာ ပြင်ဝန်းကျေးရွာသာမဟုတ်။ မြေပုံမြို့နယ်အတွင်းရှိ အုန်းချောင်း၊ ပြိုင်းချောင်း၊ နှာမောင်းကျ၊ ဘီလူးဆွေ၊ အမျက်ထွက်၊ ငပသုန်၊ ကျွန်းသာယာ စသောကျေးရွာများစွာပါဝင်သည်။ ထို့အပြင် ပေါက်တောမြို့နယ်၊ ကျောက်ဖြူမြို့နယ် စသောမြို့နယ်များရှိ ကျေးရွာနှင့်ရပ်ကွက် အများစုတွင်လည်း အလားတူပင်။ သက်ဆိုင်ရာကတရားဝင်ထုတ်ပြန်သောစာရင်းအရ သေဆုံးသူနှင့်ပျောက်ဆုံးသူမှာ လေးဆယ်ကျော်သာရှိသော်လည်း၊ ကယ်ဆယ်ရေးလုပ်ကိုင်နေသော လူမှုရေးအသင်းအဖွဲ့များထံမှရရှိသော စာရင်းအရ သေဆုံးပျောက်ဆုံးသူမှာ တစ်ရာကျော်နေပြီဖြစ်သည်။

မုန်တိုင်းကြောင့် ကွယ်လွန်သွားသူများမှာ ဒုက္ခများ အေးငြိမ်းသွားပြီဖြစ်သော်လည်း အရေးကြီးသည်က ကျန်ရစ်သောမုန်တိုင်းသင့်ပြည်သူများကို အချိန်မီအကူအညီများပေးအပ်ရေးဖြစ်ကြောင်း ဒေသခံနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ကိုင်နေသော အဖွဲ့အစည်းများကဆိုကြသည်။

မုန်တိုင်းနှင့် မကြာခဏရင်ဆိုင်ဖူးသော ရခိုင်ဒေသခံတို့အတွက် မုန်တိုင်းဗဟိုတိုက်ခတ်ခံရသည့်ဒေသများမှာ လေတိုက်နှုန်း မိုင် ၁၄၀ ကျော်ရှိခဲ့သည့်ဂီရိက အခက်အခဲနှင့် ဒုက္ခများစွာယူဆောင်လာသည်။ ထို့ကြောင့် ဒေသခံအများစုက မုန်တိုင်းများစွာကြုံဖူးသော်လည်း ဂီရိက ဖျက်အားအပြင်းဆုံးဟု တညီတညွတ်တည်းပြောကြသည်။

ဆင်ရိုင်းကြီးကဲ့သို့ ဖျက်အား ပြင်းသောဂီရိကြောင့် အဝတ်တစ်ထည်၊ ကိုယ်တစ်ခုဖြင့် ကျန်နေခဲ့သော ဒေသခံများစွာအတွက် ရေတိုအတွက် စားဝတ်နေရေးအပြင် ရေရှည်အတွက် လုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရန် အကူအညီများစွာလိုအပ်နေသည်ကိုလည်းတွေ့ရသည်။

“မုန်တိုင်းသင့်ဒေသအားလုံး မှာ ၈၅၊ ၉၀ ရာခိုင်နှုန်းလောက်က ရေလုပ်ငန်းလုပ်တာ။ ကျန်တာက စိုက်ပျိုးရေး။ ဒီလုပ်ငန်းအားလုံးထိတယ်။ မိုးနှောင်းမုန်တိုင်းဖြစ်လို့ သိုလှောင်ထားတဲ့စပါးတွေ ကုန်ခါ နီး၊ အသစ်ထွက်မယ့်မိုးစပါးတွေ အကုန်ပျက်စီးကုန်တယ်။ ရေလုပ်ငန်းကိုလည်း တော်တော်ကြီး ထိခိုက်သွားတော့ ဒါကိုလူထုအနေနဲ့ ဘယ်လိုမှမလုပ်နိုင်ဘူး။ ကိုယ့်ဟာကိုယ်ရုန်းကန်နေကြရတော့ တစ်ယောက်ကိုတစ်ယောက် မကယ်နိုင်ဘူး။ လူထုနဲ့အစိုးရဝိုင်းဝန်းပြီး ကူညီဖို့လိုပါတယ်”ဟု ကျောက်ဖြူမြို့မှ စီးပွားရေးလုပ်ငန်းရှင် ဦးဇော်ဝင်းမြင့်က ဂီရိအလွန် ပြန်လည်ထူထောင်ရေးအတွက် သူ၏အမြင်ကိုပြောသည်။

“အမိုးမရှိဘူး၊ အကာမရှိဘူး၊ ပိုက်ဆံမရှိဘူး၊ မိုးရွာရင် နေစရာမရှိဘူး”ပြင်ဝန်းရွာမှ အသက် ၃၅နှစ်အရွယ် ကိုသိန်းရွှေက မုန်တိုင်းအလွန် သူ၏ အခြေအနေကို ဖွင့်ဟသည်။ မည်သည့်အကူအညီ လိုသလဲဟု သူ့အားမေးသည်တွင် ဆန်၊ အဝတ်အထည်၊ အချိုမှုန့်၊ နှမ်းချဉ်၊ ဓား၊ ဟင်းချက်ရန် အိုးနှင့် ပန်းကန်ပြား၊ ဇွန်းတို့လိုကြောင်း အိမ်ပြန်ဆောက်နေရင်းက တစ်လုံးချင်း ရွတ်ပြသည်။

စားစရာနှင့်နေစရာ အရေးပေါ်အကူအညီများ လိုအပ်နေဆဲဖြစ်သော်လည်း ဒေသခံများမှာ ရသည့် ဝါး၊ဓနိတို့ဖြင့် အိမ်ပြန်ဆောက်နေသူများစွာ တွေ့ရသည်။ အာဟာရအတွက် ကယ်ဆယ်ရေးမှ ပေးအပ်သောဆန်နှင့် တစ်မျိုးတည်းသာရှိသော အုန်းပင်အူကို ချက်ထားသောဟင်းဖြင့် မြိန်ရှက်စွာစား၍ အားမွေးနေကြသည်။

“ဘာတွေစားကြလဲဆိုတော့ ဆန်ကတော့ ရေစိုဆန်ကို မျှစားတယ်။ ဟင်းကတော့ အုန်းပင်အဖူးရယ်၊ သင်္ဘောအူတွေကိုရတာ ချက်စားတာပေါ့။ ဒါကိုပဲ ၂၅ရက်(အောက်တိုဘာ ၂၅)ကစပြီး ရေစိုဆန်ကုန်လို့ မြို့ပေါ်တက်ပြီး လာအလှူခံတာ” ကျောက်ဖြူမြို့နယ် အစိုင်းကြီးကျေးရွာမှ ဘုန်းတော်ကြီးဦးစန္ဒိမာက မိန့်ကြားသည်။ အစိုင်းကြီးရွာတွင် အိမ်ခြေ ၄၂ အိမ်ရှိပြီး၊ မုန်တိုင်းအလွန်တွင် တစ်အိမ်မျှ အကောင်းမကျန်ခဲ့ပေ။

အစိုးရနှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ စေတနာရှင် ပြည်သူများနှင့်လူမှုရေးအသင်း အဖွဲ့များက မုန်တိုင်းသင့်သည့် ကျေးရွာများသို့ အရောက်သွားကာ ကူညီလှူဒါန်းနေကြသော်လည်း အကူအညီများက လိုအပ်နေဆဲဖြစ်သည်။ ၂၀၀၈ ခုနှစ်၊ မေလက ဧရာဝတီနှင့် ရန်ကုန်တိုင်းတို့ကို ဝင်မွှေခဲ့သော နာဂစ်ဆိုင်ကလုန်း

မုန်တိုင်းကဲ့သို့ ဂီရိမှာလည်း အင်အားကြီးသည်။သို့သော် ရခိုင်ကမ်းရိုးတန်းရှိမြို့နယ်၊ ကျေးရွာ အများစုမှာ သဘာဝအလျောက် မုန်တိုင်းခိုရန် တောင်ကုန်းများရှိ၍ ပျက်စီးဆုံးရှုံးမှုနည်းခဲ့ခြင်းဖြစ်သည်။ နာဂစ်လောက် မဆုံးရှုံးသော်လည်း ကျန်နေခဲ့သောဒေသခံများအတွက် နာဂစ်ကဲ့သို့ လူထုထံမှ စေတနာနှင့် အကူအညီများ လိုအပ်နေသည်ကိုလည်းတွေ့ရသည်။

ချီးကျူးစရာကောင်းသည်မှာ ကိုယ်တိုင်မုန်တိုင်းသင့်သော်လည်း မိမိထက်အခြေအနေဆိုးသူများကို ဝိုင်းဝန်းကူညီနေသော ဒေသခံလုပ်ငန်းရှင်များဖြစ်သည်။

"မုန်တိုင်းဖြစ်ပြီးတဲ့နေ့ကတည်းက အိမ်ကိုမပြန်ဖြစ်ဘူး။ ဝါယာတစ်ပင်မကိုင်ဖြစ်ဘူး။ ဒါ့ကြောင့် မိန်းမရယ် အစ်မရယ်က ဆို စကားတောင်မပြောဘူး။ မနက်မိုးလင်းကနေ မိုးချုပ်အထိ ဒီသာသနာ့ဗိမာန်မှာပဲ











လေဘေးဒုက္ခသည်တွေအတွက်အလှူခံပြီး ထမင်းထုပ်လိုက်ဝေနေတာ" ဟု ကျောက်ဖြူမြို့မှ စီးပွားရေးလုပ်ငန်းရှင် ဦးမောင်မောင်အောင်ကပြောသည်။ သူနှင့် မြို့ပေါ်ရှိ သူငယ်ချင်းများ ဖွဲ့စည်းလိုက်သော လူငယ်အဖွဲ့က မြို့ပေါ်ရှိ မုန်တိုင်းသင့်ဒုက္ခသည်များကို အောက်တိုဘာ ၂၃ ရက်နေ့မှ ယနေ့အချိန်ထိ စားနပ်ရိက္ခာများ ထောက်ပံ့ပေးနေခြင်းဖြစ်သည်။ ထို့အပြင် မုန်တိုင်းဒဏ် အဆိုးဆုံးခံခဲ့ရသော ကျေးရွာများ သတင်းကို စုံစမ်း၍ ဒေသအစုံမှ လှူဒါန်းမည့်သူများကို ကူညီပေးလျက်ရှိသည်။

"မုန်တိုင်းဖြစ်ပြီးတာ ခြောက်ရက်ရှိသွားပြီ။ ကိုယ့်အတွက် ဘာမှမလုပ်သေးဘူး။ လူတွေအတွက် အခက်အခဲဖြစ်တာကို ကူညီဖို့လုပ်နေတာ"ဟု ကျောက်ဖြူမြို့မှ ရေလုပ်ငန်းရှင် ကိုလှမျိုးအောင်ကလည်း ပြောသည်။ ဂီရိကြောင့် သူကိုယ်တိုင် ကျပ်သိန်းပေါင်းထောင်ချီ၍ ဆုံးရှုံးခဲ့သော်လည်း ကိုယ်ရေးကိုယ်တာထက် အများအကျိုးကို သူဦးစားပေးနိုင်နေဆဲဖြစ်သည်။

ဤသည်ကပင် မုန်တိုင်းများကြားမှ မယိမ်းမယိုင်ရှိနေသော ရခိုင်သားတို့၏ စိတ်ဓာတ်ကို လှစ်ပြနေသည်။ အောက်တိုဘာ ၂၆ရက် ညစနာရီ၌ ကျောက်ဖြူမြို့နယ် သာသနာ့ဗိမာန်ရှေ့ မီးရောင်မှိန်မှိန်အောက်တွင် လူတစ်စုတန်းစီနေသည်။ အသက်၁၄နှစ်အရွယ် နေမျိုးလင်းတစ်ယောက် သူ့ခွဲတမ်း ထမင်းနှင့်ဟင်းထုပ်ကိုရသည်နှင့် ကယ်ဆယ်ရေးစခန်းသို့ပြန်ရန် ခြေလှမ်းပြင်လိုက်သည်။ ထူးကဲဒီရေနှင့်ဂီရိမုန်တိုင်းကြောင့် ကျိုးပျက်သွားသော ဆားပြင်ကွင်းတာတမံကို မြေဖို့ပြီးနောက် ခွဲတမ်းရသည့်ထမင်းထုပ်ဖြင့် ယာယီကယ်ဆယ်ရေးစခန်းဖွင့်ထားသော အထက(၂) သို့ပြန်ရန်ခြေလှမ်းပြင်ခြင်းဖြစ်သည်။

"ဝင်ကူချင်လို့လုပ်တာပါ။ ပိုက်ဆံလိုချင်လို့မဟုတ်ဘူး။ သူတို့ပိုက်ဆံမပေးလည်း ဝင်လုပ်ပေးမှာပဲ"ဟု ၈တန်းကျောင်းသား နေမျိုးလင်းက တာဝိုင်းဆယ်ပေးခြင်း၏အကြောင်းရင်းကို ရှင်းပြသည်။ ကယ်ဆယ်ရေးစခန်းရောက်နေသော်လည်း လုပ်အားပေးလိုသူများ ခေါ်သည်တွင် သူ့ထက်ခွန်အားနှင့် အသက်များစွာကြီးသော အမျိုးသားများနှင့်အတူ လုပ်အားပေးခဲ့ခြင်းပင်။ နှစ်ရက်တိုင် လုပ်အားပေးခဲ့ခြင်းအတွက် လုပ်အားခ သုံးထောင့်ငါးရာကျပ်ရသည်။

အောက်တိုဘာ ၂၇ရက် ညဦးပိုင်းက ပြင်ဝန်းကျေးရွာ ကမ်းစပ်၌ အဆိုတော်ကောင်းမြတ်၏ 'ချစ်ခွင့်ရချင်ပြီ'တေးသီချင်းသံက ပျံ့လွင့်နေသည်။ မီးစက်နိုး၍ ရွာခံအချို့က ဗီစီဒီအခွေကြည့်ကာ စိတ်အပန်းဖြေနေကြခြင်းပင်။ မဲမှောင်နေသော ကမ်းစပ်တွင် ရွာခံအမျိုးသားနှင့် အမျိုးသမီးငယ်အချို့က အေးအေးလူလူ လမ်းလျှောက်နေသည်။

"ဒီရွာမှာ မုန်တိုင်းမဝင်ခင်က လက်ဖက်ရည်ဆိုင်ငါးဆိုင်၊ ဗီဒီယိုရုံငါးရုံရှိတယ်။ ဗီစီဒီစက်ကတော့ အိမ်တော်တော်များများမှာရှိတယ်။ မရောက်ဖူးတဲ့လူတွေက မြို့နယ်လေးလို့တောင်ထင်တယ်။ ဂီရိလည်းဝင်ပြီးရော၊ ကိုယ့်အိမ်ကိုယ်မှန်းလို့တောင်မရဘူး"ဟု ရွာခံဒေါ်ငွေးကြည်က မုန်တိုင်းမတိုင်ခင်နှင့် မုန်တိုင်းအလွန် မြင်ကွင်းများကို သရုပ်ဖော်ပြသည်။

သူမ၏အဆိုကို မြေပုံမြို့မှ ပြောင်းလာသော မူလတန်းကျောင်းဆရာမဒေါ်ဇင်မာကျော်က ထောက်ခံသည်။ ဂီရိမတိုင်ခင်က ပြင်ဝန်းရွာမှာ ရေလုပ်ငန်းနှင့် အရောင်းအဝယ်များစွာတွင်ကျယ်ပြီး မြို့ငယ်လေးအလား ထင်မှတ်ခဲ့ရသည်ဟု သူမက ထပ်လောင်းပြောသည်။ သို့သော် ဂီရိအလွန်တွင်မူ အချိန်တိုင်း မိုးရွာမည်ကို ပူပန်နေမိသည်ဟု သူမက ဆက်လက်ဖွင့်ဟသည်။

"ကမ်းခြေမျက်နှာစာက ဆိုင်ခန်းတွေချည်းပဲ။ အပြင်က ပြန်လာရင် ကမ်းခြေက မီးတွေထိန်လင်းပြီး ငါတို့ရွာက စင်ကာပူအတိုင်းပဲလို့တောင် သူငယ်ချင်းတွေနဲ့ ရယ်စရာပြောဖြစ်တယ်။ အခုတော့ မိုးရွာမှာစိတ်ပူတယ်။ လူတွေက အမိုးအကာကောင်းကောင်းမရှိသေးတော့ မိုးရွာရင် ဖျားနာကြမှာ"ဟု အသက် ၂၉ နှစ် အရွယ် ဒေါ်ဇင်မာကျော်က သူမ၏ပူပန်မှုကိုမျှဝေသည်။

ကျောက်ဖြူမြို့မှ ကိုလှမျိုးအောင်ကလည်း သူ၏ပူပန်မှုကို အောက်ပါတိုင်း ဖွင့်ဟသည်။ "အရင်က ကျွန်တော်တို့ရခိုင်က မုန်တိုင်းလာရင် မကြောက်ဘူး။ အခုချိန်ကျရင်တော့ တော်တော်ကြောက်နေကြပြီ။ လှေမရှိ၊ ပိုက်မရှိ၊ ဆန်မရှိ၊ အမိုးမရှိကြတော့လို့"။ ။

## ကျောက်ဖြူမြို့နယ်၊ ကြက်ခြေနီခရိုင်ဦးစီးမှူးနှင့်တွေ့ဆုံခြင်း

**အားမာန်**

ဂီရိမုန်တိုင်း ဝင်ခဲ့သော်လည်း ကျောက်ဖြူမြို့တွင် လူသေဆုံးထိခိုက်ဒဏ်ရာရရှိမှု နည်းပါးခြင်းမှာ မုန်တိုင်းသတင်းကို ကြိုတင်သတိပေးနိုင်ခဲ့ခြင်းကြောင့်ဟု မြို့ခံများက ဆိုကြသည်။ မုန်တိုင်းသတင်းကို လူထုသို့ ကြိုတင်သတိပေးရာတွင်နှင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အဓိကပါဝင်ခဲ့သော ကျောက်ဖြူခရိုင်ကြက်ခြေနီအသင်းဦးစီးမှူးဦးစိုးနိုင်နှင့် အောက်တိုဘာ ၂၇ရက်က တွေ့ဆုံမေးမြန်းထားမှုများမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**မုန်တိုင်းဝင်လာတော့မယ်လို့ကြေညာတာ ဘယ်နေ့ ဘယ်အချိန်ကလဲ။**

၂၂ ရက်၊ ၁၁ နာရီ၊ ၁၂ နာရီဝန်းကျင်ပေါ့။ မုန်တိုင်းကတော့ မဝင်သေးဘူး။ ဝင်တော့မယ်။ မိုးဇလဦးစီးက ကျွန်တော်တို့ကို ဖုန်းဆက်တယ်။ ကျွန်တော်တို့က မြို့ပေါ်မှာ လှုပ်ရှားနေပါပြီ။ နံပါတ်(၁)အချက်ကတော့ မကြာမီအတွင်းမှာ မုန်တိုင်းဝင်တော့မယ်။ ဒါကြောင့်အရေးကြီးတဲ့ စာရွက်စာတမ်းတွေသိမ်းဖို့ရယ်၊ သက်ကြီးရွယ်အိုတွေပြောင်းရွှေ့ဖို့ရယ်၊ စားနပ်ရိက္ခာတွေ စုဆောင်းဖို့ရယ်၊ မုန်တိုင်းက တစ်နာရီမိုင် ၇၀ နှုန်းနဲ့တိုက်မယ်ဆိုတာရယ်ပေါ့။ ကြေညာလို့ပြီးတာနဲ့ စတိုက်ရော။ ဆေးရုံပြေးတယ်၊ အောက်ဆောင်က လူနာတွေကို အပေါ်ပြောင်းလိုက်တယ်။ ပြီးတော့ ကျွန်တော်ကြက်ခြေနီရုံး ပြန်လာတယ်။ နောက်ပြီးတော့ မုန်တိုင်းက တဖြည်းဖြည်းကြီးကြီးလာတော့ ဘယ်လိုဖြစ်မလဲမသိဘူးဆိုပြီး အရေးကြီးဆုံး လူ ၂၀လောက်မြို့ပတ်ပြီး ထွက်လိုက်တော့ လေးနာရီလောက်ဆို ဘယ်လိုမှထွက်မရတော့ဘူး။ လေတွေကအရမ်းတိုက်နေလို့၊ ည ၁၀နာရီ လောက်မှာ ကျွန်တော်တို့ တစ်ခေါက်ထွက်ကြည့်တော့ဘာမှမမြင်ရတော့ဘူး။ နောက်ပြန်လာပြီးရုံးမှာ အစည်းအဝေးထိုင်တယ်။ မနက် ၅နာရီကနေစထွက်တယ်။ ကျွန်တော်တို့ဓားတွေနဲ့ အကုန်လမ်းတွေရှင်းတယ်။

**မုန်တိုင်းမလာခင် ဘယ်နရက်ကြိုသတိပေး နိုင်ခဲ့သလဲ။**

၂၁ ရက်ရယ်၊ ၂၂ ရက်ရယ်ပေါ့။ ၂၁ရက်က ညနေတစ်ခေါက်လိုက်ပြီး ပါးစပ်နဲ့ ကိုယ်တိုင်ပြောတယ်။ ၂၂ရက်နေ့တော့ မိုက်နဲ့အော်လံနဲ့ အော်ပြီး သတိပေးတယ်။

**၂၁ ရက်က ပါးစပ်နဲ့လိုက်ပြောတယ်ဆိုတာ ဘယ်လိုလဲ။**

**ပြီးတော့ဘယ်လောက်ပြောင်းရွှေ့ကြလဲ။**

ဦးတို့ အဲလိုလိုက်ပြောတော့ပါးစပ်နဲ့ ပြောတာကတော့ မုန်တိုင်းဝင်မယ်။ ဝင်နိုင်တဲ့အတွက်ကြောင့် ကမ်းနဲ့နီးစပ်ရာ လူတွေအကုန်ပြောင်းရွှေ့ကြပေါ့။ ပြောင်းရွှေ့ကြပါတယ်။ (လူဦးရေ) ၄,၀၀၀လောက်ပေါ့။ သက်ကြီးရွယ်အိုတွေလည်း ပါပါတယ်။ ပိစိပိစိတွေရော၊ ကလေးတွေ ရောပေါ့။

**ဦးက ကိုယ်တိုင်လုပ်ခဲ့တဲ့သူဆိုတော့ ပျက်စီးတာ ပစ္စည်းတွေနည်းပြီး မထိခိုက်တာအဓိက ဘာကြောင့်လို့ထင်ပါလဲ။**

ကြိုပြီးသတိပေးနိုင်ဆို မိုးဇလနဲ့ ဆက်စပ်ရတယ်။ အာဏာပိုင်အဖွဲ့အစည်းတွေ အဲဒီတွေက သတင်းတွေရလို့ပေါ့။ အဲဒါတွေ ရတာကို ပြည်သူတွေဆီ တစ်ခါတည်း ပြန်ပြောနိုင်တာပေါ့။ သတင်းပေးတာမြန်တာကအဓိကပေါ့။ ခံရတာကတော့ ဘေးဒဏ်ကြောင့်ပဲခံရတာပေါ့။ မုန်တိုင်းမှဝင်ရင် ဒီလောက်တော့ ခံရမှာပဲလေ။

**ကြိုပြီးတော့ မပြင်လိုက်နိုင်ဘူး ဆိုရင် ဘယ်လိုဖြစ်မယ်လို့ထင်လဲ။**

ကြိုမပြင်နိုင်ဘူးဆိုရင်တော့ သေကြမှာပဲအကုန်။ ကမ်းနားမှာ ရှိတဲ့အိမ်တွေက များတာကိုး ကျွန်တော်တို့ ဒေသက။

**ဦးတို့ကြက်ခြေနီက အဖွဲ့ဝင် ဘယ်နယောက်ရှိလဲ။**

၅၂ ဦးပါ။ အခုလုပ်နေတာ။ ကော်မတီ ၇စုဖွဲ့ပြီးတော့လုပ်နေ ပါတယ်။ ကိုယ့်အုပ်စုနဲ့ပေါ့။ စီမံ ခန့်ခွဲရေးတာဝန်၊ ပြန်ကြားရေးတာဝန်၊ စစ်ရေးအဖွဲ့တာဝန်၊ ကယ်ဆယ်ရေးအဖွဲ့စသဖြင့် ကိုယ့်အဖွဲ့နဲ့ကိုယ်ပေါ့။ တာဝန်ခွဲထားတာပါ။

**အခုဦးတို့ရွှေ့ပေးလိုက်ရတာနဲ့ ပြောင်းပေးရတာကယ် ဆယ်ရေးစခန်းမှာဘယ်လောက် ရှိလဲ။**

အခုတော့ ရောက်တဲ့လူလည်း ပြေးပါတယ်။ ပထမ ၅၆၅၆ ဦးရှိတယ်။ အခုလောလောဆယ် ၃၀၀၀ကျော်ပဲရှိတော့တယ်။ အဓိကကတော့ ဆင်းရဲနွမ်းပါးတဲ့ လူတွေပေါ့။ ရေမဆယ်နိုင်တဲ့လူတွေပေါ့။

**ဒီမုန်တိုင်းမှာ ဦးတို့ကြက်ခြေ နီအနေနဲ့ စွမ်းဆောင်မှုကို ကျေ နပ်အားရမှုရှိရဲ့လား။**

ကျေနပ်အားရမှုတော့ ရှိပါတယ်။ ဘာဖြစ်လို့လဲဆို ကွင်းဆင်းဆောင်ရွက်နိုင်မှုရှိတယ်။ ကျွန်တော်တို့အတွက် အောင်မြင်မှုတစ်ခုပေါ့။

**ကျောက်ဖြူမြို့နယ်မှာ ကျေးရွာနဲ့ရပ်ကွက်ပေါင်း ဘယ်လောက်ကို မုန်တိုင်းထိလဲ။**

ရွာနဲ့ရပ်ကွက်နဲ့ပေါင်း ၂၅ခုပေါ့။ ရပ်ကွက်ကမြို့ပေါ်တော့ ၁၀ ရပ်ကွက်ပေါ့။ အားလုံးထိတယ်ပေါ့။ ကျေးရွာက ၁၅ခုပေါ့။

**ဦးဒီမှာ တာဝန်ထမ်းတာ ဘယ် နှစ်နှစ်ရှိပြီလဲ။**

၂၃ နှစ်ရှိပါပြီ။

**ဦးအသက်အရွယ်အရ ဒီလို မုန် တိုင်းမျိုးကြုံဖူးလား။**

ကြုံဖူးပါတယ်။ ၃၊ ၄ ခါ။ အသက် ငယ်ငယ်လေးကတည်းကပါ။ အပြင်းဆုံးက ဒါပါပဲ။ သေတာတော့ တော်တော်လေးလျော့တယ်ပေါ့။

**မုန်တိုင်းသင့် ပြည်သူတွေအတွက် အဓိကလိုအပ် ချက်ဘာတွေလဲ။**

အဓိကလိုတာကတော့ ပြန်လည်ထူထောင်ရေးအတွက် အမိုး၊ အကာတွေ၊ ဝါးတို့ ဓနိတို့ပေါ့။ ဒါတွေလည်း အခု အာဏာပိုင်အဖွဲ့အစည်းကဆောင်ရွက်ပေးနေပါပြီ။ ဒီနေ့စပြီး လုပ်ပေးမယ် ထင်ပါတယ်။ အလကားပေးမယ်တဲ့။ ပြီးတော့ တခြားအန်ဂျီအိုတွေလည်း ရောက်နေပါပြီ။

**ကျေးဇူးတင်ပါတယ်။**

**- ပြင်ဆင်ဖတ်ရှုပါရန်**

7Day News ဂျာနယ် အတွဲ(၉) အမှတ်(၃၂) ဂီရိမုန်တိုင်းသင့်သူများ အရေးပေါ် အကူအညီလိုအပ်သတင်းမှ 'ကျောက်ဖြူသာသနာ့ဗိမာန်တွင် အောက်တိုဘာ ၂၄ ရက် ညနေ၄နာရီအထိ ကျပ်ငွေသိန်း၁၀၀ကျော်ရရှိပြီး'စာသားအစား 'ငွေကျပ်ကိုးသိန်းတစ်သောင်းကျော်ရရှိပြီး'ဟု ပြင်ဆင်ဖတ်ရှုပါရန်။ အယ်ဒီတာ

Giri Special Report

7DAY NEWS JOURNAL

Vol.9, No.33 · NOVEMBER 4, 2010

# ဂီရိမုန်တိုင်းကြောင့် တာတမံများ ပျက်စီး၍ လယ်မြေများစွာ ပျက်စီးဆုံးရှုံး

**မြင့်မြတ်ဖြူ**

**ကျောက်ဖြူ၊ အောက်တိုဘာ-၃၁**

ရခိုင်ပြည်နယ်အတွင်း ဝင်ရောက်တိုက်ခတ်သွားသော ဂီရိမုန်တိုင်းကြောင့် ကျောက်ဖြူ၊ မြေပုံ၊ ရမ်းဗြဲနှင့် မာန်အောင်စသော ဒေသများတွင် တာတမံများ ပျက်စီးပြီး ဆားငန်ရေ လွှမ်းမိုးခဲ့သည့်အတွက် လယ်ဧကများစွာ ပျက်စီးခဲ့ကြောင်း သိရသည်။



အုန်းချောင်းရွာမှ ပျက်စီးနေသော စပါးခင်းများ။ ဓာတ်ပုံ - စကော်လာအဖွဲ့

"ဒီဒေသတွေက ရေလုပ်ငန်းနဲ့ စိုက်ပျိုးရေးလုပ်ကြတာ ၈၅ ရာခိုင်နှုန်းကျော်လောက်ရှိတယ်။ အခုမုန်တိုင်းကြောင့် တာတမံတွေ ပျက်စီးပြီး လယ်တွေရေဖုံးလွှမ်းသွားတယ်။ ပုစွန်ကန်တွေ ပျက်စီးတယ်။ ဒီတာတမံတွေကို အမြန်ဆုံးပြန်ဆယ်နိုင်မှသာ စိုက်ပျိုးရေးလုပ်ငန်းတွေ ပြန်လည်လုပ်ဆောင်နိုင်ကြမယ်" ဟု ကျောက်ဖြူမြို့ ရွှေမိုးစာပေမှ ဦးဇော်ဝင်းမြင့်က ပြောသည်။

ဂီရိမုန်တိုင်းကြောင့် ကျောက်ဖြူမြို့နယ်တွင် လယ်မြေ ၁၄,၅၆၉ ဧက ပျက်စီးသွားခဲ့ပြီး အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရန်ဆောင်ရွက်လျက်ရှိကြောင်း ကျောက်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်ကြီးမြင့်မောင်က 7Day News သို့ပြောသည်။

မြေပုံမြို့နယ် မုန်တိုင်းသင့်ကျေးရွာများအနက် မုန်တိုင်းဒဏ်ဆိုးဝါးစွာ ခံခဲ့ရသည့် ကျေးရွာ ၁၅ ရွာတွင် လယ်မြေ ၆၀၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။

"ထူးကဲ ဒီရေတက်တဲ့အချိန်မှာ မြေပုံမြို့နယ် ငမန်းရဲကျွန်းမှာ လယ်မြေဧက ၂၀၀၀၀ ကျော် ရေဝင်ပျက်စီးခဲ့ပါတယ်။ အခု မုန်တိုင်းတိုက်တော့ နောက်ထပ်ဧက ၃၀၀၀၀ ကျော်ပျက်စီးခဲ့ပါတယ်" ဟု ဦးမောင်မောင်သိန်းဖေက ပြော သည်။

ရမ်းဗြဲမြို့နယ်တွင် တာတမံပေါင်း ၁၁၀ ကျော် ပျက်စီးပြီး လယ်ဧက ၁၅၀၀၀ ကျော် ပျက်စီးခဲ့ကြောင်း ရမ်းဗြဲမြို့နယ်မှ ဦးသန်းမောင်ဦးက ပြောသည်။

ကျောက်ဖြူမြို့နယ် ရွှေညိုမကျေးရွာတွင် လယ်မြေဧက ၁၇၀၀ ကျော် ပျက်စီးဆုံးရှုံးသွားပြီး ဒီရေ ၆ ပေခန့် တက်ခဲ့ကြောင်း ယင်းရွာမှ ဦးမောင်သန်းအောင်က ပြောသည်။

မြေပုံမြို့နယ် ကုက္ကိုကျေးရွာတွင်လည်း ဒီရေတက်၍ လယ်မြေ ၁၆၅၀ ဧကဆုံးရှုံးသွားပြီး သောက်သုံးကန်များသို့ ဒီရေဝင်ရောက်ခဲ့သည့်အတွက် သောက်သုံးရေပင် အခက်အခဲ ဖြစ်လျက်ရှိကြောင်း ၎င်းကျေးရွာမှ ဦးမောင်သိန်းထွန်းမှ ပြောသည်။

ကျောက်ဖြူမြို့နယ်အတွင်း ချို့ယွင်းသွားသော တာတမံများအနက် လေပွေ့တာကို ဆည်မြောင်းဦးစီးဌာနနှင့် ဒေသအာဏာပိုင်တို့က ဆယ်ယူလျက်ရှိပြီး အခြားတာတမံများကိုလည်း ကိုယ်ထူကိုယ်ထစနစ်များဖြင့် ဆယ်ယူလျက်ရှိကြောင်း သတင်းရရှိသည်။

## မုန်တိုင်းသင့်ပြည်သူများအတွက် အသင်းများက အလှူခံ

**သန်းငွေး**

**ရန်ကုန်၊ အောက်တိုဘာ - ၂၉**

ဂီရိဆိုင်ကလုန်း မုန်တိုင်းဒဏ်သင့် ရခိုင်ပြည်နယ်ရှိ မြို့နယ်အသီးသီးအတွက်ရန်ကုန်ရောက် မြို့နယ်အသင်းခွဲများတွင်လည်း လေဘေးကူညီရေးအဖွဲ့များ ဖွဲ့စည်းကာအလှူခံလျက်ရှိကြောင်း မြေပုံမြို့နယ်အသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးဘသိန်းက ပြောကြားသည်။

"ရခိုင်မှာ မြို့နယ်ဆယ်ခုနစ်မြို့နယ်၊ လူဦးရေသုံးသိန်းကျော်ရှိတဲ့အထဲက ကျွန်တော်တို့ မြေပုံမြို့နယ် တစ်ခုလုံးက ကျန်တဲ့မြို့နယ်တွေထက် ပိုမိုဆိုးရွားစွာလေဘေးဒဏ်ခံခဲ့ရပါတယ်။ လေဘေးကူညီရေးအဖွဲ့ ဖွဲ့စည်းပြီးစေတနာရှင်တွေဆီက ကူညီပံ့ပိုးမှုကိုလိုအပ်နေပါတယ်" ဟုအောက်တိုဘာ ၂၉ ရက်ညနေက 7Day News သို့တယ်လီဖုန်းဖြင့် ၎င်းကိုယ်တိုင် ပြောကြားသည်။

မြေပုံမြို့နယ်တွင် မြို့ပေါ်ရပ်ကွက်များ အပါအဝင် အိမ်ခြေ ၅,၀၀၀ ကျော်ပျက်စီးခဲ့ပြီး အဆိုပါပျက်စီးမှုသည် မြေပုံမြို့နယ်၏ ၈၀ ရာခိုင်နှုန်းခန့်ရှိကြောင်း ၎င်းကပြောကြားသည်။ အိမ်ကြီးအိမ်ကောင်းများမှာလည်း အမိုးလန်ကာပျက်စီးသကဲ့သို့ အိမ်ငယ်များမှာလုံးဝပြိုကျပျက်စီးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့ကြောင့် အောက်တိုဘာ ၂၈ ရက်တွင် ကယ်ဆယ်ကူညီရေးပစ္စည်းမျိုးစုံ ကျပ်သိန်း ၅၀ ကျော်ခန့်ဖြင့် မြောက်ဦးမြို့မှ မြေပုံမြို့သို့ သွားရောက်ကူညီလျက်ရှိသည်။ မြေပုံမြို့မှာ သွားလာရန်ခက်ခဲပြီး လမ်းခရီးကြန့်ကြာမှုအရ အောက်တိုဘာ ၃၀ ရက်တွင်မှ ကူညီရေးပစ္စည်းများရောက်ရှိနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ယခုမုန်တိုင်းဒဏ်ကြောင့် ကျောက်ဖြူ၊ မာန်အောင်၊ ရမ်းဗြဲအမ်း၊ ပေါက်တောနှင့် မြေပုံမြို့နယ်များ ထိခိုက်ခဲ့ပြီး ရန်ကုန်ရှိ မြို့နယ်ရုံးခွဲအသီးသီးတွင် စေတနာရှင်များမှ လာရောက်လှူဒါန်းနိုင်ကြောင်း စုံစမ်းသိရှိရသည်။

# ကျောက်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့်တွေ့ဆုံခြင်း

**ဖိုးသီဟ(မြောက်ဦး)**

ဂီရိဆိုင်ကလုန်းမုန်တိုင်းမှာ ဖျက်အားပြင်းခဲ့သော်လည်း ပင်လယ်အနီးရှိ ကျောက်ဖြူမြို့တွင် ပျက်စီးဆုံးရှုံးမှုမများပြားခဲ့သလို လူသေဆုံးထိခိုက်ဒဏ်ရာရရှိမှုမှာလည်း အလွန်နည်းပါးခဲ့သည်။ ဖျက်အားပြင်းမုန်တိုင်းလာခဲ့သော်လည်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကောင်းစွာ ပြုလုပ်နိုင်ခဲ့သော ဒေသအာဏာပိုင်အဖွဲ့အစည်းများထဲမှ ကျောက်ဖြူမြို့ မ. ရ. က အတွင်းရေးမှူး ဦးမြင့်မောင်နှင့် တွေ့ဆုံမေးမြန်းထားပါသည်။



အောက်တိုဘာ ၂၁ ရက်က ကျောက်ဖြူမြို့တွင်းတွင် မုန်တိုင်းသတိပေးချက်များ လိုက်လံကြေညာနေစဉ်။ ဓာတ်ပုံ – မြင့်မြတ်ဖြူ

**မုန်တိုင်းသတင်းကို ဘယ်နေ့က ကြိုတင်သတင်းရရှိခဲ့ပါသလဲ။ ပြည်သူတွေကို ဘယ်အချိန်မှာ အသိပေးခဲ့ပါသလဲ။**

၂၆ ရက် မနက် ၇ နာရီအချိန်မှာ စတင်သတင်းရရှိပါတယ်။ လေဖိအားနည်းရပ်ဝန်းကနေ မုန်တိုင်းဖြစ်နေပြီ၊ လိမ္မော်ရောင်အဆင့် သတ်မှတ်ထားတယ်ဆိုပြီးတော့ ရရှိခဲ့ပါတယ်။ သတင်းရရှိပြီးချင်း ကျောက်ဖြူမြို့ပေါ်မှာ အသံချဲ့စက်တွေနဲ့ပြည်သူတွေကို အသိပေးပြီး ကျေးရွာတွေကိုတော့ တယ်လီဖုန်းနဲ့ အသိပေးခဲ့ပါတယ်။

**ကျောက်ဖြူမြို့နယ် မိုင် ၁၀၀ ကျော်နှုန်းနဲ့ တိုက်ခတ်ခဲ့ပေမယ့် ကျောက်ဖြူမြို့မှာ လူအသေအပျောက်မရှိခဲ့တာ ဘာကြောင့်ပါလဲ။**

အဓိကကတော့ ကြိုတင်သတိပေးထားနိုင်ခဲ့တဲ့အတွက် ကျောက်ဖြူမြို့နယ်အတွင်းမှာ သေဆုံးမှုတွေ မရှိတာပေါ့။ မုန်တိုင်းမတိုက်ခင်ရော၊ မုန်တိုင်းစတင်တိုက်ခတ်နေတဲ့ အချိန်တွေမှာပါ မြို့ပေါ်နဲ့ ကျေးရွာတွေကို ကားတွေ၊ တယ်လီဖုန်းတွေနဲ့ ၂၂ ရက် နေ့လယ် ၁ နာရီအချိန်ထိ သတိပေးနိုင်ခဲ့လို့ပါ။

**ဂီရိမုန်တိုင်းကြောင့် ကျောက်ဖြူမြို့နယ်အတွင်းမှာ ဆုံးရှုံးမှုတန်ဖိုး ဘယ်လောက်ရှိပါသလဲ။**

ကျောက်ဖြူမြို့နယ်အတွင်းမှာ ပျက်စီးဆုံးရှုံးမှု တန်ဖိုးက ကျပ် သိန်းပေါင်း ၂၃,၄၄၁ ဒသမ ၈၈၆ သိန်းရှိပါတယ်။

**ကယ်ဆယ်ရေးစခန်း ဘယ်နှခုလောက်ဖွင့်ထားပါသလဲ။**

မုန်တိုင်းဖြစ်ပြီးတဲ့ ၂၃ ရက်နေ့မှာတော့ ကျောက်ဖြူမြို့ပေါ်မှာ ကယ်ဆယ်ရေးစခန်း ၁၃ ခုရှိပြီး ဒုက္ခသည် ၆၂၃၀ ဦးခန့်ရှိခဲ့ပါတယ်။ ၂၇ ရက်နေ့မှာတော့ ကယ်ဆယ်ရေးစခန်း ၅ ခုပဲရှိပြီး၊ ဒုက္ခသည် ၂၆၈၆ ဦးပဲ ရှိပါတယ်။ ဒီနေ့ အောက်တိုဘာ ၃၀ ရက်မှာတော့ ကယ်ဆယ်ရေးစခန်း နှစ်ခုပဲ ရှိတော့ပြီး ဒုက္ခသည် ၈၆၀ ဦးကို ထောက်ပံ့ကယ်ဆယ်မှုတွေ လုပ်နေပါတယ်။

**မုန်တိုင်းစတိုက်ပြီးတုန်းက ဒုက္ခသည်တွေများပြီးတော့၊ အခုဒုက္ခသည်တွေ နည်းသွားရတာက ဘာကြောင့်ပါလဲ။**

မုန်တိုင်းတိုက်ပြီးတော့ တာတမံတွေကျိုးပြီး ရေတွေဝင်လာကြတဲ့အတွက် ဒုက္ခသည်များတာပါ။ အခုရေတွေကျလို့ နေအိမ်ကို ပြန်နေနိုင်တဲ့လူတွေကို နေအိမ်ပြန်လည်ပြုပြင်ဖို့အတွက် ဝါး ၁၀၀၊ အမိုးအကာ၊ တာပေါ်လင်စ ၁၀ ကိုက်၊ ဆန်၊ အဝတ်အထည်စတာတွေ ထောက်ပံ့ပေးခဲ့ပါတယ်။

**တာတမံတွေ ကျိုးပျက်သွားတယ်ဆိုတော့ ကျောက်ဖြူမြို့မှာ တာတမံပေါင်း ဘယ်လောက်ပျက်စီးခဲ့ပါသလဲ။**

ကျောက်ဖြူမြို့နယ်အတွင်းမှာ တာတမံပေါင်း ၁၄,၅၆၉ ဧက ပျက်စီးခဲ့ပါတယ်။ ပျက်စီးသွားတဲ့ တာတမံတွေထဲက လေပွေ့တာကိုတော့ ဆည်မြောင်းဌာနနဲ့ ဒေသအာဏာပိုင်တွေ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။ ကျန်တဲ့ တာတမံတွေကိုတော့ သက်ဆိုင်ရာ ရွာသားတွေ ကိုယ်ထူကိုယ်ထစနစ်နဲ့ ဆောင်ရွက်နေကြပါတယ်။

**ကယ်ဆယ်ရေးစခန်း နှစ်ခုမှာရှိနေကြတဲ့ လေဘေးသင့်ပြည်သူတွေအတွက် ပြန်လည်ထူထောင်ရေးအတွက် ဘယ်လိုဆောင်ရွက်နေပါသလဲ။**

ကယ်ဆယ်ရေးစခန်းက လေဘေးသင့်ပြည်သူတွေအတွက် ဆန်၊ စောင်၊ အဝတ်အထည်နဲ့ အိုးတွေ အစားအသောက်တွေ စီစဉ်ပေးထားပါတယ်။ ကြက်ခြေနီကလည်း အိမ်ထောင်စု ၂၇၄ စုအတွက် ပစ္စည်း ၂၂ မျိုးပါတဲ့ ကယ်ဆယ်ရေးပစ္စည်းတွေ ထောက်ပံ့ပေးခဲ့ပါတယ်။ အခြား ကယ်ဆယ်ရေးအစီအစဉ်တွေကိုလည်း လိုအပ်သလို ဆောင်ရွက်ပေးပါမယ်။

**ရခိုင်မုန်တိုင်းသင့်ပြည်သူများအတွက် ဆက်သွယ်လှူဒါန်းနိုင်သည့် လိပ်စာနှင့်ဖုန်းနံပါတ်များ**

အောင်မြေဗောဓိမွေရိပ်သာ၊ အလိုတော်ပြည့်ကျောင်းတိုက်၊ တာမွေမြို့နယ်၊ ဖုန်း-၀၁-၅၄၅၃၃၇

ကျောက်ဖြူမြို့နယ် အသင်းရုံး (ဖုန်း - ၀၁-၇၃၀၀၁၉၈၈)

အသင်းဥက္ကဋ္ဌ (ဖုန်း - ၀၁-၅၆၃၃၀၅)

မန္တလေးရခိုင်လူမှုရေးအသင်း၊ ဗိုလ်မှူးအောင်ကျော်သိန်း(ငြိမ်း) ဖုန်း ၀၂-၃၁၂၅၁၊ ဦးထွန်းလှခိုင် (ဖုန်း- ၀၉ ၂၀၂၂၅၄၁)

7DAY NEWS JOURNAL
, No.33 • NOVEMBER 4, 2010

# ရခိုင်မှန်တိုင်းသင့် ဒေသခံများအတွက် NDF ပါတီငွေလှူမည်

**အောင်သူရ၊ပြည်သိမ်း**
**ရန်ကုန်၊**
**အောက်တိုဘာ- ၂၈**

ဆိုင်ကလုန်းမုန်တိုင်းဂီရိတိုက်ခက်ခံခဲ့ရသော ရခိုင်ပြည်နယ်ရှိ လေဘေးသင့် ဒေသများသို့ အမျိုးသားဒီမိုကရေစီအင်အားစုပါတီက ငွေလှူဒါန်းမည်ဟု ယင်းပါတီ၏ နိုင်ငံရေးဦးဆောင်အဖွဲ့ခေါင်းဆောင် ဦးခင်မောင်ဆွေက ပြောသည်။

ယင်းကဲ့သို့ လှူဒါန်းရာတွင် ငွေကျပ် ၁၀ သိန်းအထက်ပမာဏကို လှူဒါန်းမည်ဖြစ်ပြီး ရခိုင်သဟာယအသင်းနှင့် ပူးပေါင်းပေးလှူသွားမည်ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ သိရသည်။

"ကျွန်တော်နဲ့ ဒေါက်တာသန်းငြိမ်းနဲ့တော့ ဆုံးဖြတ်ပြီးပါပြီ။ အမှုဆောင်အဖွဲ့ကိုချပြဖို့ပဲကျန်တော့တယ်"ဟု ဦးခင်မောင်ဆွေက ပြောသည်။

ပါတီဝင်များ၏ ကိုယ်ပိုင်ငွေကြေးအပါအဝင် အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှတစ်ဆင့် လှူဒါန်းသော အလှူရှင်များ၏ ငွေကြေးပေါင်းလိုက်ပါက ကျပ်သိန်းဆယ်ဂဏန်းအထက်တွင် လှူရန်ရှိကြောင်းသိရသည်။

## စာ(၂၆) - ရွေးကောက်ပွဲကျင်းပရန် ခုနစ်ရက်အလို မှ

အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ရန်ကုန်တိုင်းအတွင်းရေးမှူးဒေါက်တာမြတ်ဉာဏစိုးကလည်း ရွေးကောက်ပွဲကျင်းပရန် ခုနစ်ရက်အလို လူထု၏ ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုကို အောက်ပါအတိုင်းပြောသည်။

"လူထုရဲ့ တုံ့ပြန်မှုက အင်မတန်ကောင်းပါတယ်။ အခုက ပန်းဖလက်ဝေရတဲ့ အနေအထားမဟုတ်ပါဘူး။ နိုင်ငံရေးရေချိန်ကလည်း တော်တော်မြင့်လာပါပြီ။ လွန်ခဲ့တဲ့ နှစ်လနဲ့ ဒီတစ်လနဲ့၊ လွန်ခဲ့တဲ့နှစ်ပတ်နဲ့ ဒီတစ်ပတ်နဲ့တောင် လူထုရဲ့စိတ်ဝင်စားမှုက မတူပါဘူး။ လူတွေက ပူပန်တယ်ဆိုတာထက် မဲပေးရမယ့်ပုံစံကို မသိတာ။ လွှတ်တော်တွေအကြောင်းကို နားမလည်တာ။ စိတ်မဝင်စားတာ မဟုတ်ဘူး"

တောင်ဥက္ကလာပမြို့နယ်တိုင်းဒေသကြီး လွှတ်တော်မဲဆန္ဒနယ် အမှတ်(၁) တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ဒေါက်တာစောနိုင်အတွက် လက်ကမ်းစာစောင်ဝေခဲ့သော လူငယ်တစ်ဦးက သူ၏အတွေ့အကြုံကို အောက်ပါအတိုင်းပြောသည်။ "လူတော်တော်များများက လွှတ်တော်ဘယ်နှခုရှိတာလဲ။ မဲကို ဘယ်လိုထည့်ရမှာလဲ။ ကိုယ်စားလှယ်တစ်ဦးကို မဲပုံးတစ်ပုံးနှုန်း ထားမလား။ အဲလိုမေးခွန်းတွေကို ပြန်ရှင်းပြတဲ့အတွက် တချို့အိမ်တွေမှာ အချိန်တော်တော်ကြာတယ်"

ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးသမားအများစုက ရန်ကုန်မြို့မှာ ခေတ်ပညာတတ် လူငယ်အများစုရှိ၍ ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး အကောင်းဆုံး စဉ်းစားဆုံးဖြတ်သွားနိုင်မည်ဟု ပြောကြသည်။ သို့သော် လူအများစုသို့ လိုက်လံမေးမြန်းကြည့်ရာ ရွေးကောက်ပွဲမှာ ရက်ပိုင်းသာလိုတော့သော်လည်း ကိုထွန်းထွန်းလင်းကဲ့သို့ လူအများစုဖြစ်နေသည်ကိုတွေ့ရသည်။

ရက်ပိုင်းအတွင်း ကြုံရတော့မည့်ရွေးကောက်ပွဲနှင့် ပတ်သက်၍တောင်သူ၊ တက္ကစီယာဉ်မောင်း၊ လုံခြုံရေးဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်း၊ ဆေးကျောင်းသူ၊ အိမ်ရှင်မ၊ အခွေရောင်းသူ၊ အင်န်ဂျီအိုဝန်ထမ်းစသောအလွှာမျိုးစုံမှ လူ ၁၅ ဦးအား အောက်တိုဘာလကုန်ပိုင်းနှင့် နိုဝင်ဘာ ၁ ရက်က မေးမြန်းခဲ့ရာ ၅ ဦးသာ ရွေးကောက်ပွဲနှင့်ပတ်သက်၍ အတော်အတန်ဗဟုသုတရှိသည်ကိုတွေ့ရသည်။

ထို့ကြောင့် ၂၀၁၀ ဇူလိုင်လကုန်တွင် 7Day News ဂျာနယ်က မြန်မာနိုင်ငံတစ်ဝန်းနှင့် ပြည်ပရောက်မြန်မာ ၂၈၀ ဦးကို မေးမြန်းကောက်ထားသော စစ်တမ်းရလဒ်နှင့် ယခုအခြေအနေမှာ များစွာ မကွာခြားသေးသည်ကိုတွေ့ရသည်။ ဇူလိုင်လကုန်တွင် ကောက်ယူခဲ့စဉ်က ဖြေဆိုသူအားလုံး၏ ၈၄ ရာခိုင်နှုန်းကျော်မှာ ရွေးကောက်ပွဲဝင်ပါတီများအကြောင်းကို မသိရှိသေးဟု ဖြေဆို၍ဖြစ်သည်။

ထိုစစ်တမ်းကောက်စဉ်က ရွေးကောက်ပွဲဝင်မည့်ပါတီများအကြောင်းကို ကောင်းစွာမသိရှိသော်လည်း ဖြေဆိုသူအားလုံး၏ ၇၀ ရာခိုင်နှုန်းဝန်းကျင်က မဲပေးမည်ဟု ဖြေဆိုခဲ့သည်။

ရန်ကုန်မြို့ ဗဟန်းမြို့နယ်မှာ အငှားယာဉ်မောင်း ဦးထွန်းအောင်က လူအများစုက ရွေးကောက်ပွဲနှင့်ပတ်သက်၍ စကားများစွာမပြောသော်လည်း သတင်းအချက်အလက်များစွာရသော ယနေ့ကာလတွင် မည်သို့ဆုံးဖြတ်ရမည်ကို သိကြကြောင်း သူ၏အမြင်ကိုပြောသည်။

"၉၀ ရွေးကောက်ပွဲတုန်းက သတင်းတွေက အဲလောက်မရဘူး။ အခုတော့ ရေဒီယိုရော၊ ဂျာနယ်တွေရော၊ အင်တာနက်တွေရောကြောင့် လူတွေက အများကြီး သိနေပြီ။ လိပ်ကို ကြမ်းပိုးဖြစ်အောင် ကြမ်းပိုးကို လိပ်ဖြစ်အောင်ပြောလို့တော့မရတော့ဘူး။ လူတွေက မသိဘူးမဟုတ်ဘူး၊ သိတယ်။ ပိုသိလို့ အခြေအနေကိုစောင့်ကြည့်နေတာ"ဟု ၁၉၉၀ ရွေးကောက်ပွဲတွင် မဲပေးခဲ့ဖူးသော အသက် ၄၂နှစ်အရွယ် ဦးထွန်းအောင်က သူ၏အမြင်ကို ပြောသည်။

"ကျွန်တော်တို့ကတော့ ဘယ်သူအုပ်ချုပ် အုပ်ချုပ်၊ ကိုယ်လုပ်မှ ကိုယ်ရမှာပဲ။ ဒါ့ကြောင့် ရွေးကောက်ပွဲပြီးရင်တော့ စီးပွားရေးပိုကောင်းလာစေချင်တယ်"ဟု ၎င်းက သူ၏ဆန္ဒကို ဖွင့်ဟသည်။ အငှားယာဉ်မောင်းသည်မှာ ၁၄ နှစ်ရှိပြီဖြစ်သော သူ့အတွက် ယခုကာလမှာ အလုပ်အကိုင်မကောင်း၍ မိသားစုအတွက်ပို၍ ရုန်းကန်ရသော ကာလဖြစ်ကြောင်းသူကဆိုသည်။

သူကဲ့သို့ပင် အခွေရောင်းသည့် ကိုလှဝင်းကလည်း ရွေးကောက်ပွဲအလွန်တွင် စီးပွားရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပွင့်လင်းလာမည်ကိုလိုလားသည်ဟု နိုဝင်ဘာ ၁ရက်တွင် ဖွင့်ဟလေသည်။

# ဂီရိဆိုင်ကလုန်းမုန်တိုင်းသင့်ပြည်သူများအားကူညီကြရန် တစ်သီးပုဂ္ဂလကိုယ်စားလှယ် ၃ ဦးက နှိုးဆော်

**ရန်ကုန်၊ အောက်တိုဘာ - ၃၁**

ရွေးကောက်ပွဲဝင်မည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် ၃ ဦးစုပေါင်းကာ ရခိုင်ပြည်နယ်ရှိ ဂီရိဆိုင်ကလုန်းမုန်တိုင်းသင့်ပြည်သူများအား ကူညီကြပါရန် လိုက်လံနှိုးဆော်ခဲ့ကြောင်း တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်ဒေါက်တာဖုန်းဝင်းကပြောကြားသည်။

"မုန်တိုင်းသင့်ပြည်သူတွေအကြောင်း သိရှိအောင် သူတို့ကို ရှင်းပြတာပါ။ သူတို့က လှူချင်လာရင်လည်း အဲဒီမှာလုပ်ကိုင်နေတဲ့ အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်ပေးမှာပါ။ ခုတော့ လက်ကိုင်စကားပြောစက်လေးနဲ့ပဲ သူတို့ကို ရှင်းပြတာမျိုးပါ။ စိတ်ဝင်စားကြပါတယ်။လမ်းလျှောက်နေတော့ လူတွေနဲ့ထိတွေ့ပြီးတော့ မေးခွန်းတွေဖြေကြားဖို့လိုမျိုးတော့ သိပ်အခြေအနေမပေးပါဘူး။ မေးလာတဲ့လူတွေကိုတော့ ဖြေပေးပါတယ်"ဟု ဒေါက်တာဖုန်းဝင်းက ရှင်းပြသည်။

ယင်းကဲ့သို့ လှုပ်ရှားမှုတွင်ပါဝင်ခဲ့သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များမှာ ကမာရွတ်မြို့နယ် တစ်သီးပုဂ္ဂလပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းဒေါက်တာဖုန်းဝင်း၊ လှိုင်မြို့နယ် တစ်သီးပုဂ္ဂလပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဒေါ်ယုဇာမော်ထွန်း၊ ရန်ကုန်တိုင်း အမျိုးသားလွှတ်တော် မဲဆန္ဒနယ်မြေအမှတ်(၆) တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း ဦးစန်းမြင့်တို့ဖြစ်ပြီး ၎င်းတို့နှင့်အတူ ဒီမိုကရက်တစ်ပါတီ အင်းစိန်မြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးမိုးထွန်းကလည်း ပူးပေါင်းပါဝင်ခဲ့ကြောင်းသိရသည်။



7 DAY NEWS JOURNAL
Vol.9, No.33 • NOVEMBER 4, 2010

## စာ-၂၅၊ မဲဆန္ဒရှင်များဆုံးဖြတ်ရန် လက်ကမ်းစာစောင်ဝေမှုဖြင့် မပြည့်စုံမှု

သူတို့အတွက် နားလည်သိရှိရန် အလှမ်းဝေးနေသကဲ့သို့ ဖြစ်နေသေးကြောင်း ပြောကြားခဲ့ကြသည်။

ရန်ကုန်မြို့၏ လူအစည်ကားဆုံး နေရာတစ်ခုဖြစ်သော လှည်းတန်းလမ်းဆုံတွင် နေထိုင်သူရုံးဝန်ထမ်း အမျိုးသမီးတစ်ဦးက "ကျွန်မဒီရက်ပိုင်းမှာ အဲဒီလိုကြော်ငြာမျိုး ၃ ရွက်လောက်ရထားတယ်။ တစ်ခါမှ ဒီလိုစာရွက်တွေမရဘူးတော့ နည်းနည်းစိတ်ဝင်စားလို့ ယူထားလိုက်တာ" ဟုပြောသည်။

စမ်းချောင်းမြို့နယ်တွင် နေထိုင်သော အသက် ၄၀ အရွယ် အမျိုးသမီးတစ်ဦးကမူ "ဒီလမ်းထဲမှာစာရွက်တွေဝေတယ်။ ဒီစမ်းချောင်းမှာဆို ပါတီတွေကလည်းများတော့ ဘယ်သူ့ကို မဲထည့်ရမလဲတော့ မသိဘူး။ ဒီကြော်ငြာစာရွက်တွေကမဲရဖို့တော့ အထောက်အကူပြုမယ်မထင်ပါဘူး။ ဘယ်ပါတီတွေရှိတယ်ဆိုတာ သိရုံလောက်ပဲရှိမယ်ထင်တယ်" ဟုသူမ၏ အမြင်ကို ပြောကြားခဲ့သည်။

"ဟောပြောပွဲတွေ လုပ်ပြီး မဲဆွယ်တာရလဒ်ချင်းတော့တူမှာမဟုတ်ဘူး။ ဟောပြောပွဲမှာသူတို့နားထောင်ပြီးတော့ ပါတီအကြောင်း ကိုယ်စားလှယ်တွေအကြောင်း ပိုသိနိုင်တယ်။ စာရွက်မှာတော့ နည်းနည်းလေးပဲ ပါမှာလေ။ ဒီတော့သိရုံလောက်ပဲရှိမယ် ဟုတာမွေ မြို့နယ်နေသူ အသက် ၃၅ နှစ်အရွယ် အမျိုးသားကဆက်ပြောသည်။

"ရန်ကုန်မှာက ခန်းမတို့ဘာတို့က ငှားခဈေးကြီးတယ်။ နေရာတို့အချိန်တို့ ညှိရတာနဲ့ ကော်မရှင်ကို ကြိုတင်ရတာတို့ကလည်း အချိန်ယူရတယ်။ ပရိသတ်လာဖို့လည်းချိန်ရတော့ အဆင်မပြေဘူး။ စာရွက်ဝေတာ အဆင်ပြေတယ် ဟု ကိုယ်စားလှယ်လောင်းတစ်ဦးကသူ၏အမြင်ကိုပြောကြားသည်။

စာရွက်ရိုက်နှိပ်၍ ဝေသောပုံစံမှာ အခြားသော မဲဆွယ်မှုပုံစံဖြင့်စည်းရုံးခြင်းထက် လွယ်ကူရိုးရှင်းပြီး ကုန်ကျစရိတ်သက်သာသောကြောင့် လူထုလက်ထဲ တိုက်ရိုက်ရောက်ရှိနိုင်မည့် နည်းလမ်းအဖြစ်ရွေးချယ် အသုံးပြုခြင်းဖြစ်ကြောင်း ကိုယ်စားလှယ်လောင်းများက ပြောကြားသည်။

ရန်ကုန်မြို့နေ အသက် ၃၇ နှစ်အောက် လူငယ်အများစုမှာ သူတို့၏ ပထမဆုံး မဲပေးမည့်အတွေ့အကြုံအတွက် ပြင်ဆင်မှုများ လုံးဝမရှိသေးကြောင်း ယင်းတို့ ပြောစကားများအရ သိရသည်။

"သတင်းတွေတော့ ဖတ်ဖြစ်တယ်။ ဂျာနယ်တွေမှာ ပါတာတွေရော အွန်လိုင်းက သတင်းတွေရောဖတ်ဖြစ်တယ်။ ဒါပေမဲ့မဲပေးဖို့ကတော့ မဆုံးဖြတ်နိုင်သေးဘူး။ ဘယ်သူ့ကို ပေးရမှန်းတောင် မသိမှတော့ မဲသွားထည့်ဖို့ မထည့်ဖို့ပါ စဉ်းစားရမယ်" ဟုအသက် ၂၉ နှစ်အရွယ် ကျောင်းဆရာတစ်ဦးကပြောသည်။

နှစ်ပေါင်း ၂၀ အတွင်း ပထမဆုံးအကြိမ် ရွေးကောက်ပွဲအတွေ့အကြုံဖြစ်ခြင်းနှင့် တစ်ကြိမ်မှ မဲမပေးဖူးသူ အရေအတွက်များပြားနေခြင်း၊ပါတီများ၏ မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ကျယ်ပြန့်စွာ မလုပ်နိုင်မှုတို့ကြောင့် ယခုကျင်းပမည့်ရွေးကောက်ပွဲကို စိတ်ဝင်စားမှု နည်းနေခြင်း ဖြစ်နိုင်ကြောင်း အသက် ၃၅ နှစ်ရှိ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဖြစ်သူ ဦးစိုင်းထွန်းအေးကပြောသည်။

ရန်ကုန်မြို့နေသူ အများစုမှာလက်ရှိအနေအထားများအရ သူတို့သည် ကျေးလက်တွင် နေထိုင်သူများ တွေ့ကြုံနေရသည့် ဟောပြောပွဲများကိုပင် မကြုံဖူးသေးသဖြင့် ရွေးချယ်ရန်ခက်ခဲနေကြောင်းပြောကြားသည်။

တောင်ဒဂုံမြို့နယ်တွင် နေထိုင်သူ မိန်းကလေးတစ်ဦးက "ရွာမှာနေတဲ့ အဒေါ်ကတော့ NDF ကိုမဲထည့်မယ်လို့ပြောတယ်။ အဲဒီပါတီက ရွာမှာ လာပြောသွားတာ သဘောကျလို့တဲ့" ဟုဆိုသည်။ ရွေးကောက်ပွဲ ကျင်းပရန် ရက်ပေါင်း ၁၀ ရက်ခန့်သာလိုတော့သည့် အချိန်ထိ မဲဆွယ်စည်းရုံးပွဲများနှင့် မကြုံဖူးသေးသော ရန်ကုန်မြို့နေသူ အများစုမှာ မဲပေးရန် ဆုံးဖြတ်နိုင်သည့် အချက်အလက်များကို သေချာစွာ မရရှိသေးသည့်အတွက် မဲဆွယ်ဟောပြောမှုများကို မျှော်လင့်နေကြသည်ဟုဆိုကြသည်။

## စာ(၄၀) တပ်မတော်အုပ်ချုပ်ရေးမှ ဒီမိုကရေစီအုပ်ချုပ်ရေးသို့ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေး မှ

မင်းသားကြီးလုပ်ခွင့်မရ၍ခံစားချက်မျိုးစုံဖြင့် ပတ်မကြီးထိုးဖောက်ခဲသော် ပတ်မကြီးပေါက်သွားခဲ့လျှင် နိုင်ငံရေးဇာတ်ကခွင့်မရကြတော့ဘဲဇာတ်ခေါင်းကွဲကြရမည်။ထို့အပြင်ကျင်းပမည့်ရွေးကောက်ပွဲကြီးမှာ အမျိုးသားရေးရည်မှန်းချက် ပန်းတိုင်မဟုတ်သေးပါ။ ပန်းတိုင်ဆီသို့ဦးတည်သော တာထွက်ရွေးကောက်ပွဲကြီးဖြစ်သည်။ တစ်နည်းအားဖြင့် ပန်းတိုင်ဆီသို့ ပထမခြေလှမ်း . . .။ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ငါးနှစ်တစ်ကြိမ် ပုံမှန်ရွေးကောက်ပွဲများ ရှိနေသည်။ ယင်းအခွင့်အရေးရှိနေသမျှ ရွေးကောက်ပွဲကာလတွင် ဥပဒေနှင့်အညီ နိုင်ငံရေးလုပ်ပိုင်ခွင့်များ အစဉ်ရှိနေသည်။ သို့ဖြစ်၍ အကြောင်းအမျိုးမျိုးတို့ကြောင့် ယခုပွဲတွင် နွှဲခွင့်မရသူများနှင့် ကံအကြောင်းမလှ၍ ရွေးကောက်ရှုံးနိမ့်သွားသူများသည် စိတ်ဓာတ်ကျရန်မလို။ "ဟိုကျင်းမရရင် ဒီကျင်း၊ ဒီကျင်းမရရင် နောက်တစ်ကျင်း" မလျှော့သော ဖွဲဖြင့် ငါးနှစ်တစ်ကြိမ် ပုံမှန်ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ နိုင်ငံရေးခြေသွေးထားဖို့လိုသည်။

**ဒီမိုကရေစီဖွံ့ဖြိုး တိုးတက်ရေး**

ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှုသည်ရွေးကောက်ပွဲတစ်ကြိမ်ကျင်းပရုံမျှဖြင့် နတ်ရေကန်ထဲချလိုက်သလို ဒီမိုကရေစီပန်းတိုင်သို့မရောက်နိုင်ပေ။ အမေရိကန်နိုင်ငံသည် လေးနှစ်တစ်ကြိမ် ရွေးကောက်ပွဲပေါင်း ၄၃ ကြိမ်ကျင်းပခဲ့ပြီးမှ လက်ရှိဒီမိုကရေစီအဆင့်အတန်းသို့ ရောက်ခဲ့သည်။ ဒီမိုကရေစီအစိုးရခေတ်ငါးနှစ်တစ်ကြိမ်အတွင်း၌ မူလ (Thesis)၊ ပဋိပက္ခ (Anti Thisis)၊ သမူဟ(Syn Thesis) တစ်ပတ်လည်၍ တစ်ကြိမ်စေ့သည်။ တစ်ကြိမ်စေ့တိုင်းတစ်ဆင့် မြင့်တက်သည်။ ဤနည်းဖြင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများသည် ကြောင်လိမ်လှေကားသဖွယ်နည်းရာမှ များရာသို့၊ နိမ့်ရာမှ မြင့်ရာသို့ သာမန်မှအဆန်းတကြယ်သို့ တစ်ဆင့်ပြီး တစ်ဆင့် မြင့်တက်သွားသည်။ ၎င်းမှာ ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည်။ ဖြတ်လမ်းနည်းမရှိပေ။

**မူပြောင်းလဲရေးနှင့် လူပြောင်းလဲရေး**

မြန်မာနှင့် နိုင်ငံတကာတွင် လေးနှစ် သို့မဟုတ် ငါးနှစ် စသည်ဖြင့် ကျင်းပသော ပုံမှန်ရွေးကောက်ပွဲများ ရှိခဲ့သည်။ ၎င်းတို့မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေအသားကျ အနည်ထိုင်ပြီးနောက်ပိုင်း ကျင်းပခဲ့သော ရွေး ကောက်ပွဲများဖြစ်၍ ရွေးကောက်ပွဲကာလတွင် လူပြောင်းလဲရေး (ပါတီ နှင့် ပုဂ္ဂိုလ်ပြောင်းလဲရေး)မှာ အဓိကဖြစ်သည်။

၁၉၄၇-၁၉၇၄ ရွေးကောက်ပွဲများနှင့် ၇-၁၁-၂၀၁၀ ရွေးကောက်ပွဲများမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်ဖြင့် တိုင်းသစ်တည်၍ ပြည်သစ်ဆောက်သော သမိုင်းအချိုးအကွေ့ရွေးကောက်ပွဲကြီးများ ဖြစ်သည်။ ဤရွေးကောက်ပွဲများတွင် မူပြောင်းလဲရေး(ခေတ်ပြောင်းလဲရေး) အဓိကဖြစ်ကြောင်း၁၉၄၇-၁၉၇၄ ရွေးကောက်ပွဲကြီးများက သင်ခန်းစာပေးခဲ့သည်။ သို့ဖြစ်၍ ရွေးကောက်ပွဲကာလတွင် အဓိကနှင့်သာမညကို ရွေးတတ်ရန်လိုသည်။

**ဘဝပေးအသိ**

မြန်မာပြည်သူတို့သည် ဒီမိုကရေစီခေတ်သို့ အမြန်ဆုံးရောက်လိုကြသည်။ ရွေးကောက်ပွဲနည်းလမ်းဖြင့်သာ ဒီမိုကရေစီခေတ်သို့ ငြိမ်းချမ်းစွာရောက်ရှိနိုင်သည်။ ရွေးကောက်ပွဲကြီး ပျက်စီးသွားခဲ့လျှင် ဒီမိုကရေစီစနစ်နှင့်အလှမ်းဝေးကွာသွားကြရမည့် အဖြစ်မျိုးကိုလည်း အလိုမရှိကြ။ ဆန္ဒမဲ တစ်ခဲနက်ပေးခြင်းဖြင့် ရွေးကောက်ပွဲကြီးအောင်မြင်၍ မိမိတို့မျှော်မှန်းသော ခေတ်စနစ်သို့ တက်လှမ်းနိုင်မည်။ ထိုအခါ ဒီမိုကရေစီအုပ်ချုပ်ရေးသို့ အမြန်ဆုံးပြောင်းလဲသွားမည် စသည်တို့ကို ဘဝပေးအသိဖြင့် နားလည်ကြသည်။

ယနေ့ အခြေအနေမှာ ရွေးကောက်ပွဲကြီး အောင်မြင်ရေးအတွက် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ရမည့်ကာလဖြစ်သည်။ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေးအတွက် တောင်း/တိုက်/dialogue လုပ်ရမည့် အချိန်မဟုတ်တော့၊ ရွေးကောက်ပွဲကြီးက နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် လက်တွေ့ဖြေရှင်းပြမည်ဖြစ်သည်။

**ရွေးကောက်ပွဲပြီး မြန်မာ့နိုင်ငံရေး**

ထို့ကြောင့်လာမည့် ရွေးကောက်ပွဲကြီးမှာ ခေတ်စနစ်ပြောင်းလိုသူများ၊ ဒီမိုကရေစီအုပ်ချုပ်ရေးသို့ ရောက်လိုသူများ၊ အသွင်ကူးပြောင်းရေးကာလခေတ်မှ ဒီမိုကရေစီအစိုးရခေတ်သို့ ရောက်လိုသူများ၊ ဒီမိုကရက်တစ်အသွင်ပြောင်းလဲမှုကိုလိုလားသူများအတွက်ကံကြမ္မာအလှည့်အပြောင်း ရွေးကောက်ပွဲကြီးဖြစ်သည်။ ရွေးကောက်ပွဲကြီးအောင်မြင်၍ လမ်းပြမြေပုံအဆင့်(၇)ဆင့်ပြီးဆုံးချိန်တွင် ဒီမိုကရေစီအစိုးရတစ်ရပ်ပေါ်ထွန်းလာမည်။ ယင်းကာလတွင် အာဏာသုံးရပ်သည် တည်ဆဲတပ်မတော်အစိုးရထံမှ ဒီမိုကရေစီ အစိုးရလက်သို့ ဥပဒေနှင့်အညီ ငြိမ်းချမ်းစွာပြောင်းလဲသွားမည်။ ဤနည်းဖြင့် တပ်မတော်အုပ်ချုပ်ရေးမှ ဒီမိုကရေစီအုပ်ချုပ်ရေးသို့အသွင်ပြောင်းလဲသွားသည်။ ထိုကာလ၌ တပ်မတော်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေအခန်း ခုနစ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီသာ နိုင်ငံတာဝန်ကို ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်၏။

ဒီမိုကရေစီအစိုးရခေတ်တွင် နိုင်ငံရေးပါတီများနှင့် ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသော ကိုယ်စားလှယ်များလည်း ရှိသည်။ ဥပဒေပြုလွှတ်တော်များလည်း ရှိနေသည်။ ၎င်းတို့သည် ဒီမိုကရေစီ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အရေးကြီးသော ဒီမိုကရေစီမဏ္ဍိုင်များဖြစ်သည်။ ဥပဒေပြုလွှတ်တော်များရှိနေခြင်းသည် မရှိသော အခြေအနေထက် ပိုကောင်းသည်။ တစ်နည်းအားဖြင့် ဥပဒေပြုလွှတ်တော်များရှိနေခြင်းမှာ ဒီမိုကရေစီတည်ရှိ ရှင်သန်နေကြောင်း ပြယုဂ်ဖြစ်သည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေအခန်း (၁၊၄၊ ၅၊ ၆) ပါ ပြဋ္ဌာန်းချက်များတွင် အာဏာသုံးရပ်ကို တစ်ပေါင်းတစ်စည်းတည်း၊ တစ်ဖွဲ့တစ်ပါတီပိုင် ပစ္စည်းဖြစ်စေရန် ခွဲဝေအပ်နှင်းထားခြင်း မရှိသောကြောင့် အနာဂတ်ဒီမိုကရေစီအစိုးရခေတ်တွင် အာဏာရပါတီ၊ အဖွဲ့အစည်းဟူ၍ မရှိ၊ အတိုက်အခံပါတီလည်း မရှိပေ။ ယင်းအခြေအနေကြောင့် အာဏာသုံးရပ်သည် အာဏာရနိုင်ငံရေးပါတီ၊ အဖွဲ့အစည်းတို့၏ တိုက်ရိုက်ဩဇာလွှမ်းမိုးမှုအောက်မှ ကင်းလွတ်ပြီး လွတ်လပ်သော အုပ်ချုပ်ရေး၊ လွတ်လပ်သော ဥပဒေပြုရေး၊ လွတ်လပ်သော တရားစီရင်ရေးတို့ လက်တွေ့ဖြစ်ပေါ်လာသည်။ ၎င်းသည်ဒီမိုကရေစီညွှန်းလက် (By the people for the people) နှင့် အမှန်တကယ်ကိုက်ညီသော ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဖြစ်သည်။

**ဖိနှိပ်ရေးကိရိယာမှ ထိန်းကျောင်းရေးကိရိယာသို့**

အတိတ်သမိုင်းတွင် "အစိုးရဆိုသည်မှာ လူတန်းစားတစ်ရပ်က အခြားလူတန်းစားများအပေါ် ဖိနှိပ်သော ကိရိယာဖြစ်သည်" ဟု ဆိုခဲ့ကြသည်။ ယင်းသို့ဖြစ်ရခြင်းမှာ အာဏာသုံးရပ် ခွဲဝေကျင့်သုံးမှု နည်းလမ်းမှားနေသောကြောင့် ဖြစ်၏။ အာဏာသုံးရပ်ကို တစ်စုတစ်ပေါင်းတည်း၊ တစ်ဖွဲ့တစ်ပါတီပိုင် ပစ္စည်းဖြစ်စေသော ခွဲဝေကျင့်သုံးမှုသည် တစ်ဖွဲ့တစ်ပါတီအကျိုးစီးပွားကိုသာ ဖြစ်စေပြီး ကျန်သော ပြည်သူလူထုက အကျိုးစီးပွားကို ထိခိုက်စေသော ခွဲဝေကျင့်သုံးမှုသည် ပြည်သူလူထု အကျိုးစီးပွားကို ဖြစ်စေသောကြောင့်ယင်းအစိုးရမျိုးမှာ ထိန်းကျောင်းရေးကိရိယာဖြစ်သည်။ ဖိနှိပ်ရေးကိရိယာဖြစ်သော အစိုးရမှာအာဏာရှင်အစိုးရ၊ ထိန်းကျောင်းရေးကိရိယာဖြစ်သော အစိုးရမှာဒီမိုကရေစီအစိုးရအစစ်အမှန်ဖြစ်သည်။

သို့ဖြစ်၍ လာမည့်ရွေးကောက်ပွဲကြီးမှာ ကမ္ဘာနှင့် မြန်မာတွင် ယခင့်ယခင်ကျင်းပခဲ့သော လက်ဝဲ၊ လက်ယာရွေးကောက်ပွဲမျိုး မဟုတ်ပေ။ ခေတ်သမိုင်းအဆက်ဆက်ပေါ်ပေါက်ခဲ့သော နိုင်ငံရေးစနစ် အမျိုးမျိုးတို့ကြောင့် တစ်ဖွဲ့တစ်ပါတီ အကျိုးစီးပွားအတွက် ဖိနှိပ်ရေးကိရိယာအဖြစ်အသုံးချမှု ခံခဲ့ရသော အာဏာသုံးရပ်ကို ပြည်သူလူထု အကျိုးစီးပွားအတွက် ထိန်းကျောင်းရေးကိရိယာအဖြစ်သို့ ကမ္ဘာ့သမိုင်းတွင် ပထမဦးဆုံးစတင်ပြောင်းလဲလိုက်သော ရွေးကောက်ပွဲကြီးဖြစ်သည်။

ဖိနှိပ်ရေးကိရိယာမှထိန်းကျောင်းရေးကိရိယာအဖြစ် ပြောင်းလဲသွားမှုကြောင့် ဒီမိုကရေစီအစိုးရခေတ် မြန်မာနိုင်ငံတွင် အာဏာသုံးရပ်ကို တပေါင်းတစည်းတည်း ပိုင်ဆိုင်အသုံးချခွင့်ရှိသော ပုဂ္ဂိုလ်၊ ပါတီ၊ အဖွဲ့အစည်းဟူ၍ မရှိတော့ပေ။ ဤသို့ဖြစ်ရခြင်းမှာ အာဏာသုံးရပ် ခွဲဝေကျင့်သုံးမှုနည်းလမ်းပြောင်းလဲသွားသောကြောင့်ဖြစ်၏။

ထိုကြောင့် ရွေးကောက်ပွဲမှ ထွက်ပေါ်လာမည့် အမျိုးသားအစိုးရ (National Government) သည်ဖိနှိပ်ရေးကိရိယာမဟုတ် ထိန်းကျောင်းရေးကိရိယာဖြစ်သည်။ ယင်းအစိုးရသည်အာဏာသုံးရပ် ခွဲဝေကျင့်သုံးမှုအရ ပြည်သူလူထုအကျိုးစီးပွားကို အမှန်တကယ်ကိုယ်စားပြုသောကြောင့် ပြည်သူ့အစိုးရ သို့မဟုတ် ဒီမိုကရေစီအစိုးရအစစ်အမှန်ဖြစ်သည်။

ရွေးကောက်ပွဲကြီးမှ ခိုင်မာတောင့်တင်းသော အမျိုးသားအစိုးရတစ်ရပ်ပေါ်ထွန်းလာမှုကြောင့် စီးပွားရေးဖွံ့ဖြိုးရေးတိုးတက်ရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတကာ ဆက်ဆံရေးတို့သည်လည်း ပိုမိုကောင်းမွန်တိုးတက်လာမည် ဖြစ်သည်။

**ဆန္ဒမဲပေးရေးနှင့် အမျိုးသားရေး**

အနာဂတ် မြန်မာနိုင်ငံရေးသည် ရွေးကောက်ပွဲကြီး အောင်မြင်မှုကြောင့် အခြေအနေဟောင်းမှ အခြေအနေသစ်သို့ ပြောင်းလဲသွားမည်ဖြစ်သည်။ ထို့ကြောင့်ရွေးကောက်ပွဲကြီး အောင်မြင်ခြင်းသည် မြန်မာပြည်သူတို့အတွက် အောင်ပွဲ၊ ပြည်တွင်း၊ ပြည်ပ အဆိုးမြင်ဝါဒီများအတွက် နိုင်ငံရေးနိဂုံးဖြစ်၏။ အကယ်၍ မအောင်မြင်သော ရွေးကောက်ပွဲကြီးဖြစ်လာခဲ့လျှင် အဖျက်သမားတို့ အောင်ပွဲခံ၍ မြန်မာတစ်မျိုးသားလုံး ဒီမိုကရေစီနှင့် အလှမ်းဝေးရမည် ဖြစ်သည်။ ယင်းအခြေအနေတို့ကြောင့် ဆန္ဒမဲပေးရေးသည် ရွေးကောက်ပွဲကြီးအောင်မြင်ရေး၊ ဆန္ဒမဲပေးရန်ပျက်ကွက်ခြင်းမှာ ရွေးကောက်ပွဲကြီး ပျက်စီးရေး . . .။

ရွေးကောက်ပွဲတွင် အဖျက်သမားတို့ စကားနားယောင်ပြီး ဆန္ဒမဲပေးရန်ပျက်ကွက်ခြင်း၊ သပိတ်မှောက်ခြင်း၊ ဆန္ဒမဲမပေးစေရန် စည်းရုံးလှုံ့ဆော်ခြင်းတို့မှာ အမှန်တကယ်ဒီမိုကရေစီရရှိရေး နည်းလမ်းမဟုတ်ပေ။ ယင်းလုပ်ဆောင်ချက်မှာ ရွေးကောက်ပွဲကြီး ပျက်စီးရေးနှင့် ဒီမိုကရေစီအလှမ်းဝေးစေရေးပင် ဖြစ်သည်။ ခေတ်ပြောင်းရေးနှင့် စနစ်ပြောင်းလဲရေး မဟုတ်ဘဲ မင်းမဲ့တိုင်းပြည်ဖြစ်ရေးနှင့် နိုင်ငံရေးတောကြောင်တို့ခေတ်ရောက်စေရေးပင် ဖြစ်သည်။

ထို့ကြောင့် လာမည့် ရွေးကောက်ပွဲကြီးတွင် မိမိနှစ်သက်ယုံကြည်ရာကို ဦးနှောက်အသိနှင့် ဆင်ခြင်နှိုင်းဆပြီး မပျက်မကွက် ဆန္ဒမဲပေး။ ဆန္ဒမဲပေးခြင်းသည် အမျိုးသားရေးဖြစ်ဘိသကဲ့သို့. .။


ဆန္ဒမဲပေးရေးသည် . . ရွေးကောက်ပွဲကြီး အောင်မြင်ရေး။

ဆန္ဒမဲပေးရေးသည် . . ခေတ်စနစ်ပြောင်းလဲရေး။

ဆန္ဒမဲပေးရေးသည် . . ဒီမိုကရေစီခေတ်သို့ ရောက်ရှိရေးနှင့်

ဆန္ဒမဲပေးရေးသည် . . တပ်မတော်အုပ်ချုပ်ရေးမှ ဒီမိုကရေစီ အုပ်ချုပ်ရေးသို့ ငြိမ်းချမ်းစွာဖြင့် အသွင်ကူးပြောင်းရေးပင် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည် ။ ။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
, No.33 · NOVEMBER 4, 2010



# ဘုရင်နဲ့ပြည်သူတွေ စာချုပ်ချုပ်ကြတဲ့ မဂ္ဂနာကာတာ

ချိုတူးဇော်

ကောရာဇ်မင်းများအနေနဲ့ သူတို့တိုင်းပြည်တွင်းမှာ နေထိုင်နေကြတဲ့ သာမန်ပြည်သူလူထုကို သူတို့ ထားရာနေ၊ စေရာသွားရမယ်လို့ သဘောထားသတ်မှတ်ထားခဲ့ကြတာ ပဒေသရာဇ်ခေတ်တစ်လျှောက်လုံး မှာပါပဲ။ ကမ္ဘာ့အရှေ့ခြမ်း၊ အနောက်ခြမ်းတိုင်းပြည် အသီးသီး၊ ဒေသ အသီးသီးမှာ ပုံသဏ္ဌာန်တွေသာ ကွဲပြားရင်ကွဲပြားမယ်။ အောက်ခြေ ပြည်သူလူထုရဲ့ အဖိနှိပ်ခံဘဝတွေကတော့ အတူတူချည်းပါပဲ။ အင်္ဂလန်မှာ ပြင်သစ်၊ ဂျာမနီ၊ ဥရောပနိုင်ငံတွေမှာ ရုရှားနဲ့ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ မြန်မာနိုင်ငံတိုင်း နိုင်ငံတိုင်းရဲ့ ပဒေသရာဇ်စနစ်က အုပ်ချုပ်သူ လူတန်းစားနဲ့ အုပ်ချုပ်ခံလူတန်းစားတို့ရဲ့ ဆက်ဆံရေးတွေဟာ တူညီနေကြပါတယ်။

တိုင်းနိုင်ငံဆိုတာ ပေါ်ထွန်းလာတာနဲ့အမျှ အုပ်ချုပ်ခွင့်အာဏာကို လက်နက်လူသူအင်အားတောင့်တင်းသူ အစုအဖွဲ့က ချုပ်ကိုင်ခဲ့ကြတယ်။ အဲဒီအစုအဖွဲ့ မိသားစု၊ ဆွေမျိုးဟာ အစဉ်အဆက် အုပ်ချုပ်ကြတယ်။ ဒါကိုပဲ မင်းဆက်များရယ်လို့ သတ်မှတ်ခေါ်ဝေါ်ခဲ့ကြတယ်။ သူတို့ထဲက တိုင်းနိုင်ငံ စတင်တည်ထောင်သူအများစုဟာ၊ သဘာဝဘေးအန္တရာယ်၊ တခြားသော လူမျိုးအစုအဖွဲ့တို့ရဲ့ ကျူးကျော်တိုက်ခိုက်ခြင်းဘေးအန္တရာယ် အသီးသီးကနေ သူ့လူမျိုး၊သူ့အဖွဲ့အစည်းလေးကို ကာကွယ်ပေးနိုင်ခဲ့တဲ့ လူစွမ်းကောင်းတွေ၊ သူရဲကောင်းတွေ ဖြစ်လေ့ရှိကြပြီး၊ သူတို့တွေကို အဲဒီလူ့အဖွဲ့အစည်းက လိုလိုလားလားနဲ့ကို ခေါင်းဆောင်တင်ခဲ့၊ဦးဆောင်ဦးရွက်နေရာပေးခဲ့ကြလေ့ရှိပါတယ်။ အဲဒီလူတွေ သက်တမ်းစေ့လို့ လွန်သွားတဲ့အခါမှာ သူတို့ ရဲ့သားမြေးတွေက အဲဒီလူ့အဖွဲ့အစည်းကို အလိုအလျောက်ဆက်လက်ဦးဆောင်ဦးရွက် အုပ်ချုပ်ခွင့်ရလာခဲ့တယ်။ ဒီလိုနည်းနဲ့ပဲ သူတို့တွေဟာ အလိုအလျောက် အုပ်ချုပ်သူလူတန်းစားတစ်ရပ်ရယ်လို့ ဖြစ်လာကြတယ်။ သူတို့မှာ စုဆောင်းထားပြီးသား လက်နက်ကိုင် အသင်းအဖွဲ့တွေရှိတယ်။ ဒီမြေ၊ ဒီရေကို သူတို့တွေပိုင်ဆိုင်တယ်။ သူတို့ပိုင်ဆိုင်တဲ့ မြေရေပေါ်မှာ ထွန်ယက်စိုက်ပျိုးကြတဲ့၊ မှီခိုနေကြတဲ့ လူတိုင်းက သူတို့ကို သူတို့ပိုင်တဲ့ မြေရေတွေအတွက် အခွန်အခတွေ ထမ်းဆောင်ပေးရွက်ကြရတယ်။ ဒီလိုနည်းနဲ့ပဲ ဟိုးသမိုင်းမတင်မီကာလတွေကနေ သက်ဦးဆံပိုင်ပဒေသရာဇ်စနစ်၊ မြေရှင်ပဒေသရာဇ်စနစ်ဆိုတာကြီးတွေ ပေါ်လာခဲ့ရပေ့ါ။

ပဒေသရာဇ်စနစ်မှာ ဧကရာဇ်များဟာ ရှေ့ကဆိုပြီးခဲ့သလို သူတို့တိုင်းနိုင်ငံများအတွင်းမှာ မှီခိုနေထိုင်တဲ့ ပြည်သူလူထုကို နည်းနည်းလေးမှ တန်ဖိုးထား မဆက်ဆံခဲ့ကြပါဘူး။ ပဒေသရာဇ် လူ့အဖွဲ့အစည်းတိုင်းရဲ့ လူနေမှုပုံစံတွေတိုင်းမှာ အောက်ဆုံးအလွှာမှာ ကျေးကျွန်များနဲ့ တောင်သူလယ်သမားတွေ၊ လက်လုပ်လက်စား လူတန်းစားတွေဟာ ရှိခဲ့ကြ၊ အဖိနှိပ်ခံခဲ့ကြရတယ်။ မနေ့တစ်နေ့က မြန်မာ့အသံက ညပိုင်းထုတ်လွှင့်တဲ့ ကိုရီးယားနန်းတွင်းဇာတ်လမ်းလေးတစ်ပုဒ်မှာ ဘုရင့်သမီးတော်က အောက်ခြေအလွှာက ကျေးကျွန်(မင်းသား)ကို ဒီလိုပြောပါတယ်။

“မင်းကို ငါက သက်တော်စောင့်လုပ်ဆိုရင် မင်းဟာ သက်တော်စောင့်ဖြစ်ရမယ်။ မင်းကိုငါက လက်သမားလုပ်ဆိုရင် မင်းလက်သမားဖြစ်ရမယ်။ မင်းအနေနဲ့ ဘာမလုပ်ချင်ဘူး၊ ဘာလုပ်ချင်တယ်ရယ်လို့ ငြင်းလို့တော့မရဘူး။ ငါခိုင်းတာကို မင်းမလုပ်ချင်ဘူးဆိုရင် မင်းအနေနဲ့ တခြားလမ်းမရှိဘူး သေလမ်းပဲရှိတယ်။ ဘာဖြစ်လို့လည်းဆိုတော့ မင်းဟာ ကျွန်တစ်ယောက်ဖြစ်နေလို့ပဲ”တဲ့။ ပဒေသရာဇ်စနစ်မှာအောက်ခြေတိုင်းသူပြည်သားတွေဟာ ဧကရာဇ်မင်းရဲ့ကျေးကျွန်တွေပါ ။ အဲဒီအချိန်ကာလမှာပဲ ကိုရီးယားနိုင်ငံနဲ့ကပ်လျက် တရုတ်ပြည်ကြီးမှာလည်း ထိုနည်းတူပါပဲ။ ချင်မင်းဆက်၊ ဟန်မင်းဆက်၊ မန်ချူးမင်းဆက်၊ မင်းဆက်တွေသာ တစ်ဆက်ပြီးတစ်ဆက် ပြောင်းသွားတယ်။ အောက်ခြေအလွှာ ပြည်သူတွေရဲ့ဘဝဟာ နင်းပြားပါပဲ။ ဟန်မင်းဆက် လက်ထက်မှာသာ ဟန်ပြည်သူလူထုထဲက စာပေလေ့လာ လိုက်စားတဲ့ လူငယ်လေးတွေဟာ ဘယ်လောက်ပဲ အရည်အချင်းရှိရှိ၊ အရာရှိစာမေးပွဲတွေကို ဝင်ခွင့်မရခဲ့ကြဘူး။ အဲဒီစာမေးပွဲတွေဟာ ငွေကြေးချမ်းသာတဲ့ မိသားစုတွေနဲ့ အရာရှိကြီးတွေရဲ့ သားသမီးတွေအတွက်ပဲ သီးသန့်သတ်မှတ်ကျင်းပပေးခဲ့တာဖြစ်ပါတယ်။ ဒါဟာ ဧကရာဇ်မင်းများအနေနဲ့ သူတို့ ကို ပြောရေးဆိုခွင့်ပြုလာနိုင်တဲ့ တစ်စိတ်တစ်ဒေသရှိလာနိုင်တဲ့ နန်းတွင်းအရာရှိတွေနေရာကို သူတို့ကိုထောက်ခံတဲ့ သူဌေးသူကြွယ်၊ အရာရှိတွေရဲ့ မျိုးဆက်တွေနဲ့ပဲ ဖွဲ့စည်းပြီး ဆွေစဉ်မျိုးဆက်အုပ်ချုပ်သွားနိုင်ဖို့ စီစဉ်ထားတာပဲဖြစ်ပါတယ်။ အင်္ဂလန်နိုင်ငံ၊ ပြင်သစ်နိုင်ငံရဲ့ ရုရှားဇာဘုရင်တွေလည်း ထိုနည်းတူပဲ ကျင့်သုံးခဲ့ကြတယ်။ ပြည်သူလူထုမှာ ငတ်မွတ်ခေါင်းပါးပြီး ဒုက္ခဆင်းရဲတွင်း ဘယ်လောက်နက်နက် သူတို့အဖို့မှာတော့ ပျော်ပါးသုံးစွဲလို့ မဆုံးဖြစ်ခဲ့ကြတယ်။ ဒါကြောင့် ပြင်သစ်တော်လှန်ရေးကြီးမှာ မိဖုရားက လမ်းပေါ်တက်ဆန္ဒပြနေတဲ့ လူတွေကို ‘ဒီလူတွေ ဘာဖြစ်လို့ ခုလိုလုပ်ကြတာလဲ’လို့ မေးတဲ့အခါ သူတို့မှာ စားစရာပေါင်မုန့်မရှိတော့လို့လို့ အနီးအပါးက ဖြေတော့၊ **ပေါင်မုန့်မရှိရင် ကိတ်မုန့်စားပေ့ါ**လို့ ပြန်ပြောပါသတဲ့။ ဘာတစ်ခုမှ လိုလေသေးမရှိအောင် မွေးကတည်းကပြည့်စုံလာတဲ့ နန်းတော်ထဲမှာ ကြီးပြင်းလာတဲ့ လူတွေကတော့ အမှောင်ဆိုတာ ဘယ်သိပ့ါမလဲ။ နေ့ညမပြတ် အမြဲထိန်ထိန် ညီးနေတဲ့ အဲဒီနန်းတော်ထဲက လူတွေဟာလမ်းပေါ်မှာ ဆာလောင်ငတ်မွတ်စွာနဲ့ တောင်းဆိုနေကြတဲ့ ပြည်သူတွေကို ဓားတွေ သေနတ်တွေသုံးပြီးအကြမ်းဖက်နှိမ်နင်းခဲ့ပါတယ်။

ပဒေသရာဇ် လူတန်းစားတွေဆီမှာ အမြစ်တွယ်နေတဲ့ အတွေးအမြင်တစ်ရပ်ကတော့ ဧကရာဇ်မင်းများနဲ့ သူတို့မိသားစုများဟာ သာမန်ပြည်သူတွေထက် ပိုမိုမြင့်မြတ်တယ်။ အခွင့်အရေးပိုယူပိုင်ခွင့်ရှိတယ်ဆိုတာပါပဲ။ ပြည်သူလူထုရဲ့ အတွေးအမြင် အသိစိတ်တွေထဲမှာ မင်းဧကရာဇ်များကို အလုပ်အကျွေးပြုရမယ်၊ ကာကွယ်စောင့်ရှောက်ရမယ်၊ တစ်သွေးတစ်သံ တစ်မိန့်နာခံရမယ်ဆိုတဲ့ အယူအဆမျိုးတွေ ဝင်နေအောင် နည်းလမ်းအမျိုးမျိုးကိုသုံးပြီး သွတ်သွင်းခဲ့တယ်။ တချို့ဧကရာဇ်တွေများဆိုရင် သူတို့ကို ပြည်သူလူထုက ဖန်ဆင်းရှင်ဘုရားလို့ထင်မှတ်အောင် ကြောက်ရွံ့သေဝပ်အောင် ဝါဒဖြန့်အုပ်ချုပ်ခဲ့ကြတယ်။ အီဂျစ် ဖာရိုတွေ၊ ကမ္ဘောဒီးယား ခမာမင်းဆက်တွေဟာ သူတို့ကိုယ် သူတို့ဘုရားတွေ၊ ဘုရားနဲ့တိုက်ရိုက် ဆက်နွယ်ဆင်းသက်လာတဲ့သူတွေစသဖြင့် ပြည်သူလူထုကို ကြောက်ရွံ့ခစားစေခဲ့တယ်။ မြန်မာဘုရင်တွေထဲလည်း ဆုကြီးပန်ထားတယ်၊ဘုရားအလောင်းဖြစ်တယ်။ ဗျာဒိတ်ပေးခံထားရတယ် စသဖြင့် ပြည်သူလူထုရဲ့ ကြောက်ရွံ့ခစားမှုကို ဘာသာရေးခုတုံးနဲ့ အသုံးချခဲ့တဲ့ ဘုရင်တွေတွေ့ရတယ်။ ဧကရာဇ်တွေဟာ ပြည်သူလူထုဆီက အဲဒီလိုကြောက်ရွံ့ခစားမှုတွေကို ရယူထားပြီး သူတို့အနီးအပါးက သူတို့ကို ဩဇာခံ၊ သူတို့ကိုကာကွယ်စောင့်ရှောက်တဲ့ မှူးမတ်ဗိုလ်ပါ ခစားသူတွေကိုတော့ သာ မန်ပြည်သူတွေထက် ထူးကဲတဲ့ အခွင့်အရေးတွေ၊ ရပိုင်ခွင့်လုပ်ပိုင်ခွင့်တွေနဲ့ သစ္စာစောင့်သိသထက် သိအောင် လုပ်ထားတယ်။ ညပိုင်းလာတဲ့ ကိုရီးယားနန်းတွင်းကား တစ်ကားမှာတော့ ဘုရင်နဲ့ မိသားစုတွေကို ကာကွယ်ပေးမယ့် မိန်းမစိုး(ကုန်းကုန်းတွေ) တွေကို နည်းအမျိုးမျိုးနဲ့ လေ့ကျင့်ပျိုးထောင်မွေးမြူထားတာ တွေ့ရလိမ့်မယ်။ ပဒေသရာဇ်စနစ်မှာ ပဒေသရာဇ်တွေရယ်၊ ဆွေတော်မျိုးတော်တွေရယ်၊ သူတို့ကိုကာကွယ်စောင့်ရှောက် သစ္စာစောင့်သိတဲ့ သူတွေရယ်ကလွဲရင် ကျန်တဲ့ ပြည်သူလူထုမှန်သမျှ အလွှာအသီးသီး၊ အတန်းအစားအသီးသီး ဖိနှိပ်ချုပ်ချယ်ခံရတာတွေ့ရပါလိမ့်မယ်။ ပဒေသရာဇ်တွေအနေနဲ့ နိုင်ငံတကာက ပိုးဖဲကတ္တီပါ ကျောက်သံပတ္တမြားတွေ ဝယ်လို့ အသုံးစရိတ်တွေ လိုလာရင် ပြည်သူတွေဆီက အခွန်တိုးကောက်မယ်။ သူတို့ ဧကရာဇ်မင်းအချင်းချင်း ကတောက်ကဆဖြစ်၊ မာန်မာနချင်းပြိုင်ဆိုင်လာရာက စစ်မက်တွေဖြစ်လာရင် အဲဒီပြည်သူတွေကို စစ်မှုထမ်းခိုင်း၊ ပြည်သူတွေဆီက စစ်သုံးစရိတ်တွေကို ကောက်ပြီး စစ်ပွဲတွေ ဖန်တီးကြပြန်တယ်။ ရာဇာဓိရာဇ်နဲ့မင်းခေါင်တို့ရဲ့ နှမပေးသမီးယူပြီး အမျိုးတော်လိုက်၊ တော်ကြာ စစ်ထတိုက်လိုက် လုပ်ခဲ့တဲ့ စစ်ပွဲတွေ၊ ဘုရင့်နောင်ရဲ့ အင်ပါယာနယ်ချဲ့ စစ်ပွဲတွေအတွက် ရိက္ခာစပါးအချိန်မီ မဆက်သရကောင်းလားဆိုပြီး ပုဂံနယ်က လယ်သမားတွေကို ဆင်နဲ့နင်းသတ်ဖို့ အမိန့်ပေးခဲ့တဲ့ လုပ်ရပ်တွေဟာ မြန်မာ့သမိုင်းစာမျက်နှာတွေပေါ်က ပဒေသရာဇ်စနစ်နဲ့ အကျည်းတန်လှတဲ့ ဖြစ်ရပ်တွေပါ။

ခေတ်အဆက်ဆက် ပဒေသရာဇ်တွေဟာ စစ်ပွဲတွေမှာ သူတို့အပေါ်သစ္စာရှိရှိနဲ့ အမှုထမ်းကြတဲ့သူတွေကို သက်သပ်မွေးပြီး သူတို့ အပါခစားစေခဲ့တယ်။ အဲဒီလူတွေဟာ သူတို့ရဲ့ အတွင်းစည်းထဲက ကျေးတော်ရင်း၊ ကျွန်တော်ရင်းတွေ ဖြစ်လာကြတယ်။ ပဒေသရာဇ် စနစ်တစ်လျှောက် ဧကရာဇ်မင်းများရဲ့ ဩဇာအာဏာတည်မြဲဖို့အတွက် အဲဒီလို သစ္စာရှိ ကျွန်ယုံကျွန်ရင်းတွေရဲ့ အခန်းကဏ္ဍဟာ အရမ်းကို အရေးပါပါတယ်။ ဒ့ါအပြင် အဲဒီဧကရာဇ်မင်းများနဲ့ အပေးအယူလုပ်ပြီး စီးပွားဥစ္စာ ချမ်းသာသည်ထက် ချမ်းသာအောင် ရှာဖွေကြတဲ့ သူဌေးသူကြွယ်၊ ကုန်သည်ကြီးတွေဟာလည်း ပဒေသရာဇ်စနစ်နဲ့ အရေးပါတဲ့ ဒေါက်တိုင်ကြီးတွေပါပဲ။ အဲဒီလို သူဌေးသူကြွယ်ကြီးတွေရဲ့ အခြေခံသဘောထားကတော့ရှင်းပါတယ်။ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့ စိတ်ဓာတ်ပါ။ ဘုရင်တွေဟာ လက်နက်လူသူအင်အားတွေနဲ့ သူတို့ရဲ့တန်ခိုးဩဇာအာဏာတွေကို ထူထောင်ထားကြတယ်ဆိုပေမယ့် သူ့အနီးမှာ ခစားနေတဲ့ အဲဒီစစ်သည်ဗိုလ်ပါတွေကို သာမန်ပြည်သူတွေထက် များစွာ ပိုမိုတဲ့ ဥစ္စာဓနတွေ ဖန်တီးပေးထားရပါတယ်။ ဒါမှလည်း ဒီမှူးကြီး၊ မတ်ကြီး၊ စစ်သည်၊ ဗိုလ်ပါတွေက သူ့ကို မြဲမြံခစားကြတော့မှာပေ့ါ။ ဒ့ီအတွက်လည်း ပြည်သူလူထုဆီက အခွန်အတုပ်တွေ ကောက်ခံပါတယ်။ တခြားနည်းနဲ့လည်း အဲဒီမှူးကြီး၊ မတ်ကြီးတွေကို အမျိုးမျိုးသော လာဘ်ပေး၊ လာဘ်ယူမှုတွေကို လျစ်လျူရှုပြီး လုပ်ခွင့်ပေးထားခဲ့တယ်။ တရုတ်ပြည်ကြီးမှာ ခေတ်အဆက်ဆက် အရာရှိကြီးတွေ၊ နယ်စား၊ ပယ်စား၊ မှူးမတ်တွေရဲ့ ဖိနှိပ်မှု ပြည်သူလူထုဟာ အရမ်းကို ခံစားခဲ့ရတယ်။

သက္ကရာဇ် ၁၂၀၀ကျော်ကာလမှာ အင်္ဂလိပ်၊ ပြင်သစ် နှစ်တစ်ရာ စစ်ပွဲကြောင့် အင်္ဂလန်ဧကရာဇ်တွေ စစ်သုံးစရိတ်ပန်းလာတဲ့အခါ ပြည်သူလူထုဆီက ပိုမိုများပြားတဲ့ စစ်သုံးစရိတ်တွေ၊ လူသူထောက်ပံ့မှုတွေ လိုလာတဲ့အခါမှ ပြည်သူလူထု လိုချင်တာ တွေညှိနှိုင်းပြီး အပေးအယူသဘောတူ စာချုပ်တစ်ခုကို ချုပ်ဆိုခဲ့တယ်။ ဒါဟာသမိုင်းမှာ ပထမဆုံးသော အုပ်ချုပ်သူပဒေသရာဇ် လူတန်းစားနဲ့ အုပ်ချုပ်ခံ ပြည်သူတွေရဲ့ ပထမဆုံးသော အုပ်ချုပ်ရေးစနစ်အတွက် အပြန်အလှန်ညှိနှိုင်း သဘောတူညီမှုပြုလုပ်ခဲ့ခြင်းပါ။ အဲဒီစာချုပ်ကတော့ မဂ္ဂနာကာတာ (Magana Carta)ပါပဲ။

မဂ္ဂနာကာတာထဲမှာ ပြည်သူလူထုကို အကြောင်းပြချက် မခိုင်လုံဘဲ ဖမ်းဆီးတာ၊ အရေးယူတာတွေ မလုပ်တော့ပါဘူး။ ပြည်သူလူထုပိုင်ဆိုင်တဲ့ သစ်ပင်တွေ ခုတ်တာမျိုးစတဲ့ ဘယ်လိုအ ကြောင်းနဲ့ပဲ ဖြစ်ဖြစ် ပြည်သူလူထု တစ်ဦးတစ်ယောက်ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာတွေကို အဓမ္မသိမ်း ပိုက်တာမျိုးတွေမလုပ်တော့ပါဘူး။ စစ်သည်တော်တွေနဲ့ တခြားအ ကြောင်းပြချက်အမျိုးမျိုးအတွက် အခွန်အတုပ်တွေကို စည်းလွတ် ဝါးလွတ်ကောက်ယူတာမျိုး မလုပ်တော့ပါဘူးဆိုတာတွေ ပါပါတယ်။ ဒါဟာ လက်နက်အင်အားနဲ့အုပ်ချုပ်နေတဲ့ မင်းဧကရာဇ်တွေအနေနဲ့ အုပ်ချုပ်ခံပြည်သူလူထုရဲ့ ကိုယ်ပိုင်အခွင့်အရေးတွေကို ပထမဦးဆုံး အသိအမှတ်ပြု တလေးတစား ထားပေးခဲ့တဲ့ ပထမဦးဆုံးသော စာချုပ်ပါ။ နောင်အစဉ်အဆက် ယနေ့ထိတိုင်အောင် အင်္ဂလန်ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ မဂ္ဂနာကာတာရဲ့ အချက်အလက်တွေကို အခြေခံထည့်သွင်းရေးဆွဲထားဆဲပါ။ အမေရိကန်ဖွဲ့စည်းပုံ အခြေခံဥပဒေထဲမှာလည်း မဂ္ဂနာကာတာနဲ့ သဘောတရားတွေကို အခြေခံယူပြီး ရေးဆွဲထားတာပါ။

နှစ်တစ်ရာ စစ်ပွဲကြောင့် ချွတ်ခြုံကျပြီး ဘေးကျပ် နံကျပ်ဖြစ်နေတဲ့ အင်္ဂလိပ်ဧကရာဇ်တွေဟာ ပြည်သူ့အခွင့်အရေးတွေ အပြည့်အဝပေးတာကိုတော့ နောင်နှစ်ပေါင်းလေးရာကျော်ကြာတဲ့ ၁၆၀၀ ပြည့်နှစ်နှောင်းပိုင်းလောက်မှပဲ လိုက်လျောခဲ့တာပါ။ နှစ်ပေါင်း လေးရာကြီးများတောင် ကြာမြင့်ခဲ့ပါတယ်။ သာမန်ပြည်သူလူထုကို လူတွေ၊ သူတို့မှာ ကိုယ်ပိုင်အုပ်ချုပ်ပိုင်ခွင့်၊ ကိုယ်ပိုင်အခွင့်အရေးတွေ ရယူပိုင်ခွင့်၊ရပ်တည်ပိုင်ခွင့်တွေရှိတယ်ဆိုတာကို သဘောကို မပေါက်တဲ့ ဧကရာဇ်တွေက တရားဥပဒေဆိုတာကို ၁၆၀၀ပြည့်နှစ်နှောင်းပိုင်းကျမှ လွတ်လပ်ခွင့်ပေးခဲ့ပါတယ်။ တရားစီရင်ရေးမှာ လွတ်လပ်မှုရှိမှ ပြည်သူတွေ အနှောင်အဖွဲ့ကင်းတာဆိုတော့ အင်္ဂလိပ်တွေ ၁၆၀၀ ပြည့်နှစ် နှောင်းပိုင်းမှ လွတ်လပ်ခဲ့ကြတယ်လို့ ပြောရင် မမှားနိုင်ပါဘူး။

We are under the rule of Lawsတဲ့။ ကျွန်တော်တို့ဟာ တရားဥပဒေရဲ့ စည်းမျဉ်း အုပ်ချုပ်မှုအောက်မှာနေတာပါတဲ့။ ဘယ်သူကမှ ဘယ်သူ့ကိုမှ အုပ်ချုပ်တာကို ခံမနေရပါဘူးတဲ့။ ဒီမိုကရေစီနိုင်ငံသားတိုင်း ဝမ်းမြောက်ဂုဏ်ယူစွာ ကြွားဝါလေ့ရှိကြတယ်။ ဘယ်သူမို့လို့၊ ဘယ်သူနဲ့ဘာတော်လို့ ဆိုတာမရှိတဲ့ အဲဒီတိုင်းပြည်တွေရဲ့ ဒီမိုကရေစီ ခရီးလမ်းကလည်း အတော်တော့ကြမ်းခဲ့တာပါ။

**စာ(၄၀)သို့**

7 DAY NEWS JOURNAL
Vol.9, No.33 · NOVEMBER 4, 2010

# နည်းနည်းလေးပဲစဉ်းစားပေးပါ



စစ်နိုင် (စာမရှိ) ဒိုက်ဦး

တစ်နေ့က . .

ပဲဈေးနဲ့ စပါးဈေးလေး သိချင်လို့ လူငယ်ဇနီးမောင်နှံတို့ပိုင်တဲ့တိုက်ကို ကျွန်တော်ရောက်ခဲ့တယ်။ ကျွန်တော့်လယ်က ထွက်တဲ့စပါးနဲ့ ပဲကို သူတို့ပိုင်တဲ့စက်မှာ ရောင်းချလာတာ နှစ်အတန်ကြာပါပြီ။

ဒီနေ့တော့ လင်မယားနှစ်ယောက်လုံးက အိမ်ရှေ့မှာ ဆက်တီခုံတွေချပြီး ဘီယာသောက်နေကြတယ်။ သူတို့ပိုင်ဆိုင်တဲ့ တိုက်ကြီး ၄ လုံးက လမ်းဘေးမှာဆိုတော့သူတို့လင်မယားကို ကြည့်သွားတဲ့ လမ်းသွားလမ်းလာတွေကအလွန်များတာကို သတိထားမိတယ်။

သူတို့ဇနီးမောင်နှံထိုင်နေတဲ့ ခုံရှေ့ကမျက်နှာချင်းဆိုင် ထိုင်ခုံအလွတ်မှာ ကျွန်တော်ဝင်ထိုင်တယ်။ "အစ်ကို ဘာလုပ်စရာရှိလဲ။ ဘီယာသောက်မလား" လို့ မေးတယ်။ ကျွန်တော်က ခေါင်းခါပြီး မတ်ပဲဈေးကို မေးတယ်။ ဈေးနှုန်းကိုပြန်မဖြေသေးဘဲ ကျွန်တော်တို့လည်းအရောင်းအဝယ်အဆင်မပြေတော့ ငွေကျပ်နေတယ်အစ်ကိုတဲ့။ ကျွန်တော်သူတို့ အိမ်ကိုဝင်တာငွေချေးဖို့ ထင်သွားပုံရတယ်။ သူတို့ တကယ်ကျပ်တည်းနေလို့ပဲပြောလိုက်တာလား စဉ်းစားကြည့်တယ်။ ဒီအချိန်မှာ အသက်ငါးဆယ်ကျော် လူကြီးတစ်ယောက်ရောက်လာပြီး ဆရာနဲ့ ဆရာကတော်လို့ နှုတ်ဆက်တယ်။ လက်ထဲမှာကိုင်လာတဲ့စာရွက် စာတမ်းတွေပြပြီး လုပ်ငန်းအကြောင်းပြောတယ်။ ခဏကြာတော့ လူကြီးပြန်သွားတယ်။

လူကြီး ပြန်ထွက်သွားပြီးမှပဲ ဆောင်းပါးလေးရေးဖို့ ဖြစ်လာတယ်။ လူငယ်က ပြန်ထွက်သွားတဲ့လူကြီးကို ကြည့်ပြီး အလကားလူကြီးဗျာ၊ ဘွဲ့ရပြီးအသုံးမကျခဲ့လို့ ဒီအရွယ်ကျမှ ဒီလိုလုပ်နေရတာ။ ဒီအလုပ်တောင် ကျွန်တော်မိန်းမက ခန့်လိုက်ပါဆိုလို့ ပေးထားတာ။ သူ့အသက်အရွယ်နဲ့ ဘွဲ့တွေ ဘယ်နှခုပဲရရ ဘယ်သူမှအလုပ်ခန့်ဖို့ စဉ်းစားမှာ မဟုတ်ဘူးတဲ့။

ဒီတော့မှ ကျွန်တော်လည်း မေးဖြစ်တယ်။ အရက်သောက်လို့လား။ မိန်းမလိုက်စားလို့လား။ စာရိတ္တ မကောင်းလို့လား။ ဆိုတော့လူငယ်က အစ်ကိုမေးတာ တစ်ခုမှ ပြောစရာမရှိဘူး။ သူက ရိုးသားတာပဲ ရှိတယ်။ ကြိုးစားတာမရှိဘူး။ ကျောင်းဆရာလူထွက်ပါ။ အသက်ကြီးလို့ မခိုင်းချင်တော့တာလို့ပဲ ပြောတယ်။

သူတို့လင်မယားရှေ့မှာ ကျွန်တော့်မျက်နှာ တော်တော်ပျက်နေတယ်။ သူတို့လင်မယားကိုကြည့်ပြီး အမြင်ကျဉ်းလိုက်တာဆိုတာကို မျက်နှာအမူအယာပြပြီး ရွာကိုပြန်ခဲ့တယ်။ တွေးစရာတွေကလည်း တစ်ပုံကြီးရလာတယ်။

တစ်ခါက အင်တာဗျူးတစ်ခုမှာကြုံခဲ့ရတဲ့ အဖြစ်နဲ့ ထပ်တူညီနေတယ်။ အင်တာဗျူးတာက လူငယ်တွေပါပဲ။ သူတို့သိချင်တဲ့ အချက်တွေမေးပြီးမှ ဦးလေးအသက်လေးဆယ်ကျော်နေပြီ။ အခုချိန်ထိ အလုပ်လျှောက်လုပ်နေရတုန်းလား။ ဦးလေးသားသမီးတွေကမထောက်ပံ့ကြဘူးလား။ ကျွန်တော်တို့က သွက်သွက်လက်လက် လုပ်တဲ့ လူငယ်တွေကိုပဲ လိုချင်တော့တာဆိုပြီး အင်တာဗျူးကို အဆုံးသတ်တယ်။

အကြောင်းပြချက်နှစ်ခုစလုံး ကအသက်ကြီးနေတာတူတယ်။ အသက်ကြီးလို့ အလုပ်မခန့်ချင်ရင် အင်တာဗျူးလူငယ်တွေပြောတာမှန်တယ်။ စက်ပိုင်လူငယ်ပြောသလို အလကားလူကြီးပါဗျာ ဆိုတာက ဘာကို ပြောတာလဲ။ လူကြီးရဲ့ ရှေ့မှာတော့ မပြောဘဲ အလုပ်ပေးထားရတာကိုပဲ ကယ်တင်ရှင်ကြီး မှတ်ပြီးကျေနပ်တဲ့ အမူအရာကို ဟန်ဆောင်ပြတယ်။

အဲဒီအချိန်ကစပြီး သူတို့ပိုင်တဲ့စက်မှာ စပါးလည်း မကြိတ်တော့ဘူး။ ပဲလည်း မရောင်းတော့ဘူး။ ဘယ်လိုကိစ္စမျိုးနဲ့မှ မဆက်ဆံမိအောင် ရှောင်လိုက်ပါတယ်။

စက်ပိုင်လူငယ်နဲ့အင်တာဗျူး လူငယ်တွေရဲ့ စိတ်နေစိတ်ထား၊ စဉ်းစားဆင်ခြင်ပုံတွေကွာခြားသွားတယ်။

အင်တာဗျူး လူငယ်တွေမှာ ကရုဏာလည်း တွေ့ရတယ်။ အသက်ကြီးတဲ့ လူအတွက် ဥပေက္ခာကိုလည်း တွေ့တယ်။ တကယ်လိုအပ်တာကိုပဲ ရယူတာတွေ့တယ်။ အလွန်ချီးကျူးပါတယ်။

အပေါ်ယံတွေးလိုက်ရင် လူငယ်အင်တာဗျူးသမားလေးတွေကိုစိတ်ဆိုးမိမှာပဲ။ ဒါတောင်စိတ်မရှိပါနဲ့ဆိုပြီး ဘယ်သားသမီးကများမိဘရဲ့ အလုံးစုံကိုစောင့်ရှောက်နိုင်တာတွေ့ခဲ့ဖူးလဲ။

ပြည့်စုံနေတဲ့ သားသမီးတွေကိုပီတိတွေနဲ့ သာကြည့်ပြီး မင်းတို့ကချမ်းသာလိုက်တာ။ ငါတို့လင်မယားကတော့ ငတ်နေပြီလို့ ပြောခဲ့ဖူးတဲ့ မိဘဆိုတာမျိုး မြင်ခဲ့ရ၊ ကြားခဲ့ရလားဆိုပြီး ပြန်မေးမိခဲ့တယ်။ အပေါ်ယံအတွေးနဲ့ မှားခဲ့တော့ရှက်မိသေးတယ်။

ဘာပဲလိုချင်လိုချင် ရပါတယ်။ ရှိပါတယ်။ ဆိုတဲ့စကားမှာ အပိုင်းအခြားရှိပါတယ်။ လူကြီးနဲ့လူငယ် ပြည့်စုံနေတဲ့လူနဲ့ မရှိတဲ့လူကြီးတို့ ဖြစ်တယ်။

အတတ်ပညာကို အသုံးချပြီး ဥစ္စာမရှာခဲ့တဲ့ ပညာဉာဏ်ထက်မြက်တဲ့ လူကြီးတွေရှိသလို၊ အတတ်ပညာကို အသုံးချပြီး ဥစ္စာနောက်ကိုလိုက်လို့ ပြည့်စုံတဲ့လူကြီးတွေလည်း ရှိတယ်။

အကြောင်းကို အခြေခံပုံမတူလို့ အကျိုးကွာခြားသွားကြတာပါ။ ဒါ့ကြောင့် ရှိပါတယ်။ ရတာလည်ချောင်းမှာ ထမင်းနင်တယ်ဗျာ။ ဘယ်အရွယ်ပဲရောက်ရောက် အသက်ရှင်နေသမျှတော့ ထမင်းနပ်မှန်ဖို့ 'လုပ်နိုင်တဲ့ အလုပ်ကိုလုပ်တာ အကောင်းဆုံးပဲ' တဲ့။ စာရိတ္တကို ထိန်းနိုင်ဖို့တော့ သတ္တိလိုတာအမှန်ပဲ။

မှန်ပါတယ်။ တစ်ဝမ်းစာအတွက်၊ နှစ်ဝမ်းစာအတွက် အသက်ကြီးကြီး၊ အသက်ငယ်ငယ်၊ လုပ်နိုင်တာလေးကို လုပ်ရမှာပါ။ ဒီဆရာလိုပဲ မေတ္တာရှင်ဆရာကြီးနှစ်ယောက်ကိုလည်း မှတ်မှတ်သားသား ရှိနေခဲ့တယ်။ လူငယ်လေးတွေဆီက ဘာတစ်ခုကိုမှ ပြန်ရစေဆိုတဲ့ စိတ်မျိုးမရှိဘဲ မေတ္တာ သက်သက်နဲ့ ပေးနေတဲ့ ဆရာကြီးတွေပါ။ လူငယ်တွေကို အနာဂတ်မှာလူတစ်လုံး၊ သူတစ်လုံးဖြစ်အောင် လမ်းညွှန်ပြပေးနေတဲ့ဆရာကြီး (ဦး) အောင်သင်းနဲ့ ဆရာကြီးလူထု (ဦး) စိန်ဝင်းတို့ နှစ်ဦးပါ။

အဲဒီဆရာကြီးတွေဟာ ဥစ္စာနောက်ကိုမလိုက်ဘဲ ပညာနောက်ကိုသာ လိုက်ခဲ့တဲ့ ကျောင်းဆရာမေတ္တာရှင်တွေပါ။

လောကမှာ ဒီဆရာကြီးနှစ်ဦးကပဲ မေတ္တာတွေ ပေးဝေနေတာတော့ မဟုတ်ပါဘူး။ ဒီဆရာကြီးနှစ်ယောက်ကိုတော့ စာရေးသူရဲ့ နှလုံးသားထဲမှာ မှတ်မှတ်သားသားရှိနေခဲ့လို့ ဖော်ပြလိုက်ပါတယ်။

ဆရာကြီးတို့ရဲ့ နှလုံးသားထဲကိုကိုယ်တိုင်ဝင်ပြီး ခံစားကြည့်မှပါတယ်ဆိုတာ ဖြစ်လာခဲ့တာပါ။ ဒါကြောင့်ပဲ မရှိပါဘူးကွယ်။ ဒါကိုတော့ မတတ်နိုင်လို့ မရနိုင်ဘူးဆိုတာမျိုးတွေပါ။

ဆောင်းပါးအစမှာ အပြောခံလိုက်ရတဲ့ ပုဂ္ဂိုလ်ဟာ ကျောင်းဆရာလူရိုးကြီးပါ။ ဇနီးသည်လေဖြတ်ထားလို့ရတဲ့ အလုပ်ကို လုပ်နေခဲ့တာပါ။ သူရတဲ့လစာဆိုတာ အလွန်သန့်ရှင်းစင်ကြယ်ပါတယ်။ ဆရာထက် တပည့်တွေကလက်စောင်းထက်စေချင်တဲ့လူပါ။ ဒီလိုလူတွေဟာ ဥစ္စာနောက်ကိုမလိုက်တဲ့မေတ္တာသမားတွေပါ။

အဲဒီပုဂ္ဂိုလ်ကို ကျွန်တော်တတ်နိုင်တာ ကူညီဖို့ တွေ့အောင်ကြိုးစားခဲ့တယ်။ ဆရာပြောတဲ့စကားကို မမေ့နိုင်လို့ ပြန်ရေးပြလိုက်ပါတယ်။

လူကြီးတန်းဝင်လာတဲ့ အသက် ၅၀ ကနေ အသက် ၁၀၀ နေရပါစေ။ မှီခိုပြီး စားသောက်ရမေတ္တာဆိုတာကို တွေ့သွားတယ်။

ဆရာကြီးတွေက အသက်အရွယ်ကြီးရင့်လာပါပြီ။ သူတို့နှစ်ယောက်သင်ယူခဲ့ရတဲ့ သညာကို အခြေခံပြီးဉာဏ်ဆိုတာ ထည့်ခဲ့တယ်။ သညာကို ဉာဏ်နဲ့ပေါင်းပြီး ပညာနောက်ကို လိုက်ခဲ့ကြတယ်။ သူတို့ကိုယ်တိုင်ရယူခဲ့တဲ့ ပညာကို (ကျွန်တော်အပါအဝင် သူတို့သွားမယ့်လမ်းဆုံး) ကိုဘာတစ်ခုမှ မယူဘဲပေးခဲ့ကြရအောင်ဆိုတဲ့ ခံယူချက်ကို တိတိကျကျ သွားတွေ့တယ်။ နှစ်ယောက်သားတိုင်ပင်ပြီးမှဟန်လုပ်ပေးနေတဲ့ ဆရာတွေမဟုတ်ပါဘူး။ ဒီဆရာကြီးတွေနဲ့ အလားတူ ရှေးကမေတ္တာပေးခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေနောက်မှ မေတ္တာပေးလာကြမယ့်ပုဂ္ဂိုလ်တွေအားလုံး လောကမှာ အဆက်မပြတ်ပေါ်လာကြမှာပါပဲ။

မေတ္တာပေးကြတဲ့ ပုဂ္ဂိုလ်တွေအားလုံးဟာ သက်မဲ့ဆန်ကောတစ်ချပ်နဲ့ တူပါတယ်။ ဆန်ကောထဲထည့်လိုက်တဲ့ ဆန်အပါအဝင် အရာဝတ္ထုအားလုံး ဘယ်ဟာပဲထည့်ထည့် အသုံးမဝင်တာတွေကို ရွေးထုတ်ဖို့ တာဝန်ယူရတဲ့ ပစ္စည်းပါ။ သန့်စင်ပြီးတဲ့ ပစ္စည်းကိုပဲလူတွေက ယူသုံးကြတယ်။

ဆန်ကောအတွက် ဘာမှ မကျန်ပါဘူး။ ဆန်ကောအတွက် မကျန်လည်း ရောက်လာသမျှကို သန့်စင်ပေးတာပါပဲ။

ဆိုလိုချင်တာကတော့ မေတ္တာပေးတဲ့ ပုဂ္ဂိုလ်တွေရဲ့ စိတ်ထဲမှာ ညစ်ထေးခဲ့ဖူးတဲ့ အရာတွေကို ဆန်ကာချသန့်စင်ပြီးမှ လူသားနဲ့လောက၊ လောကမှာကျင်လည်ရင်အသုံးဝင်တဲ့ တကယ်အသုံးချလို့ရတာတွေကို ဆင့်ပွားပေးကမ်းနေတဲ့ ပုဂ္ဂိုလ်မျိုးတွေပါ။ ဆန်ကောလိုပါပဲ။ သူတို့တွေအတွက်ဘာမှ မကျန်ရှာပါဘူး။

ဒီကနေ့ခေတ်ကို လူငယ်တွေဦးဆောင်လာကြပါပြီ။ အလွန်အားတက်စရာ ကောင်းတဲ့အချက်ပါ။

စာ(၁၈) သို့

JOKE

## ငတုံးလေး

ကလေးငယ်တစ်ဦး ဆံပင်ညှပ်ဆိုင်သို့ဝင်လာသောအခါ ဆံပင်ညှပ်သူက ၎င်းဆံပင်ညှပ်ပေးနေသူအား အခုလိုပြောသည်။

"အဲဒီကလေးဟာ တော်တော်တုံးတဲ့ ကလေးလေးဗျ။ ခင်ဗျားကြည့်နေကျွန်တော်လက်တွေ့ပြမယ်" ဟုဆိုကာ ဆယ်တန်တစ်ရွက်နှင့် ငါးကျပ်တန်တစ်ရွက်ကို လက်တစ်ဖက်စီတွင် ကိုင်ထားရင်း

"ကဲ ကလေးမင်းဘယ်ဟာယူမလဲ" ဟုမေးရာ ကလေးငယ်က ငါးကျပ်တန်ကိုယူ၍ ထွက်သွားပါသည်။

"ကျုပ်ပြောတယ်မဟုတ်လား။ ဒီကလေးက ဘယ်တော့မှ တစ်ဆယ်တန် ယူရကောင်းမှန်းမသိဘူး" ဆံပင်ညှပ်သမားက ၎င်း၏ ဖောက်သည်အား ပြောလိုက်သည်။ ဆံပင်ညှပ်လာသူလည်းဆံပင်ညှပ်ဆိုင်မှထွက်လာခဲ့ပြီး စောစောက ကလေးရေခဲမုန့်ဆိုင်မှ ထွက်လာသည်ကိုတွေ့သောအခါ မနေနိုင်တော့ဘဲ "မင်းက တစ်ဆယ်တန်ဘာလို့ မယူတာလဲကွ" ဟု ကလေးငယ်အားမေးမြန်းရာ "သားတစ်ဆယ်တန်ယူလိုက်ရင် နောက်ဆိုသားရေခဲမုန့် ဘယ်စားရတော့မလဲဦးရ"

## မှားသွားလို့

ဆယ်ကျော်သက်အရွယ်သမီးငယ်က နာရီဝက်ခန့် ဖုန်းပြောပြီးနောက် ဖုန်းချလိုက်ရာ ဖခင်ဖြစ်သူမှာ အံ့သြသွားပြီး

"ဟာ ငါ့သမီးဒီတစ်ခါ ဖုန်းပြောတာ တယ်မြန်တာပဲ။ ခါတိုင်းဆိုအနည်းဆုံး နှစ်နာရီလောက်ကြာတာ။ ဒီတစ်ခါ ဘယ်လိုဖြစ်တာလဲ"

"ဖုန်းနံပါတ်မှားလို့တဲ့အဖေ" ဟု သမီးဖြစ်သူက ပြန်ပြောပါသည်။

7DAY NEWS
ကြော်ငြာဌာန
၇၃၀၇၈၄၂၉

အယ်ဒီတာချုပ်- သောင်းစုငြိမ်း။ အမှုဆောင်အယ်ဒီတာများ- အားမာန်၊ ငြိမ်းငြိမ်းနိုင်။ စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ - စောစည်သူမိုး၊ သတင်းအယ်ဒီတာများ- အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ အကြီးတန်းသတင်းထောက်- မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ နိုင်ငံတကာသတင်းဘာသာပြန်- ရဲမင်း၊ ကျော်မျိုးဦး။ စာပြင်အယ်ဒီတာ- လုထွင့်ဦး။ သတင်းထောက်များ- သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းငွေ၊ အေးသူစံ။ နေပြည်တော်သတင်းထောက်- ထူးသန့်။ နယ်သတင်းထောက်များ- စိုင်းသာအောင်၊ မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွန့်(ရေနံချောင်း)၊ အင်မိုင်ခါ၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ သုတေသန- အောင်အောင်။ စာမျက်နှာဖွဲ့စည်းမှု- ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ ကွန်ပျူတာစာစီ- စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ သရုပ်ဖော်- စိုးသော်တာ။ ဓာတ်ပုံသတင်းထောက်- အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ ပြင်ပဆက်သွယ်ရေး- သက်ပိုင်ဌေး။ လိုဂိုဒီဇိုင်း- ကျောက်ဆည်။ ဘဏ္ဍာရေး- ကလျာအောင်။ ကြော်ငြာတာဝန်ခံ- မိုးပပ၊ လင်းလင်းဦး။ ထုတ်ဝေသူ- ဦးမျိုးလှိုင်အောင်။ ပုံနှိပ်စက်- သုဝဏ္ဏသီရိပုံနှိပ်တိုက်။ ဖလင်- Sunn Colour Separation. စောင်ရေ- ၁,၀၀၀။ ရောင်းဈေး- ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၇၊ ၂၄၃ ၅၄၂၊ ၃၈၄၅၅၉၊ ၀၉ ၅၁၇၃၂၅၅
7Day News ကြော်ငြာဌာန ဖုန်း - ၇၃၀ ၇၈၄၂၉

Business

7DAY NEWS JOURNAL

Vol.9, No.33 · NOVEMBER 4, 2010

# ဂီရိကြောင့် ရခိုင်ရေလုပ်ငန်း ဆိုးရွားစွာ ထိခိုက်

သန်းငွေး

**ရန်ကုန်၊ အောက်တိုဘာ-၂၆**

ဆိုင်ကလုန်းမုန်တိုင်း ဂီရိဒဏ်ကြောင့် ငါး၊ ပုစွန်၊ သယံဇာတပေါများစွာ ထွက်ရှိသည့် ရခိုင်ပြည်နယ် ကမ်းရိုးတန်းဒေသများရှိ ရေလုပ်ငန်းများတွင် ဆိုးရွားစွာ ထိခိုက်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကို လေးက အောက်တိုဘာ ၂၆ ရက်တွင် ပြောကြားသည်။

"မြေပုံမြို့နယ်က ငါးလုပ်ငန်းဦးစီးရုံး ၉၀ ရာခိုင်နှုန်းပျက်စီးခဲ့တယ်။ ကမ်းနီးရေယာဉ်ပျက်စီးမှုက လှေအစီး ၈၀ ပျက်စီးပြီး ကျောက်ဖြူပုစွန်သားပေါက်ကန်ပျက်စီးခဲ့တယ်။ မြေပုံက အဆိုးဆုံးဖြစ်တယ်" ဟု ၎င်းက ပြောကြားသည်။

အလားတူ ကျောက်ဖြူမြို့၏ အနောက်မြောက်ဘက်ငါးမိုင်အကွာ ကျောက်တန်းပေါ်တွင်လည်း မလေးရှားနိုင်ငံအခြေစိုက် မြန်မာနှင့်ဖက်စပ်ငါးဖမ်းလုပ်ငန်း ဆောင်ရွက်နေသော အမ်တီအိုကုမ္ပဏီပိုင်ကျူနာငါးများတန်း ငါးဖမ်းရေယာဉ်နှင့် ဗီယက်နမ်ကုမ္ပဏီပိုင် အမ်ဗွီဖူချိုင်းမွန်းကုန်တင်သင်္ဘောတို့လည်း တင်ကျန်နေ၍ ရေယာဉ်အမှုထမ်းများကို သွားရောက်ကယ်တင်ခဲ့ရကြောင်း အောက်တိုဘာ ၂၆ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

ထို့ကြောင့် အောက်တိုဘာ ၂၂ ရက်က စတင်တိုက်ခတ်ခဲ့သော



မြေပုံမြို့နယ်၊ ငပသုန်ကျေးရွာမှ မုန်တိုင်းသင့်ဒေသခံအချို့ ရေလုပ်ငန်းခွင်ပြန်ဝင်နေသည်ကို အောက်တိုဘာ ၂၈ ရက်ကတွေ့ရစဉ်။ ဓာတ်ပုံ– အားမာန်

ဆိုင်ကလုန်းမုန်တိုင်းဂီရိဒဏ်ကြောင့် ရခိုင်ကမ်းရိုးတန်းရှိ ငါး၊ ပုစွန်မွေးကန်များ ပျက်စီးမှုနှင့် ဖမ်းဆီးရေးလုပ်ငန်းကို ထိခိုက်မှုများရှိခဲ့၍ ရေထွက်ကုန်တင်ပို့မှုမှာ ယာယီရပ်နားထားရကြောင်း တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

"ရခိုင်က မကြာခဏ မိုးကြီးရေလျှံတာနဲ့ အခုလို ဆိုင်ကလုန်းမုန်တိုင်းဂီရိ တိုက်ခတ်မှုတွေကြောင့် သတ်မှတ်ချက်တောင်ပြည့်မီဖို့ခက်ခဲကြောင်း တွေ့ရပါတယ်"ဟု ပို့ကုန်ပစ္စည်း အရည်အသွေးစစ်ဆေးရေးဌာနခွဲမှ တာဝန်ရှိသူတစ်ဦးကလည်း ပြောကြားသည်။

ရခိုင်ပြည်နယ် ပေါက်တော၊ ရသေ့တောင်၊ မောင်တော၊ စစ်တွေနှင့် မြေပုံမြို့များမှ မွေးမြူထွက်ရှိသော ပုစွန်များကို ရခိုင်ရိုးမအရှေ့ဘက်ဒေသများနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ရောင်းချနေရကြောင်း သတင်းရရှိသည်။

# ပြည်ပတွင်စားအုန်းဆီဈေး မြင့်တက်သော်လည်း ပြည်တွင်းဈေးမတက်

သိမ့်သိမ့်စိုး

**ရန်ကုန်၊ အောက်တိုဘာ - ၃၀**

နိုင်ငံခြားစားအုန်းဆီ ဈေးနှုန်းများမှာတစ်ပတ်ကျော်အတွင်း တစ်တန်လျှင် ဒေါ်လာ ၁၀၀ ဝန်းကျင် မြင့်တက်သွားသော်လည်း ပြည်တွင်းစားအုန်းဆီ ဈေးနှုန်းများမြင့်တက်ခြင်း မရှိကြောင်း စားအုန်းဆီလုပ်ငန်းရှင်များက ပြောသည်။

ယခုကဲ့သို့ ပြည်ပစားအုန်းဆီဈေးနှုန်းများ မြင့်တက်ပြီးပြည်တွင်းဈေးနှုန်းများ မတက်ခြင်းမှာ အမေရိကန်ဒေါ်လာ တန်ဖိုး (ငွေလဲနှုန်း) များကျဆင်းခြင်းကြောင့် ဖြစ်သည်ဟု အထက်ပါကိုယ်စားလှယ်များက ပြောသည်။

နိုင်ငံခြားစားအုန်းဆီ ဈေးနှုန်းမှာ စက်တင်ဘာ ၁၇ ရက်တွင်တစ်တန်လျှင် ၉၁၅ ဒေါ်လာမှ ၂၇ ရက်တွင် ၁၀၂၅ ဒေါ်လာအထိမြင့်တက်လာခဲ့သည်။

အမေရိကန် ငွေဈေးမှာလည်းစက်တင်ဘာ ၁၇ ရက်တွင် ၉၇၇ ကျပ်မှ ၈၇၅ ကျပ်သို့ ကျဆင်းလာခဲ့သည်။



ထို့ကြောင့် စားအုန်းဆီကိုယ်စားလှယ်များ၏ ဘဏ်သွင်းဈေးမှာလည်း တစ်ပိဿာ ၁,၆၇၆ ကျပ်ဖြင့် ဈေးငြိမ်နေခဲ့ပြီး မြို့တွင်ပြန်ရောင်းဈေးမှာ တစ်ပိဿာ ၁၇၀၆ ကျပ်ဖြစ်ကာ မြို့ပြင်ပြန်ရောင်းဈေးမှာ ၁၇၁၆ ကျပ်ဖြစ်ကြောင်း သိရသည်။

ပြင်ပစားအုန်းဆီ လက်ကားဈေးနှုန်းများမှာလည်း စက်တင်ဘာ ၂၂ ရက်တွင် တစ်ပိဿာ ၂၁၄၀ ကျပ်မှ စက်တင်ဘာ ၂၈ ရက်တွင် ၂၁၁၀ ကျပ်သို့ ကျဆင်းလာသည်။

လက်ကားဈေးကွက်ရှိ မြေပဲဆီဈေးနှုန်းများမှာလည်း တစ်ပိဿာလျှင် ၃၁၀၀ ကျပ်ရှိသည်။

# မိုဘိုင်းဖုန်းအိမ်များ ဈေးမြင့်တက်

သိမ့်သိမ့်စိုး၊ အောင်သူရ

**ရန်ကုန်၊ အောက်တိုဘာ - ၃၀**

မိုဘိုင်းဖုန်း ဟန်းဆက်ပစ္စည်းများဝင်ရောက်မှုနည်းခြင်းကြောင့် ဈေးနှုန်းများ မြင့်တက်သွားကြောင်း မိုဘိုင်းဖုန်းအိမ်အရောင်းဆိုင်များမှ တာဝန်ရှိသူများက ပြောသည်။

ဟန်းဆက်ဈေးနှုန်းများမှာ မော်ဒယ်လ်အနိမ့်အမြင့်ပေါ်မူတည်၍ ၅၀၀၀ ကျပ်မှ ၁၅၀၀၀ ကျပ်ထိ မြင့်တက်သွားခြင်းဖြစ်ကြောင်း သိရသည်။

"ပစ္စည်းက အကုန်ပြတ်တယ်။ ကုန်သည်တွေက မသွင်းလို့ဂျီအက်စ်အမ်ရော ငါးသိန်းတန်ကမ်းရိုးတန်း ဖုန်းတွေရော ပြတ်နေတယ်" ဟုကံထူးမိုဘိုင်းမှ ကိုနေထက်ကျော်က ပြောသည်။

ဟန်းဆက်များ ပြတ်နေခြင်းမှာနှစ်ပတ်နီးပါး ရှိနေပြီဖြစ်ပြီး ပစ္စည်းအသွင်းနည်းနေခြင်းမှာ ပစ္စည်းသယ်ယူသည့် လမ်းကြောင်းများပိတ်ထားခြင်းကြောင့်ဖြစ်နိုင်ကြောင်း ၎င်းကပြောသည်။

"ဟန်းဆက်တွေက လမ်းကြောင်းကြပ်တော့ အဝင်နည်းလို့ဈေးတွေတက်နေတာ။ ပစ္စည်းအကုန်ပြတ်တာမဟုတ်ပေမယ့် အဝယ်များတဲ့ မော်ဒယ်လ်တွေမှာ ပြတ်နေတယ်" ဟုလူကြီးမင်းမိုဘိုင်းမှ ဦးကိုကိုအောင်က ပြောသည်။

"ဂျီအက်စ်အမ် ဟန်းဆက်တွေအတွက် ပစ္စည်းတွေကရှိတော့ ရှိတယ်။ စင်ကာပူ ပစ္စည်းကရှားတယ်။ ငါးသိန်းတန်အတွက် တရုတ်ဟန်းဆက်တွေကလည်း ပစ္စည်းပြတ်လို့ တက်နေတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

# လကုန်ရက်ပိုင်းဖြစ်သော်လည်း ရွှေဝယ်လိုအား မြင့်တက်

သိမ့်သိမ့်စိုး

**ရန်ကုန်၊ အောက်တိုဘာ-၂၇**

ရွှေဈေးကွက်သည် ပုံမှန်အားဖြင့် လကုန်ပိုင်းရက်များတွင် ဝယ်လိုအား အေးတတ်သော်လည်း ယခု အောက်တိုဘာ လကုန်တွင် ရောင်းအားမြင့်တက်နေကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များက ပြောသည်။

ယခုကဲ့သို့ဝယ်လိုအား မြင့်တက်ရခြင်းမှာ ရွှေဈေးနှုန်းများကျဆင်းနေသည့်အပြင် သီတင်းကျွတ်ကာလနှင့် တိုက်နေခြင်းများကြောင့်ဖြစ်သည်ဟု ဈေးကွက်ကျွမ်းကျင်သူ ရွှေလုပ်ငန်းရှင်များက ပြောသည်။

ပြည်တွင်းရွှေဈေးနှုန်းများသည် ပြီးခဲ့သည့် တစ်ပတ်ကျော်အတွင်း၌ အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၇၂,၀၀၀ ကျပ်ထိ မြင့်တက်သွားရာမှ တဖြည်းဖြည်းပြန်လည်ကျဆင်းလာရာ ယနေ့ အောက်တိုဘာ ၂၇ ရက်တွင် ၆၅၀,၀၀၀ ကျပ်ဝန်းကျင်ထိ ပြန်ဖြစ်လာသဖြင့် ကျပ် ၂၀,၀၀၀ ဝန်းကျင် ကျဆင်းလာခဲ့သည်။

ယခုကဲ့သို့ ပြည်တွင်းရွှေဈေးနှုန်းများ ပြန်လည်ကျဆင်းလာခဲ့ခြင်းမှာ ကမ္ဘာ့ရွှေဈေးနှုန်းများ ကျဆင်းလာသည့်အပြင် အမေရိကန်ဒေါ်လာဈေးနှုန်းများလည်း ကျဆင်းနေခြင်းကြောင့် ဖြစ်သည်ဟု ရွှေလုပ်ငန်းရှင်များက ပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းသည် တစ်အောင်စလျှင် ၁,၃၆၈ ဒေါ်လာထိ မြင့်တက်သွားရာမှ ၁,၃၃၃ ဒေါ်လာထိ ပြန်လည်ကျဆင်းလာခဲ့သည်။ အမေရိကန်ငွေဈေးနှုန်းမှာလည်း ယခင်တစ်ပတ်အတွင်း၌ ၉၀၀ ကျပ်ကျော်ရှိနေရာမှ ယခု ရက်ပိုင်းတွင် ၈၈၅ ကျပ်ထိ ကျဆင်းလာခဲ့သည်။

"ရွှေဈေးကျတော့ အမြင့်ပိုင်းနဲ့ ပြန်ထုတ်ထားတဲ့သူတွေက ဝယ်လာတော့ ရောင်းအားကောင်းတယ် ပြောရမယ်။ ဘဏ်မှာ ငွေအပ်တာနဲ့စာရင် ရွှေက ငွေပြန်ဖြစ်လွယ်တော့ ရွှေကိုပဲ ပြန်ကိုင်လာတဲ့သဘောပဲ"ဟု ပန်းဘဲတန်းမြို့နယ် ၂၉ လမ်းရှိ ရွှေဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

"သီတင်းကျွတ်ပြီဆိုတော့ အရောင်းအဝယ်ကောင်းတဲ့သဘောပဲ။ အရင်လတွေနဲ့ စာရင် လကုန်ပိုင်းပေမယ့် ရောင်းအားကောင်းတဲ့သဘောပဲ" ဟု လှည်းတန်းဈေးရှေ့ရှိ တာလီရွှေဆိုင်မှ ကိုတင်မောင်စိုးကပြောသည်။

ယင်းနေ့တွင် ၁၅ ပဲရည်တစ်ကျပ်သား လျှင် ၆၁၃,၆၀၀ ကျပ်ပေါက်ဈေးရှိကြောင်း သိရသည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၃၃ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၁၆၇ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၀. ၃၉ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၆၇၀၇ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၄. ၃၁ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၉၃၄ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၂၄. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၁ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၂၉. ၈၈ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၉၂၀. ၀၀ | ရူးပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၁၉,၄၈၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၁. ၀၁၈၇ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၁. ၃၀၅၇ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၁၆၄ | ဒေါ်လာ | (ဩစတြေးလျ) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၃၃၈. ၄၀ |
| ရေနံစိမ်း | စည် | ၈၃. ၁၆၀ |
| ငွေ | ၁ အောင်စ | ၂၃. ၈၇၅ |
| ကြေးနီ | ပေါင် | ၃၇၂. ၆၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၉၃၅ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၀ အောက်တိုဘာ ၃၀ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

7 DAY NEWS JOURNAL
Vol.9, No.33 · NOVEMBER 4, 2010

## တရုတ်ကုန်သည်များက ပြောင်းဈေးနှိမ်ဝယ်သဖြင့် ဈေးထက်ဝက်ခန့်ကျလာ

ပြည်သိမ်း

**ရန်ကုန်၊ အောက်တိုဘာ-၂၈**

တရုတ်မြန်မာနယ်စပ်၌ တရုတ်ကုန်သည်များ၏ ဈေးနှုန်းပြောင်းလဲမှုကြောင့် မြန်မာပို့ကုန်ပြောင်းဈေးသည် ထက်ဝက်ခန့်ကျဆင်းနေကြောင်း မန္တလေးကုန်စည်ဒိုင်ရှိ ကုန်သည်များထံမှ သတင်းရရှိသည်။

ယခုနှစ်တွင် မြန်မာပြောင်းဖူးများအထွက်ကောင်းသဖြင့် တရုတ်နိုင်ငံမှကုန်သည်များသည် ပြောင်းဈေးကိုနှိမ့်ချ၍သာ ဝယ်ယူကြသည်။ ထို့အပြင် ယွမ်ငွေတန်ဖိုးနိမ့်ကျနေမှုကလည်း တရုတ်ဈေးကွက်သို့ တင်ပို့နေသည့် ပြည်တွင်းကုန်သည်များကို ထိခိုက်ကြောင်း မြန်မာနိုင်ငံအလယ်ပိုင်းမှ ပြောင်းကုန်သည်တစ်ဦးက ရှင်းပြသည်။

"မြန်မာမှာ ပြောင်းအထွက်ကောင်းတာကိုသိတော့ တရုတ်က ဈေးလျှော့ပြီးတင်းခံနေတယ်။ သူတို့ဈေးကွက်တစ်ခုတည်းကိုသာ အားကိုးနေရတာကြောင့် တောင်သူတွေကတော့ ညည်းနေကြတယ်"ဟု အထက်ပါ ပြောင်းကုန်သည်က ပြောသည်။

ယခုအချိန်တွင် မြန်မာနိုင်ငံအလယ်ပိုင်း ပြောင်းဈေးကွက်၌ ပြောင်းသစ်များစွာထွက်လာပြီး နေ့စဉ် တရုတ်မြန်မာနယ်စပ်ဈေးကွက်သို့ ကားအစီးရေ ၃၀ မှ ၅၀ ကြား တင်ပို့နေရကြောင်း၊ လက်ရှိဈေးနှုန်းထက် ထပ်မံကျဆင်းမည်ဆိုပါက တင်ပို့မှုများရပ်နားရမည်ဖြစ်ကြောင်း ဘုရင့်နောင်မှ ပြောင်းကုန်သည်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံအလယ်ပိုင်းဈေးကွက်ရှိ ပြောင်းဈေးသည် ယခင်လက တစ်အိတ်ကို ၂၅,၀၀၀ ကျပ်ရှိရာမှ ၁၄,၅၀၀ ကျပ်ထိဈေးကျလာကြောင်း ရန်ကုန်ဈေးကွက်၌လည်း ပြောင်းဈေးမှာ တစ်အိတ်ကို ၁၆,၀၀၀ ကျပ်မှ ၁၇,၀၀၀ ကျပ်ကြားသာ ဈေးရှိကြောင်း ဘုရင့်နောင်ဈေးကွက်ရှိ ပြောင်းကုန်သည်တစ်ဦးထံမှ သတင်းရရှိသည်။

## ပို့ကုန်ရငွေနှင့် ဝယ်လိုအားကျဆင်းနေခြင်းကြောင့် ပဲတင်ပို့မှုလျော့ကျ

သိမ့်သိမ့်စိုး

**ရန်ကုန်၊ အောက်တိုဘာ-၂၇**

ပို့ကုန်ရငွေ တန်ဖိုးများကျဆင်းနေသည့်အပြင် ပြည်ပဝယ်လိုအားနည်းနေခြင်းကြောင့် ယခုရက်ပိုင်း၌ ပဲဈေးနှုန်းများ ဆက်တိုက် ကျဆင်းလာခဲ့ကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်တွင် နေ့စဉ်အရောင်းအဝယ်ပြုလုပ်နေသော ပဲကုန်သည်များက ပြောသည်။

ပဲဈေးနှုန်းများသည် ယခုတစ်ပတ်ဖွင့်ရက်အတွင်း၌ပင် တစ်တန်လျှင် ၆၀,၀၀၀ ကျပ်ဝန်းကျင် ဈေးနှုန်းများကျဆင်းလာခဲ့ကြောင်း ကုန်စည်ဒိုင် နေ့စဉ်ပေါက်ဈေးများအရ သိရသည်။

ပြည်ပပို့ကုန် ရငွေတစ်ယူနစ်လျှင် ကျပ် ၉၀၀ ကျော်ရှိစဉ်က ပို့ကုန်လုပ်ငန်းများလုပ်သာကိုင်သာရှိသော်လည်း ယခု ၈၆၀ ကျပ်နှုန်းဖြစ်လာသည့်အခါ ကုန်သည်များအတွက် အခက်အခဲဖြစ်လာကြောင်း သိရသည်။

"အိန္ဒိယကလည်း ဈေးအေးနေတယ်။ ပြည်တွင်းမှာ အခြေစိုက်ဝယ်တဲ့ ကုလားတွေက သူ့နိုင်ငံကို ခဏပြန်သွားတယ်။ ပွဲတော်ပိတ်ရက်ကို ပြန်နားတယ်လို့ ပြောတာပဲ" ဟု ဘုရင့်နောင်ပွဲရုံမှပဲကုန်သည်တစ်ဦးက ပဲဈေးကျဆင်းရခြင်း၏အကြောင်းများကို ပြောသည်။


ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့နေရသော ပဲမျိုးစုံ ဈေးနှုန်းများသည် ယင်းနိုင်ငံ၌ ဈေးနှုန်းကျဆင်းနေသည့်အပြင် ဝယ်လိုအားနည်းခြင်းနှင့် ပို့ကုန်ရငွေတန်ဖိုးကျဆင်းခြင်းတို့ကြောင့် ဈေးနှုန်းကျဆင်းနေခဲ့ကြောင်း ပဲကုန်သည်များက ပြောသည်။

ပဲမျိုးစုံဈေးနှုန်းများ ကျဆင်းနေသော်လည်း ပဲတီစိမ်းဈေးနှုန်းများသည် ယခုရက်ပိုင်း၌ ဈေးနှုန်းများမြင့်တက်လာခဲ့ကြောင်း သိရသည်။ အဆိုပါ ပဲတစ်မျိုးတည်းဈေးတက်လာရခြင်းမှာ ၎င်းပဲကို တရုတ်နိုင်ငံဘက်မှ ဝယ်လိုအားရှိနေခြင်းကြောင့်လည်း ဖြစ်သည်ဟု ပဲကုန်သည်တစ်ဦးက ပြော

သည်။

လက်ရှိဈေးနှုန်းများ ကျဆင်းနေခဲ့သော ပဲမျိုးစုံဈေးနှုန်းများသည် ပြီးခဲ့သည့် အပတ်ဈေးပိတ်ရက်ဖြစ်သော အောက်တိုဘာ ၂၂ ရက်တွင် မတ်ပဲ Raw မှာ အချိန် ၆၀ ဝင်တစ်အိတ်လျှင် ၈၆,၈၀၀ ကျပ်ရှိနေရာမှ ယနေ့အောက်တိုဘာ ၂၇ ရက်တွင် ၇၁,၄၀၀ ကျပ်ထိ ကျဆင်းလာခဲ့သည်။

အိန္ဒိယနိုင်ငံမှ ပဲဝယ်လိုအားလျော့နည်းနေချိန်တွင် ပို့ကုန်ရငွေတန်ဖိုးပါ ကျဆင်းနေခြင်းကြောင့် တင်ပို့မှုအခြေအနေများစွာထိခိုက်ခြင်းဖြစ်ကြောင်း သိရသည်။

RC ဈေးနှုန်းမှာလည်း တစ်တန်လျှင် ၇၆၅,၀၀၀ ကျပ်ရှိနေရာမှ ၇၁၂,၀၀၀ ကျပ်သို့ ကျဆင်းလာ၍ ကျပ် ၅၀,၀၀၀ ကျော်ဈေးနှုန်းများ ကျဆင်းလာခဲ့ခြင်းဖြစ်သည်။

SQRC မှာလည်း တစ်တန်လျှင် ကျပ် ၉၀၀,၀၀၀ ကျော်ရှိနေရာမှ ၈၄၈,၀၀၀ ကျပ်ထိ ဈေးကျခြင်းကြောင့် ကျပ် ၆၀,၀၀၀ ဝန်းကျင်ထိ ဈေးနှုန်းများကျဆင်းလာခဲ့ကြောင်း သိရသည်။

ထို့အပြင် ပဲစင်းငုံဈေးနှုန်းများမှာလည်း တစ်တန်လျှင် ၆၃၀,၀၀၀ ကျော်ရှိနေရာမှ ယခုအောက်တိုဘာ ၂၇ ရက်တွင် ၅၈၀,၀၀၀ ကျပ်ထိ ဈေးနှုန်းများကျလာ၍ ကျပ် ၅၀,၀၀၀ ကျော်ဈေးကျဆင်းခြင်းဖြစ်သည်။

သို့သော် ဈေးတက်လာခဲ့သည်ဆိုသော ပဲတီစိမ်းဈေးနှုန်းသည် အချိန် ၆၀ ဝင်တစ်အိတ်လျှင် ယခင် ၁၀၅,၀၀၀ ကျပ်မှ ၁၁၀,၂၀၀ ကျပ်ထိ ဈေးနှုန်းများမြင့်တက်လာခဲ့ကြောင်း သိရသည်။

ဈေးနှုန်းများ ကျဆင်းခြင်းကြောင့် ဈေးကွက်အတွင်း၌ အရောင်းအဝယ် သိသာစွာရပ်တန့်သွားခြင်းမရှိဘဲ ပုံမှန်အားဖြင့် အရောင်းအဝယ်ကောင်းသော မတ်ပဲ RC နှင့် SQRC တို့မှာ အရောင်းအဝယ်ဖြစ်နေဆဲဖြစ်ကြောင်း သိရသည်။








## 7DAY BOOK REVIEW

### သတ္တိ(ခင်မောင်တိုး-မိုးမိတ်)




သတ္တိဆိုတာ လူ့အရည်အသွေးထဲမှာတော့ ပထမဆုံးနေရာမှာပဲ ရှိပါတယ်။ ဘာကြောင့်လည်းဆိုတော့ သတ္တိဟာတခြားလူတွေကို အာမခံပေးနိုင်တဲ့ အရည်အသွေးမျိုးဖြစ်လို့ပဲ
ဝင်စတန်ချာချီ

ဖော်ပြပါ အဆိုအမိန့်အားကိုးကား၍ ထွက်ရှိလာသော ယခုစာအုပ်သည် ဗြိတိသျှဝန်ကြီးချုပ်ဟောင်း ဂေါ်ဒွန်ဘရောင်း၏ Courage Eight Portraits စာအုပ်ကို ခင်မောင်တိုး(မိုးမိတ်) က တိုက်ရိုက်ဘာသာပြန်ဆိုထားသော စာအုပ်ဖြစ်ပါသည်။

သတ္တိ(Courage) ဆိုသောဝေါဟာရကို အဘိဓာန်များ၌ 'ကြောက်စိတ်ကိုထိန်းနိုင်သည့်စွမ်းရည်'ဟု အနက်ပြန်ဆိုထားသည့် အတိုင်း မူရင်းစာရေးဆရာသည် ၂၀ ရာစုနှင့် ၂၁ ရာစုစပ်ကူးမတ်ကူးအတွင်း ကမ္ဘာ့နိုင်ငံများမှ လူသားအကျိုးပြုလုပ်ငန်းများလုပ်ကိုင်ရင်း ဘဝအားရင်းနှီးမြှုပ်နှံခဲ့သူ ခုနစ်ဦး၏စွမ်းရည်ကို သတ္တိဟူသော ရှုထောင့်ကချဉ်းကပ်ကာ ထိုပုဂ္ဂိုလ်များအပေါ်ထားရှိသောရင်းအမြင်ကိုရေးသားထားပါသည်။

တောင်အာဖရိကရှိ လူဖြူလူမည်း လူမျိုးရေးခွဲခြားမှု တိုက်ဖျက်ရေးတွင် ဦးဆောင်ခဲ့သူ နယ်လ်ဆင်မင်ဒဲလား၏သတ္တိ၊ အမေရိကန်ပြည်ထောင်စု လူမျိုးရေးခွဲခြားမှုအား တိုက်ဖျက်ခဲ့ပြီး ပြည်သူများရပိုင်ခွင့်အတွက် တိုက်ပွဲဝင်ခဲ့သူ မာတင်လူသာကင်း၏သတ္တိ၊ရက်စက်ကြမ်းကြုတ်လွန်းသောနာဇီအုပ်စိုးမှုအခြေအနေထဲမှ လူ့တန်ဖိုးမကျသွားစေရေးအတွက် သတ္တိရှိရှိရပ်တည်ခဲ့သော ဘွန်ဟိုးဖ္ဖား၊ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျူးလူမျိုးများကို နာဇီတို့က အစုလိုက်အပြုံလိုက်သတ်နေစဉ်အတွင်း ဟန်ဂေရီဂျူးများအား ကယ်ဆယ်နိုင်ရေး အတွက် သက်စွန့်ကြိုးပမ်းခဲ့သူဝေါလင်းဘတ်၊ စစ်တွင်းအကျဉ်းသားများကို အလွန်အန္တရာယ်ကြီးမားပြီး အသက်ဘေးနှင့် ဝိုင်းဝိုင်းလည်နေသည့်ကြားက ခြသေ့်စိတ်မျိုးဖြင့် လှုပ်ရှားခဲ့သော အဲဒစ်ကာဗဲ၊ သေခါနီး သေလုမျောပါးလူနာများကို ပိုမိုဂရုစိုက်ရေးအတွက် ဦးဆောင်ကြိုးပမ်းခဲ့သူ စစ္စလီဆောင်းဒါး၏ ဖွဲ့သတ္တိနှင့် ပြည်သူ့အာဏာအပ်နှင်းရေးအတွက် မနေမနားလုံးပန်းအားထုတ်နေစဉ် လုပ်ကြံသတ်ဖြတ်ခံခဲ့ရသူ ရောဘတ်ကနေဒီ အစရှိသည့် သူရသတ္တိ စွမ်းရည်ပြည့်ဝသော လူပုဂ္ဂိုလ် ၇ ဦးတို့၏ အကြောင်းဖတ်ရှုရမည်ဖြစ်သည်။ မူရင်းစာရေးဆရာ ဂေါ်ဒွန်ဘရောင်းသည် ယခုစာအုပ်အပါအဝင် စာအုပ်သုံးအုပ်ကို ၂၀၀၇ ခုနှစ်အတွင်း ရေးသားထုတ်ဝေခဲ့ရာ နိုင်ငံတကာ၌ လူအများနှစ်ခြိုက်စွာဖတ်ရှုခြင်းခံရသော စာရေးသူလည်းဖြစ်ခဲ့သည်။

ဤစာအုပ်နှင့် ပတ်သက်၍ ဂေါ်ဒွန်ဘရောင်းက 'သူတို့ခုနစ်ဦးစလုံးသည် ကျွန်တော်တို့ခေတ်အတွက် အကြီးမြတ်ဆုံးသော ရည်မှန်းချက်များကို လက်ဝယ်ပိုင်ပိုင်ဆုပ်ကိုင်နိုင်ရေးမှာ တခြားသော လူယောကျ်ား၊ လူမိန်းမတွေထက် အများကြီး ပိုအလုပ်လုပ်ခဲ့ကြသည်။ သူတို့ တစ်ဦးချင်းစီသည် ခိုင်ခိုင်မြဲမြဲရပ်တည်ခဲ့ကြ၏။ မကြာခဏဆိုသလို တစ်ဦးတည်းရပ်တည်လှုပ်ရှားခဲ့ရ၏။ သို့သော် သူတို့သည် လက်လျှော့အရှုံးပေးဖို့ အိပ်မက်ပင်မမက်ခဲ့ကြ' ဟူ၍ ညွှန်းဆိုရေးသားထားပါသည်။ မူရင်းစာရေးဆရာ၏ အာဘော်ကိုထိမိအောင် ဘာသာပြန်ဆိုသူ ခင်မောင်တိုး (မိုးမိတ်)က ၇ လတာကြာအောင် အချိန်ယူ ရေးသားခဲ့သည်ဟုလည်း စာအုပ်တွင်ဖော်ပြပါရှိလေသည်။

သတ္တိအရာနှင့် ပတ်သက်၍ဖြစ်စေ၊ သတ္တိဆိုသည်မှာ မည်သို့သောစွမ်းရည်မျိုးဖြစ်သည်ကို သိလိုပြီး ကမ္ဘာလောကကြီးအား ရဲရဲဝံ့ဝံ့ ရင်ဆိုင်လိုသူများအတွက် ယခုစာအုပ်သည် တက်ကျမ်းစာအုပ်မဟုတ်သော ဘဝအသိအမြင်ပေးမည့်စာတစ်အုပ်ဟု ဆိုနိုင်သည်။

စာပေလောက စာအုပ်တိုက်မှ သမိုင်းဓာတ်ပုံများ ဝေဝေဆာဆာနှင့် ထုတ်ဝေဖြန့်ချိလိုက်သော စာအုပ်ဖြစ်သည်။ ရောင်းဈေးမှာ ၄,၀၀၀ ကျပ်ဖြစ်ပါသည်။

## Knowledge ဗဟုသုတ

### ထမင်းစားနေတုန်း SMS နဲ့အလုပ်ရှုပ်ကြတာ ဘယ်သူတွေလဲ

ထမင်းစားနေချိန်အတွင်း SMS (Short Message Service) ပို့ခြင်း အလေ့အထသည် မဖြစ်သင့်ဟုဆိုခြင်းကို တစ်ကမ္ဘာလုံးက လက်ခံဖွယ်ရှိသည်ဟုယူဆရသည်။ ကမ္ဘာ့နိုင်ငံ ၁၆ နိုင်ငံတွင် စစ်တမ်းကောက်ယူကြည့်ရာ နိုင်ငံလေးနိုင်ငံက ထမင်းစားနေချိန်အတွင်း SMS ပြန်ပို့သင့်သည်ဟူ၍ ရာခိုင်နှုန်းအများဆုံးဖြင့် နေရာရခဲ့ကြသည်။ အသက် ၄၅ နှစ်အောက် အရွယ်များက ထမင်းစားပွဲတွင် လက်ချောင်းလေးများကို အများဆုံး အလုပ်ပေးသူများဖြစ်ကြပြီး ကနေဒါနိုင်ငံသားများက ၈၅ ရာခိုင်နှုန်းဖြင့် ထမင်းစားပွဲတွင် SMS ပို့သည့်အလေ့မှာ ထမင်းစားပွဲယဉ်ကျေးမှုနှင့် မညီဟုယူဆကြသည်။ သို့သော်ထမင်းစားပွဲတွင် ချက်ချင်း SMS ပြန်ပို့သင့်သည်ဟူ၍ မလေးရှားနိုင်ငံက ၅၇ ရာခိုင်နှုန်း၊ တရုတ်နိုင်ငံက ၅၃ ရာခိုင်နှုန်း၊ အိန္ဒိယနှင့်ဖိလစ်ပိုင်နိုင်ငံတို့က ၅၁ ရာခိုင်နှုန်းဖြင့် လက်ခံခဲ့ကြသည်။

စစ်တမ်းကောက်ယူခဲ့သည့်အချက်များအရ နိုင်ငံ ၁၁ နိုင်ငံမှ အမျိုးသမီးများက အမျိုးသားများထက် ယင်းသို့လုပ်ဆောင်မှုပိုများကြောင်းသိရပြီး ကနေဒါ၊ ပြင်သစ်၊ အိန္ဒိယ၊ မလေးရှားနှင့် အင်္ဂလန်နိုင်ငံတို့တွင်သာ အမျိုးသားများ SMS ပို့မှုများကြောင်းသိရသည်။ ထူးခြားချက်အနေဖြင့် ဘရာဇီးနိုင်ငံတစ်နိုင်ငံတည်းမှအသက် ၄၅ နှစ်အထက်အရွယ်များက လူငယ်များထက် ထမင်းစားချိန် SMS ပို့မှုအများဆုံးဖြစ်သည်ဟုသိရသည်။ ယင်းအကြောင်းနှင့်ပတ်သက်၍ "လွန်ခဲ့တဲ့နှစ်တွေတုန်းက ဘရာဇီးအစိုးရက ကွန်ပျူတာတွေတင်သွင်းမှုကို တားမြစ်ခဲ့ပါတယ်။ အသက်ကြီးသူတွေက နည်းပညာတိုးတက်မှုတွေနဲ့ ဝေးကွာခဲ့ရတော့ အခုအချိန်မှာ ဘယ်လိုအခြေအနေပဲဖြစ်ဖြစ် အမိအရအသုံးချတဲ့သဘောပါပဲ" ဟု ဘရာဇီးနိုင်ငံမှ Reader's Digest ဒယ်ဒီတာဆာဂျီရိုချာလက်ဘ်က ပြောကြားသည်။

—Source: Reader's Digest

## တစ်ပတ်တာ ကံကြမ္မာ

နို ဝင် ဘာ ၁၁ ရက် မှ ၁၇ ရက် အထိ

### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

မှန်းထားသည်များ တလွဲတချော်ဖြစ်ပြီးမှ အဆင်ပြေမည်။ စကားမတည်သောသူများ၊ တွေဝေဒွိဟဖြစ်တတ်သူများနှင့် ပူးတွဲလုပ်နေရ၍ ထင်သလောက်ခရီးမရောက်။ တစ်ခုထက်ပိုသောလုပ်ငန်းများကို ဦးဆောင်လုပ်ကိုင်နိုင်မည်။ ပျိုရွယ်သူများစန်းပွင့်မည်။ စုပေါင်းလုပ်သောလုပ်ငန်းများ အကျိုးပေးမည်။ အာမခံခြင်း၊ တာဝန်ယူခြင်းများ တတ်အားသမျှလျှော့ပါ။ စီစဉ်ထားသည်များ လမ်းကြောင်းပြောင်းပြီးမှဆောင်ရွက်ပါ။

### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အလုံးစုံအောင်မြင်ခြင်း၊ တိုးတက်ခြင်းများရှိမည်။ ချမ်းမြေ့ဖွယ်သတင်းစကားများ၊ ပျော်ရွှင်မှုများ ဖုံးလွှမ်းသောကာလဖြစ်သည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ လုပ်ငန်းမရှိသူ လုပ်ငန်းရ၍ လုပ်ငန်းရှိသူတိုးတက်မည်။ ရုတ်တရက်ပေါ်ပေါက်လာသောအခွင့်အလမ်းများကို အသုံးချ၍ တိုးတက်မှုများဖန်တီးနိုင်မည်။ ဆောင်ရွက်သမျှ အခက်အခဲများနှင့်ရင်ဆိုင်ရမည်။ နောက်မဆုတ်ပါနှင့်။

### GEMINI မေထုန်ရာသီဖွား (မေ၂၂-ဇွန်၂၁)

ရင်းနှီးသောသူများနှင့်စကားများရမည်။ ကြန့်ကြာနေသောရပိုင်ခွင့်များ လက်ဝယ်ပြန်လည်ရရှိမည်။ ဦးတည်ချက်၊ ခံယူချက်မတူသောသူများနှင့် ပူးပေါင်းပြီးဆောင်ရွက်ရမည်။ ကာလအတန်ကြာ ဝေးကွာနေသောသူများနှင့် ပြန်လည်ဆုံစည်းရမည်။ လွန်ခဲ့သောနှစ်က ရသင့်သည်များ ယခုကာလအတွင်းပြန်ရမည်။ ခရီးကိစ္စ၊ နေရာအပြောင်းအလဲကိစ္စများ ပြောဆိုဆောင်ရွက်အောင်မြင်မည်။

### CANCER ကရကဋ်ရာသီဖွား (ဇွန်၂၂-ဇူလိုင်၂၂)

အလုံးစုံကောင်းခြင်းဘက်သို့ ဦးတည်မည်။ ငွေကြေးကိစ္စ၊ လုပ်ငန်းကိစ္စများ ဆောင်ရွက်အကျိုးပေးမည်။ စိတ်ကူးရည်မှန်းချက်များနှင့် အလုပ်စီးပွားကိစ္စများကို လက်တွေ့ပေါင်းစပ်၍ ထူးခြားစွာအောင်မြင်အောင် ဆောင်ရွက်နိုင်မည်။ ခရီးကိစ္စအဆင်ပြေမည်။ စိတ်ကူးအသစ်များ အကောင်အထည်ဖော်ပါ။ အရေးကြီးသည့်ကိစ္စများ ဆောင်ရွက်ရာတွင် အခက်အခဲများနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်။

### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အလုပ်အကြံအစည်အောင်မြင်မည်။ ငွေကြေးကံကောင်းမည်။ စီးပွားတက်မည်။ လူယုံထား၍မရ။ သူတစ်ပါးကြောင့် မိမိတွင် စိတ်ရှုပ်ထွေးစရာများဖြစ်ပေါ်တတ်သည်။ ဆန္ဒရှိသည့်ကိစ္စအား နှုတ်မှဖွင့်မပြောဘဲ လျှို့ဝှက်စွာလုပ်ပါ။ ရန်များနေမည်။ ချစ်သူနှင့် ခေတ္တယာယီခွဲရတတ်သည်။ မကြာခဏစကားများရမည်။ အရပ်ဝေးမှ အတတ်ပညာများသင်ကြားတတ်မြောက်မည်။

### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

မတော်တဆထိခိုက်မှုများဖြစ်တတ်သည်။ ကိုယ်တိုင်လည်း ကျန်းမာရေးအားပျော့မည်။ မိသားစုတွင်လည်း ကျန်းမာရေးအားပျော့မည်။ ငွေလာချေးသူပေါ်မည်။ ချေးမိကဆုံးမည်။ သူတစ်ပါးမလုပ်ဝံ့သောအလုပ်များ မိမိလုပ်ဆောင်၍အဆင်ပြေမည်။ အောင်မြင်ထွန်းပေါက်မည်။ ကိုယ်တိုင်လုပ်လေ အောင်မြင်လေဖြစ်မည်။ မိမိအစွမ်းအစကို အခိုင်အမာပြသနိုင်မည်။ အခါတိုင်းထက်ပို၍ငွေဝင်မည်။

### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အရေးကြီးသောဆုံးဖြတ်ချက်များ ချမှတ်ရမည်။ ကောင်းသောအပြောင်းအလဲများဖြစ်မည်။ ရုတ်တရက်တစ်ဆစ်ချိုးအပြောင်းအလဲများဖြစ်ပေါ်မည်။ မဖြစ်မနေလုပ်၍ အဆုံးတွင်အောင်မြင်မည်။ နေရာထိုင်ခင်းကိစ္စအပြောင်းအလဲရှိမည်။ မထင်မှတ်ဘဲ အိမ်ပြင်ရမည်။ မမျှော်လင့်ဘဲ အလုပ်သစ်စတင်ရမည်။ စိတ်ကူးမထားဘဲ ခရီးသွားရမည်။ လုပ်အားကြောင့်သာမက ကံကြောင့်ပါငွေဝင်မည်။

### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အလွန်သတိရှိရမည့်ကာလဖြစ်သည်။ စိတ်ပင်ပန်းမည်။ ပြဿနာများမည်။ ရန်အနှောင့်အယှက်များတတ်သည်။ ငွေကုန်များမည်။ သူတစ်ပါးကြောင့် မိမိအကြံအစည်ပျက်မည်။ အိမ်တွင်းရေး၊ လူမှုရေးအညံ့ရှိမည်။ အာမခံခြင်း၊ တာဝန်ယူခြင်းရှောင်ပါ။ လူပေါင်းမှား၊ ဆုံးဖြတ်ချက်မှားတတ်ပါသည်။ ပျိုရွယ်သူများ မိမိနှင့်ချစ်သူအကြား ပဋိပက္ခများ အခါတိုင်းထက်ပို၍ဖြစ်ပေါ်မည်။

### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ဖန်တီးမှုသစ်များနှင့် အောင်မြင်မှုသစ်များရရှိမည်။ ငွေကြေးကံကောင်းမည်။ အရပ်ဝေးမှ ရောက်ရှိနေသည့်ဧည့်သည်များနှင့် အချိန်ကုန်နေရမည်။ ကိုယ့်ကိစ္စထက် မိသားစုကိစ္စအတွက် အချိန်ပိုပေးနေရမည်။ မိသားစုတွင် အလုပ်သစ်၊ စီးပွားသစ်များ ဆောင်ရွက်အောင်မြင်မည်။ နေရာထိုင်ခင်းကိစ္စ ပြောဆိုမှုများ အဆင်ပြေမည်။ ငွေဝင်မည်။ ပြန်ထွက်မည်။ မမြဲ။

### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အဆင်ပြေခြင်းနှင့် တိုးတက်ခြင်းဘက်သို့ ဦးတည်လာသည်။ ရည်မှန်းထားသည်များအောင်မြင်မည်။ ငွေကြေးကံကောင်းမည်။ အလုပ်သစ်၊ ကုန်ပစ္စည်းသစ်များ ဖြန့်ချိ၍အဆင်ပြေမည်။ မိမိကိစ္စမဟုတ်ဘဲ သူတစ်ပါးကိစ္စအတွက်ဆောင်ရွက်ရင်း စိတ်ရှုပ်ထွေးနေရမည်။ ကာလအတန်ကြာ အကြွေးထား ဘေးချထားသည့်ကိစ္စများကို အချိန်ပိုပေးပြီး စာရင်းဇယားရှုပ်ထွေးနေရမည်။

### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

အလွန်သတိရှိရမည်။ အနှောင့်အယှက်များ ဝန်းရံနေသည်။ ကြိုတင်တွက်ဆထားခြင်းမရှိသည့်ပြဿနာများ တစ်ခုပြီးတစ်ခုဖြေရှင်းရမည်။ စကားဆိုးများပြောရမည်။ ဟန်ဆောင်ကြွားဝါသူများ၊ ပျော်ရွှင်မှုလွန်ကဲသူများ၏ အနှောင့်အယှက်ကိုကြုံရတတ်သည်။ ခိုက်ရန်ဖြစ်ခြင်းများ ဝင်ရောက်ဖြေရှင်းခြင်းရှောင်ပါ။ ကိုယ့်ကိစ္စမဟုတ်ဘဲ ပါမိ၊ ပြောမိက ဖြေရှင်းမဆုံးဖြစ်မည်။

### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

လှုပ်ရှားတိုးတက်သောကာလဖြစ်သည်။ ထူးခြားသောအပြောင်းအလဲရှိမည်။ လူမျိုးကွဲအကျိုးပေးမည်။ အကြံသစ်၊ ရည်ရွယ်ချက်သစ်များ လက်တွေ့ဆောင်ရွက်အောင်မြင်မည်။ မိသားစုတွင် ခြံ၊ ကား၊ အခန်းကိစ္စများ စကားပြောဆိုမှုကြုံမည်။ ခါးပိုက်နှိုက်ခံရတတ်သည်။ အလုပ်နေရာ၊ ဆက်ဆံရသောဝန်းကျင်တွင် မူလပုံစံနှင့်မတူ ခြားနားသောသူများနှင့်ဆက်ဆံရမည်။ ရောင်းမှားဝယ်မှားဖြစ်တတ်သည်။

7 DAY NEWS JOURNAL
Vol.9, No.33 · NOVEMBER 4, 2010

# တပ်မတော်အုပ်ချုပ်ရေးမှ ဒီမိုကရေစီအုပ်ချုပ်ရေးသို့ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေး

မောင်စေတနာ(B.A., B.Ed)

ဘာသာရေးတွင် အတ္တ၊ နိုင်ငံရေးတွင် ဂိုဏ်းဂဏ အလွန်အန္တရာယ်ကြီးသည်။ ယင်းတို့၏ သြဇာအောက်ရောက်မိပြီဆိုမှဖြင့် လွတ်လမ်းနဲ့ ကျွတ်တမ်းမဝင်နိုင်၊ အမြင်မှန်မရ။ အမှန်ကို အမှား၊ အမှားကို အမှန်ထင်၏။ ကြောင်းကျိုးတရားအရ ဖြစ်ပေါ်လာသော ပကတိအရှိတရား (Reality)ကိုလည်း မမြင်။ "နိုင်ငံတစ်ခုအတွက် ပြည်သူလူထုနှင့် ထိုက်တန်သော အစိုးရမျိုးကိုသာလျှင် ရရှိနိုင်သည်" ဆိုသော သဘောတရားကိုလည်း နားမလည်။ အတ္တ၊ ဂိုဏ်းဂဏဖြင့် အစွဲအလမ်းဟောင်းတွေကို တရားသေဆုပ်ကိုင်ပြီး ဖြစ်သင့်တာထက်ဖြစ်ချင်တာကို ဦးစားပေးသည်။ ထိုအခါ အမြီးပြတ်သော မြေခွေးပမာ မိမိကိုယ်ကိုလည်း လှည့်စား၏။ သူတစ်ပါးကိုလည်း လှည့်စားသည်။ယခုအခါ ပြည်တွင်း၊ပြည်ပမှ အဆိုးမြင်ဝါဒများသည် အလားတူဖြစ်ရပ်မျိုးသို့ ရောက်ရှိနေကြသဖြင့် နိုင်ငံရေးမျက်စိလည်ပြီး လမ်းမှားသို့ လျှောက်လှမ်းနေကြသည်။

**ဒီမိုကရေစီအခွင့်အရေး**

မကြာမီ မြန်မာပြည်တွင် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကို နိုဝင်ဘာ ၇ ရက်တွင် ကျင်းပတော့မည်။ တဖြည်းဖြည်းဝေးရာမှ နီး၍ နီး၍ လာနေသောကြောင့် သက်ဆိုင်သူများအားလုံး ရင်ခုန်သံများမြန်လာကြသည်။ ဤရွေးကောက်ပွဲကြီးမှာ ၁၉၆၀ မှ ၂၀၁၀ အထိ နှစ်ပေါင်း ၅၀ အတွင်း၌ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြင့် ပထမဆုံးကျင်းပသော ပါတီစုံရွေးကောက်ပွဲကြီးဖြစ်သည်။ ဆန္ဒမဲပေးခွင့်ရှိသူများသည် ရွေးကောက်ပွဲနှင့်အတူ ဒီမိုကရေစီစနစ်နှင့် နှုတ်ဆက်တွေ့ဆုံ‌တွေ့ပြန်လည် ဆုံစည်းကြရတော့မည်ဖြစ်၍ စိတ်လှုပ်ရှားမှုမျိုးစုံရှိနေကြသည်။

ဒီမိုကရေစီစနစ်၏ လက္ခဏာရပ်အဖြစ် လာမည့်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် မိမိကြိုက်နှစ်သက်ရာ ပါတီနှင့် ပုဂ္ဂိုလ်များကို လွတ်လွတ်လပ်လပ် ဆန္ဒမဲပေးခွင့်ရှိသည်။ တရားဝင်နိုင်ငံရေး ပါတီများသည်လည်း ဥပဒေနှင့်အညီ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်နှင့် ပါဝင်ယှဉ်ပြိုင်ခွင့်များရှိနေသည်။ ဤသည်မှာ မြန်မာပြည်သူတို့ နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တခဲ့သော ဒီမိုကရေစီအခွင့်အရေး။

**ခေတ်ပြောင်း စနစ်ပြောင်း ရွေးကောက်ပွဲများ**

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးချိန်မှ ၇-၁၁-၂၀၁၀ ထိ မြန်မာနိုင်ငံတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲများအနက် ၁၉၄၇၊ ၁၉၇၄၊ ၂၀၁၀ ရွေးကောက်ပွဲများသည် ခေတ်ဟောင်းမှ ခေတ်သစ်သို့ ပြောင်းလဲစေသောကြောင့် တိုင်းသစ်တည်၍ ပြည်သစ်ဆောက်သော ခေတ်ပြောင်းစနစ်ပြောင်း ရွေးကောက်ပွဲကြီးများ ဖြစ်သည်။

၁၉၄၇ ခုနှစ် ရွေးကောက်ပွဲကြီးတွင် မြန်မာတစ်မျိုးသားလုံးက လွတ်လပ်ရေးစိတ်ဓာတ်ဖြင့် ဆန္ဒမဲပေးခဲ့ကြသည်။ ရွေးကောက်ပွဲကြီးအောင်မြင်မှုကြောင့် လွတ်လပ်ရေးကို အရယူနိုင်ခဲ့ပြီး ပါလီမန်ဒီမိုကရေစီခေတ်ကြီးသို့ ရောက်ရှိခဲ့ကြသည်။ ၁၉၇၄ ခုနှစ်အထွေထွေရွေးကောက်ပွဲကြီးတွင်လည်း ပြည်သူတစ်ရပ်လုံးက ဆိုရှယ်လစ်အသိစိတ်ဓာတ်ဖြင့် ဆန္ဒမဲပေးခဲ့ကြသည်။ ရွေးကောက်ပွဲကြီးအောင်မြင်ပြီး လမ်းစဉ်ပါတီခေတ်(ပါတီကောင်စီအုပ်ချုပ်ရေး)သို့ ရောက်ခဲ့ကြသည်။

အကယ်၍သာ ဖော်ပြပါ ရွေးကောက်ပွဲကြီးနှစ်ခု အောင်မြင်မှု မရခဲ့လျှင် ၁၉၄၇/၁၉၇၄ ဖွဲ့စည်းပုံ အခြေခံဥပဒေများသည်လည်း အတည်ဖြစ်မလာနိုင်၊ ပါလီမန်ဒီမိုကရေစီခေတ်နှင့် လမ်းစဉ်ပါတီခေတ်တို့သည်လည်း မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် ပေါ်ထွန်းလာရန် အကြောင်းမရှိနိုင်ပေ။ ထို့ကြောင့်ယင်းခေတ်များကို ပေါ်ပေါက်လာစေရန်အတွက် အဓိကအကျဆုံး အဆုံးအဖြတ်ပေးခဲ့သူမှာ ၁၉၄၇/၁၉၇၄ ရွေးကောက်ပွဲများမှ ပြည်သူလူထုပင်ဖြစ်သည်။

၇-၁၁-၂၀၁၀ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲကြီးမှာလည်း မြန်မာ့သမိုင်းစာမျက်နှာဟောင်းမှ စာမျက်နှာသစ်သို့ ပြောင်းလဲစေမည့် ရွေးကောက်ပွဲကြီးဖြစ်သည်။ ရွေးကောက်ပွဲတွင် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဆန္ဒမဲတစ်ခဲနက်ပေးမှုကြောင့် အောင်မြင်သော ရွေးကောက်ပွဲကြီးဖြစ်ခဲ့လျှင် မြန်မာပြည်သူတို့သည် ငြိမ်းချမ်းစွာဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီခေတ်ကြီးသို့ မလွဲကေန်ရောက်ကြမည်ဖြစ်၏။ ဤရွေးကောက်ပွဲကြီးမှာ လက်ဝဲ၊ လက်ယာ အစွန်းနှစ်ပါးမှ ကင်းလွတ်သော အမျိုးသားရေးဒီမိုကရေစီ (စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ) လမ်းကြောင်းသို့ ပြောင်းလဲမှု(National Democratic Change)ဖြစ်သည်။

**သူတို့အမြင်**

နိုင်ငံရေးသည် နိုင်ငံတိုင်းတွင်ရှိ၍ နိုင်ငံရေးတိုင်းတွင် အမြင်တူမှုနှင့် အမြင်မတူမှုများသည် အစဉ်ရှိနေသည်။ ယင်းဝိရောဓိ ရှိနေမှုကြောင့် နိုင်ငံရေးသည် ရှင်သန်နေပြီး တစ်ဆင့်ပြီးတစ်ဆင့် မြင့်မားတိုးတက်လာခြင်းဖြစ်၏။ ယခုအခါ မြန်မာနိုင်ငံ၏ ဒီမိုကရက်တစ်အသွင်ကူးပြောင်းမှု ရွေးကောက်ပွဲကြီးအပေါ် အကောင်းမြင်သူများလည်းရှိသလို အဆိုးမြင်သူအချို့လည်း ရှိနေသည်။

ရွေးကောက်ပွဲကြီးအပေါ် အာဆီယံအတွင်းရေးမှူးချုပ် "ဆူရင်ပစ်ဆူဝမ်"က "ထိုင်းနိုင်ငံသာမက နိုင်ငံတကာ အသိုင်းအဝန်းကပါ မြန်မာနိုင်ငံရဲ့ ဒီမိုကရက်တစ်အသွင်ပြောင်းလဲမှုကို ကြိုဆိုပါတယ်။ ရွေးကောက်ပွဲဟာ မှတ်တိုင်တစ်ခု ပြောင်းလဲခြင်း၊ နိုင်ငံတစ်ခုနှင့် နိုင်ငံသားတွေအတွက် ခရီးတစ်ခုကို စတင်လိုက်ခြင်းဖြစ်တယ်။ ထို့နည်းတူ ရွေးကောက်ပွဲကို ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပြည်သူ့လွှတ်တော်မှာ ဥပဒေကောင်းတစ်ခု ဖော်ဆောင်နိုင်ရုံမက အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ လုံခြုံရေးတို့ကို ဖော်ဆောင်နိုင်မှာပါ" ဟု ဗီယက်နမ်နိုင်ငံတွင် ကျင်းပသော (၁၇)ကြိမ်မြောက် အာဆီယံအစည်းအဝေးနှင့် (၄၃)ကြိမ် မြောက် အာဆီယံဝန်ကြီးများ အစည်းအဝေးတွင် သတင်းထောက်မေးမြန်းချက်များကို ပြန်လည်ဖြေကြားသွားခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး မစ္စတာမာတီနေယ်ဇာလီဂွါဝါကလည်း "ကျွန်တော်တို့ အင်ဒိုနီးရှားနိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲကြီးအပေါ် အကောင်းမြင်ဝါဒ ယုံကြည်ထားမှုရှိပါတယ်။ ကျွန်တော်တို့ အင်ဒိုနီးရှားနိုင်ငံလိုပဲ ဒီမိုကရက်တစ် အသွင်ကူးပြောင်းမှုဟာခပ်ဆင်ဆင်ပဲဖြစ်တယ်။ ကျွန်တော့်အမြင်အရ ဒီမိုကရက်တစ်အသွင်ကူးပြောင်းမှုက နိုင်ငံတစ်ခုအတွက် လွယ်ကူတဲ့ကိစ္စတစ်ခု မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီမိုကရက်တစ် အသွင်ကူးပြောင်းမှုဟာ မြန်မာလူမျိုးတိုင်းအတွက် မှတ်တိုင်တစ်ခု၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အခွင့်အလမ်းတစ်ခု၊ မြန်မာ့ဇာတိရုပ်မြှင့်တင်ခြင်းနှင့်အတူ ခေတ်သစ်တစ်ဆီသို့လျှောက်လှမ်းခြင်းပဲဖြစ်ပါတယ်" ဟု သတင်းထောက်မေးမြန်းချက်ကိုပြန်လည်ဖြေကြားသွားခဲ့သည်။

ထို့ပြင် ရွေးကောက်ပွဲကြီးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံခြားရေးဝန်ကြီးဦးညဏ်ဝင်းကလည်း "ကျွန်တော်တို့နိုင်ငံရဲ့ အတိတ်သမိုင်းမှာ ပါတီစုံအထွေထွေရွေးကောက်ပွဲများ ကျင်းပဖူးတဲ့ အတွေ့အကြုံနဲ့ သင်ခန်းစာများအရ မြန်မာနိုင်ငံအနေနဲ့ ရွေးကောက်ပွဲကို အစီအစဉ်တကျ ကျင်းပသွားနိုင်မယ်ဆိုတာကို ယုံကြည်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဘယ်လိုအခက်အခဲမျိုးနဲ့ ရင်ဆိုင်ရသည်ဖြစ်စေ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူတို့ရဲ့ အကျိုးစီးပွားကို အကောင်းဆုံးဖော်ဆောင်နိုင်မယ့် လွတ်လပ်ပြီး တရားမျှတတဲ့ အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်ကျင်းပနိုင်ရေးအတွက် ကြိုးပမ်းသွားဖို့ စိတ်ပိုင်းဖြတ်ထားပြီး ဖြစ်ပါတယ်" ဟု အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် ကျင်းပသော (၆၅) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးတွင် တင်ပြခဲ့သော အထွေထွေမူဝါဒရေးရာ မိန့်ခွန်း၌ ထည့်သွင်းပြောကြားသွားခဲ့သည်။

ပထဝီနိုင်ငံရေးအရ မြန်မာနိုင်ငံသည် တရုတ်၊ အိန္ဒိယ၊ အာဆီယံနှင့် တောင်အာရှနိုင်ငံများတွက် မဟာဗျူဟာဒေသဖြစ်သည်။ အကျိုးစီးပွားချင်း အပြန်အလှန်ချိတ်ဆက်နေကြသဖြင့် ယင်းနိုင်ငံများအားလုံးက တည်ငြိမ်အေးချမ်းစွာဖြင့် ရွေးကောက်ပွဲကြီး အောင်မြင်ခြင်းကို မြင်တွေ့လိုကြသည်။

အထက်ပါတို့မှာ ရွေးကောက်ပွဲကြီးအပေါ် မြန်မာနှင့် မြန်မာမိတ်ဆွေနိုင်ငံများ၏ ထားရှိသောသဘောထားအမြင်ဖြစ်သည်။

**ရွေးကောက်ပွဲ အခြေအနေ**

လာမည့် ရွေးကောက်ပွဲကြီးမှာ တစ်ဖွဲ့တစ်ပါတီ အကျိုးစီးပွားအတွက်မဟုတ်။ တစ်မျိုးသားလုံးနှင့်ဆိုင်သော ဒီမိုကရက်တစ် အသွင်ပြောင်းလဲမှု ရွေးကောက်ပွဲကြီးဖြစ်သည်။ တိုင်းပြည်နှင့် လူမျိုးအတွက် ကံကြမ္မာအလှည့်အပြောင်း ဖြစ်သောကြောင့် ရွေးကောက်ပွဲကော်မရှင်နှင့် တာဝန်ရှိသူများသည် လွတ်လပ်၍ တရားမျှတပြီး အောင်မြင်သော ရွေးကောက်ပွဲကြီးဖြစ်လာစေရန်အတွက် အချိန်နှင့် တစ်ပြေးညီ၊ တစ်ဆင့်ပြီး တစ်ဆင့် အစီအစဉ်တကျ ဆောင်ရွက်နေသည်။ ဆန္ဒမဲပေးခွင့်ရှိသူ အမည်စာရင်းလည်း ထုတ်ပြန်ကြေညာပြီး ဖြစ်၏။ နိုင်ငံရေးပါတီပေါင်း ၃၇ပါတီတို့ကလည်း လွှတ်တော်(၃)ရပ်အတွက် မဲဆန္ဒနယ်ပေါင်း ၁၁၆၃ခုတွင်ပါဝင်ယှဉ်ပြိုင်ပြီး ဥပဒေစည်းကမ်းများနှင့်အညီ မဲဆွယ်စည်းရုံးရေးများ လုပ်ဆောင်နေကြသဖြင့် အောင်မြင်သောရွေးကောက်ပွဲကြီးဖြစ်မှာ သေချာနေသည်။ ၎င်းသည်အကောင်းဘက်သို့တိုးတက်သော ပြောင်းလဲမှုဖြစ်သည်။

**မလိုတမာ စကား**

ဤကဲ့သို့ အကောင်းဘက်သို့ တိုးတက်ပြောင်းလဲလာခြင်းအပေါ် အဆိုးဖြစ်စေချင်သူတွေက လုံးဝမကြိုက်။ တောမီးလောင်ခြင်းကို တောကြောင်တွေက ဆုတောင်းနေကြသလိုဖြစ်၏။ ထို့ကြောင့် ရွေးကောက်ပွဲကြီးပျက်စီးရာပျက်စီးကြောင်းနှင့်ရွေးကောက်ပွဲအပေါ် ယုန်ထင်၊ ကြောင်ထင် ဖြစ်စေရန်အတွက် ပြည်တွင်း၊ ပြည်ပမှ အဆိုးမြင်ဝါဒီများက "ရွေးကောက်ပွဲကြီးမှာ မြွေအရေခွံလဲသလို "ဗိုလ်"မှ "ဦး"သို့ပြောင်းပြီး အသွင်သစ်ဖြင့် စစ်အာဏာရှင်စနစ်တည်တံ့ရေးဖြစ်တယ်။ ထူးခြားသော နိုင်ငံရေးပြောင်းလဲမှုမရှိနိုင်" ဟု ကြွေးကြော်ဝါးမြေ့ရှိယပွားပြီး မလိုတမာစကားများ ပြောနေကြသည်။

**ဝိဘဇ္ဇဝါဒီများ**

မြန်မာပြည်သူတို့သည် အကန်းယုံ အရမ်းယုံလေ့မရှိ ပုတ်သင်ညိုလို ခေါင်းညိတ်ပြီး သူများပါးစပ်ဖြင့် လမ်းဆုံးသူများ မဟုတ်။ အမှန်နဲ့ အမှား၊ အကောင်နဲ့အဆိုးကို ဘဝပေးအသိဖြင့် ဝေဖန်ပိုင်းခြားနိုင်သော ဝိဘဇ္ဇဝါဒီများဖြစ်သည်။

၁၉၄၇ ရွေးကောက်ပွဲကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းမှ ဦးအောင်ဆန်းသို့လည်းကောင်း၊ ၁၉၇၄ ရွေးကောက်ပွဲကြီးတွင်လည်း ဗိုလ်ချုပ်ကြီးနေဝင်းမှ ဦးနေဝင်းသို့လည်းကောင်း ပြောင်းခဲ့ကြသည်မှာ အမှန်ဖြစ်၏။ သို့ရာတွင် ဗိုလ်မှဦးသို့ပြောင်းခြင်းနှင့်အတူ မြန်မာ့နိုင်ငံရေးအခြေအနေ အရပ်ရပ်သည်လည်း တစ်ပါတည်းလိုက်ပါပြောင်းလဲခဲ့သည်။ ဗိုလ်ခေတ်နိုင်ငံရေးနှင့် ဦးခေတ်နိုင်ငံရေး အခြေအနေများ လုံးဝမတူကြောင်း ဝဲယာဝါရင့် အားလုံးသိထားကြသော်လည်း ယင်းကိစ္စကို နှာစေးနေကြခြင်းမှာ နိုင်ငံရေးရိုးသားမှုမရှိပေ။ ဗိုလ်ခေတ်မှဦးခေတ်သို့ပြောင်းလဲမှုမှာ Revolution ဖြစ်သည်။ မြွေအရေခွံလဲခြင်းမှာ Evolution ဖြစ်၏။

**နိုင်ငံရေးစနစ် သုံးမျိုးနှင့် အခြေခံဥပဒေသုံးမျိုး**

မြန်မာနိုင်ငံတွင် ထူးခြားဆန်းကြယ်စွာဖြင့် နိုင်ငံရေးစနစ်သုံးမျိုးနှင့် အတူ ဖွဲ့စည်းပုံအခြေခံဥပဒေသုံးမျိုးလည်း ပေါ်ထွန်းခဲ့သည်။ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလက်ယာနိုင်ငံရေးကိုအခြေခံပြီး ရေးဆွဲခဲ့သဖြင့် လက်ယာပါတီစုံစနစ်(Liberal Multi Party System)ဖြစ်သည်။ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လက်ဝဲနိုင်ငံရေးစနစ်ကို အခြေခံရေးဆွဲထားသည်။ ထို့ကြောင့် တစ်ပါတီစနစ်(One Party System)ကိုကျင့်သုံးသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အမျိုးသားနိုင်ငံရေးကိုအခြေခံရေးဆွဲထားခြင်းဖြစ်သောကြောင့် ဖော်ပြပါလက်ဝဲလက်ယာအစွန်းနှစ်ပါးမှ ကင်းလွတ်သောအမျိုးသားပါတီစုံစနစ်(national Multi-Party System)ဖြစ်သည်။ ၎င်းမှာ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံစနစ်ဖြစ်သည်။

**ပန်းတိုင်ဆီသို့ ပထမခြေလှမ်း**

ရွေးကောက်ပွဲကြီးမှာ မြန်မာနိုင်ငံ ဒီမိုကရက်တစ် အသွင်ကူးပြောင်းရေးသမိုင်းအစမှတ်တိုင်ဖြစ်သည်။ အစတိုင်းတွင် အခက်အခဲပေါင်းများစွာရှိနေသဖြင့် ယင်းအခြေအနေများကြားထဲမှ ပြည်သူလူထု ဆန္ဒနှင့်အညီ ရွေးကောက်ပွဲကြီး ကျင်းပပေးလာခြင်းအပေါ်တွင် ကိုယ်ချင်းစာတရားဖြင့် နားလည်မှုပေးရန် လိုအပ်သည်။

စာ(၃၂)သို့

## စာ-၃၃ ဘုရင်နဲ့ ပြည်သူတွေ စာချုပ်ချုပ်ကြတဲ့ မဂနကာတာ ဆောင်းပါး မှ

ကမ္ဘာကြီးတစ်ခုလုံး ပန်းနှစ်ဘက်ကြားက ခေါင်းပေါက်နေတဲ့လူတိုင်း လူတန်းစေ့ လူ့အခွင့်အရေးတွေရဖို့အရေးကို သမိုင်းဦးဘုံမြေခေတ်ကတည်းက ခုချိန်ထိ ရုန်းကန်ကြိုးပမ်းလာလိုက်ကြရတာလေ။ ခုချိန်ထိကိုပါပဲ။ စနစ်တွေအမျိုးမျိုး၊ အရင်းရှင်စနစ်၊ ကိုလိုနီစနစ်၊ ဖက်ဆစ်စနစ်ထိလမ်းတွေချော်၊ ပြည်သူ့ လွတ်မြောက်ရေးသို့လို့ကြွေးကြော်ပြီး တိုက်ပွဲဝင်ခဲ့ကြတဲ့ ဆိုရှယ်လစ်စနစ်၊ ကွန်မြူနစ်စနစ်၊ အဲဒီကနေအစွန်းရောက်လို့ချောက်ထဲကျခါမှ လူးလွန့်ပြီး Rich is better ချမ်းသာတာ ကောင်းတယ်လို့ ပြန်ကြွေးကြော်ပြီး အရင်အစွန်းရောက်ပစ်ပယ်ခဲ့တဲ့ ပုဂ္ဂလိကအခန်းကဏ္ဍတွေကို ပြန်မြှင့်တင်၊ တစ်ဦးချင်း တစ်ယောက်ချင်းထက်ပါတီက အဓိက၊ ခေါင်းဆောင်ကြီးက အဓိက၊တော်လှန်ရေးကအဓိကလို့ ကြွေးကြော်ရင်း ကပြည်သူ့လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ခဲ့တဲ့ သူရဲကောင်းကြီးတွေက ပုဂ္ဂိုလ်ရေးကိုးကွယ်မှုတွေကနေ အတ္တတွေကြီးထွားသထက် ကြီးထွားလာပြီး အာဏာရှင်ကြီးတွေ လုံးလုံးလျားလျားဖြစ်ခဲ့ကြရတယ်။

ဧကရာဇ်မင်းများရဲ့ ဖိနှိပ်မှုအောက်ကနေ ရုန်းထွက်လာသည့်တိုင် ကမ္ဘာ့ပြည်သူတွေရဲ့သုံးပုံတစ်ပုံလောက်သာ ဒီမိုကရေစီရဲ့ ပြည့်ဝတဲ့လွတ်လပ်မှု၊ တစ်ဦးချင်းဘဝတန်ဖိုးရှိမှုတွေကို ရနေကြတာပါ။ အများစုကတော့ သူတို့ရဲ့ လူသားတစ်ယောက်အနေနဲ့ ရသင့်ရခိုက်တဲ့ အခွင့်အရေးတွေ၊ လွတ်လပ်ခွင့်တွေကို ခုချိန်ထိမရသေးကြပါဘူး။ ဧကရာဇ်မင်းတွေ အုပ်ချုပ်ခဲ့စဉ်ကလို လူတစ်စု၊ ဆွေမျိုးတစ်စု၊ အသိုက်အသိုင်းတစ်စုက လက်နက်တွေ၊ ဥစ္စာနေတွေနဲ့ ပြည်သူလူထုကို ဖိနှိပ်အုပ်ချုပ် အမြတ်ထုတ်နေတဲ့ နေရာဒေသတွေဟာ ကမ္ဘာ့နေရာ အသီးသီးမှာရှိနေပါသေးတယ်။ တရုတ်ပြည်ကြီးမှာတော့ ခေတ်အဆက်ဆက် ဧကရာဇ်မင်းများနဲ့ နယ်စားပယ်စား အရာရှိကြီးများ၊ မြေပိုင်ရှင် သူဌေးသူကြွယ်ကြီးများရဲ့ ဖိနှိပ်မှုအလုံးစုံကို ခရီးရှည်တိုက်ပွဲကြီးကျမှ ဖယ်ရှားနိုင်ခဲ့ပါတယ်။ ကူမင်တန်အစိုးရလက်ထက်မှာလည်း အစိုးရအာဏာပိုင်တွေဟာ သူဌေးသူကြွယ်တွေ၊ မြေပိုင်ရှင်ကြီးတွေနဲ့ ပူးပေါင်းအပေးအယူလုပ်ပြီး ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ လုပ်နေခဲ့တယ်။ ပြည်သူကတော့ အစဉ်အမြဲနင်းပြားပါပဲ။

အင်္ဂလိပ်တွေကတော့ မဂ္ဂနာကာတာ ချုပ်ဆိုပြီးတဲ့နောက်ပိုင်းမှာ ဧကရာဇ်ကို လုပ်ချင်တိုင်းလုပ်ခွင့်မပေးဖို့ပြည်သူတွေရဲ့ ကိုယ်စားပြုသူတွေပါဝင်တဲ့ ကောင်စီလေးတစ်ခုကိုဖွဲ့စည်းခဲ့ကြတယ်။ အဲဒီကောင်စီလေးဟာ တစ်ချိန်မှာ ပါလီမန်ရယ်လို့ ပြည်သူ့အုပ်ချုပ်မှုစနစ်တစ်ရပ်ပေါ်ထွန်းလာရေးကို ရှေ့ရှုခဲ့ပါတယ်။

တရုတ်ပြည်နည်းတူ ဂျပန်ပြည်မှာလည်း ဧကရာဇ်၊ ရှိုဂန်၊ ဆာမူရိုင်းစတဲ့စစ်ဘုရင်တွေအဆင့်ဆင့်အုပ်ချုပ်တဲ့ စနစ်ကနေ မေဂျီပြုပြင်ရေးကြီး လုပ်လိုက်တော့မှ ဗဟိုအစိုးရရဲ့ ချုပ်ကိုင်မှုသြဇာတက်လာပါတယ်။ ဒါပေမဲ့ လက်နက်အင်အားကိုသာ အခြေခံပြီးပြုပြင်ပြောင်းလဲမှုတွေလုပ်ခဲ့တော့ စစ်တပ်သြဇာလွှမ်းမိုးတဲ့ ပဒေသရာဇ်တစ်ပိုင်း အစိုးရသာ ပေါ်ထွန်းလာခဲ့တယ်။ ပြည်သူကိုကိုယ်စားမပြုတဲ့ အစိုးရတွေရဲ့မှားယွင်းနေကျအတိုင်း မှားယွင်းတဲ့ ဆုံးဖြတ်ချက်တွေချပြီးဆုံးရှုံးမှုများစွာနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။

ဂျပန်ပေးဆပ်ခဲ့ရတာကတော့ဒုတိယကမ္ဘာစစ်ပါပဲ။ သူ့ထက်စစ်အင်အားသာတဲ့ အမေရိကန်နဲ့ မဟာမိတ်တွေရဲ့ ချေမှုန်းခြင်းကို ခံလိုက်ရပြီးမှပဲ ဂျပန်မှာစစ်တပ်သြဇာငြိမ်းသွားပါတော့တယ်။ ဒီနေရာမှာ သတိချပ်စရာတစ်ခုက အဲဒီလိုအစိုးရမျိုးတွေကို ပြည်သူ့အစိုးရ၊ ဒီမိုကရေစီအစိုးရလို့ သတ်မှတ်လို့ မရဘူးဆိုတာပါ။ ဂျာနယ်တစ်စောင်ရဲ့ ဆောင်းပါးတစ်ပုဒ်မှာ ဒီမိုကရေစီနဲ့ ရွေးကောက်တင်မြှောက်လိုက်တဲ့ အစိုးရတွေလို့ ဂျာမနီနာဇီ ဟစ်တလာအစိုးရကို ရေးသားသုံးနှုန်းတာ ဖတ်လိုက်ရပါတယ်။ **ဒီမိုကရေစီအစိုးရဆိုတာ ဒီမိုကရေစီနည်းနဲ့ ရွေးကောက်တင်မြှောက်ခံရရုံနဲ့ ဒီမိုကရေစီအစိုးရ ဖြစ်မလာပါဘူး။ ဒီမိုကရေစီကိုဆက်လက်ထိန်းသိမ်းမှသာ အစဉ်အမြဲလိုက်နာကျင့်သုံးမှသာ ဒီမိုကရေစီအစိုးရဖြစ်ပါတယ်။**

The government by the people, for the people, of the people လေ။

နာဇီအစိုးရဟာ အဲဒီကာလဂျာမန်ပြည်သူ အများစုထောက်ခံမှုနဲ့အာဏာရလာတယ်ဆိုရရင်တောင် အာဏာရလာပြီးနောက်ပိုင်းမှာ ဘာဒီမိုကရေစီအခွင့်အရေးမှ မပေးခဲ့ပါဘူး။ လွတ်လပ်စွာရေးသားခွင့်၊ လွတ်လပ်စွာဝေဖန်ဖော်ထုတ်ဟောပြောခွင့်၊ လွတ်လပ်စွာစီတန်းလှည့်လည် လမ်းလျှောက်ခွင့်၊ ဆန္ဒပြခွင့်၊ စုရုံးတည်ထောင်ခွင့်စတဲ့ အခြေခံလူ့အခွင့်အရေးသဘောတရားတွေ၊ ဒီမိုကရေစီအခွင့်အရေးတွေ လုံးဝမပေးခဲ့ပါဘူး။ ပေးခဲ့ရင် ဂျာမနီလည်း ဒီအခြေရောက်လာမှာ မဟုတ်သလို၊ ကမ္ဘာကြီးလည်းဒုတိယကမ္ဘာစစ်မီးကြီး ဒီလောက်ထိ တောက်လောင်လာခဲ့မှာမဟုတ်ပါဘူး။ ပညာရှင်တချို့က ပြောပါသေးတယ်။ ပြည်သူ့ဆန္ဒလွှမ်းမိုးလွန်းရင်လည်း ပြုပြင်ပြောင်းလဲရေးတွေ၊တိုင်းပြည်ဖွံ့ဖြိုးရေးတွေမှာ နောက်ကျတတ်ပါတယ်တဲ့။တကယ်တော့ လူတိုင်းအခြေခံလိုအပ်ချက်တွေကို ပြည့်စုံအောင်ဖန်တီးပေးနိုင်ဖို့၊ လူတိုင်းကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ရမှုဖြစ်မှာပါ။ လူတစ်ယောက်က လူတစ်ယောက်ကို လူတစ်စုက လူတစ်စုကို ဘာအတွက်ကြောင့်မှ ဖန်တီးစီရင်ပိုင်ခွင့်မရှိသင့်တော့ပါ။ တစ်ခေတ်တစ်ခါက ရုပ်ဆိုးအကျည်းတန်လွန်းလှတဲ့ ပဒေသရာဇ်စနစ်ဆိုတာကြီးက ကမ္ဘာ့သမိုင်းရဲ့ အတိတ်စာမျက်နှာတွေမှာပဲ ချန်ထားရစ်ဖို့ကောင်းပါပြီ။

ဒါ့အပြင် ပိုက်ဆံရှိလို့၊ ပိုက်ဆံမရှိလို့၊ ချမ်းသာ၊ ဆင်းရဲအဆင့်အတန်းကွဲပြားမှုပေါ် လိုက်ပြီး လူကိုလူချင်းနိုင့်ထက်စီးနင်းလုပ်ခွင့်ရှိတဲ့ အရင်းရှင်ခေတ်ဆိုးကြီးဟာလည်း ပြန်မလာသင့်တော့ပါဘူး။ အဲဒီလိုပဲ လူတစ်ဦးတစ်ယောက်ချင်းထက် ပါတီကိုဝန်းရံကြ၊ တော်လှန်ရေးကို ဝန်းရံကြလို့ ကြွေးကြော်ပြီးလူဖြစ်ရှုံးခဲ့ရတဲ့၊ တော်လှန်ရေးမှာဒီလောက်တော့ စတေးရမှာပေါ့ဆိုပြီး အစွန်းရောက်ခဲ့ကြတဲ့ အစွန်းရောက်ဝါဒဆိုး ပုံစံကြီးဟာလည်းကမ္ဘာမှာ မရှိသင့်တော့ပါဘူး။ ကျွန်တော်တို့ အသစ်တစ်ခုကို ရှာဖွေထူထောင်ဖို့ ကာလတစ်ခုကိုရောက်နေပါ ပြီ။ လူလူချင်းခေါင်းပုံဖြတ်မှုကင်းတဲ့၊ လူလူချင်းဖိနှိပ်မှုကင်းတဲ့၊ လူတိုင်း မချမ်းသာရင်တောင် လူတိုင်းဆင်းရဲမှုကင်းတဲ့ လူ့အဖွဲ့အစည်းသစ်တစ်ခု၊ ခေတ်သစ်တစ်ခုကို တည်ဆောက်ကြဖို့ပါပဲ။ ။

_Source; The World History


# Environment

7Day News Journal

Vol.9, No.33 · NOVEMBER 4, 2010


## မြန်မာနိုင်ငံတွင် မျိုးသုဉ်းပျောက်ကွယ်တော့မည့် နှာခေါင်းလန် မျောက်မျိုးစိတ်သစ်တစ်မျိုးတွေ့ရှိ

**ယူကေ- အောက်တိုဘာ ၂၈**



ကမ္ဘာပေါ်တွင်ကောင်ရေရာဂဏန်းသာကျန်ရှိတော့ပြီးမျိုးသုဉ်းပျောက်ကွယ်တော့မည့်အန္တရာယ်နှင့်ရင်ဆိုင်နေရသည့်နှာခေါင်းတိုကာအပေါ်သို့ လန်တက်နေသော မျောက်မျိုးစိတ် Snub-nosed Monkey စာရင်းဝင်မျောက်မျိုးစိတ်သစ်တစ်မျိုးကို မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင်ရှာဖွေတွေ့ရှိခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

အင်္ဂလန်နိုင်ငံကန်းဘရစ်ချ်တက္ကသိုလ်အခြေစိုက်သုတေသနအဖွဲ့အစည်း တစ်ခုဖြစ်သောFauna and Flora Internationalနှင့်မြန်မာနိုင်ငံတွင်းမှ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး အဖွဲ့အစည်းတစ်ခုတို့ပူးပေါင်းကာ မြန်မာနိုင်ငံတွင်းနေထိုင်းကျက်စားသော ပရိုင်းမိတ်ခေါ် မျောက်မျိုးနွယ်ဝင်များအကြောင်း လေ့လာသုတေသနပြုမှု အစီအစဉ်ပြုလုပ်စဉ်ထိုမျောက်မျိုးစိတ်သစ်ကိုရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုမျောက်မျိုးစိတ်ကိုဒေသခံများ၏ပြောကြားချက်များအရရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ထိုမျောက်သည်မိုးရွာသွန်းသည့်အခါများတွင် နှာချေတတ်သည့် အလေ့အထများရှိကြောင်း ဖော်ပြထားသည်။

အဆိုပါမျောက်မျိုးစိတ်သစ်သည်နိုင်ငံတကာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်း(IUCN)ကသတ်မှတ်ထားသောအချိန်မီမထိန်းသိမ်းပါက ကမ္ဘာပေါ်မှမျိုးသုဉ်းပျောက်ကွယ်တော့မည့်မျိုးစိတ်စာရင်းတွင်ပါဝင်သည်။ ယခုမျောက်မျိုးစိတ်သစ်ကိုရှာဖွေတွေ့ရှိခဲ့သော အင်္ဂလန်အခြေစိုက်အဖွဲ့အစည်း၏ ခန့်မှန်းချက်အရသဘာဝတောများအတွင်းတွင် အကောင်ရေ ၃၀၀ အောက်သာ ကျန်ရှိနိုင်တော့ကြောင်း သိရသည်။အဆိုပါအသစ်တွေ့ရှိသောမျောက်မျိုးစိတ်သစ်နှင့်ပတ်သက်၍ရှာဖွေသုတေသနပြုလုပ်မှုများပူးပေါင်းဆောင်ရွက်ခဲ့သောပြည်တွင်းဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအဖွဲ့အစည်းဖြစ်သည့်ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း(BANCA) သို့7Day News ကမေးမြန်းရာ မကြာမီသတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်သွားရန်ရှိကြောင်း သိရသည်။

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပထမဆုံးအစိမ်းရောင်အလှမယ်ရွေးချယ်ပွဲ ကျင်းပမည်

အေးသူစံ

**ရန်ကုန်၊ အောက်တိုဘာ ၂၆**

ကမ္ဘာပေါ်တွင် ပြောင်းလဲလာသော ရာသီဥတုအလိုက် ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်များကိုလျှော့ချနိုင်စေရန်ရည်ရွယ်၍ ဘဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အစိမ်းရောင်အလှမယ်ရွေးချယ်ပွဲ Miss Green 2011 ကို မြန်မာနိုင်ငံ၌ ပထမဆုံးကျင်းပမည်ဖြစ်ကြောင်း ပွဲစီစဉ်သူ မခိုင်သွယ်ဇင်က ပြောသည်။

မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပထမဆုံးကျင်းပမည့် Miss ပြိုင်ပွဲဖြစ်ပြီး အသက် ၁၅ နှစ်မှ ၂၅ နှစ်အတွင်းရှိ အမျိုးသမီးများဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်များသည် ရုပ်ရည်ချောမောစတိုင်လ်ကျလှပရန် လိုအပ်သော်လည်း သဘာဝပတ်ဝန်းကျင်ကိုယ်စားပြု ပြိုင်ပွဲဖြစ်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဗဟုသုတများကို အခြေခံနားလည်ရမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာမေးခွန်းများကို စင်မြင့်ထက်တွင် ဖြေဆိုရာ၌ ရှင်းလင်းစွာဖြင့် တင်ပြနိုင်ရမည့်အပြင် ဆွဲဆောင်မှုရှိအောင် တင်ဆက်ရမည်ဟု သိရသည်။

"ကျွန်မတို့ ဒီပြိုင်ပွဲလုပ်ရတာက ကမ္ဘာပေါ်မှာ ဖြစ်ပေါ်နေတဲ့ ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲမှုတို့နဲ့ပတ်သက်ပြီး တစ်ကမ္ဘာလုံးကျယ်ကျယ်ပြန့်ပြန့်လုပ်နေကြတယ်။ ကျွန်မတို့ မြန်မာနိုင်ငံမှာလည်း အရင်ကထက်ဒီလုပ်ငန်းတွေကိုပိုလုပ်လာကြတာကိုတွေ့ရတယ်။ ကျွန်မတို့ကုမ္ပဏီအနေနဲ့လည်း တစ်ထောင့်တစ်နေရာက ပါဝင်ဆောင်ရွက်လိုတဲ့အတွက်ရယ်၊ အနာဂတ်မျိုးဆက်သစ်လူငယ်တွေလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာတိုးပွားလာစေဖို့အတွက် ဒီပြိုင်ပွဲကိုလုပ်ရတာပါ" ဟု ပြိုင်ပွဲဦးစီးကျင်းပမည့် Jade Crown Group မှ မခိုင်သွယ်ဇင်က ပြောသည်။

ယင်းပြိုင်ပွဲကို ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင်ရန်ကုန်ဆီဒိုးနားဟိုတယ်၌ကျင်းပမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၅ ရက်နောက်ဆုံးလျှောက်ထားနိုင်ကြောင်း သိရသည်။ ပြိုင်ပွဲနှင့် ပတ်သက်သည့် အသေးစိတ်အကြောင်းအရာများကို ဖုန်းနံပါတ် ၇၃၀ ၉၈၅၉၃၊ ၀၉၅၀၆၃၉၃၉ သို့ဆက်သွယ်မေးမြန်းနိုင်သည်။ အစိမ်းရောင်အလှမယ်ရွေးချယ်ပွဲကို နှစ်စဉ်ကျင်းပသွားရန်ရှိပြီး ပထမဆုကျပ် တစ်ဆယ့်ငါးသိန်း၊ ဒုတိယဆုကျပ်ရှစ်သိန်း၊ တတိယဆု ကျပ်ငါးသိန်းတို့ ဖြစ်ကြောင်း သိရသည်။

## Environment cartoon




## မန္တလေးတောင်ခြေရှိ နှစ်တစ်ရာကျော် ခရေပင်ကြီးများကို ထိန်းသိမ်းထား

စိုင်းသာအောင်

**မန္တလေး၊အောက်တိုဘာ-၂၇**

မန္တလေးတောင်ခြေမဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားအတွင်းရှိ သက်တမ်းတစ်ရာကျော်ရှိ ခရေပင်ကြီးများကို ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိကြောင်း ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောသည်။


ဓာတ်ပုံ- စိုင်းသာအောင်

မန္တလေးတောင်ခြေ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားသည် မန္တလေးမြို့တည်နန်းတည်သတ္တဌာနတွင် တစ်ခုအပါအဝင်ဖြစ်ပြီး၊ လွန်ခဲ့သော ၁၃၇၁ ခုနှစ်က နှစ် ၁၅၀ ပြည့်ခဲ့ပြီဖြစ်သည်။ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားအတွင်းရှိ ခရေပင်များကိုမှတ်တမ်းများအရ မြန်မာသက္ကရာဇ်၁၂၅၄ ခုနှစ်၊၁၈၉၂ ခုနှစ်တွင် စိုက်ပျိုးထားကြောင်း သိရပြီး၊ ခရေပင်များ၏သက်တမ်းသည် နှစ်ပေါင်း ၁၁၈ နှစ်သက်တမ်းရှိပြီး ယခင်စိုက်ပျိုးထားသော ခရေပင်၇၂ပင်တွင် ၂၂ပင်သေဆုံးခဲ့သဖြင့် အစားထိုးစိုက်ပျိုးကာ မြေလွတ်နေရာများရှိသဖြင့် နောက်ထပ် ၁၂ပင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ ခရေပင်များကို မန္တလေးတိုင်း သစ်တောဦးစီးဌာနမှ ထပ်မံစိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မဟာလောကမာရဇိန်ဘုရားကြီး၏ အနောက်မြောက်ဘက်တွင်ရှိသော ခရေပင်ကြီး သည် ရက္ခဗေဒ ပညာရှင်များ၏ တရားဝင်တွက်ချက်မှတ်တမ်းတင်မှုအရ နှစ်ပေါင်း ၂၅၀ ခန့်ရှိပြီး အပင်ကြီး ပြိုလဲမကျစေရေးအတွက် ၇ ထောက်တိုင်များဖြင့် ထောက်ထားသည်ကို တွေ့ရသည်။




# Tourism

7 DAY NEWS JOURNAL

Vol.9, No.33 • NOVEMBER 4, 2010

# ကိုးလအတွင်း ရန်ကုန်လေဆိပ်မှတစ်ဆင့် နိုင်ငံခြားသား နှစ်သိန်းကျော်လာရောက်

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ - ၂၉**

ဆိုက်ရောက်ပြည်ဝင်ခွင့် (Visa on Arrival) ဖြင့်လာရောက်ခြင်းကို စတင်ရပ်ဆိုင်းခဲ့သော စက်တင်ဘာလအတွင်းရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ဝင်ရောက်သောနိုင်ငံခြားသားဦးရေမှာ ဇူလိုင်နှင့် ဩဂုတ်လများထက် လျော့နည်းသွားကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်အသင်းမှ ထုတ်ပြန်သော စာရင်းများအရ သတင်းရရှိသည်။

စက်တင်ဘာလတွင် စုစုပေါင်း ၁၈,၀၉၄ ဦးဝင်ရောက်ခဲ့ပြီး ဩဂုတ်လထက် ၄၃၁၃ ဦးနှင့် ဇူလိုင်လထက် ၃၀၀၀ ဦးလျော့နည်းခဲ့ခြင်းဖြစ်သည်။

သို့သော် ၂၀၀၉ ခုနှစ် စက်တင်ဘာက ဝင်ရောက်သော ဦးရေနှင့် နှိုင်းယှဉ်ပါက ၄၀၉၃ ဦး တိုးလာခဲ့သည်။ ၂၀၁၀ စက်တင်ဘာလ၏ တစ်ရက်ပျမ်းမျှ ရန်ကုန်လေဆိပ်လာရောက်မှုမှာ ၆၀၃ ဦး ရှိသည်။

ယခုနှစ် ဇန်နဝါရီလမှစ၍ စက်တင်ဘာလကုန်အထိ ကိုးလအတွင်းရန်ကုန်လေဆိပ်ဝင်ပေါက်မှ နိုင်ငံခြားသား စုစုပေါင်း ၂၀၁,၈၂၃ ဦး ဝင်ရောက်ခဲ့ပြီး ၂၀၀၉ ခုနှစ် အလားတူ ကာလက ၁၄၇,၁၆၉ ဦးသာ ဝင်ရောက်ခဲ့သဖြင့် ကိုးလခြင်းနှိုင်းယှဉ်ပါကငါးသောင်းကျော် တိုးလာခဲ့သည်။



ရန်ကုန်မြို့သို့လာရောက်လည်ပတ်ကြသော ကမ္ဘာလှည့်ခရီးသွားများကို အောက်တိုဘာဒုတိယပတ်ကတွေ့ရစဉ်။ ဓာတ်ပုံ– ဂျေမောင်မောင်(အမရပူရ)

## မိုးရွာသွန်းမှုများကြောင့် ညောင်ဦးလေဆိပ်နှင့် ပုဂံမြို့သစ်သို့သွားသောလမ်းပိုင်းအချို့ပျက်စီး

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ-၂၇**

အောက်တိုဘာလအတွင်း မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးရွာသွန်းမှုများခဲ့ပြီး မြစ်ချောင်းအချို့ရေလျှံခဲ့မှုကြောင့် ညောင်ဦးလေဆိပ်မှ ပုဂံမြို့သစ်သို့သွားသော လမ်းပိုင်းအချို့ ပျက်စီးခဲ့ရကြောင်း ဒေသခံများထံကသိရသည်။

"ဝက်ကြီးအင်းချောင်းနဲ့ မြင်းကပါချောင်းရေလျှံပြီး လမ်းပိုင်းတချို့ပျက်သွားတာပါ' ဒေသခံ ဧည့်လမ်းညွှန်တစ်ဦးကဆိုသည်။ ထို့ကြောင့် ယခုအခါညောင်ဦးလေဆိပ်မှ ပုဂံမြို့သစ်သို့ လာရောက်တည်းခိုမည့်ဧည့်သည်များအား ညောင်ဦးနှင့်မြို့ဟောင်းသို့ဖောက်ထားသော အနော်ရထာလမ်းမကြီးမှသွားနေရကြောင်း သိရသည်။

"လေဆိပ်ကနေ မြို့သစ်ကိုတိုက်ရိုက်သွားတဲ့လမ်းကသွားရင် ၁၀ မိနစ်လောက်ပဲ မောင်းရတယ်။ အခုမြို့ဟောင်းက နေပတ်မောင်းနေရတော့ နာရီဝက်ကျော်မောင်းနေရတယ်" ဟု ယခုရက်ပိုင်းတွင် ပုဂံမြို့သစ်သို့သွားရောက်ခဲ့သူ ဂျာမန်ဧည့်လမ်းညွှန်တစ်ဦးကပြောသည်။

## စက်တင်ဘာလအတွင်း ဂျပန်သို့ ကမ္ဘာလှည့်များ လာရောက်မှုစံချိန်တင်

**တိုကျို၊ အောက်တိုဘာ - ၂၆**

ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ဂျပန်သို့ လာရောက်လည်ပတ်သည့်နိုင်ငံခြားသား ကမ္ဘာ့လှည့် အရေအတွက်မှာ ၇၁၈,၀၀၀ ဦးရေရှိခဲ့ရာ ယင်းမှာတစ်လအတွင်း ခရီးသည်လာရောက်မှု စံချိန်တင် မြင့်တက်ခြင်းပင်ဖြစ်ကြောင်း ကျိုတိုသတင်းက ဖော်ပြလိုက်သည်။

သို့သော် ယခုနှစ်ဆန်းဇန်နဝါရီမှ စက်တင်ဘာအထိ ကိုးလတာအတွင်း စုစုပေါင်းခရီးသည် ဝင်ရောက်မှုမှာ ဦးရေ ၆ ဒသမ ၆ သန်းသာရှိခဲ့ရာ ဂျပန်ခရီးသွားလုပ်ငန်းအသင်း၏ ယခုနှစ်အတွင်း ဂျပန်သို့ခရီးသွား ၁၀ သန်းခန့်လာရောက်နိုင်ရေး အလားအလာမှေးမှိန်သွားပြီဟု ယင်းသတင်းကဆိုသည်။ စက်တင်ဘာလအတွင်း နိုင်ငံရပ်ခြားသို့ သွားရောက်လည်ပတ်သည့် ဂျပန်လူမျိုးဦးရေမှာလည်း ၃ ဒသမ ၁ ရာ ခိုင်နှုန်းကျဆင်းခဲ့ပြီး စုစုပေါင်း ၁ ဒသမ ၅၄ သန်းသာရှိကြောင်း သိရသည်။

*—Ref: Kyodo*

# ဝက်ဘ်ဆိုက်မှတစ်ဆင့်ရောင်းချသည့်အဲအေးရှားလက်မှတ်များ ရောင်းချမှုရပ်ဆိုင်းထား

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ-၂၇**

အင်တာနက်လိုင်းများ ပြတ်တောက်ခြင်းနှင့် နှေးကွေးခြင်းများကြောင့် ရန်ကုန်-ဘန်ကောက်နှင့် ရန်ကုန်-ကွာလာလမ်ပူ ပျံသန်းနေသော အဲအေးရှားလေကြောင်းလိုင်း၏ လေယာဉ်လက်မှတ်ရောင်းချခြင်းအား ရပ်ဆိုင်းထားကြောင်း အဆိုပါ လေကြောင်း လိုင်း၏ တာဝန်ရှိသူက ပြောသည်။

စရိတ်နည်းလေကြောင်းလိုင်း အဲအေးရှား၏ လက်မှတ်ရောင်းချသည့်စနစ်မှ ဝက်ဘ်ဆိုက်မှတစ်ဆင့် ရောင်းချပေးသဖြင့် အင်တာနက်လိုင်းမရရှိပါက ရောင်း၍မရခြင်းဖြစ်သည်။အရေးတကြီးလိုအပ်





သောသူများအတွက်မူ ဘန်ကောက်သို့ ဖုန်းဆက်၍ ဝယ်ယူပေးသော်လည်း သာမန်သွားလာလိုသောသူများအား လေကြောင်းလိုင်းသို့ မသွားမီ ၂ ရက်ကြို၍ ဖုန်းဆက်စုံစမ်းနိုင်ကြောင်း သိရသည်။

ထိုကဲ့သို့ အင်တာနက်လိုင်းများ မကောင်း၍ လေယာဉ်လက်မှတ်ရောင်းချခြင်းကို ရပ်ဆိုင်းထားသော်လည်း ယခင်ရက်များက ရောင်းချထားသော လက်မှတ်များရှိသဖြင့် လေယာဉ်ခရီးစဉ်များမှာ ပုံမှန်ထွက်လျက်ရှိသည်။

ယခုကဲ့သို့ အင်တာနက်လိုင်းများ ပြတ်တောက်ခြင်းနှင့်နှေးကွေးနေခြင်းတို့ကြောင့် လေယာဉ် လက်မှတ်ရောင်းချပေးနေသော ကိုယ်စားလှယ်များမှာလည်း System သုံး၍မရတော့ကြောင်းသိရသည်။

"အခု လက်မှတ်ဝယ်မယ့် သူလာရင် လေကြောင်းလိုင်းကို ဖုန်းတစ်လုံးနဲ့ လူတစ်ယောက်လွှတ်ပြီးတော့ ဖုန်းဆက်ပြီး ရမရမေးပြီး ရောင်းနေရတယ်" ဟု Golbal Manpower လေယာဉ်လက်မှတ်ရောင်းကုမ္ပဏီမှ တာဝန်ရှိသူက ပြောသည်။ အဲအေးရှားလေကြောင်းလိုင်းမှ လွဲ၍ အခြားလေကြောင်းများမှာ စီတာလိုင်းဖြင့်ချိတ်ဆက်ထားသဖြင့် အင်တာနက်မရရှိသော်လည်းလက်မှတ်ရမရကို သိရှိနိုင်ပြီးလက်မှတ်များအား ရောင်းချပေးနေကြောင်း သိရသည်။







7 DAY NEWS JOURNAL
, No.33 • NOVEMBER 4, 2010





















7 DAY NEWS JOURNAL
Vol.9, No.33 · NOVEMBER 4, 2010

# ဘေးအနရာယ်နှစ်မျိုးကြောင့် အင်ဒိုနီးရှားတွင် လူ ၃၀၀ ကျော်သေဆုံး

**မင်တာဝေး၊ အောက်တိုဘာ - ၂၈**

အင်ဒိုနီးရှား နိုင်ငံတွင် ရက်ပိုင်းအတွင်း ဘေးအန္တရာယ်ဖြစ်ရပ်ဆိုးနှစ်ခုဖြစ်ပေါ်ခဲ့ရာ လူပေါင်း ၃၀၀ ကျော် သေဆုံးခဲ့ရသည်။ ဝေးလံသော မင်တာဝေးကျွန်းစုများတွင် ပင်လယ်ရေအောက် မြေငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်ခဲ့ရာ လူပေါင်း ၂၇၂ ဦး သေဆုံးကာ လူပေါင်း ၄၀၀ ကျော် ပျောက်ဆုံးနေဆဲ ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ အခြားတစ်နေရာတွင်လည်း မီးတောင်ပေါက်ကွဲခဲ့ရာလူပေါင်း ၃၀ အသက်ဆုံးရှုံးခဲ့သည်။



နိုင်ငံတွင် ၂၄ နာရီအတွင်း ဘေးအန္တရာယ်နှစ်မျိုး တစ်ပြိုင်နက်ကြုံတွေ့နေရ၍လည်း အင်ဒိုနီးရှား သမ္မတ ဆူစီလိုဘမ်ဘန်းယူဒိုယိုနိုသည် ဗီယက်နမ်နိုင်ငံသို့ သွားရောက်သည့် နိုင်ငံတော်အလည်အပတ်ခရီးကို စောစောအဆုံးသတ်၍ မိခင်နိုင်ငံသို့ အမြန်ပြန်လာခဲ့သည်။

ဆယ်ပေအထိ မြင့်မားသော ဆူနာမီလှိုင်းလုံးကြီးများ ရိုက်ခတ်ခဲ့ရာ မင်တာဝေးကျွန်းသို့ ကယ်ဆယ်ရေးပစ္စည်းများ တင်ဆောင်လာသော ရဟတ်ယာဉ်များမှာ ဆူနာမီဖြစ်ပေါ်ပြီး နှစ်ရက်အကြာမှသာ ရောက်ရှိလာနိုင်သည်။ ဆူနာမီဖြစ်ပေါ်ပြီး ပထမဦးဆုံး ဝေဟင်မှ ကြည့်ရှုစစ်ဆေးမှုတွင် နယ် မြေဒေသအများအပြား ရေအောက်ရောက်နေပြီး လှိုင်းလုံးများက ရိုက်ပုတ်ဖြိုဖျက်သွားသည့် နေအိမ်များကို တွေ့ရကြောင်း သဲပြင်များတွင် တာယာများ၊ ကွန်ကရစ်အချပ်များ ပြန့်ကြဲနေကြောင်း သိရသည်။

ရာသီဥတုဆိုးဝါးမှုကြောင့် လေယာဉ်ခရီးစဉ်များ မပျံသန်းနိုင်ခဲ့ဘဲရှိရာမှ ယာယီတဲအိမ်များ၊ ဆေးဝါး၊ အစာအစားနှင့် အဝတ်အထည်များ တင်ဆောင်လာသောပထမဆုံး ကုန်တင်လေယာဉ်ဆိုက်ရောက်လာပြီဖြစ်ကြောင်းဘေးအန္တရာယ် ကယ်ဆယ်ရေး အရာရှိ အဒီအက်ဒဝပ်ကပြောကြားသည်။ ရဟတ်ယာဉ် ၄ စီးလည်း မြောက်ပါဂိုင်းကျွန်းသို့ရောက်ရှိလာပြီ ဖြစ်သည်။

ဂျားဗားကျွန်းအရှေ့ဘက်မိုင် ၈၀၀ ခန့်အကွာတွင်လည်း ဘေးအန္တရာယ် ကယ်ဆယ်ရေးတာဝန်ရှိသူများသည် အင်ဒိုနီးရှားနိုင်ငံ၏ လှုပ်ရှားမှု အများဆုံးမီးတောင်၏ တောင်စောင်းများတွင် အသက်ရှင်ကျန်ရစ်နေသူများကို ရှာဖွေနေသည်။

မာအာပီမီးတောင်သည် အောက်တိုဘာလ ၂၆ ရက် ညမှောင်ရီပိုးတဝါးအချိန်တွင် ပေါက်ကွဲခဲ့ရာ အနည်းဆုံးလူပေါင်း ၃၀ ခန့်သေဆုံးခဲ့သည်။ မီးလောင်ပေါက်ကွဲမှုကြောင့် မီးတောင်အနီးအနားဒေသအိမ်များ၊ သစ်ပင်များအားလုံးမှာ မီးတောင်မှထွက်သည့်ပြာမှုန်များနှင့် ထူထပ်စွာဖုံးလွှမ်းနေကြောင်း သိရသည်။

ပေါက်ကွဲပြီးနောက် မီးတောင်မှာ အနည်းငယ်ငြိမ်သက်နေကြောင်းပြာပူများ မထွက်လာသလို၊ လှုပ်ရှားသံလည်း မကြားရကြောင်းသို့သော် စွမ်းအင်အများအပြား ပိတ်လှောင်လျက်ရှိနေသေးရာ၊ နောက်ထပ်ဘာဖြစ်မည်ကိုမပြောနိုင်ကြောင်း အင်ဒိုနီးရှားမီးတောင်နှင့် ဘူမိဗေဒအန္တရာယ်လျှော့ချရေးဌာနအကြီးအကဲ ဆူရိုနိုက ပြောကြားသည်။

—*Ref: AP*

# သီရိလင်္ကာ သမတဟောင်းအား လုပ်ကြံသူကို ထောင်ဒဏ်နှစ် ၃၀ ချမှတ်

**ကိုလံဘို၊ အောက်တိုဘာ - ၂၇**

သီရိလင်္ကာ နိုင်ငံတော် တရားရုံးသည် ယခင်သမ္မတဟောင်း ချန်ဒရီကာကုမာရတွန်ဂါအား သတ်ဖြတ်ရန် ကြံစည်ခဲ့သော တမီးလ်သူပုန်တစ်ဦးအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃၀ နှစ်ချမှတ်လိုက်ကြောင်း သိရသည်။ တရားခံဆတ်တယာဗီလူ အီလန်ဂီဆဝါရန်သည် ၁၉၉၉ ခုနှစ်က ဖြစ်ပွားခဲ့သော လူ ၂၈ ဦးသေဆုံးသည့် အသေခံဗုံးခွဲတိုက်ခိုက်မှုတွင် ပါဝင်ကြောင်း ထင်ရှားသဖြင့် ယခုကဲ့သို့ စီရင်ချက်ချမှတ်ရခြင်းဖြစ်သည်။ ယင်းဗုံးခွဲမှုတွင် အသေခံဗုံးခွဲသူ အမျိုးသမီးတစ်ဦး သေဆုံး၍၊ အခြား ၈၀ ဦးဒဏ်ရာရရခဲ့သည်။ ထိုစဉ်က သမ္မတ ကုမာရတွန်ဂါသည် သူမ၏ ဒုတိယသက်တမ်း သမ္မတရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးအဖြစ် ကိုလံဘို၌ လှည့်လည်စဉ်တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။ သူမသည်တိုက်ခိုက်ခံရမှုမှ အသက်ရှင်ကျန်ခဲ့သော်လည်း မျက်လုံးတွင် ဒဏ်ရာများစွာ ရခဲ့သည်။

—*Ref: Chinaview*

# အိမ်အကူအား သနားညှာတာရန် သီရိလင်္ကာ သမ္မတ ပန်ကြားမည်

**ကိုလံဘို၊ အောက်တိုဘာ - ၂၇**

သီရိလင်္ကာ အိမ်အကူအလုပ်သမတစ်ဦးအပေါ် ချမှတ်ထားသော သေဒဏ်အား ရုပ်သိမ်းပေးရေးအတွက် သီရိလင်္ကာ သမ္မတ ရာဂျာပက်ဆာက ဆော်ဒီအာရေးဗီးယားဘုရင်ထံသို့ ပန်ကြားသွားမည်ဖြစ်ကြောင်းသိရသည်။

သီရိလင်္ကာအိမ်ဖော် ရီဇာနာနာဖိစ်သည် သူမထိန်းသိမ်းရသောကလေးငယ်အား သတ်ဖြတ်ခဲ့ကြောင်း ပြစ်မှုထင်ရှားတွေ့ရှိခဲ့သည်။ သေဒဏ်ပြစ်ပေးမှုအား အိမ်ဖော်မိသားစုက အယူခံဝင်ခဲ့ခြင်းကိုလည်း ဆော်ဒီအာရေးဗီးယားတရားရုံးချုပ်က မကြာမီက ပယ်ချခဲ့သည်။

လူ့အခွင့်အရေး အုပ်စုများကလည်း နိုင်ငံတကာ ဥပဒေအရ အသက် ၁၈ နှစ်မပြည့်သေးသူများကျူးလွန်သည့် ပြစ်မှုများအား သေဒဏ်ပေးခွင့်မရှိကြောင်း ပြောကြားသည်။ ရာဖိစ်မှာ ၎င်းအမှုကျူးလွန်ခဲ့စဉ်က အသက် ၁၈ နှစ်မပြည့်သေးပေ။

နာဖိစ်၏ မိဘများသည် သီရိလင်္ကာနိုင်ငံအရှေ့ပိုင်း ဆင်းရဲသော ရွာလေးမှ နေ၍ ဆော်ဒီအာရေးဗီးယားနိုင်ငံသို့ သွားရောက်၍ သေဆုံးခဲ့သော ကလေးငယ်၏ မိဘများကို ခွင့်လွှတ်ပါရန်တောင်းဆိုရေး သွားရောက်ခဲ့သော်လည်း ၎င်းတို့က နာဖိစ်မိဘများအား လက်ခံတွေ့ဆုံရန် ငြင်းဆန်ခဲ့သည်။

နာဖိစ်အား ထောင်သို့ သွားရောက်တွေ့ဆုံခဲ့သော လူသားချင်းစာနာထောက်ထားရေး လုပ်သားတစ်ဦးကမူ နာဖိစ်သည် အကျဉ်းထောင်တွင် ကောင်းမွန်စွာရှိနေကြောင်း ပြောကြားသည်။

၂၀၀၅ ခုနှစ်တွင် လေးလသားအရွယ် ယောကျ်ားလေး ကလေးငယ်အား သတ်ခဲ့ကြောင်း နာဖိစ်က မူလက ဝန်ခံခဲ့သည်။ သို့သော် မလိုလားအပ်သော ဖိအားပေးမှုများကြောင့် ယင်းသို့ ဝန်ခံခဲ့ရခြင်း ဖြစ်ကြောင်း နောက်ပိုင်း၌ ပြောကြားခဲ့သည်။

—*Ref: BBC*

# ဗီယက်နမ်နိုင်ငံ၏ ကလေးမွေးဖွားခြင်း မညီမျှမှုကို ကုလသမဂ္ဂသတိပေး



**ဟန္နိုင်း၊ အောက်တိုဘာ - ၂၇**

ဗီယက်နမ်နိုင်ငံ၏ ကလေးမွေးဖွားမှုသည် ကျား၊ မအချိုးမညီဖြစ်လာကာမိန်းကလေးမွေးဖွားမှုနှုန်းသည် ယောကျ်ားလေးမွေးဖွားမှုနှုန်းထက် ကွာဟချက်ရှိနေခြင်းအပေါ် ကုလသမဂ္ဂလူဦးရေအဖွဲ့ (UNFPA) က သတိပေးပြောကြားသည်။

မိန်းကလေးမွေးဖွားမှု ၁၀၀ ရှိလျှင် ယောကျ်ားလေးမွေးဖွားမှုမှာ ၁၁၀ ကျော်ရှိနေကြောင်း၊ လွန်ခဲ့သော ၅ နှစ်အတွင်း ယောကျ်ားလေးမွေးဖွားမှုနှုန်းမြင့်တက်လာခြင်းမှာ အထူးသဖြင့် ပူပန်စရာကောင်းကြောင်း UNFPA ကပြောကြားသည်။

ယင်းသို့ယောကျ်ားလေး၊ မိန်းကလေးအရေအတွက် မညီမျှမှုသည် ရှေ့လာမည့်နှစ်များတွင် လူမှုရေးပြဿနာများ ဖြစ်ပေါ်လာစေနိုင်ကြောင်း UNFPA ကသတိပေးပြောကြားသည်။ ဗီယက်နမ်ဒုတိယဝန်ကြီးချုပ် ငုရင်သန်နန်းကလည်း ကျား၊ မမညီမျှမှုကြောင့် ဗီယက်နမ်အမျိုးသား ၃ သန်းခန့်သည် ၂၀၃၀ ခုနှစ် အရောက်တွင်လက်ထပ်ရန် မိန်းကလေးရှားပါးလာနိုင်ကြောင်း ၂၀၀၉ ခုနှစ် မေလအတွင်းက သတိပေးပြောကြားခဲ့သည်။

အခြားအာရှနိုင်ငံများတွင်လည်း ကျား၊ မမညီမျှမှုကွာဟချက်များဖြစ်ပေါ်ခဲ့သော်လည်း ယင်းအစဉ်အလာမှာ လျော့ပါးလာပြီဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံရှိကုလသမဂ္ဂလူဦးရေအဖွဲ့ ကိုယ်စားလှယ် ဘရုစ်ကင့်ဘဲလ်က ပြောကြားသည်။

ဗီယက်နမ်နိုင်ငံတွင် ၂၀၀၃ ခုနှစ်မှစ၍ သန္ဓေသားလောင်း လိင်ရွေးချယ်မှုကို ပိတ်ပင်ထားသော်လည်း ယင်းအလေ့အထကို ဆက်လက်ကျင့်သုံးနေကြဆဲဖြစ်ကြောင်း သိရသည်။

—*Ref: BBC*

# လာမည့်နှစ်တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပပေးမည်ဟု ထိုင်းဝန်ကြီးချုပ် အတည်ပြု



**ဘန်ကောက်၊ အောက်တိုဘာ - ၂၇**

ထိုင်းအထွေထွေ ရွေးကောက်ပွဲကိုလာမည့်နှစ်တွင် ကျင်းပပေးသွားမည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် အဘီဆစ်ဗစ်ဂျာဂျီဗာက ပြောကြားလိုက်သည်။ ဝန်ကြီးချုပ် အဘီဆစ်သည် ထိုင်းစီးပွားရေးအကြောင်း ဆွေးနွေးပွဲတစ်ခု၌ မိန့်ခွန်းပြောကြားရာတွင် ယခုကဲ့သို့ ကတိပေးအတည်ပြုခဲ့ ခြင်းဖြစ်သည်။ ဝန်ကြီးချုပ်က ၎င်းသည် ရွေးကောက်ပွဲ အောင်မြင်ချောမွေ့စေချင်ကြောင်း၊ သို့သော် အချို့သော အုပ်စုများက တိုင်းပြည်တွင် အေးချမ်းတည်ငြိမ်မှုကို မလိုလား၍ ဗုံးဖောက်ခွဲမှုများဖြင့် မငြိမ်သက်အောင် ပြုလုပ်နေကြောင်းဆိုသည်။

၎င်းက "လာမယ့်နှစ်မှာ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်လိမ့်မယ်လို့ ကျွန်တော်မျှော်လင့်မိပါတယ်။ ရွေးကောက်ပွဲကို ချောမွေ့စွာ ကျင်းပသင့်ပါတယ်။ ဒီလိုဖြစ်ဖို့အတွက် နိုင်ငံရေးအခြေအနေတည်ငြိမ်ပြီး၊ ပုံမှန်အခြေအနေပြန်ရောက်ရမှာဖြစ်ပါတယ်" ဟု ပြောသည်။ သို့သော် ဝန်ကြီးချုပ်ကရွေးကောက်ပွဲ ကျင်းပမည့် နေ့ရက်၊ အချိန်အတိအကျကိုမူ ဖော်ပြခြင်း မပြုပေ။ အဘီဆစ်သည် ၂၀၀၈ ဒီဇင်ဘာတွင် ထိုစဉ်က ညွန့်ပေါင်းအစိုးရ ဝန်ကြီးချုပ် ဟောင်းဆုမ်ချိုင်း ဝေါဆာဝပ်၏ အစိုးရကို ရွေးကောက်ပွဲ မဲလိမ်မှုဖြင့် အခြေခံဥပဒေ တရားရုံးက ဖယ်ရှားပြီးနောက် အာဏာရလာခဲ့သည်။


—*Ref: Xinhua*


7DAY NEWS JOURNAL
, No.33 · NOVEMBER 4, 2010


# အများပြင်ဆင်ဖော်ပြခြင်း


၁။ ၂၈-၁၀-၂၀၁၀ ရက်နေ့ထုတ် 7Day News ဂျာနယ် အတွဲ(၉)၊ အမှတ်(၃၂) အချပ်ပို A တွင် မဲဆန္ဒရှင်လမ်းညွှန် (Voter Guide) ခေါင်းစဉ်ကဏ္ဍဖြင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များတွင်ပါဝင်မည့် ကိုယ်စားလှယ်အရေအတွက်ဆိုင်ရာ အကြောင်းအရာများ၊ မဲဆန္ဒရှင်များ မဲထည့်ရာတွင် ပယ်မဲမဖြစ်စေနိုင်သည့် မဲလက်မှတ်ပုံစံများအား ပုံနှိပ်ဖော်ပြခဲ့ပါသည်။

၂။ ယင်းသို့ဖော်ပြချက်များအတွင်း၌ ပယ်မဲမဟုတ်သော မဲလက်မှတ်နမူနာပုံစံများကို အောက်ပါအတိုင်း ပုံလေးပုံ၌ ပုံစာများထိုး၍ ဖော်ပြခဲ့ပါသည် -



ပုံ(၁)


ပုံ(၂)


ပုံ(၃)


ပုံ(၄)

၃။ အထက်ဖော်ပြပါ ပုံ(၄)ပုံအနက် ပုံ(၁)နှင့် ပုံ(၃)၌ အမှတ်ခြစ်ထားသောပုံစံသည်သာ ပယ်မဲအဖြစ် မသတ်မှတ်နိုင်ကြောင်း မှန်ကန်ပြီး၊ ပုံ(၂)နှင့် ပုံ(၄)တွင် ရေးခြစ်ထားသော ပုံစံအနေအထားများမှာမူ မှားယွင်းပါသည် -


ပုံ(၂)


ပုံ(၄)

၄။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပုံ(၂)နှင့် ပုံ(၄) ပုံစံအတိုင်း မဲလက်မှတ်ပေါ်တွင် ရေးခြစ်ဆန္ဒပြုမိပါက ယင်းမဲလက်မှတ်အား ပယ်မဲအဖြစ် သတ်မှတ်ခံရမည်ဖြစ်ပါကြောင်း အများပြည်သူ သိရှိနိုင်ရန် အများပြင်ဆင်ဖော်ပြအပ်ပါသည်။

စာတည်းအဖွဲ့
7Day News Journal

7 DAY NEWS JOURNAL
Vol.9, No.33 · NOVEMBER 4, 2010

# ဒီဒေသရဲ့ နေရာတိုင်းမှာ ကြောက်နေကြတယ်

## အီရတ်ဝန်ကြီးချုပ်ဟောင်း အေယတ်အာလာဝီနှင့် လက်ရှိအီရတ်နိုင်ငံရေးအကြောင်း တွေ့ဆုံမေးမြန်းခြင်း

ကျော်မျိုး



အီရတ်ဝန်ကြီးချုပ်ဟောင်း အေယတ်အာလာဝီဟာ ၂၀၀၄ ခုနှစ် အီရတ်စစ်ပွဲအပြီး ကာလမှာ ဆက်ဒမ်အလွန် အီရတ်ရဲ့ ပထမဆုံးဝန်ကြီးချုပ်အဖြစ် အမေရိကန်ရဲ့ ရွေးကောက်တင်မြှောက်ခြင်းကိုခံခဲ့ရဖူးသူ ဖြစ်ပါတယ်။ ရှီးယိုက်စီးပွားရေးလုပ်ငန်းရှင် တစ်ဦးရဲ့ သားဖြစ်တဲ့ အာလာဝီဟာ ကျောင်းသားဘဝ ငယ်စဉ်က ဘတ်သ်ပါတီကို ဝင်ရောက်ခဲ့ပြီး ၁၉၇၀ နှစ်များမှာတော့ ဆက်ဒမ်ဟူစိန်ရဲ့ ထုတ်ပယ်ခြင်းကို ခံခဲ့ရသူဖြစ်ပါတယ်။ ဒီနောက်တော့ သူဟာ ဆက်ဒမ်ရဲ့ အာဏာရှင်အစိုးရကို ဖြုတ်ချရေးအတွက် အနောက်တိုင်း ထောက်လှမ်းရေးအဖွဲ့အစည်းတွေနဲ့ ပူးတွဲအလုပ်လုပ်ခဲ့တယ်လို့လည်း သတင်းတွေဆိုကြပါတယ်။ ၎င်းဟာ ၂၀၀၄ ခုနှစ်မှာ အမေရိကန်တို့ ရွေးချယ်တဲ့အီရတ်ကြားဖြတ် အစိုးရ ဝန်ကြီးချုပ်အဖြစ် တစ်နှစ်ကြာလုပ်ကိုင်ခဲ့ပြီးနောက် ရွေးကောက်ပွဲရှုံးနိမ့်ခဲ့လို့ ရာထူးကို လက်လွှတ်ခဲ့ရပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့ မတ်လကကျင်းပခဲ့တဲ့ အီရတ်ရွေးကောက်ပွဲမှာတော့ ၎င်းဟာ ပါလီမန်မှာ ပြိုင်ဘက်တွေထက် နှစ်မဲအသာရခဲ့ပြီး ညွန့်ပေါင်းအစိုးရဖွဲ့ဖို့ ခြောက်လကြာအောင် ပြိုင်ဘက်တွေနဲ့ ဆွေးနွေးခဲ့ပေမယ့် အစိုးရတစ်ရပ်ကို ဖော်ဆောင်နိုင်ခြင်းမရှိသေးပါဘူး။ ဒါ့ကြောင့် ဂျာမန်စပိုင်းဂဲလ်မီဒီယာဟာ ၎င်းနဲ့တွေ့ဆုံလို့ အီရတ်အကြောင်း၊ အရှေ့အလယ်ပိုင်း ဒေသအပေါ် ၎င်းရဲ့ အမြင်အကြောင်း စတာတွေကို မေးမြန်းဖြစ်ခဲ့ပါတယ်။

**ဒေါက်တာအာလာဝီခင်ဗျာ. . . လူကြီးမင်းဟာ အလုပ်အကိုင်အရ အာရုံကြောဗေဒပညာရှင် Neurologist တစ်ဦးဖြစ်ပါတယ်။ အီရတ်ရဲ့ လက်ရှိအခြေအနေကို ဆေးပညာအသုံးအနှုန်းနဲ့ဆိုရင် လူကြီးမင်း ဘယ်လိုဖော်ပြနိုင်မလဲ။**

'အရေးပေါ်အခြေအနေ' ပဲပေါ့။ အီရတ်ဟာ တစ်ခုမဟုတ်တစ်ခုဖြစ်သွားနိုင်တယ်။ အရာရာတိုင်းဟာ ဒီလူနာကို ကုသမယ့် ဆရာဝန်ရဲ့ စီမံခန့်ခွဲမှုအပေါ်မူတည်နေတယ်။ အစီအမံကောင်းရင်တော့ အီရတ်အသက်ရှင်မယ်။ မဟုတ်ရင်တော့ ဘုရားမှ သိမှာပဲ။

**ဒီတော့ လူကြီးမင်းရဲ့ ကုသမှုမှာ ရောဂါအလားအလာနဲ့ပတ်သက်လို့ အကောင်းဆုံးဖြစ်နိုင်ခြေရှိတာက ဘာများလဲ။**

ရောဂါသက်သာဖို့ကတော့ အီရတ်ဟာ ဟန်ချက်ညီတဲ့ အားလုံးပါဝင်တဲ့ အစိုးရတစ်ရပ်နဲ့ ရှိနေပြီး ဂိုဏ်းဂဏစွဲတွေ ကျော်ဖြတ်နိုင်ရမယ်။ နိုင်ငံရေးအရ ပြန်လည်စုစည်းညီညွတ်ရေးကို စတင်ရမယ်။ ပြီးတော့ နိုင်ငံတော်ရဲ့ အဖွဲ့အစည်း အင်စတီကျူးရှင်းတွေနဲ့ လုံခြုံရေးတပ်ဖွဲ့တွေကို ပြန်တည်ဆောက်ပြီး လွတ်လပ်တဲ့ အမှီအခိုကင်းတဲ့ နိုင်ငံခြားရေးပေါ်လစီ တစ်ရပ်ကို ဖန်တီးရပါမယ်။

**ဒါဆို အဆိုးမြင်တဲ့ဘက်က ကြည့်ရင်ရော။**

အီရတ်ဟာ အခြေအနေဆိုးရွားနေပြီး ယိုယွင်းနိုင်ငံ Failed State တစ်ခုဖြစ်လာနေပါတယ်။ ဒီအတိုင်း ဆက်ဖြစ်မယ်ဆိုရင်တော့အကြမ်းဖက်မှုတွေအားလုံး တစ်ကြိမ်ပြန်ပေါ်လာလိမ့်မယ်။

**အမေရိကန် စစ်ဆင်ရေးတပ်ဖွဲ့တွေပြီးခဲ့တဲ့ရက်များကပဲ ရုပ်သိမ်းသွားခဲ့ပါပြီ။ ဒါက အီရတ်ကို ကူညီနိုင်မှာလား။ ဒါမှမဟုတ် အီရတ်ဆိုတဲ့ လူနာရဲ့ အသက်ကယ်ပေးနေတာကို တစ်ခါတည်း နုတ်ယူသွားတော့မှာလား။**

ဒါဟာနိုင်ငံရေးအရအရေးကြီးပါတယ်။ ဒါပေမဲ့ ပြဿနာက ကျွန်တော်တို့ဟာ လူနာအတွက် အထောက်အကူဖြစ်မယ့် အချိန်ဇယားတွေကို ဆွဲမထားတာပါ။ ကျွန်တော်တို့မှာ နိုင်ငံရေး ရေခံမြေခံကို အခြေမတည်နိုင်သေးဘူး။ နိုင်ငံအတွက် တာဝန်ထမ်းနိုင်တဲ့ စစ်တပ်တစ်ခုကိုလည်း မတည်ဆောက်ရသေးဘူး။

**အီရတ်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဘာဘာကီယာဇီဘာရီကတော့ အီရတ်စစ်တပ်ဟာ ၂၀၂၀ မတိုင်မီ အပြည့်အဝအဆင့်သင့်ဖြစ်နေမှာ မဟုတ်သေးဘူး။ အမေရိကန်တွေဟာလည်း အီရတ်မှာ ဆက်နေရမယ်လို့ ပြောထားပါတယ်။**

သူပြောတာ ကျွန်တော်သဘောတူပါတယ်။ အဲဒီကိစ္စက နောက်ထပ် ၁၀ နှစ်လောက် အချိန်ယူရမှာပါ။

**အမေရိကန်တွေ အီရတ်က ထွက်သွားတာ စောလွန်းသလား။**

သူတို့ တစ်ဆင့်ချင်းထွက်သွားရမှာပါ။ သူတို့အီရတ်မှာနေခဲ့တာခုနစ်နှစ် ကြာခဲ့ပြီး ကျွန်တော်တို့လည်း ကိုယ့်ဟာကိုယ် လုပ်ရမယ့်အရာ ဘာတစ်ခုမှ မအောင်မြင်ခဲ့ပါဘူး။ ဒီကစလို့ နောက်ထပ်လာမယ့် ခုနစ်နှစ်ကရော ကွာခြားသွားမယ်လို့ ဘယ်သူအာမခံနိုင်မှာမို့လဲ။

**သမ္မတအိုဘားမားဟာ အာဖဂန်ကိုသေချာကိုင်တွယ်နိုင်ဖို့အတွက် အီရတ်ကို ချန်ထားခဲ့တာပါလား။**

အာဖဂန်မှာ ဘာဖြစ်နေသလဲဆိုတာ ခင်ဗျားတို့မြင်နိုင်ပါတယ်။ ဒါဟာ လုံးဝရှုံးနိမ့်မှုတစ်ခုပဲလေ။ ဒီမှာဖြစ်နေတဲ့ ပြဿနာကတော့ အီရတ်ကနေ အမေရိကန်တွေ ထွက်သွားပြီး အာဖဂန်မှာစစ်ဆက်တိုက်နေတဲ့ ကိစ္စမဟုတ်ပါဘူး။ အမေရိကဟာ သူ့ရဲ့ မဟာဗျူဟာကို ဗဟိုအာရှဒေသကနေ အရှေ့အလယ်ပိုင်း ဒေသတစ်ခုလုံးအတွက် ပြန်လည်စဉ်းစားရမှာပါ။ နေတိုးဟာလည်း သူ့ရဲ့မဟာဗျူဟာကို ပြန်စဉ်းစားပါတော့မယ်။ ဥရောပတိုက်ကလည်း ဒီလိုပါပဲ။ အနောက်တိုင်းရဲ့ ပေါ်လစီက မှားယွင်းနေတယ်လေ။ ကြည့်လိုက်ပါ။ ဆိုမာလီယာဆိုရင်လည်းလုံးဝနီးပါး ယိုယွင်းနိုင်ငံတစ်ခုဖြစ်လာတယ်။ ယီမင်ဆိုရင်လည်း အခက်အခဲတွေ အများကြီးနဲ့ရင်ဆိုင်နေရတယ်။ ပါလက်စတိုင်းကျတော့ရော။ ခြေလှမ်းတစ်လှမ်းရှေ့တိုးပြီး နောက်ကို သုံးလှမ်းပြန်ဆုတ်နေတယ်။ ထပ်ကြည့်မယ်ဆိုရင် လက်ဘနွန်ကိုလည်းထည့်သွင်း ဆွေးနွေးရမှာပါ။

**ဒါဟာ အလွန်စိတ်ပျက်စရာ ဆန်းစစ်မှုပါပဲ။ ဒီဒေသရဲ့ ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်တွေအများကြီးမပေးနိုင်ဘူးလား။**

ကျွန်တော် စိတ်ပျက်နေတာမဟုတ်ပါဘူး။ ကျွန်တော်က လက်တွေ့သမားပါ။ အမေရိကဟာ နောက်ဆုံး ကြွင်းကျန်တဲ့ စူပါပါဝါနိုင်ငံပါ။ ကျွန်တော်တို့လည်း ဝါရှင်တန်နဲ့ ကောင်းမွန်တဲ့ဆက်ဆံရေးရှိထားရပါမယ်။ ဒါပေမဲ့ အမေရိကန်မဟာဗျူဟာမှာ အမှားအယွင်းတွေ ရှိတာကိုလည်း ကျွန်တော်တို့ မြင်ထားရပါမယ်။ ကျွန်တော်တို့မှာ သိပ်ကောင်းတဲ့ ပရော်ဖက်ရှင်နယ် စစ်သားတွေ ယနေ့ခေတ် အီရတ်မှာ ရှိနေပါတယ်။ ဒါပေမဲ့ ကာကွယ်ရေးဦးစီးချုပ်ရဲ့ စကားကိုပဲ ဒီမှာကျွန်တော်ကိုးကားပြောရရင်တော့ သူ့တာဝန်တွေကို ကျေပွန်စွာ ထမ်းရွက်နိုင်မယ့် စစ်တပ်တစ်ခု ကျွန်တော်တို့မှာရှိမနေပါဘူး။ ဒီလိုမှတ်ချက်မျိုးကို ပြည်ထဲရေးဝန်ကြီးကလည်း ပြောထားပါတယ်။ ကျွန်တော်တို့ရဲ့ ရဲတပ်ဖွဲ့တွေဟာလည်း စစ်သွေးကြွတွေရဲ့ တိုက်ခိုက်မှုကိုခံနေရပါတယ်။

**လူကြီးမင်းရဲ့ပြိုင်ဘက် ဝန်ကြီးချုပ်နူရီအယ်လ်မာလီကီဟာ ခိုင်မာတောင့်တင်းတဲ့ အီရတ်ပြည်ကို တည်ဆောက်ပြီး အားကြီးတဲ့ ခေါင်းဆောင်တစ်ဦးအဖြစ် ရပ်တည်ဖို့ ကြွေးကြော်ထားတယ်နော်။**

သူ့မှာ စွမ်းအားမရှိပါဘူး။ ခင်ဗျားက စွမ်းအားဆိုတာကို ဘယ်လိုသတ်မှတ်တာလဲ။ ဘဂ္ဂဒက်မြို့တော် အလယ်ဗဟိုက တစ်ကီလိုမီတာလောက်နေရာကို အမိန့်ပေးနိုင်တာကို ပြောတာလား။

**လူကြီးမင်းပြောတဲ့ နေရာဆိုတာ စတိဂရစ်မြစ်ဖျားက လုံခြုံရေးတင်းကျပ်တဲ့အစိုးရနဲ့ နိုင်ငံခြားသံရုံးတွေတည်ရှိရာ Green Zone ကိုပြောတာလားခင်ဗျ။**

တောင်ပိုင်း ဘာဆရာကနေ မြောက်ပိုင်း မိုဆူလ်အထိ ဆန္ဒပြပွဲတွေ အများကြီးဖြစ်ပေါ်နေပါတယ်။ လူထုအတွက် ဝန်ဆောင်မှုတွေဖြစ်တဲ့ လျှပ်စစ်၊ သောက်သုံးရေဖြည့်ဆည်းပေးနိုင်မှုတွေလည်း ရပ်တန့်နေတုန်းပဲ။ အဲဒီ Green Zone နေရာဟာလည်း နေ့စဉ် ဗုံးခွဲတိုက်ခိုက်ခံနေရတာပါ။ ကျွန်တော်တို့စစ်တပ်မှာ လေယာဉ်ပျံတွေ၊ တင့်ကားတွေလည်း မရှိဘူး။ ဒါက ဘာစွမ်းအားရှိတာဖြစ်မှာတဲ့လဲ။

**အမေရိကန်ဟာ အခုဆိုရင် လူကြီးမင်းရဲ့ အမတ်တွေနဲ့ အယ်လ်မာလီကီတို့အမတ်တွေအကြား အာဏာခွဲဝေမှု သဘောတူညီချက်ရယူပြီး နှစ်ဖွဲ့စလုံးအတွက် ဝန်ကြီးအဖွဲ့မှာ အရေးပါတဲ့နေရာတွေ အညီအမျှရအောင်လုပ်ဖို့တွန်းအားပေးနေတယ်နော်။**

တွန်းအားပေးနေတာ အမေရိကန်တွေ မဟုတ်ပါဘူး။ အမေရိကန်နဲ့ ကုလသမဂ္ဂကို အာဏာလွှဲပေးတာကို တိုးတက်အောင်လုပ်ဖို့ ဆွဲဆောင်နားချခဲ့တဲ့ ကျွန်တော်ကိုယ်တိုင်သာ ဖြစ်ပါတယ်။ ဒါက ဘာကိုဆိုလိုတာလဲခင်ဗျ။

**လူကြီးမင်းက ဝန်ကြီးချုပ်ပြန်ဖြစ်လာပြီး အယ်လ်မာလီကီက သမ္မတဖြစ်မှာလား။ ဒါမှမဟုတ် သူကဝန်ကြီးချုပ်၊ လူကြီးမင်းက သမ္မတ အပြန်အလှန်ဖြစ်သွားမှာလား။**

ဟင့်အင်း။ အီရတ်မှာ ကျွန်တော်တို့ အခြေခံဥပဒေဆိုင်ရာ ပြဿနာကြုံနေရပါတယ်။ အာဏာအားလုံးက ဝန်ကြီးချုပ်ဆီမှာပဲအာရုံပြုထားတယ်။ အဲဒီဝန်ကြီးချုပ်နေရာ ကျွန်တော်ဖြစ်ဖြစ်၊ မာလီကီပဲဖြစ်ဖြစ် ကိစ္စမရှိပါဘူး။ ကျွန်တော့်ရဲ့ အဖွဲ့စာရင်းကတော့ ဒီအာဏာကို ခွဲဝေဖို့ဖြစ်ပါတယ်။ ကျွန်တော်အကြံကတော့ ကျွန်တော်လက်ခံနိုင်တဲ့ ရာထူးနေရာအလိုက် လုပ်ကိုင်ခွင့်ရဖို့ပါ။ ဝန်ကြီးချုပ် ဖြစ်ရမှ မဟုတ်ပါဘူး။ ပြီးတော့သူနေရာရရင်လည်း ဝန်ကြီးချုပ်ဖြစ်ဖို့ မလိုဘဲ လုပ်ကိုင်နိုင်ရမယ်။ ဘာ့ကြောင့်လဲဆိုတော့ ကျွန်တော်တို့ နှစ်ဦးလုံးဟာ အဓိက ဆုံးဖြတ်ချက် ချမှတ်ရေးဖြစ်စဉ်မှာ ပါဝင်နေမှာဖြစ်ပြီး ကျွန်တော်တို့လက်ထဲမှာ အရေးပါတဲ့ နေရာတွေ ကိုင်ထားနိုင်ဖို့ပါ။

**လူကြီးမင်းဟာ အာရပ်မြို့တော်တစ်ခုကနေ တစ်ခုဆီ လှည့်လည်သွားလာခဲ့တယ်။ အာရပ်ခေါင်းဆောင်တွေအားလုံးကို သိသလို၊ သူတို့အားလုံးဟာ လက်နက်တပ်ဆင်မှုတွေ လုပ်နေတာလည်း လူကြီးမင်း သိတယ်နော်။**

လူတိုင်းက ကြောက်နေကြပါတယ်။ ဒီဒေသရဲ့ နေရာတိုင်းမှာကြောက်နေတယ်။ အမေရိကန်ကိုယ်တိုင်လည်း ကြောက်နေတာပါပဲ။ အီရန်လည်း ကြောက်နေတယ်။ ကျွန်တော်တို့ဟာ နှိုင်းယှဉ်ပြောရရင် ၁၉၆၂ ခုနှစ်ကျူးဘားအရေးအခင်းလို အခြေအနေမျိုးဆီ ဦးတည်နေတယ်။ ကျွန်တော်တို့ အားလုံးအပေါ် အကြောက်တရား လွှမ်းမိုးနေတဲ့အတွက် လူတိုင်းဟာ တင်းမာမှုတွေ မဖြစ်အောင် ကာကွယ်ဖို့ အစွမ်းကုန်ကြိုးစားသင့်ပါတယ်။

**အီရတ်ဟာ နျူလက်နက်တပ်ဆင်ထားတဲ့ အီရန်နဲ့အတူတူနေနိုင်ပါသလား။**

ကျွန်တော်တော့ မထင်မိဘူး။

**အီရန်ရဲ့ နျူအစီအစဉ်ကြောင့် စစ်ပွဲဖြစ်လာနိုင်တယ်လို့ လူကြီးမင်းထင်နေပါသလား။**


စစ်ပွဲဖြစ်နိုင်ခြေ သိပ်ကိုမြင့်မားနေတာပေါ့။

*—Ref: Every Corner in the region is frightened. Spiegel:*

7DAY NEWS JOURNAL

# Entertainment

Vol.9, No.33 · NOVEMBER 4, 2010



## ပေါ်ပြူလာပြန်ဖြစ်လာတဲ့ ဝန်ဘင်း

ရန်ကုန် – အောက်တိုဘာ၃၀

တောင်ကိုရီးယားရုပ်ရှင်များနိုင်ငံတကာသို့စတင်ထိုးဖောက်ချိန်ကတည်းကAutum In My Heartဇာတ်လမ်းတွဲဖြင့်လူကြိုက်များခဲ့သော မင်းသားဝန်ဘင်းသည် ခုနစ်နှစ်ကျော်ကြာချိန်တွင် ပရိသတ်များအကြားပြန်လည်ရေပန်းစားလူကြိုက်များလာခဲ့ကြောင်း မကြာမီကပြုလုပ်ခဲ့သော စစ်တမ်းအရသိရသည်။

စစ်တမ်းပြုလုပ်သည့်အသင်းအဖွဲ့တစ်ခုဖြစ်သောLeesprကအသက် ၁၃နှစ်မှ၆၅နှစ်အရွယ်ထိအရွယ်စုံလူဦးရေ၁၃၀၀ကျော်ကိုမေးမြန်းခဲ့ရာ သူတို့မဲပေးရွေးချယ်ကြသော တောင်ကိုရီးယားမင်းသားများထဲတွင်ဝန်ဘင်းကိုအများဆုံးရွေးချယ်ခဲ့ကြသည်။

Autum In My Heart ဇာတ်လမ်းတွဲနှင့်အောင်မြင်မှုများစွာရရှိခဲ့ပြီးပရိသတ်လက်ခံသည့်မင်းသားတစ်လက်ဖြစ်လာပြီးနောက်အနုပညာအလုပ်များကိုဆက်လက်လုပ်ဆောင်ခဲ့သော်လည်း သူစစ်မှုထမ်းချိန်၂နှစ်တာကာလအတွင်းပရိသတ်နှင့်အတန်ကြာအဆက်ပြတ်သွားခဲ့သည်။ ထို့နောက် Motherအမည်ဖြင့်မိခင်မေတ္တာဖွဲ့ဇာတ်လမ်းတစ်ခုကိုရိုက်ကူးခဲ့ရာထို ဇာတ်လမ်းဖြင့်ပင်သရုပ်ဆောင်ဆုနှင့်အခြားအနုပညာဆုများချီးမြှင့်ခံခဲ့ရသည်။ထိုကားဖြင့်ပင်အောင်မြင်မှုများပြန်လည်ရရှိခဲ့သည်။

Ref;Hancinema

## မုန်တိုင်းသင့်ရခိုင်ပြည်နယ်သို့ ကိုယ်တိုင်သွားရောက်လှူဒါန်းရန် စီစဉ်နေသည့် ရဲတိုက်

အေးသူစံ

ရန်ကုန်၊ အောက်တိုဘာ ၂၉

ရခိုင်ပြည်နယ်ရှိ မုန်တိုင်းသင့်ဒေသများသို့ ကိုယ်တိုင်သွားရောက်လှူဒါန်းရန် စီစဉ်နေကြောင်း ရဲတိုက်က ပြောကြားသည်။

"မုန်တိုင်းသင့်တဲ့ဒေသကို အခုကိုပဲ ထပြေးသွားချင်နေပြီ။ မနက်ကလည်း သတင်းမှာ ကြည့်လိုက်ရတယ်။ နာဂစ်တုန်းကလည်း ဒီလိုပဲ၊ ကျွန်တော်တို့တွေတတ်နိုင်သလောက်သွားလုပ်ကြတာပဲ။ ကူညီရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ အကျိုးသက်ရောက်သည်ဖြစ်စေ၊ မသက်ရောက်သည်ဖြစ်စေ ကျွန်တော်တို့ဘက်က အားထုတ်မှုတစ်ခုခုလုပ်လိုက်ချင်တယ်။ အကူအညီဆိုတာကလည်း တကယ်ပေးတဲ့သူနဲ့ တကယ်လိုတဲ့သူနဲ့ တွေ့သွားဖို့ကတော်တော်ခက်တယ်။ ဒါကြောင့် အခု အဲဒီမှာ ကူညီပေးလို့ရတဲ့နေရာ၊ အနေအထား၊ ပုံစံရှိလားဆိုတာကို အရင်သွားကြည့်ရမှာပေါ့" ဟု ၎င်းကပြောသည်။



ရဲတိုက်သည် ယခုလတ်တလောတွင် 'ပဥ္စမမြောက်ပန်းချီကား' ဗီဒီယိုဇာတ်ကား၌ အမျိုးသမီးတစ်ယောက်က လွန်ခဲ့သည့်နှစ်နှစ်ဆယ်ခန့်က သူမ၏ သေဆုံးသွားသောချစ်သူ ပန်းချီဆရာဝင်စားသည်ဟု အထင်ခံရသော ပန်းချီဆရာတစ်ယောက်အဖြစ် သရုပ်ဆောင်လျက်ရှိပြီး ဆာတိုရီထုတ်လုပ်ရေးအတွက် ဒါရိုက်တာ အောင်ဗပါဝါနှင့် 'မြို့တစ်မြို့' ဗီဒီယိုဇာတ်ကားကို သင်ဇာဝင့်ကျော်၊ ဝသုန်၊ ဇေဇေ၊ ပွင့်၊ စိုးမိုးကြည်တို့ဖြင့် ရိုက်ကူးရန် အစီအစဉ်ရှိကြောင်း သိရသည်။

## အောင်မြင်နေချိန်မှာရပ်တန့်ရန်ဆုံးဖြတ်လိုက်သည့် နှင်းဆီအဖွဲ့သားများနှင့် တွေ့ဆုံခြင်း

အေးသူစံ

ပရိသတ်ရဲ့လက်ခုပ်သံကိုလျစ်လျူရှုဖို့ဆိုတာ အနုပညာရှင်တွေအတွက်အင်မတန်ခက်ခဲတဲ့လုပ်ရပ်တစ်ခုပါ။ ဒါကြောင့်လည်းအနုပညာနယ်ပယ်ထဲကို ဝင်ရောက်သွားပြီဆိုရင် ပြန်ထွက်ဖို့ သိပ်ခက်ပါတယ်လို့ ဝါရင့်သရုပ်ဆောင်အများစုက တစ်ညီတစ်ညွတ်တည်းပြောစမှတ်ပြုတတ်ကြပါတယ်။ ဒါပေမဲ့ ယခုနှစ်ကုန်ခါနီးမှာတော့ ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)က နှစ်စကတည်းက ပြောကြားထားခဲ့တဲ့အတိုင်း "ထာဝရနှင်းဆီ" အငြိမ့်နဲ့ နိုဝင်ဘာလ ၂၁ ရက်နေ့မှာ ပရိသတ်ကို နှုတ်ဆက်ကပြဖို့ စီစဉ်နေတဲ့အကြောင်းကို ထပ်မံအတည်ပြုပြောကြားခဲ့ပါတယ်။ "နှင်းဆီသခင်"၊ "နှင်းဆီရင်ခွင်"နဲ့ "နှစ်သစ်နှင်းဆီ" အငြိမ့်တွေနဲ့ ပြည်တွင်းသာမက ပြည်ပနိုင်ငံတွေအထိ အောင်မြင်မှုလက်တံရှည်ခဲ့တဲ့ နှင်းဆီအငြိမ့်တွေကို ဘာကြောင့်ရပ်နားဖြစ်ခဲ့တာလဲ၊ ပရိသတ်တွေကို ဘယ်လိုနှစ်သိမ့်စကားတွေများ ပြောကြားလိုပါသလဲဆိုတာကို နှင်းဆီအဖွဲ့သားငါးဦးနဲ့ တွေ့ဆုံမှတ်တမ်းတင်ခဲ့ပါတယ်။ နှင်းဆီလူသားတစ်ဦးဖြစ်တဲ့ ထွန်းထွန်းကတော့ ဩစတြေးလျဖျော်ဖြေပွဲသွားရောက်နေတာကြောင့် တွေ့ဆုံမှုမှာပါဝင်နိုင်ခြင်းမရှိခဲ့ကြောင်းပါ။



**•armif;pdif;(&ifwGif;zpf)**

ထာဝရနှင်းဆီအငြိမ့်ဟာ နောက်ဆုံးအငြိမ့်ဖြစ်ပါတယ်။ နောက်ပိုင်းမှာ ဒီလူတွေ(နှင်းဆီရင်ခွင်အဖွဲ့သားများ)အားလုံး တစ်စုတစ်စည်းတည်း ကြည့်ရဖို့မလွယ်တော့ပါဘူး။ ဒီလူတွေရဲ့ အဓိကဦးတည်ချက်၊ အိပ်မက်က လူရွှင်တော်မဟုတ်ကြပါဘူး။ သူတို့ရဲ့ အဓိကပရော်ဖက်ရှင်နယ်အလုပ်က ရုပ်ရှင်နဲ့ဂီတအလုပ်တွေဖြစ်ပါတယ်။ လမ်းခုလတ်က အောင်မြင်မှုမှာ သာယာပြီးမှိန်းနေရင် ကျွန်တော်တို့မပျက်မကွက် သွားရမယ့်ပန်းတိုင်ကို ရောက်မှာ မဟုတ်တော့လို့ ခုလို အငြိမ့်ဆက်ကဖြစ်မှာမဟုတ်တော့ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ နှင်းဆီအဖွဲ့ဟာ ညီအစ်ကိုလို၊ မောင်နှမတွေလို ဆက်ရှိနေပါမယ်။ ခုနောက်ဆုံးကမယ့် 'ထာဝရနှင်းဆီ' ကိုလည်း ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသလောက် အကောင်းဆုံးဖြစ်အောင်ကြိုးစားသွားပါမယ်။

**•&J&v;**

ထာဝရနှင်းဆီကို ဦးမျိုးက နောက်ဆုံးကမယ်ဆိုတော့ ရင်ထဲမှာ ခံစားမှုတစ်ခု ရောက်လာပါတယ်။ ကျွန်တော်က အဆိုတော်တစ်ယောက်ဘဝကနေ ဦးမျိုး စင်တင်ပွဲထုတ်လို့ ရုပ်ရှင်ဘက်ကိုရောက်လာတယ်။ ကျွန်တော်နဲ့တစ်ခါမှ မသက်ဆိုင်တဲ့၊ အိပ်မက်မမက်ဖူးတဲ့ လူရွှင်တော်ဘဝလေးကို ဦးမျိုးကအရောက်ပို့ပေးခဲ့ပါတယ်။ ဦးမျိုးကြောင့် အရင်တည်းက ပျော်ပျော်နေတတ်တဲ့ကျွန်တော် နောက်ပိုင်း တည်တည်တံ့တံ့ မနေနိုင်တော့ပါဘူး။(ရယ်လျက်) ကျွန်တော်တို့ကြောင့် စိတ်ညစ်နေတဲ့ပရိသတ်တွေ ပျော်ကြတာကိုတွေ့ရလို့ လူရွှင်တော်ဘဝကို ရဲရဲဝံ့ဝံ့ ဖြတ်သန်းခဲ့ပါတယ်။ ပထမဆုံး 'နှင်းဆီသခင်'အငြိမ့်ကို အမျိုးသားဇာတ်ရုံမှာ ကခဲ့ရာကနေ နောက်ပိုင်း နှင်းဆီရင်ခွင်ဟာ အရမ်းပေါက်သွားခဲ့တယ်။

စာ(၄၉)သို့



CELEBRITY PROFILE

## ညို့မြင်းသား Robert Pattinson

မော်ဒယ်လ်ဘွိုင်းတစ်ယောက်အဖြစ် အနုပညာအလုပ်တွေ စလုပ်ခဲ့တဲ့သူက မော်ဒယ်တစ်လ်ယောက်အနေနဲ့ အောင်မြင်မှုတွေမရရှိခဲ့ပါဘူး။ မအောင်မြင်ရတဲ့ အကြောင်းအရင်းက တော့နည်းနည်းတော့ဆန်းပါတယ်။ သူ့မျက်နှာအနေအထားက မိန်းကလေးတစ်ယောက်မျက်နှာလိုချောမွတ်လွန်းနေတဲ့အတွက် သူကိုယ်တိုင်မော်ဒယ်လ်အဖြစ်ကတစ်စခန်းရပ်ဖို့ဆုံးဖြတ်ပြီးသရုပ်ဆောင်လိုင်းဘက်ကိုလုံးလုံးကူးပြောင်းခဲ့ပါတယ်။ အဲဒီလို ခိုင်မာစွာဆုံးဖြတ်ချက်တာဟာ သူ့ရဲ့မှန်ကန်တဲ့ ဆုံးဖြတ်ချက်ဖြစ်ခဲ့ပါတယ်။

စာ(၄၉)သို့

## မော်လဒိုက်ကို ဟန်းနီးမွန်းထွက်ခဲ့တဲ့ ရပ်ဆဲလ်ဘရန်နဲ့ ကေတီပယ်ရီ

ဘေဂျင်း

အောက်တိုဘာ – ၂၆

ပူပူနွေးနွေး လက်ထပ်ပြီးခါစ ရပ်ဆဲလ်ဘရန့်နှင့် ကေတီပယ်ရီတို့ဇနီးမောင်နှံသည် ၎င်းတို့၏ ပျားရည်ဆမ်း ခရီးစဉ်ကို လေယာဉ်စင်းလုံးငှားကာ မော်လ်ဒိုက်ကျွန်းသို့ သွားရောက်လည်ပတ်ခြင်းဖြင့် စတင်လိုက်ကြောင်း ဗြိတိန်သတင်းများက ဖော်ပြလိုက်သည်။ ရပ်ဆဲဘရန့် (၃၅နှစ်)နှင့် ကေတီပယ်ရီ (၂၅နှစ်)တို့သည် အိန္ဒိယအနောက်မြောက်ပိုင်းရှိ



ဟိုတယ်တစ်ခုတွင် မိသားစုဝင်များ၊ ရင်းနှီးသောမိတ်ဆွေများ ရှေ့မှောက်တွင်တရားဝင် လက်ထပ်ခဲ့ခြင်းဖြစ်သည်။

ပွဲတွင် ပယ်ရီတို့ မိသားစုနှင့် ရင်းနှီးသော ခရစ်ယာန်ဘာသာဝင်ဝန်ကြီး တစ်ဦးက ဘာသာရေးအခမ်းအနားကို ဦးဆောင်ပြုလုပ်ပေးခဲ့ကြောင်း၊ အသစ်စက်စက်ဇနီးမောင်နှံ၏ ကြေညာချက်တွင် ဖော်ပြထားသည်။ ဘရန့်သည် လက်ထပ်ခြင်း အထိမ်းအမှတ်အဖြစ်၎င်း၏ ဇနီးအား ပတ္တမြားတစ်လုံးလက်ဆောင်ပေးခဲ့ပြီး၊ ပယ်ရီကလည်း ခင်ပွန်းသည်အတွက် ဆင်ရုပ်လေးတစ်ရုပ် လက်ဆောင်ပေးခဲ့ကြောင်း သတင်းက ဖော်ပြသည်။

—Ref: Xinhuanet

7DAY NEWS JOURNAL
Vol.9, No.33 · NOVEMBER 4, 2010



## ထိုင်းနိုင်ငံသို့ သွားရောက်မည့် အောင်ရဲလင်းနှင့် ဝတ်မှုန်ရွှေရည်

**အေးသူစံ**

&efukefa tmufwbm29

သရုပ်ဆောင်အောင်ရဲလင်းနှင့် ဝတ်မှုန်ရွှေရည်တို့နှစ်ဦးသည် Kanebo အလှကုန်ပစ္စည်း၏ပရိုမိုးရှင်း ခရီးစဉ်ဖြစ်သည့် ထိုင်းနိုင်ငံသို့ အောက်တိုဘာလ ၃၁ရက်နေ့တွင် သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော် Kanebo အလှကုန်ပစ္စည်းရဲ့ ပရိုမိုးရှင်းခရီးစဉ် တစ်ခုမှာ လိုက်ပါပေးဖို့ရှိပါတယ်။ အောက်တိုဘာလ ၃၁ ရက်ကနေ စထွက်မယ်။ နိုဝင်ဘာလ ၃ ရက်နေ့ပြန်ရောက်မှာပါ။ ဖူးခက်ကမ်းခြေလည်းရောက်ဖြစ်ပါမယ်။ ခရီးစဉ်အသေးစိတ်ကိုတော့ ကျွန်တော်ပြန်လာတဲ့အခါ ပရိသတ်ကြီးကို ပြောပြပါမယ်"ဟု သရုပ်ဆောင် အောင်ရဲလင်းက ပြောသည်။

အောင်ရဲလင်းနှင့်အတူ သရုပ်ဆောင် ဝတ်မှုန်ရွှေရည်လည်း လိုက်ပါမည်ဖြစ်သည်။ အောင်ရဲလင်းသည် ယခုလအတွင်း 'ပန်းသီးတစ်လုံး၏ရာဇဝင်' ဗီဒီယိုဇာတ်ကားကို ချောရတနာ၊ သင်ဇာဝင့်ကျော်တို့ဖြင့်ရိုက်ကူးပြီးဖြစ်ကြောင်း သိရသည်။

## နေတိုး၏ ဖက်ရှင်အယ်လ်ဘမ်နှင့်အနုပညာဖြတ်သန်းမှုစာစု နိုဝင်ဘာလတွင် ထွက်မည်

**အေးသူစံ**

&efukefa tmufwbm25

နေတိုးကိုယ်တိုင်ရေးသားထားသည့် စာစုများပါဝင်သော နေတိုး၏ ဖက်ရှင်အယ်လ်ဘမ်နှင့် အနုပညာဖြတ်သန်းမှုစာစုကို နိုဝင်ဘာလဒုတိယပတ်(သို့မဟုတ်) နောက်ဆုံးပတ်တွင် ထုတ်ဝေမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

"ကိုယ်ရေးအတ္ထုပ္ပတ္တိ ဆိုပေမယ့် ကျွန်တော့် ဘဝတစ်လျှောက်လုံးအတွက်မပြည့်စုံပါဘူး။ တကယ်တမ်းလူတစ်ယောက်ရဲ့ အတ္ထုပ္ပတ္တိ




ကိုရေးရာမှာ မွေးဖွားခြင်းနဲ့ သေဆုံးခြင်းကြားမှာ မွေးဖွားခြင်းနဲ့စပြီးသေ ဆုံးခြင်းနဲ့အဆုံးသတ်ရတာပေါ့။ ခုချိန်မှာ ကျွန်တော်က လက်ရှိ သက်ရှိထင်ရှားရှိနေသေးတဲ့အတွက် ဒီစာအုပ်ကို Biography (ကိုယ်ရေးအတ္ထုပ္ပတ္တိ) လို့တော့ ခေါင်းစဉ်မတပ်ချင်သေးပါဘူး။ ဖက်ရှင်အယ်လ်ဘမ်ပုံစံ ဓာတ်ပုံတွေနဲ့ ဖြတ်သန်းခဲ့တဲ့အနုပညာခရီးလို့ပဲ အကြမ်းအားဖြင့်ပေးထားပါတယ်" ဟုယခင်က ကိုယ်ရေးအတ္ထုပ္ပတ္တိ စာအုပ်ထုတ်ဝေမည်ဟုပြောကြားခဲ့ခြင်းကို နေတိုးက ပြန်လည်ပြင်ဆင်ပြောကြားခဲ့သည်။ စာအုပ်ထဲတွင် ဓာတ်ပုံများနှင့် ၎င်းဖြတ်သန်းခဲ့သော အနုပညာလမ်းခရီးအမှတ်တရပုံရိပ်များ၊ စာသားများ ပါဝင်မည်ဖြစ်သည်။


" ဓာတ်ပုံနဲ့ပတ်သက်တဲ့စာတွေရယ် ကျွန်တော်ဖြတ်သန်းခဲ့တဲ့အနုပညာခရီးမှာဖြတ်သန်းမှုတွေရယ်၊ အခက်အခဲတွေ ကျော်လွှားခဲ့ရတဲ့အပေါ်မှာ ကိုယ့်အနေနဲ့ ဆုံးဖြတ်ချက်မှားခဲ့တာ ရှိသလို မှန်ခဲ့တာလည်းရှိတယ်။ အဲဒါတွေကိုဦးစားပေးထားတာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

နေတိုးသည် ဒါရိုက်တာ ညီညီထွန်းလွင်ရိုက်ကူးမည့် မင်းသမီးငါးယောက်နှင့် ရုပ်ရှင်ကားကြီးတစ်ကားကိုရိုက်ကူးရန် ရှိနေပြီး ဝတ်မှုန်ရွှေရည်နှင့် ဗီဒီယိုတစ်ကား ရိုက်ကူးလျက်ကြောင်း သိရသည်။




## ဂျိတ်ခ်ဂီလင်ဟားနဲ့ တွဲခုတ်နေတဲ့ တေလာဆွစ်ဖ်





e,la,muf
atmufwbm-26

သရုပ်ဆောင်မင်းသား တစ်ဦး ဖြစ်သည့် ဂျိတ်ခ်ဂီလင်ဟားနှင့် ကျေးလက်ဂီတအဆိုတော် တေလာဆွစ်ဖ်တို့သည် ၎င်းတို့၏ စနေ၊ တနင်္ဂနွေ အားလပ်ရက်များကို ယခုအပတ်၌ နယူးယောက်မြို့တွင်ကုန်ဆုံးစေခဲ့ကြောင်း သိရသည်။ ယင်းစုံတွဲသည် မန်ဟတ်တန်ရှိ Saturday Night Live ပွဲထုတ်လွှင့်ခြင်းသို့လည်း တက်ရောက်ခဲ့ကြပြီး စင်နောက်ဘက်တွင်တွဲကခဲ့ကြကြောင်း၊ သို့သော်နီးစပ်လွန်းသည်ဟုအများ အထင်မခံရရန် ဂရုစိုက်နေထိုင်ခဲ့ကြောင်း People သတင်းက ဖော်ပြသည်။

ထို့နောက် ၎င်းတို့သည် အခြားစုံတွဲတစ်တွဲနှင့်အတူ ဘရွတ်ကလင်းရှိ ပွဲ့ခ်စလုပ်ရပ်ကွက်တွင် လည်ပတ်သွားလာနေခဲ့ကြောင်း သတင်းက ဆက်လက်ဖော်ပြသည်။

တေလာ ဆွစ်ဖ်သည် မကြာမီကလည်း People မဂ္ဂဇင်းသို့ ၎င်းသည် မိမိ စကားနားထောင်သော၊ မိမိကိုနားလည်သော ချစ်သူတစ်ဦးနှင့် ဆုံချင်ကြောင်း ဖွင့်ဟပြောခဲ့ဖူးသည်။ —Ref: AP

## စာ - ၄၇၊ ညို့မှင်းသား Robert Parrinson မှ

ရုပ်သံဇာတ်လမ်းတွဲတိုများ၊ ပြဇာတ်များမှာ ဝင်ရောက်သရုပ်ဆောင်ရင်းကမ္ဘာကျော်ဟယ်ရီပေါ်တာဇာတ်လမ်းတစ်ခုမှာပါဝင် ခွင့်ရခဲ့တာကသူ့ရဲ့အောင်မြင်ခြင်း ခရီးလမ်းအစဖြစ်ခဲ့ပါတယ်။ လူမသိသူမသိမော်ဒယ်ပေါက်စတစ်ယောက်ဘဝမှ ဒီနေ့ဟောလီးဝုဒ်မှာဝင်ငွေအကောင်းဆုံးမင်းသားစာရင်းဝင်သည်အထိအောင်မြင်ကျော်ကြားလာသူကတော့သွေးစုတ်ဖုတ်ကောင်မင်းသားလို့သိထားကြတဲ့ရောဘတ်ပက်တီဆန်ပါ။

ပက်တီဆန်ကို၁၉၈၆၊ မေလ၁၃ရက်နေ့ကလန်ဒန်မြို့မှာမွေးဖွားခဲ့တာ ပါ။သူ့ရဲ့ငယ်ဘဝကိုလန်ဒန်မှာပဲ ဖြတ်သန်းခဲ့လို့သူဟာလန်ဒန်သားအင်္ဂလိပ်လူမျိုးမင်းသားတစ်ဦးပါ။ ကားတင်သွင်းတဲ့အဖေ၊မော်ဒယ်အေဂျင်စီမှာအလုပ်လုပ်တဲ့အမေတို့က မွေးဖွားလာတဲ့ရောဘတ်မှာ ညီမနှစ်ယောက်ရှိပါတယ်။သူ့ရဲ့ ညီမတစ်ယောက်ကအင်္ဂလန်မှာ အောင်မြင်တဲ့အဆိုတော်တစ်ယောက်ဖြစ်နေပါပြီ။ အနုပညာကိုဝါသနာပါလွန်းတဲ့ပက်တီဆန်ဟာ၁၂နှစ်အရွယ်မှာကတည်းက မော်ဒယ်လ်တစ်ယောက်ဖြစ်ဖို့ကြိုးပမ်းခဲ့ပါတယ်။ မော်ဒယ်လ်အဖြစ်လေးနှစ်တာဖြတ်သန်းခဲ့ပေမယ့် အောင်မြင်မှုမရတဲ့အတွက် သူဟာသူ့ကိုယ်သူအပြစ်တင်ပါတယ်။

"အစပိုင်းမှာတော့ကျွန်တော်ကအရပ်ရှည်ရှည်နဲ့မိန်းကလေးနဲ့တူလို့ အလုပ်ကမ်းလှမ်းမှုတွေရခဲ့ပါတယ်။ အဲဒီကာလကယောကျ်ားလိုလို၊ မိန်းမလိုလိုတွေခေတ်စားနေတဲ့ကာလကိုး။ နောက်တော့ကျွန်တော်ယောကျ်ားပီပီသသပုံစံပေါက်လာတော့အလုပ်သိပ်မရတော့ဘူး"ဟုပက်တီဆန်ကသူ့ကိုယ်သူအပြစ်တင်တတ်ပါသေးတယ်။

ထို့နောက်မော်ဒယ်လောကကို အပြီးအပိုင်ကျောခိုင်းကာရုပ်သံဇာတ်လမ်းတွဲများတွင်ပါဝင်ရင်း ဟယ်ရီပေါ်တာဇာတ်လမ်းတွဲမှာ ပါဝင်ခွင့်ရခဲ့သောသူ့ကို ရုပ်ရှင်ထုတ်လုပ်သူများကမျက်စိကျခဲ့ပါတယ်။ ထို့ကြောင့်ပင်အောင်မြင်ကျော်ကြားသောသွေးစုပ်ဖုတ်ကောင်ဝတ္ထုTwilight ကိုရုပ်ရှင်ရိုက်ကူးရန်အဓိကဇာတ်ကောင်နေရာမှာ ပက်တီဆန်ကို ရွေးချယ်ခဲ့ကြတယ်။ ထိုTwilight ဇာတ်ကားကပင်သူ့ကို ပရိသတ်သိစေခဲ့ပြီး ဝင်ငွေအကောင်းဆုံးမင်းသားဘဝသို့ခဏတွင်းပင်ရောက်ရှိခဲ့ပါတယ်။ ပက်တီဆန်သည်ဂီတကိုလည်းခုံမင်နှစ်သက်သူဖြစ်ပြီးသူကိုယ်တိုင်လည်းအဆိုတော်တစ်ဦးပါ။ Twilight ဇာတ်ကားတွင်ဇာတ်ဝင်ခန်းသီချင်း နှစ်ပုဒ်ကိုပါဝင်သီဆိုပေးခဲ့ပါသေးတယ်။ ထိုဇာတ်ကား၏ အောင်မြင်မှုအရှိန်နှင့်ပင်ဇာတ်ကားများဆက်တိုက်ရိုက်ကူးခဲ့ရပြီး ၂၀၀၉ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ၁၇ဘီလီယံဝင်သောဝင်ငွေအကောင်းဆုံးမင်းသားဖြစ်ခဲ့တယ်။ မင်းသားအဆိုတော်အဖြစ်ရပ်တည်နိုင်ခဲ့ပြီးနောက် ထုတ်လုပ်သူအဖြစ်ဖြင့် သူကိုယ်တိုင်ပါဝင်ထားသောမိသားစုမေတ္တာဖွဲ့ဇာတ်ကား Remember Meကိုထုတ်လုပ်ခဲ့ရာ ထိုဇာတ်ကားမှာထိပ်တန်းစာရင်းဝင်ဇာတ်ကားဖြစ်ခဲ့ပါတယ်။

သူဟာဂီတကိုအလွန်နှစ်သက်ပြီး အခြေအနေပေးပါကအဆိုတော် တစ်ယောက်အနေနှင့်ရပ်တည်လို ကြောင်းသူကပြောခဲ့ပါတယ်။

"တကယ်လို့သာသရုပ်ဆောင်အလုပ်မှာကျရှုံးခဲ့ရင်ဂီတကကျွန်တော့်ရဲ့အရန်စိတ်ကူးအိပ်မက်ပါ"လို့သူကဖွင့်ဟခဲ့ပါတယ်။အခုနောက်ဆုံးကောက်ယူခဲ့တဲ့ အနုပညာမဂ္ဂဇင်းအသီးသီးရဲ့ဆွဲဆောင်မှုအရှိဆုံးမင်းသားစာရင်းမှာ တွမ်ရုတို့၊ဘရပ်ပစ်တို့နေရာကို အစားဝင်လာတဲ့သူကတော့ရောဘတ်ပက်တီဆန်ပဲဖြစ်ပါတယ်။ နှစ်ကာလအနည်းငယ်အတွင်းအောင်မြင်မှုအထွဋ်အထိပ်ရောက်ခဲ့လို့ အခုဆိုရင်သူ့ရဲ့ပုံတူဖယောင်းရုပ်တုတွေကိုအင်္ဂလန်နဲ့အမေရိကန် ဖယောင်းပြတိုက်တွေမှာမကြာသေးမီကပဲထားရှိခဲ့ကြပါတယ်။ ဒီလိုအောင်မြင်မှုတွေဆက်တိုက် ရနေတဲ့သူ့ရဲ့အချစ်ရေးကိုလည်း စိတ်ဝင်စားကြမယ်ထင်ပါတယ်။ သူရဲ့ကောင်မလေးကတော့သူနဲ့ Twilight မှာအတွဲညီခဲ့တဲ့မင်းသမီးကရစ်စတန်စတီဝပ်ပါ။

ရောဘတ်ပက်တီဆန်ကိုရင်ခုန်ကြတဲ့ပရိသတ်တွေအတွက် Twilight ဇာတ်ကားတွေအပါအဝင်သူ့ရဲ့ ဇာတ်ကားသစ်တွေဆက်တိုက်ထွက်လာဖို့ရှိလို့စောင့်ပြီးအားပေးလိုက်ပါဦးနော် ။




**အေးသူစံ**

■စီးတီးမတ်စူပါမားကတ်မှ ဦးစီးကျင်းပမည့် သီတင်းကျွတ်ပွဲတော် ပျော်ပွဲရွှင်ပွဲအဖြစ် '၁၉၈၀ ဂီတလွမ်းမောဖွယ်' စတိတ်ရှိုးပွဲကို ပလပ်စ်ရီးတီးဝိုင်းနှင့်အတူ ခင်မောင်တိုး၊ ဂျေမောင်မောင်၊ ဂျေညီညီ၊ ခိုင်ထူး၊ ဘို ဖြူ၊ မေခလာ၊ ကော်နီတို့ဖြင့် အောက်တိုဘာလ ၃၁ ရက်နေ့တွင် သုဝဏ္ဏအားကစားကွင်း၌ကျင်းပခဲ့သည်။

■တန်ဆောင်မုန်းလပြည့်နေ့ပျော်ပွဲရွှင်ပွဲအဖြစ် သုဝဏ္ဏအားကစားရုံတွင် King & Queen မော်ဒယ်လ်ပြိုင်ပွဲကြီးကို ကျင်းပမည်ဖြစ်ပြီး မန္တလေး၊ မိုးကုတ်၊ တောင်ကြီး၊ လားရှိုး၊ မြစ်ကြီးနား၊ မကွေးမြို့နှင့် ရန်ကုန်မြို့ ကိုယ်စားပြုယှဉ်ပြိုင်နိုင်ကြောင်း၊ မြို့တစ်မြို့လျှင် မော်ဒယ်လ် ခြောက်ဦးစီ ရွေးချယ်ကာ ပထမဆု ကျပ်ဆယ်သိန်း၊ ဒုတိယဆု ကျပ်ငါးသိန်းနှင့် တတိယဆု ကျပ်သုံးသိန်းတို့ကို ချီးမြှင့်မည်ဖြစ်ကြောင်း ပွဲစီစဉ်သူ ဦးသန်းထွေးက ပြောကြားသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၉၅၁-၂ ၃၃၄၅သို့ ဆက်သွယ်နိုင်သည်ဟုဆိုသည်။

■အလှဘုရင်မရွေးချယ်ပွဲကြီး Miss USHIDO 2011 ပြိုင်ပွဲကြီးကို RDC ကုမ္ပဏီမှ ကြီးမှူးကျင်းပမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို USHIDO ပြခန်း၊ အမှတ် ၃၄၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

## စာ-၄၇၊ အောင်မြင်နေချိန်မှာ ရပ်တန့်ရန်ဆုံးဖြတ်လိုက်သည့် နှင်းဆီအဖွဲ့သားများနှင့် တွေ့ဆုံခြင်းမှ

'နှစ်သစ်နှင်းဆီ'အထိ လှမ်းတက်နိုင်ခဲ့ပါတယ်။ ပြင်ပဘဝမှာလည်း ညီရင်းအစ်ကိုတွေလို ရင်းနှီးသွားကြပါတယ်။ ကျွန်တော်တို့ကြောင့် ပရိသတ်တွေရဲ့ စိတ်ဆင်းရဲမှုတွေပျောက်ကွယ်ခဲ့ကြတယ်။ အေးမြမှုနဲ့ စိတ်ချမ်းသာမှုတွေကိုပေးခွင့်ရခဲ့တယ်။ ခုချိန်မှာ ဆက်မကတော့ဘူးလို့ ဆုံးဖြတ်လိုက်တာကိုဝမ်းနည်းပါတယ်။ ဒါပေမဲ့ ဒါဟာ ကျွန်တော်တို့ရဲ့ ပရော်ဖက်ရှင်နယ်ပင်မအလုပ်မဟုတ်တဲ့အတွက် ဝါသနာအရ အချိန်ပိုင်းလုပ်ဖြစ်ခဲ့တာဖြစ်လို့ အားလုံးတိုင်ပင်ပြီး ဆုံးဖြတ်လိုက်တာပါ။ ကျွန်တော်တို့အဖွဲ့ကို လူရွှင်တော်အဖြစ်နဲ့မဟုတ်ပေမယ့် တပူးတွဲတွဲမြင်နေရမယ်လို့ ပြောချင်ပါတယ်။

rk

ပြောရင်းနဲ့တောင်ငိုချင်ပါတယ်။ (ဝမ်းနည်းနေသည့်ဟန်ဖြင့်) ၂၀၀၆ ကစပြီး ငါးနှစ်လုံးလုံး ဒီဟာကြီးကို စည်းစည်းလုံးလုံးပျော်ပျော်ပါးပါး အလုပ်လုပ်လာကြပြီးမှ ဆက်ပြီးမလုပ်တော့ဘူးဆိုတော့ အရမ်း ဝမ်းနည်းစရာကောင်းပါတယ်။ စိတ်ထဲမှာငိုချင်စိတ်တောင်ပေါက်တယ်။ ပရိသတ်တွေကို ပြောချင်တာက ကျွန်တော်တို့အားလုံး ပေါင်းစည်းမှုက ဒီတစ်ခုတည်း မဟုတ်ပါဘူး။ တခြားပေါင်းစည်းလို့ရတာတွေလည်းရှိပါသေးတယ်။ အငြိမ့်မကဖြစ်တော့ရင် တခြားအရာတွေနဲ့ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး ဖျော်ဖြေသွားဖို့ရှိပါတယ်ခင်ဗျ။

ausmfausmfAk

ဒါ ကိုကြံ့တို့ရဲ့ ပင်မအလုပ်တစ်ခုမဟုတ်ဘူးလေ။ ပရိသတ်နဲ့တိုက်ရိုက်ထိတွေ့ချင်လို့သာ ကိုကြံ့တို့လုပ်ခဲ့ကြတာ။ နောက်ဆုံးဆိုတဲ့သဘောတရားကလည်း နောက်လာမယ့်လူငယ်အနုပညာရှင်တွေကို ကိုကြံ့တို့နေရာပေးရမယ်လေ။ သရုပ်ဆောင်ဆိုတာက တီဗီဖန်သားပြင်ပိတ်ကားပေါ်မှာပဲ ပရိသတ်နဲ့ထိတွေ့ရတာကို။ အပြင်မှာထိတွေ့မှုနည်းတယ်။ ကိုကြံ့တို့လည်း ပရိသတ်ရဲ့ မေတ္တာကိုတိုက်ရိုက်ရတာပေါ့။ ဒါပေမဲ့ ထာဝရနှင်းဆီနဲ့ နောက်ဆုံးနှုတ်ဆက်ကြမယ်ဆိုတာကတော့ အားလုံးတိုင်ပင်ထားကြတာပါ။

ကိုကြံ့တို့ရဲ့နောင်တော်ကြီးတွေဖြစ်တဲ့ ကိုနိုင်ကြီး(ကျော်ရဲ အောင်)၊ ကိုလွင်မိုးတို့၊ ကျော်ကျော်(မင်းမော်ကွန်း)တို့လည်း ရှေ့မှာလုပ်ခဲ့ကြတာပဲလေ။ သူတို့ဆီကလက်ဆင့်ကမ်းပြီး ကိုကြံ့တို့လုပ်တယ်။ ကိုကြံ့တို့ဆီကလက်ဆင့်ကမ်းပြီး တက်လာမယ့် အနုပညာရှင်တွေက ဆက်လုပ်ကြမှာပါ။ ပရိသတ်နဲ့အဆက်ပြတ်မှာတော့မဟုတ်ပါဘူး။ ကိုကြံ့တို့ နှင်းဆီအဖွဲ့သားတွေကတော့ အငြိမ့်မကရင်လည်း ဖျော်ဖြေမှုတစ်ခုအနေနဲ့ ပရိသတ်ရင်ထဲရှိနေမှာပါ။

aewk

နှင်းဆီသခင်ကနေ မထင်မှတ်ဘဲနဲ့ ကျွန်တော်တို့လူရွှင်တော်ဖြစ်သွားခဲ့ကြတော့ ရှေ့ဆက်ပြီးပရိသတ်ရဲ့တောင်းဆိုမှုအရ ဆက်လုပ်ခဲ့တယ်။ သူငယ်ချင်းတွေစုစုစည်းစည်းနဲ့ ကျွန်တော်တို့လည်းပျော်ရတယ်။ ပရိသတ်နဲ့တိုက်ရိုက်ထိတွေ့ခွင့်ရခဲ့တယ်။ ဒါပေမဲ့ ပရိသတ်ကို ဒီလောက်နဲ့ပဲ ရပ်နားခွင့်ပြုပါလို့ ထာဝရနှင်းဆီနဲ့ ကျွန်တော်တို့နောက်ဆုံးနှုတ်ဆက်ပါတယ်။

အောင်မြင်မှုရတဲ့အပေါ် အားရကျေနပ်မှုလည်းရှိခဲ့ပါတယ်။ ဒါပေမဲ့ တကယ်တမ်း ပရိသတ်တောင်းဆိုမှုနဲ့ ထိုက်တန်တဲ့ အလုပ်ပြီးမြောက်အောင်မြင်မှုတော့မရှိပါဘူး။ လူရွှင်တော်လုပ်ရတာကိုပျော်ပါတယ်။ ဘယ်လိုအနေအထားမျိုးနဲ့ပဲဖြစ်ဖြစ် ဖျော်ဖြေရတာကိုကျေနပ်ပါတယ်။ အငြိမ့်တစ်ခုကိုမွေးဖွားမယ်ဆိုရင်ပေးရမယ့်အချိန်က ကြာပါတယ်။ ဆွေးနွေးရတဲ့ရက်တွေကြာပါတယ်။ အချိန်အများကြီးပေးပြီးမှ နှင်းဆီအငြိမ့်ကြီးဖြစ်လာတာပါ။ ပရိသတ်တောင်းဆိုသလောက်လုပ်ရတယ်ဆိုပေမယ့် ကျွန်တော်တို့ဆီမှာသတ်မှတ်ချက်လေးတစ်ခုတော့ရှိတာပေါ့။ အဲဒီ သတ်မှတ်ချက်ကဘာလဲဆိုတော့ လေးကြိမ်မြောက်ပြီးရင် ကျွန်တော်တို့မကတော့ဘူးဆိုတဲ့သတ်မှတ်ချက်ပါ။ ဒီသတ်မှတ်ချက်ကို အကုန်လုံးသဘောတူလက်ခံထားကြပါတယ်။

## TOP 10 MOVIES IN AMERICA

ယခုတစ်ပတ်အတွင်း
အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး
ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Paranormal Activity 2 | Paramount Pics: | ၄၁,၅၀၀,၀၀၀ | ၁ |
| ၂။ | Jackass 3D | Paramount Pics: | ၈၇,၁၄၇,၀၀၀ | ၂ |
| ၃။ | Red | N/A | ၄၃,၄၈၃,၀၀၀ | ၂ |
| ၄။ | Hereafter | Warner Bros: | ၁၂,၃၂၀,၀၀၀ | ၂ |
| ၅။ | The Social Network | Columbia TriStar | ၇၂,၉၃၁,၀၀၀ | ၄ |
| ၆။ | Secretariat | Walt Disney | ၃၇,၃၆၀,၀၀၀ | ၃ |
| ၇။ | Life as We Know It | Warner Bros: | ၃၇,၆၁၅,၀၀၀ | ၃ |
| ၈။ | Legend of the Guardians: The Owls of Ga'Hoole | Warner Bros: | ၅၀,၁၇၂,၀၀၀ | ၅ |
| ၉။ | The Town | Warner Bros: | ၈၄,၆၅၃,၀၀၀ | ၆ |
| ၁၀။ | Easy | Sony Pictures | ၅၄,၇၈၅,၀၀၀ | ၆ |

## Movie Review

### Due Date




ပီတာဟိုင်းမင်းသည် သူ့မိန်းမ ပထမဦးဆုံး မီးဖွားမည့်အချိန်တွင် အဝေးရောက်နေသည်။ အဝေးတစ်နေရာမှ လေယာဉ်ဖြင့် ပြန်လာရန်စီစဉ်နေသော ပီတာမှာ ရုပ်ရှင်မင်းသားလုပ်ရန်ရည်ရွယ်ထားသည့် အီသန်နှင့် တွေ့သောအခါ လေယာဉ်စီးရန် မူလအစီအစဉ်ပျက်ယွင်းသွားပြီး အီသန်၏ ကားနှင့်ပင်နိုင်ငံအား ဖြတ်ကျော်၍ ဇနီးသည်ဆီအရောက်လာရန် အကြောင်းဖန်လာသည်။ ငါးရက်အချိန်ရသေး၍လည်း ကလေးမွေးမည့်ရက်အချိန်မီရောက်နိုင်သည်ဟု ပီတာကတွက်ဆထားသော်လည်း အီသန်၏ ကမောက်ကမလုပ်ရပ်များက ၎င်း၏အစီအစဉ်ကို ပျက်ယွင်းစေသော အခါ ပီတာတစ်ယောက် မည်သို့ ပြုမူမည်နည်းဆိုသည်မှာ . . .

Rebert Downey Jr, Zach Galifianakis, Michelle Monaghan Jamix Foxx တို့ ဦးဆောင်ပါဝင်ထားသော ဟာသဇာတ်ကားအား ဒါရိုက်တာ Todd Phillipsက ရိုက်ကူးထားပြီး Warner Bros. ကနိုဝင်ဘာ ၅ ရက်တွင်ဖြန့်ချိမည်ဖြစ်သည်။

# Sports

7DAY NEWS JOURNAL

Vol.9, No.33 · NOVEMBER 4, 2010


## ဇေယျာရွှေမြေ အမှတ်ပေးချန်ပီယံဖြစ်ရန် အခြေအနေကောင်း

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ-၃၀**

၂၀၁၀ မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ၂၁ တွင် ဇေယျာရွှေမြေအသင်းက ရန်ကုန်ယူနိုက်တက်အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်အတွက် ချန်ပီယံဖြစ်ရန် အခြေအနေကောင်းသွားခဲ့ပြီ ဖြစ်သည်။



ဓာတ်ပုံ– အောင်အောင်

ပွဲစဉ် (၂၁) မကစားမီ အချိန်အထိ အမ်အင်န်အယ်လ်အမှတ်ပေးပြိုင်ပွဲ၏ ချန်ပီယံဆုအတွက် ဇေယျာရွှေမြေ၊ ရတနာပုံ၊ ရန်ကုန်နှင့် ကမ္ဘောဇအသင်းများမှာ အဆင့်(၁)မှ (၄)အတွင်း ရပ်တည်နေခဲ့ကြပြီး ချန်ပီယံဆု မျှော်လင့်နိုင်သည့်အနေအထားများ အသီးသီးရှိခဲ့ကြသည်။

သို့သော် အောက်တိုဘာ ၃၀ ရက်တွင် ယှဉ်ပြိုင်ကစားခဲ့ကြသည့် ၎င်းအသင်းလေးသင်း၏ ထိပ်တိုက်တွေ့ဆုံပွဲများ၌ ဇေယျာရွှေမြေအသင်းက ရန်ကုန်ယူနိုက်တက်အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရတနာပုံအသင်းနှင့် ကမ္ဘောဇအသင်းတို့ ပွဲစဉ်မှာ ဂိုးမရှိသရေကျခဲ့သည်။

ထိုရလဒ်များကြောင့် ဇေယျာရွှေမြေအသင်းသည် ရတနာပုံအသင်းထက် သုံးမှတ်အသာဖြင့် အမှတ်ပေးဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ဇေယျာရွှေမြေအသင်းသည် နောက်ဆုံးကစားရမည့် ရတနာပုံနှင့် ပွဲစဉ်တွင် အနိမ့်ဆုံးသရေရလဒ်ရရှိရုံဖြင့် ချန်ပီယံဖြစ်မည်ဖြစ်သည်။

ရတနာပုံအသင်းအနေဖြင့် အမှတ်ပေးချန်ပီယံဆု ဖလားကြီးအား ကာကွယ်ရန်အတွက် ဇေယျာရွှေမြေအသင်းမှာ အနိုင်ရရှိရန် လိုအပ်မည်ဖြစ်သည်။ ရန်ကုန်အသင်းနှင့် ကမ္ဘောဇအသင်းတို့မှာမူ ချန်ပီယံမျှော်လင့်ချက် အဆုံးသတ်သွားခဲ့ပြီဖြစ်သည်။ ချန်ပီယံဆုအတွက် အဆုံးအဖြတ် ဖြစ်လာမည့် ဇေယျာရွှေမြေနှင့် ရတနာပုံအသင်းတို့သည် နိုဝင်ဘာ ၉ ရက်တွင် မုံရွာမြို့၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

## ပဲ၊ နှမ်းကုန်စည်ဒိုင်များ၏ ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

**ဖြိုး**

**မန္တလေး၊ အောက်တိုဘာ-၂၉**

မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ ဂေါက်သီးရိုက်အသင်းမှ ကြီးမှူး၍ ပထမဆုံးအကြိမ် မြန်မာတစ်နိုင်ငံလုံးရှိ ပဲ၊ နှမ်းကုန်စည်ဒိုင်များဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် တွေ့ဆုံမိတ်ဆက်ပွဲအား ဒီဇင်ဘာ ၅ ရက်နှင့် ၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြို့ကြီး ၁၆ မြို့တွင်ရှိသော ကုန်စည်ဒိုင်များအား ဖိတ်ခေါ်ပြီး ပြိုင်ပွဲဝင်ဦးရေ ၂၈၀ ခန့်ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ဒီဇင်ဘာ ၅ ရက်တွင် တွေ့ဆုံမိတ်ဆက်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ဒီဇင်ဘာ ၆ ရက်တွင် ပုသိမ်ကြီးမြို့နယ်ရှိ ရေတံခွန်တောင် ဂေါက်ကွင်း၌ ပြိုင်ပွဲကျင်းပမည်ဖြစ်သည်။

ဒီဇင်ဘာ ၆ ရက်ညတွင် ဆုပေးပွဲအခမ်းအနားအား Great Wall Hotel တွင် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ တစ်နိုင်ငံလုံးရှိ ကုန်စည်ဒိုင်များ ပိုမိုရင်းနှီးကျွမ်းဝင်စေရန် ဖော်ဆောင်ခြင်းပင်ဖြစ်သည်ဟု မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ ဂေါက်သီးရိုက်အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

## စံချိန်တင်ပြစ်ဒဏ်ပေးခံရသော ရန်ကုန်နှင့် ရတနာပုံ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ-၂၇**

မြန်မာနေရှင်နယ်လိဂ်ပွဲစဉ် ၂၀ တစ်ပွဲဖြစ်သော ရန်ကုန်-ရတနာပုံပွဲစဉ်တွင် ကစားသမားများ ခိုက်ရန်ဖြစ်ပွားခဲ့မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF)စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ပြစ်ဒဏ်များ စံချိန်တင်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

ပြီးခဲ့သည့် အောက်တိုဘာ ၂၃ ရက်က သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် အဆိုပါပွဲစဉ်ပွဲပြီးခါနီး မိနစ် ၉၀ ၌ နှစ်ဖက်ကစားသမားများ ပြင်းပြင်းထန်ထန် ရန်းရင်းဆန်ခတ်အနေအထားမျိုးဖြစ်ခဲ့ပြီး ယင်းဖြစ်ရပ်ကြောင့် ကွင်းလယ်ဒိုင်လူကြီးမှ ရတနာပုံ ကစားသမား ရန်ပိုင်နှင့် ချစ်စမ်းမောင်၊ ရန်ကုန်ယူနိုက်တက်မှ အောင်သိုက်နှင့် နိုင်ဦးလွင်တို့အား အနီကတ်ပြထုတ်ပယ်ခဲ့သည်။

ထို့အပြင် MFF စည်းကမ်းထိန်းသိမ်းရေးကော်မတီကလည်း ယင်းဖြစ်ရပ်များအပေါ် ရုပ်သံမှတ်တမ်းများ၊ ပွဲကြီးကြပ်သူများနှင့် ဒိုင်အစီရင်ခံစာများကို သုံးသပ်ကာ ဒဏ်ငွေနှင့်ပွဲပယ်ပြစ်ဒဏ်များ ထပ်မံချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ချမှတ်ခဲ့သည့် ပြစ်ဒဏ်များမှာ အောင်သိုက်(ရန်ကုန်)အား ၈ ပွဲပယ်နှင့် ဒဏ်ငွေကျပ်ငါးသိန်း၊ နိုင်ဦးလွင်(ရန်ကုန်)အား ၆ ပွဲပယ်နှင့် ဒဏ်ငွေကျပ်သုံးသိန်း၊ ရန်ပိုင်(ရတနာပုံ)အား ၆ ပွဲပယ်နှင့် ဒဏ်ငွေကျပ် သုံးသိန်း၊ ချစ်စမ်းမောင်(ရတနာပုံ)အား ၂ ပွဲပယ်နှင့် ဒဏ်ငွေကျပ် နှစ်သိန်း၊ ရန်ကုန်နှင့် ရတနာပုံ အသင်းနှစ်သင်းအား ဒဏ်ငွေကျပ်ဆယ်သိန်းနှင့် ပြင်းထန်စွာ သတိပေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။



ဓာတ်ပုံ– အောင်အောင်

"အခု ချမှတ်လိုက်တဲ့ ပြစ်ဒဏ်တွေကတော့ စံချိန်တင် ပြစ်ဒဏ်တွေ ဖြစ်ပါတယ်။ ပွဲကစားနေချိန်မှာ ရန်ဖြစ်အောင် အစပျိုးတဲ့သူတွေနဲ့ ရန်ဖြစ်ခဲ့ကြတဲ့သူတွေကို ပြစ်ဒဏ်ချခဲ့တာပါ။ ပွဲပယ်ပြစ်ဒဏ် ၆ ပွဲနဲ့အထက် ကျခံရတဲ့ ကစားသမားတွေဟာ လက်ကျန်ပွဲ ၂ ပွဲအပြင် လာမယ့် ဘောလုံးရာသီသစ် အစပွဲစဉ်တွေပါ လွဲချော်မှာပါ" ဟု စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထွေးက ပြောသည်။

ထို့အပြင် အသင်းများအား ၎င်းတို့၏ ကစားသမားများအား ထိန်းသိမ်းမှု အားနည်းခဲ့သည့်အတွက် ပြင်းထန်စွာ သတိပေးမှုနှင့် ဒဏ်ငွေကျပ် ဆယ်သိန်းစီချမှတ်ခဲ့ခြင်းဖြစ်ပြီးနောက် အသင်းများအနေဖြင့် ယခုကဲ့သို့ ထပ်မံမဖြစ်ပေါ်စေရန် စံနမူနာပြသည့် အနေဖြင့်ပြစ်ဒဏ် ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ဦးခင်မောင်ထွေးက ပြောသည်။




# လာအိုနှင့်ဖိလစ်ပိုင်အသင်းတို့ ဆုဇူကီးဖလား ခြေစစ်ပွဲအောင်မြင်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ-၂၇**

၂၀၁၀ ဆူဇူကီးဖလားပြိုင်ပွဲ ခြေစစ်ပွဲ နောက်ဆုံးပွဲစဉ်များ အပြီးတွင် လာအိုနှင့် ဖိလစ်ပိုင်အသင်းတို့ ခြေစစ်ပွဲအောင်မြင်ခဲ့ကြောင်း သတင်းရရှိသည်။

လာအိုနိုင်ငံတွင် အောက်တိုဘာ ၂၂ ရက်မှ ၂၆ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် အဆိုပါ ခြေစစ်ပွဲ ပွဲစဉ်များ၌ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ လာအိုနှင့် အရှေ့တီမောအသင်းများ ယှဉ်ပြိုင်ခဲ့ကြသည်။

ခြေစစ်ပွဲနောက်ဆုံးပွဲစဉ်များအပြီးတွင် လာအို၊ ဖိလစ်ပိုင်နှင့် ကမ္ဘောဒီးယားအသင်းတို့သည် ရမှတ် ငါးမှတ်စီဖြင့် တူညီခဲ့ကြသော်လည်း ဂိုးကွာခြားချက်အသာရရှိခဲ့သော လာအိုနှင့် ဖိလစ်ပိုင်အသင်းတို့ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

အုပ်စု ပထမရရှိသည့် လာအိုအသင်းသည် အင်ဒိုနီးရှား၊ ထိုင်း၊ မလေးရှားတို့ပါဝင်သည့် အုပ်စု(က)သို့ ရောက်ရှိမည်ဖြစ်ပြီး၊ မြန်မာ၊ ဗီယက်နမ်၊ စင်ကာပူတို့ပါဝင်သည့် အုပ်စု(ခ)သို့ ဖိလစ်ပိုင်အသင်း ရောက်ရှိမည်ဖြစ်သည်။

အာဆီယံဒေသတွင်းမှ လက်ရွေးစင် အသင်းများဝင်ရောက်ယှဉ်ပြိုင်သည့် ၂ နှစ်တစ်ကြိမ်ကျင်းပသော အဆိုပါ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်းအား မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပြီးဆုံးချိန် နိုဝင်ဘာ ၁၁ ရက်မှသာ စတင်၍ စခန်းသွင်းလေ့ကျင့်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်းအား နည်းပြချုပ် ဦးတင်မြင့်အောင်၊ လက်ထောက်နည်းပြ ဦးဆန်းဝင်းနှင့် ဂိုးနည်းပြ ဦးအောင်ကျော်ကျော်တို့က တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး တရုတ်နိုင်ငံမှ ကလပ်အသင်းနှစ်သင်းနှင့် ခြေစမ်းကစားသွားရန် အစီအစဉ်ရှိကြောင်း သိရသည်။



၂၀၁၀ ဆူဇူကီးပြိုင်ပွဲ နောက်ဆုံးအဆင့် ပြိုင်ပွဲများကို လာမည့် ဒီဇင်ဘာ ၁ ရက်မှ ၈ ရက်အထိ ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ကျင်းပသွားမည်ဖြစ်သည်။

# ဆီးဂိမ်းအတွက် ပြင်ဆင်နေသောအသင်း အုံးကြီးအုံး အိမ်ပြန်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ-၂၆**

ဗီယက်နမ်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ဗီယက်နမ်ဖိတ်ခေါ်ယူ-၂၁ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာလူငယ်အသင်းသည် အုပ်စုပွဲစဉ်နှစ်ပွဲစလုံးအား ရှုံးနိမ့်ကာပြိုင်ပွဲမှ ထွက်ခဲ့ရကြောင်း သတင်းရရှိသည်။

ဟိုချီးမင်းမြို့တွင်ပြုလုပ်ခဲ့သည့် အဆိုပါ ပြိုင်ပွဲ၌ မြန်မာယူ-၂၁ အသင်းသည် အောက်တိုဘာ ၂၃ ရက်တွင် ဗီယက်နမ် Youth Newspaper အသင်းနှင့် ယှဉ်ပြိုင်ကစားရာ ငါးဂိုး-တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သည်။ အောက်တိုဘာ ၂၅ ရက်တွင် ဒုတိယပွဲစဉ်အဖြစ် ထိုင်း ယူ-၂၁ အသင်းနှင့် ယှဉ်ပြိုင်ကစားရာ၌ လေးဂိုး- ဂိုးမရှိဖြင့် ထပ်မံရှုံးနိမ့်ခဲ့သောကြောင့် အုပ်စုအဆင့်မှ ထွက်ခဲ့ရခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာ၊ စင်ကာပူ၊ မလေးရှား၊ ထိုင်းနှင့် အိမ်ရှင် ဗီယက်နမ်လူငယ်အသင်းနှစ်သင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ၎င်းပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာလူငယ်အသင်းသည် ၂၀၁၃ ဆီးဂိမ်ပြိုင်ပွဲအတွက် ရည်ရွယ်လေ့ကျင့်နေသည့် ယူ-၁၉ အသင်းအား အခြေခံဖွဲ့စည်းထားသော အသင်းဖြစ်ကြောင်း သိရသည်။

# ဆောက်သမ်းနှင့် ဥဿာအသင်းတို့ ဘောလုံးအဖွဲ့ချုပ်ဖလားလုမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ-၂၇**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဖလား ရှုံးထွက်ပြိုင်ပွဲ MFF Max Cement Cup 2010 အကြို ဗိုလ်လုပွဲစဉ်များတွင် ဆောက်သမ်းမြန်မာအသင်းနှင့် ဥဿာယူနိုက်တက်အသင်းတို့သည် ၎င်းတို့၏ ပြိုင်ဘက်အသင်းများကို အနိုင်ယူကာ ဗိုလ်လုပွဲသို့တက်ရောက်သွားပြီဖြစ်သည်။

အောက်တိုဘာ ၂၇ ရက်က သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် အကြိုဗိုလ်လုပွဲစဉ်တွင် ဆောက်သမ်းမြန်မာအသင်းက ဇေယျာရွှေမြေအသင်းအား ပွဲချိန် ၄၉ မိနစ်တွင် တင့်နိုင်ထွန်းသိန်း သွင်းယူခဲ့သည့် တစ်လုံးတည်းသော ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အောင်ဆန်းကွင်းတွင် တစ်ပြိုင်နက်ကျင်းပခဲ့သည့် အခြား အကြိုဗိုလ်လုပွဲစဉ်တွင် ဥဿာယူနိုက်တက်အသင်းနှင့် ကမ္ဘောဇအသင်းတို့သည် မိနစ် ၉၀ ပြည့်သည်အထိ ဂိုးမသွင်းနိုင်ကြဘဲ အချိန်ပိုဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။

အချိန်ပို ဒုတိယပိုင်း ပြီးခါနီးအချိန်တွင် ဥဿာယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးအား အောင်မိုးက သွင်းယူခဲ့ခြင်းဖြစ်သည်။ MFF Cup ရှုံးထွက်ပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဆောက်သမ်းမြန်မာအသင်းနှင့် ဥဿာယူနိုက်တက်အသင်းတို့သည် နိုဝင်ဘာ ၃ ရက် ညနေ ၃ နာရီခွဲအချိန်တွင် သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

# ထိုင်းဆင်းဂါး အငယ်တန်းကမ္ဘာ့အဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲသို့ မြန်မာကစားသမားများ ဝင်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ - ၃၀**

ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် တတိယအကြိမ်မြောက် ထိုင်းဆင်းဂါးအငယ်တန်း ကမ္ဘာ့အဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲ (3rd Singha Thailand Junior World Goft Championships 2010) သို့ မြန်မာလူငယ်အားကစားသမားများ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲအား ထိုင်းနိုင်ငံ၊ ရှိုင်ရယ်ဟွာဟင်း ဂေါက်ကွင်းတွင် နိုဝင်ဘာ ၁၁ ရက်မှ ၁၄ ရက်အထိ ကျင်းပသွားမည် ဖြစ်ပြီး မြန်မာလူငယ်ကစားသမားများသည် အသင်းလိုက် ၁၆ နှစ်အောက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

"ဒီပြိုင်ပွဲမှာ သက်တမ်းအလိုက် ၁၈ နှစ်အောက် ပြိုင်ပွဲကနေ ၁၀ နှစ်အောက် ပြိုင်ပွဲအထိ ပါဝင်ပါတယ်။ မြန်မာလူငယ် ကစားသမားတွေက အသက် ၁၆ နှစ်အောက် ပြိုင်ပွဲမှာ နှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ" ဟု မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အာရှနိုင်ငံများမှ လူငယ်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ၎င်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလူငယ်ဂေါက်သီးရိုက် အားကစားအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးမျိုးထွန်း၊ အသင်းနည်းပြအဖြစ် ဦးချမ်းဟန်၊ ကစားသမားများအဖြစ် ရဲလွင်ဦး၊ လှိုင်မင်းထက်၊ ဝေယံလင်းနှင့် စည်သူရဲရင့်တို့ ပါဝင်ကြောင်း သိရသည်။

# ၂၀၁၀ လန်ဒန်အိုလံပစ်အတွက် စေတနာ့ဝန်ထမ်းလျှောက်သူ နှစ်သိန်းလေးသောင်းကျော်ရှိ

**လန်ဒန်၊ အောက်တိုဘာ- ၃၀**

လာမည့် ၂၀၁၂ တွင်ကျင်းပမည့် လန်ဒန်အိုလံပစ်ပြိုင်ပွဲအတွက် စေတနာ့ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအား လျှောက်လွှာခေါ်ယူမှုကို အောက်တိုဘာ ၂၇ ရက်ကပိတ်ခဲ့ရာ စေတနာ့ဝန်ထမ်းလုပ်လိုသူပေါင်း ၂၄၀,၀၀၀ ကျော်၏လျှောက်လွှာများကို လက်ခံရရှိခဲ့ကြောင်း ပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူများက ပြောကြားလိုက်သည်။

ပြိုင်ပွဲအတွက် စေတနာ့ဝန်ထမ်းလုပ်သားဦးရေမှာ ၇၀,၀၀၀ ခန့်သာလိုအပ်မည်ဖြစ်ရာ တာဝန်ရှိသူများသည် အဆိုပါ လျှောက်ထားသူ နှစ်သိန်းကျော်မှပြန်လည် ရွေးချယ်သွားရမည်ဖြစ်သည်။ လန်ဒန် ၂၀၁၂ ပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဆီဘတ်စတီယန်ကိုးကလည်း "လက်ရှိအချိန်အထိ ကျွန်တော်တို့ ရရှိထားတဲ့တုံ့ပြန်မှုတွေက အံ့သြစရာပါ။ ဒီလိုလျှောက်ထားသူ ၂၄၀,၀၀၀ ကျော်ကိုလည်း လန်ဒန် ၂၀၁၂ ပွဲမှာ သူတို့ရဲ့ ကိုယ်ပိုင်အချိန်ကို ပေးဖို့ ဆုံးဖြတ်ခဲ့ကြတဲ့အတွက် ကျေးဇူးတင်မိပါတယ်" ဟုပြောသည်။

ကော်မတီသည် အဆိုပါလူများမှ ပြိုင်ပွဲတွင် အသုံးပြုမည့် စေတနာ့ဝန်ထမ်း လုပ်သား ၇၀,၀၀၀ ခန့်ကို လာမည့် ၂၀၁၁ ဖေဖော်ဝါရီမှ ၂၀၁၂ ဖေဖော်ဝါရီ အထိ တစ်နှစ်အတွင်း အင်တာဗျူးပြုလုပ်ရွေးချယ်မည်ဖြစ်ကာ နောက်ပိုင်းတွင် လေ့ကျင့်သင်ကြားပေးမှုများ ပြုလုပ်သွားမည်ဟုသိရသည်။ ဤအတွင်း လန်ဒန်မြို့တော်ဝန် ဘောရစ်ဂျွန်ဆင်ကလည်းမြို့တော်အတွက် သီးသန့်စေတနာ့ဝန်ထမ်း အစီအစဉ်အတွက်လည်း မြို့တော်သံတမန်အဖြစ်လုပ်ကိုင်မည့်သူ ၈,၀၀၀ ခန့်အထိရရှိအောင် ရည်ရွယ်ထားကြောင်း၊ ယင်းစေတနာ့ဝန်ထမ်းများမှာမူ ပြိုင်ပွဲအတွက် မဟုတ်ဘဲ ပြိုင်ပွဲကျင်းပချိန်တွင် မြို့တော်သို့လာရောက်သည့် ဧည့်သည်များအားကူညီရန်၊ အကြံပေးလမ်းညွှန်ရန်အလုပ်များကို လုပ်ဆောင်သွားမည် ဖြစ်ကြောင်းဆိုထားသည်။



—Ref: Eurosport

# ၂၀၁၈ ကမ္ဘာ့ဖလားအိမ်ရှင်ဖြစ်ရေး စပိန်နှင့် ပေါ်တူဂီ ကြိုးပမ်းမှုကို ဖီဖာအရေးယူဖွယ်မရှိဟု ဆို

**မက်ဒရစ်၊ အောက်တိုဘာ- ၃၀**

လာမည့် ၂၀၁၈ ကမ္ဘာ့ဖလားအိမ်ရှင်ဖြစ်ခွင့်ရရေးအတွက် လျှောက်ထားခဲ့သော စပိန်နှင့် ပေါ်တူဂီ ဘောလုံးအဖွဲ့ချုပ်များသည် အိမ်ရှင်ဖြစ်ရေးအတွက် မဲလိမ်မှုများရှိခဲ့သည်ဟူသော စွပ်စွဲချက်များကြောင့် ဖီဖာ၏ အရေးယူအပြစ်ပေးမှုများ ခံရဖွယ်မရှိကြောင်း သိရသည်။ ဖီဖာသည် ထိုသို့ မဲလိမ်သည်ဟု သတင်းများ ထွက်ပေါ်လာချိန်မှစ၍ စပိန်နှင့် ပေါ်တူဂီ အဖွဲ့ချုပ်များအား စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သော်လည်း အမှားအယွင်း တစ်စုံတစ်ရာမရှိ၍ ပြစ်ဒဏ်ချမှတ်ခြင်း မရှိကြောင်းဆိုသည်။

စပိန်-ပေါ်တူဂီ ပူးတွဲအိမ်ရှင်လျှောက်ထားရေးအဖွဲ့၏ အထွေထွေဒါရိုက်တာ မီဂွယ်အိန်ဂျယ်လိုပက်ဇ်ကလည်း "ဖီဖာရဲ့ စုံစမ်းမှုမှာ ကျွန်တော်တို့အမြင့်ဆုံးပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ စုံစမ်းမှုဟာပြီးဆုံးသွားမှာပါ။ အကြောင်းကကျွန်တော်တို့ဟာ မှားယွင်းတာတစ်ခုမှ မလုပ်ထားလို့ပါ" ဟုပြောသည်။ သတင်းများအရ စပိန်နှင့် ပေါ်တူဂီတို့သည် ၂၀၂၂ ကမ္ဘာ့ဖလားတွင် အိမ်ရှင်ဖြစ်ခွင့်ရရေးကြိုးပမ်းနေသည့်ကာတာနိုင်ငံအား ထောက်ခံမဲပေးရန်နှင့် အပြန်အလှန်အားဖြင့် ကာတာကလည်း ၂၀၁၈ ပြိုင်ပွဲအတွက် ၎င်းတို့ကို ထောက်ခံရန်ညှိထားခဲ့ကြောင်း သိရသည်။ စပိန်-ပေါ်တူဂီနှင့် ကာတာတို့သည် အင်္ဂလန်၊ ရုရှား၊ ဟော်လန်-ဘယ်လ်ဂျီယမ် (ပူးတွဲ) နိုင်ငံများနှင့် ၂၀၁၈ နှင့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ အိမ်ရှင်ဖြစ်ရေးကို အပြိုင်လျှောက်ထားခဲ့ကြသော နိုင်ငံများဖြစ်သည်။

—Ref: Xinhua

7 DAY NEWS JOURNAL
Vol.9, No.33 • NOVEMBER 4, 2010

# လီဗာပူး-ချယ်လ်ဆီး၊ အာဆင်နယ်-နယူးကာဆယ်တို့ ထိပ်တိုက်တွေ့နေတဲ့ ပရီးမီးယားလိဂ်ပွဲစဉ် (၁၁) ပွဲကြိုခန့်မှန်းချက်

ကိုထိုက်

ဒီတစ်ပတ်ပရီးမီးယားလိဂ် ပွဲစဉ် (၁၁) မှာတော့ အာဆင်နယ်-နယူးကာဆယ်၊ လီဗာပူး-ချယ်လ်ဆီး ထိပ်တိုက်တွေ့ဆုံတဲ့ပွဲတွေ ပါဝင်လာသလို အဝေးကွင်းပွဲတွေ ရင်ဆိုင်ရမယ့် စပါး၊ အဲဗာတန်၊ မန်စီးတီးတို့ရဲ့ ပွဲစဉ်တွေကလည်း စိတ်ဝင်စားစရာပါပဲ။ ဒါ့အပြင် ဇယားကို ဦးဆောင်ဖို့ကြိုးစားနေတဲ့ မန်ယူတို့လည်း အိမ်ကွင်းမှာ ဝုလ်ကို ရင်ဆိုင်ရမှာမို့ အခြေအနေကောင်းနိုင်ပါတယ်။



**နိုဝင်ဘာ ၆၊ စနေ။**

**ညနေ ၇း၁၅ နာရီ**

**ဘောလ်တန်-စပါး**

**ယမန်နှစ်ရလဒ် ၂-၂**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှု လေးကြိမ်မှာ စပါးက နှစ်ကြိမ်နိုင်ထားပါတယ်။ ဒါပေမဲ့ ဘောလ်တန်ရဲ့ အိမ်ကွင်းနှစ်ပွဲမှာတော့ စပါးတို့နှစ်ကြိမ်လုံးသရေကျထားတယ်။ လက်ရှိခြေစွမ်းအရ ဗန်ဒါဗတ်၊ ခရော့ချ်၊ မိုဒါရစ်တို့ရဲ့ ဧည့်သည် စပါးကိုပဲ ရွေးရမှာပါ။ စပါးနိုင်ခြေရှိပေမယ့် ဘောလ်တန်ဘက်ကလည်း မထင်မှတ်ဘဲ အပြန်အလှန်သွင်းဂိုးတွေနဲ့ ကပ်နိုင်သွားခဲ့ရှိတယ်။

**ဘာမင်ဂမ်-ဝက်စ်ဟမ်း**

**ည ၉း၃၀ နာရီ**

**ယမန်နှစ်ရလဒ် ၁-၀**

နှစ်သင်းလုံးအတွက် အကြိတ်အနယ် ကန်ရမယ့်ပွဲဖြစ်လာမှာပါ။ ယမန်နှစ်က ဘာမင်ဂမ်တို့အိမ်ကွင်းမှာ ၁-၀ ဂိုးနဲ့ ကပ်နိုင်ခဲ့ပေမဲ့၊ ဝက်စ်ဟမ်းကို သူ့အိမ်ကွင်းမှာ ရှုံးခဲ့ရတယ်။ လက်ရှိအခြေအနေမှာလည်း ဝက်စ်ဟမ်းတို့ ခံစစ်နဲ့ တန်ပြန်တိုက်စစ် ကစားပုံ ပိုကောင်းနေပါတယ်။ မန်စီးတီးနဲ့ ရင်ဆိုင်ခဲ့ရတုန်းက ခြေစွမ်းမျိုးနဲ့ဆိုရင် ဝက်စ်ဟမ်းတို့ ကပ်နိုင်သွားမယ့်ပွဲပါ။

**ဘလက်ဘန်း-ဝီဂန်**

**ည ၉း၃၀ နာရီ**

**ယမန်နှစ်ရလဒ် ၂-၁**

ဘလက်ဘန်းတို့ အိမ်ကွင်းမှာခြေစွမ်းပြအနိုင်ယူဖို့ လိုနေတဲ့ပွဲပါ။ ဝီဂန်ဟာ ပြီးခဲ့တဲ့ လိဂ်ပွဲ အဝေးကွင်းသုံးပွဲမှာ နှစ်ပွဲသရေ၊ တစ်ပွဲနိုင်ထားလို့ လျှော့တွက်လို့မရပါဘူး။ ဒါပေမဲ့ ဒီပွဲမှာ အသင်းလိုက်စုဖွဲ့မှု အားသာတဲ့ ဘလက်ဘန်းဘက်ကနေ ကြည့်ချင်တယ်။ ဘလက်ဘန်းတို့ အကြိတ်အနယ်ကစားပြီး နှစ်ဂိုးလောက် ရသွားနိုင်ပါတယ်။

**ဘလက်ပူးလ် - အဲဗာတန်**

**ည ၉း၃၀ နာရီ**

**ယမန်နှစ်ရလဒ် - မရှိ**

အဲဗာတန်တို့ ပရီးမီးယားလိဂ်ထိပ်တန်းအသင်းပီပီ ဖိကစားနိုင်တဲ့ပွဲပါ။ ဘလက်ပူးတို့ ခြေစွမ်းမာကျောတယ်ဆိုပေမယ့် အသင်းလိုက်ကစားပုံ တောင့်တင်းပြီး ဝါရင့်တဲ့ အဲဗာတန်ကို ကျော်ဖြတ်ဖို့မလွယ်ပါဘူး။ ဧည့်သည် အဲဗာတန်တို့အဝေးကွင်း နိုင်ရမယ့်ပွဲပါ။ ဂိုးပြတ်၊ မပြတ် စောင့်ကြည့်ရပါမယ်။

**ဖူလ်ဟမ် - ဗီလာ**

**ည ၉း၃၀ နာရီ**

**ယမန်နှစ်ရလဒ် ၀-၂**

ဖူလ်ဟမ်တို့ ယမန်နှစ်ကတော့ အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့လုံး ဗီလာကို ရှုံးထားပါတယ်။ ဗီလာမှာ ကွင်းလယ်နဲ့ တိုက်စစ်ပိုင်းမျှတပြီး၊ နောက်ဆုံး အဝေးကွင်း သုံးပွဲမှာ ဝုလ်ကိုသာ တစ်ပွဲနိုင်ပြီး နှစ်ပွဲရှုံးထားပေမယ့် အိမ်ရှင် ဖူလ်ဟမ်အခက်တွေ့အောင် ကစားနိုင်တဲ့ အစွမ်းရှိဆဲပါ။ ဧည့်သည်ဗီလာကို စိတ်ချလက်ချရွေးရမှာပါပဲ။ ဗီလာတို့ မထင်မှတ်ဘဲ ရဂိုးများနိုင်တယ်။

**မန်ယူ - ဝုလ်**

**ည ၉း၃၀ နာရီ**

**ယမန်နှစ်ရလဒ် - မရှိ**

မန်ယူတို့ ဇယားထိပ်ကို ရောက်ဖို့ အားထည့်ကစားရမှာပါ။ မန်ယူရဲ့ ဟာနန်ဒက်စ်၊ ဘာဘာတော့ဗ်တိုက်စစ်အတွဲဟာ အလုပ်ဖြစ်နေပြီး ရွန်နီလည်း စာချုပ်ကိစ္စပြီးပြတ်သွားပြီမို့ မန်ယူအင်အားအကောင်းဆုံးဖြစ်နေပါတယ်။ ဧည့်သည်ဝုလ်တို့ ခံစစ်ကစားရင်း အများဆုံးသွင်းလို့ တစ်ဂိုးလောက်ပဲ ရမှာပါ။

**ဆန်းဒါးလန်း - စတုတ်**

**ည ၉း၃၀ နာရီ**

**ယမန်နှစ်ရလဒ် ၀-၀**

ဒီနှစ်သင်းနောက်ဆုံး တွေ့ဆုံမှုလေးကြိမ်မှာ စတုတ်က အိမ်ကွင်းနှစ်ကြိမ်လုံး အနိုင်ရထားတာမို့ မှတ်တမ်းအရ အိမ်ကွင်းရလဒ်ကောင်းတဲ့အနေအထားပါ။ ဒါပေမဲ့ စတုတ်ဟာ ဆန်းဒါးလန်းနဲ့ပြီးခဲ့တဲ့ ငါးနှစ်အတွင်း ကစားခဲ့တဲ့ အဝေးကွင်းလေးပွဲမှာ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးပြီး နိုင်ပွဲတစ်ပွဲမှ မရှိပါဘူး။ အိမ်ရှင် ဆန်းဒါးလန်းဘက်က ဂိုးအနည်းနဲ့ နေသင့်ပါတယ်။

**၁၁၊ နိုဝင်ဘာ၊ တနင်္ဂနွေ**

**အာဆင်နယ် - နယူးကာဆယ်**

**ည ၈း၀၀ နာရီ**

**ယမန်နှစ်ရလဒ် - မရှိ**

အာဆင်နယ်တို့ တိုက်စစ်ပိုင်း အကောင်းဆုံးအနေအထားမှာရှိနေပါတယ်။ ချာဗက်၊ အာရှာဗင်၊ ဘန်တနာတို့ရဲ့ တိုက်စစ်နဲ့ နာဆရီ၊ ဆောင်း၊ ဖာဘရီဂတ်စ်တို့ရဲ့ကွင်းလယ်ပံ့ပိုးမှု အတွဲအဖက်မိနေတာကြောင့် အိမ်ကွင်းမှာ အမှတ်ပြည့် ယူသွားနိုင်ပါတယ်။ အိမ်ရှင်အာဆင်နယ်တို့ ဇယားထိပ်ဆုံးကို ရောက်ဖို့ အနိုင်ကန်သွားမယ့်ပွဲပါ။ သွင်းဂိုးမများနိုင်ဘဲစောင့်ကြည့်ရမယ်။

**ဝက်စ်ဘရွန်း - မန်စီးတီး**

**ည ၉း၃၀ နာရီ**

**ယမန်နှစ်ရလဒ် - မရှိ**

ဝက်စ်ဘရွန်းတို့ အိမ်ကွင်းဆိုပေမယ့် တီဗက်ဇ်၊ အဒီဘာယော၊ ဘယ်ရီတို့ရဲ့ မန်စီးတီးကို ခြေရည်တူ ကစားဖို့မလွယ်ပါဘူး။ ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံမှု လေးကြိမ်မှာ ဝက်စ်ဘရွန်းက သုံးကြိမ်နိုင်ဖူးတယ်ဆိုပေမယ့် ယမန်နှစ်ကထက် ပိုမာကျောလာတဲ့ မန်စီးတီးကို တန်းတက်ဝက်စ်ဘရွန်းတို့နိုင်ဖို့ခက်မှာပါ။ ဧည့်သည် မန်စီးတီးတို့ နှစ်ဂိုးလောက် ရနိုင်ခြေရှိတယ်။

**လီဗာပူး - ချယ်လ်ဆီး**

**ည ၁၀း၃၀ နာရီ**

**ယမန်နှစ်ရလဒ် ၀-၂**


ဒီနှစ်သင်းနောက်ဆုံး တွေ့ဆုံမှု လေးကြိမ်မှာ ချယ်လ်ဆီးက သုံးကြိမ်နိုင်ပြီး တစ်ကြိမ်သရေပွဲဖြစ်ထားတယ်။ လက်ရှိခြေစွမ်းအရလည်း လီဗာပူးတို့ရုန်းကန်နေရဆဲဖြစ်တာမို့ အနိုင်မျှော်မှန်းဖို့မလွယ်ပါဘူး။ အနယ်လ်ကာ၊ ဒရော့ဂ်ဘာတို့ရဲ့ ချယ်လ်ဆီးက အိမ်ရှင်လီဗာပူးကို ဖြတ်ကျော်သွားမှာပါ။ ချယ်လ်ဆီးတို့ အနိမ့်ဆုံးတစ်ဂိုး အသာနဲ့ နိုင်ခြေရှိနေပါတယ်။




# ရုရှားတင်းနစ်မယ် ဒီမင်တီဗာ အားကစားလောကမှ အနားယူ

**ဒါဟာ၊ အောက်တိုဘာ- ၃၀**

ရုရှားမှ နာမည်ကြီးတင်းနစ်မယ် အယ်လင်နာ ဒီမင်တီဗာသည် ဒါဟာတွင် ကျင်းပသော WTA ချန်ပီယံရှစ်ပြိုင်ပွဲအပြီးတွင် ပရော်ဖက်ရှင်နယ် တင်းနစ်လောကမှ အနားယူလိုက်ပြီ ဖြစ်ကြောင်း သိရသည်။ ဒီဗင်တီဗာသည် ဤပြိုင်ပွဲတွင် ဖရန်ဆက်စကာရှီယာဗွန်အားရှုံးနိမ့်ခဲ့ပြီးနောက် အနားယူသွားခဲ့ခြင်းဖြစ်သည်။ အသက် ၂၉ နှစ်အရွယ်ရှိ ဒီမင်တီဗာသည် WTA Tour ပြိုင်ပွဲ ၁၆ ကြိမ်အနိုင်ရထားဖူးပြီး၊ ၂၀၀၈ ဘေဂျင်းအိုလံပစ် ပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိထားသူဖြစ်သည်။



ထို့အပြင် သူမသည် အဓိကဂရင်းဆလင်းပြိုင်ပွဲကြီးနှစ်ခုတွင် ဒုတိယနှစ်ကြိမ်ရရှိခဲ့သည်။ WTA Tour ပြိုင်ပွဲ၏ ဥက္ကဋ္ဌ စတက်ဆေးအလက်စတာကလည်း "အယ်လင်နာဟာ ချန်ပီယံဖြစ်ခဲ့ဖူးပြီး သူ့သက်တမ်းတစ်လျှောက်မှာပရောက်ဖက်ရှင်နယ် ကစားသမားအဖြစ် တင်းနစ်ကွင်းပေါ်မှာလှုပ်ရှားခဲ့သူပါ" ဟု ချီးကျူးခဲ့သည်။ ဒီမင်တီဗာသည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို ၁၉၉၈ ခုနှစ်တွင် စတင်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် သူမ၏ ပထမဆုံး WTA ချန်ပီယံဘွဲ့ကို အမေလီယာအိုင်းလန်းပြိုင်ပွဲ၌ ရရှိခဲ့သည်။ သူမသည် ၂၀၀၃ ဧပြီ ၂၁ မှစ၍ ရှစ်နှစ်ဆက်တိုက် ကမ္ဘာ့ထိပ်တန်း တင်းနစ်သမား ၂၀ စာရင်းတွင် ပါဝင်ခဲ့ပြီး ၂၀၀၉ ဧပြီတွင် ကမ္ဘာ့အဆင့်သုံး နေရာ ရရှိခဲ့သည်။

*—Ref: Eurosport*

## နာတာညာဟု၏ သတိပေးချက်ကို ပါလက်စတိုင်း ခေါင်းဆောင်ပယ်ချ



**ရာမားလား၊ အောက်တိုဘာ - ၂၈**

ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ ပါလက်စတိုင်းတို့က တစ်ဖက်သတ်လျှောက်လဲရေးနှင့် ပတ်သက်၍ အစ္စရေးဝန်ကြီးချုပ် နာတာညာဟု၏ သတိပေးပြောကြားခြင်းကို ပါလက်စတိုင်း အမျိုးသားအာဏာပိုင်အဖွဲ့ (PNA) သမ္မတ မာမွတ်အဘတ်စ်က ပယ်ချခဲ့သည်။

"လွန်ခဲ့နှစ်ပေါင်း ၃၀ အတွင်း အစ္စရေးက တစ်ဖက်သတ် အရေးယူဆောင်ရွက်ခဲ့တဲ့ ကိစ္စတွေအများကြီးပါပဲ" ဟု အနောက်ဘက်ကမ်းခြေ ဘီသယ်ဟမ်မြို့သို့ ရောက်ရှိနေစဉ် အဘတ်စ်က ပြောကြားသည်။ ထို့အပြင် အဘတ်စ်က အစ္စရေးသည် ၁၉၉၅ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် သဘောတူညီချက်များကို ချိုးဖောက်ခဲ့သည်ဟုလည်း စွပ်စွဲပြောကြားသည်။ ယင်းသဘောတူညီချက်အရ ဆွေးနွေးပွဲများကို ထိခိုက်စေနိုင်သည့် တစ်ဖတ်သတ် အရေးယူဆောင်ရွက်မှုများကို ခွင့်မပြုထားပေ။

"အိမ်ရာဆောက်လုပ်တာ၊ ရန်စကျူးကျော်တာ၊ လမ်းတွေပိတ်ထားတာ၊ ဒါတွေအကုန်လုံးကိုပါလက်စတိုင်း မြေပေါ်မှာ အစ္စရေးက တစ်ဖက်သတ်အရေးယူဆောင်ရွက်ခဲ့တာတွေပါ။ ဒီလိုလုပ်ခဲ့တာတွေကိုတော့ နာတာညာဟုက လျစ်လျူရှုထားပါတယ်" ဟုအဘတ်စ်က ပြောသည်။

ထို့အပြင် အစ္စရေးသည် ၂၀၀၃ ခုနှစ် အမေရိကန်က ကြားဝင်ညှိနှိုင်းပေးထားသော အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး လမ်းကြောင်းပြအစီအစဉ်အတိုင်း အစ္စရေးက အကောင်အထည်မဖော်သေးဟု ပါလက်စတိုင်းခေါင်းဆောင်က ဆက်လက်ပြောကြားခဲ့သည်။ *—Ref: Xinhua*

## အီရတ်နိုင်ငံခြားရေး ဝန်ကြီးဟောင်းအား သေဒဏ်ပေး



**ဘဂ္ဂဒက်၊ အောက်တိုဘာ - ၂၇**

ဆက်ဒမ်ဟူစိန်လက်ထက် နိုင်ငံတကာမျက်နှာစာဖြစ်ခဲ့သော နိုင်ငံခြားရေးဝန်ကြီး တာရစ်အဇစ်အား အီရတ်တရားရုံးချုပ်က သေဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။ ဘာသာရေးပါတီများအား ဖမ်းဆီးခြင်းနှင့်ဆက်စပ်၍ ပြစ်မှုထင်ရှားကြောင်း တွေ့ရှိခဲ့သည်ဟု ထုတ်ပြန်ချက်က ဖော်ပြသည်။

အဇစ်(၇၄ နှစ်)သည် ဆက်ဒမ်ဟူစိန် အစိုးရလက်ထက်တွင် နိုင်ငံခြားရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ဆက်ဒမ်၏ အနီးကပ်အကြံပေးလည်းဖြစ်သည်။

ယခုအမှုမတိုင်မီကလည်း အမြတ်ကြီးစားသော ကုန်သည်များအား သတ်ဖြတ်ခဲ့ခြင်းတွင် ၎င်းပါဝင်ပတ်သက်ခဲ့ကြောင်း တွေ့ရှိခဲ့သည်။ အဇစ်သည် အလွန်အမင်းနာမကျန်းဖြစ်နေသည်ဟုလည်းဆိုသည်။

"ဘာသာရေးပါတီများကိုဖျက်ဆီးခဲ့ခြင်းတွင် တာရစ်အဇစ်၏အခန်းကဏ္ဍနှင့်ပတ်သက်၍ ရာဇဝတ်မှုဆိုင်ရာ အမြင့်ဆုံးတရားရုံးက သေဒဏ်ချမှတ်လိုက်ကြောင်း အမိန့်ထုတ်ပြန်လိုက်သည်" ဟု အီရတ်နိုင်ငံပိုင်တယ်လီဗေးရှင်းကကြေညာခဲ့သည်။

၎င်းအမှုကိစ္စတွင်ပါဝင်သော အခြားတရားခံနှစ်ဦးကိုလည်း သေဒဏ်ချမှတ်လိုက်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ပြည်ထဲရေးဝန်ကြီးဟောင်း ဆာဒေါင်ရှာကာနှင့် ဆက်ဒမ်ဟူစိန်၏ ကိုယ်ရေးအတွင်းရေးမှူး အာဘက်ဟာမွတ်တို့ဖြစ်သည်။

ဆွန်နီမွတ်ဆလင်တစ်ဦးဖြစ်သော ဆက်ဒမ်ဟူစိန်သည် ၁၉၈၀ နှင့် ၁၉၉၀ ခုနှစ်များအတွင်း အခြားပြိုင်ဘက်နိုင်ငံရေးအုပ်စုများ တည်ထောင်ရန်ကြိုးပမ်းမှုများအားလုံးကို နှိမ်နင်းဖြိုခွင်းခဲ့ကြောင်း သိရသည်။ အထူးသဖြင့် ရှီးယားမွတ်ဆလင်ပါတီများအား ပစ်မှတ်ထားခဲ့သည်။ ယင်းသို့ နှိမ်နင်းခံခဲ့ရသော ပါတီများတွင် လက်ရှိ အီရတ်ဝန်ကြီးချုပ်နူရီရယ်အယ်လ်မာလီကီ အဖွဲ့ဝင်ဖြစ်ခဲ့သော ဒါဝါပါတီလည်းပါဝင်ကြောင်း သိရသည်။

*—Ref: BBC*



7 DAY NEWS JOURNAL
Vol.9, No.33 · NOVEMBER 4, 2010

# ပြင်သစ်နိုင်ငံတွင် သပိတ်မှောက်မှုများကြောင့် တစ်နေ့လျှင် ကန်ဒေါ်လာသန်း ၅၀၀ ကျော် ထိခိုက်နေ

ပါရီ၊ အောက်တိုဘာ - ၂၆



မာဆေးမြို့ အမှိုက်သိမ်းအလုပ်သမားများနှင့် ရေနံချက်စက်ရုံသုံးရုံမှ အလုပ်သမားများက ၎င်းတို့၏ သပိတ်မှောက်မှုကို အဆုံးသတ်မည်ဟုဆုံးဖြတ်ခဲ့ရာ ပြင်သစ်နိုင်ငံတစ်ဝန်း ဖြစ်ပေါ်နေသည့် ကန့်ကွက်ဆန္ဒပြမှုများမှာ အားနည်းလာသယောင်ထင်ရသည်။

ထိုအတောအတွင်းမှာပင် နိုင်ငံ၏ ပင်စင်စနစ်အပေါ် ကန့်ကွက်ဆန္ဒပြမှုများသည် နိုင်ငံစီးပွားရေးကို တစ်နေ့လျှင်ကန်ဒေါ်လာ ၅၅၇ သန်း ကုန်ကျနေကြောင်း ပြင်သစ်ဘဏ္ဍာရေးဝန်ကြီးက ကြေညာသည်။

မသိမ်းဘဲထားသော အမှိုက်များကြောင့် မာဆေးမြို့တွင် နံစော်နေပြီး ၎င်းမြို့တွင် နေထိုင်သူများအတွက် ကျန်းမာရေးအန္တရာယ်ပင်ရှိလာကြောင်းသိရသည်။ တန် ၉၀၀၀ ခန့်ရှိလာသောအမှိုက်များသည် သန့်ရှင်းရေးပြဿနာရှိလာသောကြောင့် ၎င်းတို့၏ နှစ်ပတ်ကြာဆန္ဒပြမှုကို အဆုံးသတ်ခဲ့ခြင်းဖြစ်သည်ဟု မာဆေးမြို့ အမှိုက်သိမ်းလုပ်သားများက ပြောသည်။ ၎င်းတို့မှာ တာဝန်သိသောသမဂ္ဂဖြစ် ကြောင်း မာဆေးမြို့ အမှိုက်သိမ်း အလုပ်သမားများသမဂ္ဂခေါင်းဆောင်က ပြောကြားသည်။

ရေနံချက်စက်ရုံ ၁၂ ရုံမှ အလုပ်သမားများကလည်း ရက်သတ္တပတ်နှစ်ပတ်နီးပါး ဆန္ဒပြနေရာမှ စက်ရုံ ၃ ရုံမှ အလုပ်သမားများက သပိတ်လှန်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ရေနံလုပ်သားများ သပိတ်မှောက်နေခြင်းကြောင့် ပြင်သစ်နိုင်ငံတစ်ဝန်း ဓာတ်ဆီဆိုင် ၄ ပုံ ၁ ပုံကို ပိတ်ထားရပြီး ဓာတ်ဆီမလုံလောက်မှု များဖြစ်ပေါ်နေသည်။

ကန့်ကွက်ဆန္ဒပြမှုများကြားမှပင် ပင်စင်ယူသည့်အသက်အား ၆၀ မှ ၆၂ နှစ်သို့ ပြင်ဆင်ခြင်းအစီအစဉ်ကို ပြင်သစ်သမ္မတဆာကိုဇီက စွဲကိုင်ထားပြီး လူအများအသက်ရှည်ရှည် နေထိုင်နိုင်မှုမြင့်တက်လာသည်နှင့်အမျှ ယင်းအစီအစဉ်မှာ အနာဂတ်မျိုးဆက်များအတွက် လိုအပ်သည်ဟု ပြောကြားသည်။

*—Ref: AP*

# ပြင်သစ်ပင်စင် ဥပဒေ အတည်ပြု

ပါရီ၊ အောက်တိုဘာ - ၂၈

ကန့်ကွက်ဆန္ဒပြမှုများဖြစ်ပေါ်စေခဲ့သော ပင်စင်စနစ်ပြုပြင်ပြောင်းလဲရေးဥပဒေကို ပြင်သစ်ပါလီမန်က အတည်ပြုပေးလိုက်ကြောင်း သိရသည်။

"ဒီပြုပြင်ပြောင်းလဲမှုဟာ တာဝန်ယူမှု၊ တာဝန်ရှိမှုနဲ့ ပတ်သက်နေပါတယ်" ဟု အလုပ်သမားဝန်ကြီး အဲရစ်ဝိုးဝဲ့သ်က အထွေထွေညီလာခံမဲခွဲမှုမတိုင်မီပြောကြားခဲ့ကြောင်း သိရသည်။

ပင်စင်စနစ် ပြုပြင်ပြောင်းလဲရေးကို သမ္မတဆာကိုဇီက တွန်းအားပေးခဲ့ခြင်းဖြစ်ပြီး ယခုအခါ ပါလီမန်က အတည်ပြုပေးလိုက်၍ ယင်းကို လာမည့်လတွင် သမ္မတဆာကိုဇီက အတည်ပြုလက်မှတ်ရေးထိုးမည်ဟု မျှော်လင့်ရသည်။ ၎င်းဥပဒေအရ ပင်စင်ယူသည့်အသက်ကို ၆၀ မှ ၆၂ အထိ တိုးမြှင့်မည်ဖြစ်သည်။ အခြားဥရောပနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် ငယ်ရွယ်သောအသက်ဖြစ်သည်။

သို့သော် ယင်းပြုပြင်ပြောင်းလဲမှုအပေါ် မကျေနပ်၍ နိုင်ငံတစ်ဝန်းတွင်ဆန္ဒပြမှုများ၊ အလုပ်ခွင်ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့သည်။ ရေနံချက်စက်ရုံများမှ လုပ်သားများလည်း သပိတ်မှောက်မှုတွင် ပါဝင်ခဲ့ရာ နိုင်ငံစီးပွားရေးကို တစ်နေ့လျှင် ကန်ဒေါ်လာသန်း ၅၆၀ ကို နစ်နာစေခဲ့သည်။

ယင်းဥပဒေကို ဆက်လက်ဆန့်ကျင်သွားမည်ဟု ပြင်သစ်အလုပ်သမားသမဂ္ဂများက ဝါရှင်တန်ပို့စ် သတင်းစာအား ပြောကြားခဲ့ကြောင်း သိရသည်။ အတိုက်အခံ ဆိုရှယ်လစ်ပါတီကလည်း ယင်းဥပဒေကို ပြင်သစ်နိုင်ငံ၏ အမြင့်ဆုံးတရားရုံးတွင် အယူခံဝင်မည်ဟု ပြောကြားသည်။ ပင်စင်စားများ တစ်နေ့တခြားများပြားလာ၍ ပင်စင်ဥပဒေကို ပြုပြင်ပြောင်းလဲရေးမှာ အရေးကြီးကြောင်း ပြင်သစ်သမ္မတ ဆာကိုဇီကပြောကြားသည်။

*—Ref: UPI*

# ဒစ်စကာဗာရီ လွန်းပျံယာဉ် နိုင်ငံတကာ အာကာသစခန်းသို့ နောက်ဆုံး ပျံသန်းမှုပြုလုပ်

ဝါရှင်တန်၊ အောက်တိုဘာ - ၂၆

အမေရိကန်အာကာသ လွန်းပျံယာဉ် ဒစ်စကာဗာရီသည် နိုဝင်ဘာ ၁ ရက်တွင် ကမ္ဘာ့မြေပြင်မှ ထွက်ခွာကာ နိုင်ငံတကာ အာကာသစခန်း သို့သွားရောက်ချိတ်ဆက်၍ ၎င်း၏ ၁၁ ရက်ကြာ မစ်ရှင်ကို စတင်တော့မည်ဖြစ်ကြောင်း၊ အမေရိကန် အမျိုးသားလေကြောင်းပညာနှင့် အာကာသအုပ်ချုပ်ရေးအဖွဲ့ကြီး နာဆာက ပြောကြားလိုက်သည်။ ယခုမစ်ရှင်သည် ဒစ်စကာဗာရီလွန်းပျံယာဉ်၏ နောက်ဆုံးစီစဉ်ထားသောပျံသန်းမှု ဖြစ်ပြီး၊ ၂၀၁၀ ခုနှစ်တွင် လုပ်ဆောင်မည့် လေးကြိမ်မြောက်နှင့် နောက်ဆုံးလွန်းပျံယာဉ်ခရီးစဉ်လည်း ဖြစ်သည်။ ဒစ်စကာဗာရီ လွန်းပျံယာဉ်တင်လွှတ်မည့် နေ့ရက်ကို ပညာရှင်များက ယာဉ်နှင့် အာကာသစခန်းတို့၏ တပ်ဆင်ထားသော ပစ္စည်းကိရိယာများ၊ ထောက်ပံ့ရေးစနစ်များနှင့် ပါဝင်မည့်ယာဉ်မှူးများအားလုံး အဆင်သင့်ဖြစ်ကြောင်း စစ်ဆေးသုံးသပ်ပြီးမှ ကြေညာခဲ့ခြင်းဖြစ်သည်။

မစ်ရှင်မှ ယာဉ်မှူးခြောက်ဦးသည် နိုင်ငံတကာအာကာသစခန်းအတွက် ဘက်စုံသုံး အစိတ်အပိုင်းယာဉ် Permanent Multi-purpose Module (PMM) ကို ပို့ဆောင်ပေးသွားမည် ဖြစ်သည်။ ယင်း PMM ယာဉ်အစိတ်အပိုင်းသည် ယခင်ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးသုံး ယာဉ်ငယ် 'လီယိုနာဒို' ကို ပုံစံပြောင်းလဲပြင်ဆင်ထားခြင်းဖြစ်ပြီး အာကာသစခန်းမှအပိုယာဉ်မှူးတစ်ဦး ယင်းအထဲတွင် နေထိုင်နိုင်ရန် တစ်ဦးစာနေရာလွတ်ရှိသည်။

ထို့ပြင် ယင်းယာဉ်ငယ်အစိတ်အပိုင်းတွင် အရည်ရှူပဗေဒ၊ ဒြပ်ထုသိပ္ပံ၊ ဇီဝဗေဒ၊ ဇီဝနည်းပညာဗေဒဆိုင်ရာ စမ်းသပ်မှုများလည်း ပြုလုပ်နိုင်သည်။ ထို့ပြင် PMM တွင်အာကာသအတွင်း ပထမဆုံးနေထိုင်မည့် လူတူ ရိုဘော့စက်ရုပ် ရိုဘိုနော့တ်-၂ ကိုလည်းသယ်ဆောင်သွားမည်ဖြစ်ကာ ယင်းစက်ရုပ်မှာမူ အာကာသအတွင်းအချိန်ပြည့် နေထိုင်သွားမည်ဖြစ်သည်။



*—Ref: Xinhua*



# အိုဘားမားအပေါ် လူထုထောက်ခံမှုနှုန်း အနိမ့်ဆုံး ကျဆင်း

**ဝါရှင်တန်၊ အောက်တိုဘာ - ၂၆**

အမေရိကန်သမ္မတ အိုဘားမားသည် လာမည့်နိုဝင်ဘာ ၂ ရက် သက်တမ်းဝက်ရွေးကောက်ပွဲအတွက် ဒီမိုကရက်တစ်ပါတီကိုယ်စားလှယ်လောင်းများအား ကျားကန်ပေးရန် နိုင်ငံအား လှည့်လည်ထိုးသွားလာနေစဉ်မှာပင် ၎င်းအပေါ် လူထုထောက်ခံမှုနှုန်းမှာ အနိမ့်ဆုံးနှုန်းသို့ ရောက်ရှိလာကြောင်း ပေါလ်လူထုစစ်တမ်းကဖော်ပြသည်။

အပြန်အလှန်ဆက်သွယ်ပြောဆိုသည့် ပေါလ်စစ်တမ်းအရ အိုဘားမားအပေါ် အဆိုးမြင်သူ ၆၃ ရာခိုင်နှုန်းရှိပြီး ၃၇ ရာခိုင်နှုန်းကသာ ၎င်းအပေါ်အကောင်းမြင်ကြောင်း သိရသည်။ ယင်းမှာ အိုဘားမား၏ သမ္မတသက်တမ်းအတွင်း အနိမ့်ဆုံးလူထုထောက်ခံမှုနှုန်းဖြစ်သည်။

သို့သော် အမေရိကန်လွှတ်တော်အပေါ် လူထုထောက်ခံမှုနှုန်းမှာ ပို၍ဆိုးဝါးပြီး လွှတ်တော်အပေါ်လူထုထောက်ခံမှုမှာ ၁၁ ရာခိုင်နှုန်းသာရှိပြီး ၈၉ ရာခိုင်နှုန်းက ကွန်ဂရက်အား မထောက်ခံကြကြောင်း ပြောကြားသည်။

ယခုစစ်တမ်းကို အောက်တိုဘာ ၁၁ ရက်မှ ၁၈ ရက်အတွင်း လူပေါင်း ၃၀၈၄ အားအွန်လိုင်းမှ မေးမြန်း၍ ကောက်ယူထားခြင်းဖြစ်ကြောင်း ပေါလ်စစ်တမ်းကဖော်ပြထားသော်လည်း အမှားဖြစ်ပေါ်နိုင်ခြေကွာဟမှုကို ဖော်ပြမထားပေ။ *—Ref: UPI*

# ဟေတီနိုင်ငံတွင် ကာလဝမ်းရောဂါ ပြန့်ပွားမှုကြောင့် လူ ၂၅၉ ဦးအထိ သေဆုံး

**ဂျီနီဗာ၊ အောက်တိုဘာ - ၂၇**

ဟေတီနိုင်ငံတွင် ဖြစ်ပွားသော ကာလဝမ်းရောဂါ ပြန့်ပွားမှုကြောင့် လူပေါင်း ၂၅၉ ဦးသေဆုံးပြီး ရောဂါဖြစ်ပွားမှု ၃၃၄၂ မှုရှိနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အမေရိကန်လုံးဆိုင်ရာ ကျန်းမာရေးအဖွဲ့ကပြောကြားလိုက်သည်။ WHO ၏အဆိုအရ ကာလဝမ်းရောဂါသည် အာတီဘွန်နိုက်ပြည်နယ်မှ စတင်ပြန့်ပွားကာ မြို့တော်ပို့တ်အော့ပရင့်စ်သို့ပါ ကူးစက်ခဲ့ကြောင်း၊ မြို့တော်တွင် ဝမ်းရောဂါဖြစ်ပွားမှု ငါးမှုရှိကြောင်းဆိုသည်။

ဟေတီ၏ အိမ်နီးချင်း ဒိုမီနီကန်သမ္မတနိုင်ငံတွင်လည်း ရောဂါဖြစ်ပွားမှု မရှိသေးသော်လည်း အစိုးရက နယ်စပ်ဒေသများတွင် ရောဂါကာကွယ်ရေး အရေးပေါ် အစီအစဉ်များ ပြုလုပ်နေသည်။ ကုလ၏ အကူအညီပေးရေး တာဝန်ခံ နစ်ဂယ်လ်ဖစ်ရှာကလည်း "ဒါဟာအလွန်စိုးရိမ်စရာ အခြေအနေပါ။ ရောဂါပြန့်ပွားမှု ကျယ်ပြန့်သွားနိုင်ခြေရှိနေပါတယ်" ဟုသတိပေးသည်။

ယခုအခါ ကုလသမဂ္ဂသည် ရောဂါပြန့်ပွားမှု ထိန်းချုပ်ရေးအတွက် ကုသရေးဆေးဝါးများ၊ ရေသန့်ဆေးများ၊ ရောဂါထိန်းချုပ်မှု ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ —Ref: AP

# ချီလီမိုင်းလုပ်သားများအတွက် ဘော့စနီးယားဖိနပ်စက်ရုံက ဖိနပ်လက်ဆောင်များပေးမည်



**ဘန်ဂျာလူကာ၊ အောက်တိုဘာ - ၂၅**

ဘော့စနီးယား ဖိနပ်စက်ရုံတစ်ရုံသည် ဆိတ်သားရေဖြင့် အထူးပြုလုပ်ထားသောဖိနပ်များကို ခရစ္စမတ်လက်ဆောင်အဖြစ် ချီလီမိုင်းလုပ်သားများအား ပေးအပ်နိုင်ရန် စီစဉ်နေကြောင်း ရိုက်တာသတင်းတစ်ရပ်က ဖော်ပြလိုက်သည်။

ဘော့စနီးယားနိုင်ငံ ဘန်ဂျာလူကာရှိ ဘင်မ်မာဖိနပ်စက်ရုံမှ ဒါရိုက်တာ မာရင်ကိုယူမီစီဗစ်က "ဒါဟာ သင်္ကေတပြုထားတဲ့ လက်ဆောင်ပါပဲ။ ဒီမိုင်းလုပ်သားတွေအနေနဲ့ ဘဝအသစ်မှာ ဖိနပ်အသစ်တွေနဲ့ စတင်နိုင်စေဖို့ ရည်ရွယ်ပါတယ်" ဟု ပြောသည်။ ချီလီမိုင်းလုပ်သား ၃၃ ဦးသည် မြေအောက်၌ နှစ်လခန့်ကြာအောင် ပိတ်မိနေခဲ့ပြီးနောက် မကြာမီကမှ ကယ်ဆယ်ခြင်းခံခဲ့ရသည်။ ၎င်းတို့သည် မြေပေါ်သို့ ပြန်ရောက်လာခဲ့ပြီးနောက် ကမ္ဘာ့အနှံ့မှ အလုပ်ခေါ်စာများ၊ လက်ဆောင်များနှင့် အားလပ်ရက်တွင် လာရောက်လည်ပတ်ရန် ကမ်းလှမ်းမှုများ လက်ခံရရှိခဲ့သည်။

ဖိနပ်စက်ရုံဒါရိုက်တာ ယူမီစီဗစ်က "ကျွန်တော်တို့ဟာ သူတို့အတွက် ဆိတ်သားရေနဲ့ ချုပ်ထားတဲ့ ထိပ်တန်းအဆင့်ဖိနပ်တွေကို ပြုလုပ်ပေးသွားမှာပါ။ ဒါဟာ စက်ရုံကအလုပ်သမား ၇၀၀ ရဲ့ စိတ်ကူးနဲ့ လုပ်တာပါ" ဟု ရိုက်တာသို့ပြောသည်။

ဘူဒါပတ်စ်မြို့တော်ရှိ ချီလီသံရုံးသည် မိုင်းလုပ်သားများနှင့် ၎င်းတို့၏ဇနီးများအားလုံး၏ ဖိနပ်ဆိုဒ်များကို စက်ရုံသို့ ပေးပို့သွားမည်ဖြစ်ပြီး ယင်းတွင် ချီလီသမ္မတ ဆီဘတ်စတီယန်ပင်နဲရာနှင့် ၎င်း၏ဇနီးအတွက် ဖိနပ်ဆိုဒ်များလည်း ပါဝင်သည်ဟု သိရသည်။ ၎င်းတို့အားလုံးအတွက် ဖိနပ်များကို နိုဝင်ဘာတွင် အပြီးချုပ်လုပ်ပေးမည်ဖြစ်ရာ ခရစ္စမတ်ကာလတွင် ဖိနပ်များကို ရရှိမည်ဖြစ်ကြောင်း သိရသည်။

*—Ref: Reuters*

# ကမ္ဘာ့ဖလားဟောကိန်းရှင် ရေဘဝဲပေါလ်သေဆုံးပြီ

**ဘာလင်၊ အောက်တိုဘာ - ၂၆**

ပြီးခဲ့သည့် ကမ္ဘာ့ဖလားပွဲတွင် ဂျာမနီအသင်း၏ ပွဲစဉ်များအား မှန်ကန်စွာ ခန့်မှန်းပေးနိုင်ခဲ့သည့် ရေဘဝဲလ်ပေါလ်သည် ဂျာမနီမှ အိုဘာဟောက်ဆန်ရှိ ၎င်းနေထိုင်ရာ ငါးပြတိုက်တွင် သေဆုံးသွားပြီဟု သိရသည်။ ငါးပြတိုက်မှ ထုတ်ပြန်သော ကြေညာချက်ထဲတွင် "အိုဘာဟောက်ဆန် ဆီးလိုက်ဖ်စင်တာ ငါးပြတိုက် ဝန်ထမ်းတွေ အားလုံးဟာ ရှေ့ဖြစ်ဟောရေဘဝဲပေါလ် ညပိုင်းက သေဆုံးသွားခဲ့တာကို ဝမ်းနည်းစိတ်ပျက်မိရပါတယ်" ဟုဖော်ပြထားသည်။

ရေဘဝဲပေါလ်သည် ကွယ်လွန်ချိန်တွင် အသက် ၂ နှစ်ရှိပြီဖြစ်သည်။ အင်္ဂလန်တွင် မွေးဖွားသည့်ပေါလ်သည် ကမ္ဘာ့ဖလားပွဲ၌ဂျာမနီ၏ ပွဲစဉ် ခုနစ်ပွဲစလုံးကို မှန်အောင်ခန့်မှန်းပေးနိုင်ခဲ့ပြီး ဗိုလ်လုပွဲတွင်လည်း စပိန်နိုင်မည်ဟု ရွေးချယ်ခဲ့သည်။ ရေဘဝဲပေါလ်ကို ပြီးခဲ့သည့် ၂၀၁၀ ကမ္ဘာ့ဖလားပြီးနောက် ဝယ်ယူရန် ကမ်းလှမ်းမှုများ ရှိခဲ့သော်လည်း အိုဘာဟောက်ဆန် ငါးပြတိုက်က ရောင်းချခြင်း မပြုခဲ့ဟု သတင်းများကဆိုသည်။ *—Ref: AP*



# အော်ဒီအောတူးလျှပ်စစ်ကား တစ်ကြိမ်အားသွင်း၍ ကီလိုမီတာ ၆၀၀ မောင်းပြီး စံချိန်သစ်တင်

**ဘာလင်၊ အောက်တိုဘာ - ၂၇**

အော်ဒီကားကုမ္ပဏီမှ ထုတ်လုပ်သည့် အော်ဒီအောတူး လျှပ်စစ်ကားသည် တစ်ကြိမ်ထဲအားသွင်းပြီး မြူးနစ်မှ ဘာလင်မြို့အထိ ကီလိုမီတာ ၆၀၀ ခရီးကို အောင်မြင်စွာ မောင်းနှင်နိုင်ခဲ့၍ လျှပ်စစ်ကားများထဲတွင် တစ်ကြိမ်အားသွင်းပြီး ခရီးအဝေးဆုံး မောင်းနှင်နိုင်သည့် စံချိန်သစ်ရရှိခဲ့ကြောင်း သိရသည်။ ဘာလင်သို့ရောက်ရှိလာခဲ့သော ယင်းအော်ဒီလျှပ်စစ်ကားကို ဂျာမန်စီးပွားရေးဝန်ကြီး ရိုင်နာဘရူနာဒါလေကကြိုဆိုခဲ့ပြီး ကမ္ဘာ့စံချိန်သစ်ရခဲ့ကြောင်း ချီးကျူးခဲ့သည်။

သာမန်အားဖြင့် လျှပ်စစ်ကားများသည် တစ်ကြိမ်အားသွင်းပြီးလျှင် တစ်ကီလိုမီတာ ၆၀ သို့မဟုတ် ၇၀ ခန့်သာ မောင်းနှင်နိုင်ရာ၊ ယခုအော်ဒီကား၏ စံချိန်မှာ ကမ္ဘာ့အဆင့်အောင်မြင်မှုပင်ဖြစ်သည်။ ယင်းကားကို လျှပ်စစ်ကားကုမ္ပဏီလက်ခါအင်နာဂျီနှင့် စွမ်းအင်ကုမ္ပဏီ ဒီဘီအမ်အင်နာဂျီတို့ကအော်ဒီအောတူး ကားအပေါ်အခြေခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယင်းကားကို မောင်းနှင်သည့် ဒရိုင်ဘာသည် တစ်နာရီ ၁၃၀ ကီလိုမီတာနှုန်းဖြင့် မောင်းနှင်ခဲ့ပြီး ကားတွင် အခြားသာမန်ကားများကဲ့သို့ပင် ပါဝင်စတီယာရင်၊ လေအိတ်များ၊ အဲကွန်းစနစ်နှင့်အပူပေးသည့် ထိုင်ခုံများ ပါဝင်သည်ဟု သိရသည်။ ကား၏ ဘက်ထရီမှာမူ အလွန်ပေါ့ပါးသည့် ဘက်ထရီများဖြစ်ပြီး အခြားဘက်ထရီများထက် စွမ်းအင်သုံးစွဲမှုသက်သာကြောင်း သိရသည်။ ယခုအခါ ဂျာမန်ကားကုမ္ပဏီများဖြစ်သော ဘီအမ်ဒဗလျူ ဖောက်စ်ဝက်ဂွန်တို့သည် လာမည့် ၂၀၁၃ တွင်ဈေးကွက်အတွင်းသို့ ၎င်းတို့၏ပထမဆုံး လျှပ်စစ်ကားများကို တင်ပို့ရန် ပြင်ဆင်နေကြောင်း သိရသည်။ —Ref: Reuters



7 DAY NEWS JOURNAL

# International

Vol.9, No.33 • NOVEMBER 4, 2010

## ဘရာဇီးနိုင်ငံ၏ပထမဦးဆုံးအမျိုးသမီးသမ္မတ ပြောက်ကျားသူပုန်ဟောင်းရွေးချယ်ခံရ




**ဆာအိုပိုလို၊ နိုဝင်ဘာ - ၁**

မာ့က်စ်ဝါဒီ ပြောက်ကျားသူပုန်ဟောင်းတစ်ဦးဖြစ်သူ မစ္စဒီလ်မာရှူးဆက်ဖ်သည် တောင်အမေရိကတိုက်၏ ဩဇာအကြီးမားဆုံးနိုင်ငံဖြစ်သော ဘရာဇီး၏ ပထမဆုံးအမျိုးသမီးသမ္မတအဖြစ် ရွေးချယ်ခံရသည်။

မစ္စဒီလ်မာရှူးဆက်ဖ်သည် ဒုတိယအကြိမ် မဲခွဲဆုံးဖြတ်မှုတွင် အနိုင်ရရှိခဲ့ကြောင်း ဘရာဇီးနိုင်ငံ အမြင့်ဆုံးရွေးကောက်ပွဲတရားရုံးကကြေညာချက်ထုတ်ပြန်ခဲ့သည်။ မဲအရေအတွက် ၉၉ ရာခိုင်နှုန်း ရေတွက်ပြီးချိန်၌ မစ္စရှူးဆက်ဖ်က ၅၅ ဒသမ ၆ ရာခိုင်နှုန်းရရှိခဲ့ပြီး ၎င်း၏ပြိုင်ဘက် မစ္စတာ ဟိုးဆေးဆယ်ရာက ၄၄ ဒသမ ၄ ရာခိုင်နှုန်းသာရရှိကြောင်း ရွေးကောက်ပွဲဆိုင်ရာ တရားရုံးက ပြောကြားသည်။

မစ္စဒီလ်မာရှူးဆက်ဖ်သည် လာမည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

"ကျွန်မအရမ်းပျော်ပါတယ်။ ဒီလိုရွေးချယ်ခံရလို့ ဘရာဇီးနိုင်ငံသားအားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်မအပေါ်ပြသခဲ့တဲ့ စိတ်ချယုံကြည်မှုကို ဖြည့်ဆည်းနိုင်အောင် ကြိုးစားသွားမယ်လို့ ကတိပေးပါတယ်"ဟု မစ္စရှူးဆက်ဖ်က သတင်းထောက်များအားပြောကြားသည်။

မစ္စဒီလ်မာရှူးဆက်ဖ်မှာ ဘရာဇီးနိုင်ငံအား ကြီးပွားတိုးတက်စေခဲ့ပြီး နိုင်ငံတွင် အလွန်အမင်းလူကြိုက်များသောသမ္မတ အင်နာစီယာလူလာဒါဆေးလ်ဗားကိုယ်တိုင်ရွေးချယ်ခဲ့သော သမ္မတကိုယ်စားလှယ်လောင်းဖြစ်သည်။ မစ္စရှူးဆက်ဖ်ကလည်း သမ္မတလူလာဒါဆေးလ်ဗား၏မူဝါဒများကို ဆက်လက် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ကတိပေးကာ ရွေးကောက်ပွဲဝင်ခဲ့ခြင်းဖြစ်သည်။

*—Ref: Reuters*

## နိုင်ဂျီးရီးယားနိုင်ငံတွင် ရော့ကက်လောင်ချာများ ဖမ်းဆီးရမိ

**လားဂို့စ်၊ အောက်တိုဘာ - ၂၈**

နိုင်ဂျီးရီးယား လုံခြုံရေးတပ်ဖွဲ့များသည် အာပါးပါး၊ အေပီမိုလာ ဆိပ်ကမ်းတွင် ရော့ကက်လောင်ချာသေတ္တာ ၁၃ လုံးကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ ရော့ကက်လောင်ချာများ အပြင် အခြားလက်နက် ခဲယမ်းများ၊ ကျည်တောင့်များ၊ လက်ပစ်ဗုံးများလည်းဖမ်းဆီးရမိခဲ့ကြောင်း နိုင်ဂျီးရီးယား လုံခြုံရေးတပ်ဖွဲ့ကပြောကြားသည်။

လောလောဆယ်တွင် ဖမ်းဆီးမှုများ မပြုလုပ်ရသေးသော်လည်း ရဲတပ်ဖွဲ့သည် ၎င်းကုန်ပစ္စည်းများကို သင်္ဘောဖြင့် တင်သွင်းခြင်းအတွက် ပိုင်ရှင်များအား ရှာဖွေနေကြောင်း လာဂို့စ်ပြည်နယ်ရဲမှူးကြီး မာဗယ်အက်ပိုရီပိုက သတင်းထောက်များအား ပြောကြားသည်။ ထို့အပြင် ရဲတပ်ဖွဲ့မှ ဗုံး အထူးတပ်ဖွဲ့က ၎င်းလက်နက်သေတ္တာများကို ဖွင့်ကြည့်စစ်ဆေးမှုများ ပြုလုပ်နေကြောင်းသိရသည်။

**စာ(၁၂)သို့**

## အိုဘားမားသည် အခွင့်အရေးကိုဖြုန်းတီးခဲ့ကြောင်း ဆာရာပါလင်းပြောကြား

**ဝါရှင်တန်၊ နိုဝင်ဘာ- ၁**

အမေရိကန်နိုင်ငံ၏ တတိယ နိုင်ငံရေးအင်အားစုအဖြစ်ပေါ်ထွက်လာနေသော Tea ပါတီကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်ပေးနေသည့် မစ္စဆာရာပါလင်းက အမေရိကန်သမ္မတအိုဘားမားသည် ရရှိသောအခွင့်အရေးကို ဖြုန်းတီးခဲ့ကြောင်း ပြောကြားလိုက်သည်။

မစ္စဆာရာပါလင်းက လာမည့် နိုဝင်ဘာ ၂ ရက် ရွေးကောက်ပွဲတွင် ၎င်း၏ Tea ပါတီကိုယ်စားလှယ်လောင်းများက ဒီမိုကရက်တစ်ပါတီ အမတ်လောင်းများနှင့် ရီပက်ဘလေကန်ပါတီအမတ်လောင်းများကိုပါ ချေမှုန်းမည့်အရေးကို မစောင့်စားနိုင်တော့ကြောင်း မစ္စဆာရာပါလင်းက ပြောကြားသည်။

"ဒါဟာနိုင်ငံရေးမြေငလျင်ဖြစ်လိမ့်မယ်လို့ ကျွန်မထင်တယ်" ဟု ဆာရာပါလင်းက ဖောက်စ်နယူးစ်နှင့်တွေ့ဆုံရာတွင် ပြောကြားသည်။ "နိုင်ငံစီးပွားရေးကို ပြုပြင်ဖို့ ကျွန်တော်တို့က အချိန် ၂ နှစ်ပေးခဲ့တယ်။ ဒါပေမဲ့ ခင်ဗျားက အဲဒီအခွင့်အရေးကို ဖြုန်းပစ်ခဲ့တယ် သမ္မတအိုဘားမား"ဟု မဲဆန္ဒရှင်များက ပြောကြားလိမ့်မည်ဟု ဆာရာပါလင်းကဆိုသည်။



"လွန်ခဲ့တဲ့ ၂ နှစ်ဟာ ကျွန်မတို့နိုင်ငံအတွက် မကောင်းခဲ့ပါဘူး" ဟု သူမက ဆက်လက်ပြောသည်။

ရီပက်ဘလေကန်များသည်လည်း ထုံးစံအတိုင်း မပြတ်မသားရှိကာ ထုနှင့်ထည်နှင့်တည်ရှိနေသော်လည်း ၎င်းတို့၏ Tea ပါတီဝင်များက ရှေ့လာမည့် ရက်များတွင် "ပညာပေး"သွားမည်ဟု မျှော်လင့်ကြောင်း မစ္စဆာရာပါလင်းက ဆက်လက်ပြောကြားသည်။

*—Ref:AP*



## စကားပြောနူးညံ့သော အမေရိကန်အလှမယ် မယ်ကမ္ဘာဖြစ်လာ

**ဘေဂျင်း၊ နိုဝင်ဘာ- ၁**

တရုတ်နိုင်ငံတောင်ပိုင်းတွင် ကျင်းပပြုလုပ်သောအကြိမ်(၆၀)မြောက် မယ်ကမ္ဘာရွေးပွဲ၌ စကားပြောနူးညံ့ပျော့ပျောင်းသော အမေရိကန်အလှမယ် အလက်ဇန်းဒြီးယားမီးလ်သည် ယခုနှစ်အတွက် မယ်ကမ္ဘာအဖြစ် ရွေးချယ်ခံရကြောင်း သိရသည်။

**စာ(၁၂)သို့**

